http://cyberbooks.myanmarchat.org



# ရက္ခစိုးမယားနှင့် အခြားပြဇာတ်များ

ချစ်ဦးညို

ဒုတိယအကြိမ်

http://cyberbooks.myanmarchat.org

ရတနာပုံစာအုပ်တိုက်
အမှတ် ၁၀၀ (D)၊ အင်းယားလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း – ၅၄၈၀၅၈

http://cyberbooks.myanmarchat.org

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://cyberbooks.myanmarchat.org

# ရက္ခစိုးမယား

နှင့်

# အခြားပြိတ္တာများ

**ချစ်ဦးညို**

ရတနာပုံစာအုပ် - ၂၄
[၂၀၀၂ ခုနှစ်၊ ဇွန်လ]

http://cyberbooks.myanmarchat.org

စာမူခွင့်ပြုချက်အမှတ် – ၃၇၆/၂၀၀၂(၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၂၅/၂၀၀၂(၅)

| | | |
|---|---|---|
| စီစဉ်သူ | ■ | ဦးသိမ်းစိုး၊ မင်းထွဋ်ဝင်း |
| ပုံနှိပ်မှတ်တမ်း | ■ | ဒုတိယအကြိမ် ၂၀၀၂ ဇွန်လ |
| အုပ်ရေ | ■ | (၁၀၀၀) |
| ထုတ်ဝေသူ | ■ | ဦးသန်းဆွေ<br>၁၁၃၁ (က)၊ ဥယျာဉ်လမ်း၊<br>ဒဂုံမြို့သစ်တောင်ပိုင်း။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | ■ | ဒေါ်ခင်အေးမြင့်၊ ရာပြည့်အော့ဖ်ဆက်<br>၁၉၉၊ လမ်း–၅၀၊ ပုဇွန်တောင်မြို့နယ်။ |
| ကွန်ပျူတာစာစီ | ■ | ရတနာပုံ |
| မျက်နှာဖုံးဒီဇိုင်း | ■ | ကိုဆန်း Glory |
| အတွင်းဖလင် | ■ | Quality |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဖိုး | ■ | ၆၀၀ ကျပ် |

http://cyberbooks.myanmarchat.org

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စာရေးသူမှ | ၇ |
| ၂။ | ရာဇဂြိုဟ်ကောင်းကင်ထက်ဝယ် | ၁၁ |
| ၃။ | ကြုံတစ်ဆစ်ကြောင့် | ၂၀ |
| ၄။ | သံသာရမောစကဝါဒီ | ၂၉ |
| ၅။ | ဆင်စီးမြင်းရံ | ၃၇ |
| ၆။ | ရွှေအဆင်းနှင့်ဝင်းဝင်းဝါ | ၄၉ |
| ၇။ | နတ်မြင်းပျံမို့ မြူးကြွားကြွား | ၅၉ |
| ၈။ | မျှော်ပါလာသော သရက်သီးတစ်လုံး | ၈၂ |
| ၉။ | နန်းတော်ထဲမှအသံနက်ကြီးများ | ၁၀၅ |
| ၁၀။ | အပ်ချည်တစ်မျှင်သံယောဇဉ် | ၁၁၇ |
| ၁၁။ | ဂိဇ္ဈကုဋ်ချိုင့်ဝှမ်းထဲမှာ | ၁၂၇ |
| ၁၂။ | ပထမဇနီးမယားကြီး | ၁၃၉ |
| ၁၃။ | ရက်ကန်းသည်မယား | ၁၅၁ |
| ၁၄။ | အနီရောင်ဂင်္ဂါ | ၁၆၂ |
| ၁၅။ | ရုက္ခစိုးမယား | ၁၇၇ |

http://cyberbooks.myanmarchat.org

# စာရေးသူမှ

'ပြိတ္တာ' ဟူသည်မှာ အပါယ်လေးဘုံသား အပါအဝင်ဖြစ်သော မကောင်းကျိုးခံ သတ္တဝါတစ်မျိုးကိုခေါ်ကြောင်း ပါဠိသက်ဝေါဟာရ အဘိဓာန်က အနက်ဖွင့်ပေးထားပါသည်။

သေသူသည် တစ်စက္ကန့်သော်မှ မကြာသည့် အချိန်အတွင်း ဘဝ အသစ်မှာဖြစ်သည့်အတွက် သူ့ကို ရည်စူးပြီး သပိတ်သွတ်ကြသည်။ (ဤနေရာတွင် ဘဝဟောင်းရုပ်နာမ်ချုပ်ငြိမ်းပြီး ရုပ်နာမ်အသစ်ဖြင့် ဘဝ အသစ်ဖြစ်ခြင်းဟူ၍ ယူရန်အရေးကြီးပါသည်။)

(အသက်ဝိညာဉ်သည် သေသူ၏ ခန္ဓာကိုယ်ထဲမှ မပျက်မစီးဘဲ တည်မြဲလျက်ထွက်သွားပြီး၊ နောက်တစ်ဘဝမှာ သွားဖြစ်သည့်အတွက် ယင်းအသက်ဝိညာဉ်ကို ရည်စူးပြီး သပိတ်သွတ်သည်ဟု ယူဆလျှင်ကား သဿတဒိဋ္ဌိ၊ တည်မြဲအယူမှားခေါ် မိစ္ဆာဒိဋ္ဌိ ဖြစ်သွားပါသည်။)

**ရတနာပုံစာအုပ်တိုက်**

http://cyberbooks.myanmarchat.org



အကယ်၍ သေသူသည် ပြိတ္တာဘဝ၌ ရုပ်နာမ်အသစ်ဖြစ်ကာ ဘဝအသစ်များ (ရနေခဲ့သော်) သူ့ကိုရည်စူး၍ပြုသော ကုသိုလ်ကို ဝမ်းမြောက်နုမော် သာဓုခေါ်နိုင်ပြီး သူ့မှာ ဆင်းရဲဒုက္ခလွတ်ပါစေ၊ စည်းစိမ်ချမ်းသာရပါစေ. . . ဟူ၍ ရည်ရွယ်လျက် သပိတ်သွတ်ကြခြင်း ဖြစ်လေသည်။

ပြိတ္တာတို့သည် (ကမ္မဝိပါကဇိဒ္ဓိ၊ ကံ၏အကျိုးကြောင့်ဖြစ်သော တန်ခိုး)အရ လူ့ဘဝမှာ သူပြုခဲ့သောမကောင်းမှုကြောင့် ယခု ဤသို့ ပြိတ္တာဖြစ်ရကြောင်း သူတို့ အလိုအလျောက် သိကြသည်ဟု လေ့လာရပါသည်။ ပဋိသမ္ဘိဒါမဂ်နှင့် ဝိသုဒ္ဓိမဂ် စသည်တို့တွင် တန်ခိုးဣဒ္ဓိဆယ်ပါးကို ဖွင့်ပြရာ၌ ငှက်များ၊ နတ်များ၊ အချို့လူများ၊ အချို့အပါယ်ဘုံသားများ၊ ကောင်းကင်၌ သွားလာနိုင်ခြင်း၊ မျက်စိအမြင် အထူးစင်ကြယ်ခြင်းတို့သည် ကမ္မဝိပါကဇိဒ္ဓိကြောင့်ဟု ဖော်ပြကြသည်။

* * *

ဘဝတစ်ပါးသို့ ပြောင်းသွားပြီးကုန်သော သူကို "ပေတာနံ၊ ကာလင်္ကတာနံ"ဟု ခေါ်သကဲ့သို့ ချမ်းသာသုခ အလျဉ်းမရှိ ဆင်းရဲအတိဖြစ်ကာ ပြိတ္တာဘုံသို့ ရောက်သွားသူ(ဝါ) ပြိတ္တာဖြစ်သွားသူကို လည်း 'ပေတ'ဟု ဆိုပါသည်။ ပေတဟူသော ပါဠိမှ ပြိတ္တာဟူ၍ မြန်မာ ဝေါဟာရ ဖြစ်လာပေသည်။

လူတို့သည် အကုသိုလ်ဒုစရိုက်အမှုတို့ကို ပြုမိမှားကြပြီး မိမိတို့ ပြုလုပ်သော အကုသိုလ်ကံကြောင့် ပြိတ္တာ ဖြစ်ကြရသည်။

သို့ဖြစ်၍ ပြိတ္တာတို့အကြောင်းကို လေ့လာလျှင် ပြိတ္တာဘဝသို့ နစ်မြုပ်ပို့ဆောင်သော အကုသိုလ်ကံ အမျိုးမျိုးအကြောင်းကို တွေ့ရပေ

http://cyberbooks.myanmarchat.org



မည်။ ထိုအကုသိုလ်ကံတို့၏ ခါးသီးကြောက်မက်ဖွယ်အပြစ်ပြ မြင်ကွင်းဖြစ်ရပ်တို့ကိုလည်း တွေ့ရပေမည်။ ထိုသို့သိကြရသဖြင့် ပညာဉာဏ်ရှိသူတို့၌ သံဝေဂဉာဏ် ဖြစ်ပေါ်လာရသည်။

**"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ စင်အောင်စိတ်ကိုထား"**

ဟူသော ဘုရားအဆူဆူတို့၏ သာသနာ(အဆုံးအမ)အတိုင်း မကောင်းမှုကို ရှောင်ရာ၌ ပြိတ္တာဝတ္ထုတို့သည် တစ်တပ်တစ်အား ပါဝင်နေကြပါမည်။

ဤသို့သော ရည်ရွယ်ချက်ဖြင့် ဘုရားရှင်လက်ထက်တော်က ဖြစ်ပေါ်ခဲ့သော ပြိတ္တာတို့အကြောင်းကို စုပေါင်းမှတ်တမ်းတင်လျက် ပေတဝတ္ထုဟူသော တရားတော်ကို သင်္ဂါယနာတင် ဆရာမြတ်တို့က စုစည်းဖော်ပြပေးခဲ့ကြခြင်း ဖြစ်လေသည်။

* * *

ဝတ္ထုစာပေ အနုပညာကိစ္စတို့၌ အသီးသီး အသကသော ရည်ရွယ်ချက်၊ ညွှန်းချက်များရှိကြပေရာ ဤ **'ရုက္ခစိုးမယားနှင့်အခြားပြိတ္တာများ'** စာအုပ်ငယ်ကို ရေးသားရာတွင်လည်း ကျွန်တော့်၌ တစ်စုံတစ်ခုသော ညွှန်းချက်ရှိပါသည်။ တစ်နည်းအားဖြင့် ဤစာအုပ်ကို ရေးရာ၌ တိုက်ရိုက်ရည်ရွယ် ပစ်လှတ်သော စက်ဗဟိုတစ်ခု ရှိပါသည်။

ထိုစက်ဗဟိုပစ်ကွင်းမှာ ပါဠိကျမ်းတတ်၊ စာတတ်၊ အဌကထာဋီကာတို့ကို ကျွမ်းကျင်နှံ့စပ်ကြကုန်သော ရဟန်းပညာရှိ၊ လူပညာရှိများ မဟုတ်ပါ။ မိမိထက် သီလသမာဓိ ပညာရင့်ကျက်မြင့်မားကြကုန်သော ပုဂ္ဂိုလ်မြတ်များအား မိမိညွှန်းဆို မရည်ရွယ်ဝံ့ပါ။

ကျွန်တော်ရည်ရွယ်သည်မှာ ဗုဒ္ဓအဆုံးအမ (သာသနာ)၌

http://cyberbooks.myanmarchat.org



ညွှတ်နူးသက်ဝင်ကြသော လူငယ်လူရွယ်စာဖတ်သူများ ဗုဒ္ဓကျမ်းဂန်နှင့် အဋ္ဌကထာလာ ဘာသာရေး ဗဟုသုတများကို လေ့လာလိုက်စားကြသော အနာဂတ်၏ သာသနာ့ အာဇာနည်အလောင်းအလျာများသာ ဖြစ်ပါသည်။

ပြိတ္တာဟူသည် အဘယ်နည်း။ အဘယ်ကြောင့် ပြိတ္တာဖြစ်ရသနည်း။ ပြိတ္တာဘဝမှ မည်သို့ ကျွတ်လွတ်နိုင်သနည်း။ အပါယ်လေးဘုံ အပါအဝင် ပြိတ္တာအဖြစ်သို့ မည်သည့်ဒုစရိုက်များက ပို့ဆောင်သနည်း။ စသော အချက်များကို လူငယ်လူရွယ်စာဖတ်သူတို့ သိသည်ထက် ပို၍ သိကြစေခြင်းငှာ ဤဝတ္ထုတိုများကို ရေးပါသည်။

ဤစာမူများကို ရေးသားရာ၌ ပေတဝတ္ထု အဋ္ဌကထာဆရာ ရှင်ဓမ္မပါလ၏ တိရောကုဋ္ဋပေတဝတ္ထု (ပါဠိ)ကို ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် ကျောင်းတိုက်၊ ဆရာတော် ဦးပညာဇောတ ဘာသာပြန်တော်မူခဲ့သည့် ပေတဝတ္ထု ဘာသာပြန်ကျမ်းကြီးအား လက်ရင်းထားပါသည်။

အဆက်အဆက် သာသနာတော်ကြီးကို ထမ်းရွက်သယ်ဆောင်ကာ လောကအကျိုး၊ သံသရာအကျိုးကို ရှေ့ရှုပြုစုတော်မူခဲ့ကြသော သာသနာ့ သူရဲကောင်း ပုဂ္ဂိုလ်မြတ်ကြီးများ၊ ကြားဆရာ၊ သင်ဆရာ၊ မြင်ဆရာအပေါင်းနှင့်တကွ သာသနာ့မဏ္ဍိုင် ဆရာတော်ကြီး ဦးပညာဝံသတို့၏ ကျေးဇူးတရားကို ရှိခိုးပူဇော်အပ်ပါသည်။

**ချစ်ဦးညို**
**၁၉၉၅၊ စက်တင်ဘာ**

# ရာဇဂြိုဟ်ကောင်းကင်ထက်ဝယ်

ဦးစွာပထမ မြွေတွေကို မြင်ရ၏။

နန်းတော် စက်ခန်းဆောင်၏ တိုင်လုံးကိုပတ်နေသည့် မြွေတွေက တစ်ကောင်နှင့် တစ်ကောင် ယှက်လိမ်ထွေးပတ်လျက် တရှီရှီ အော်မြည်ကြသည်။ ကြည့်နေရင်းမှာပင် တိုင်လုံးကြီးသည် လူတစ်ယောက်သဏ္ဌာန် ဖြစ်သွားသည်။ ထိုလူကို ကောင်းကောင်းမြင်ဖူးပါသည်ဟု ကြည့်နေဆဲ မြွေများ၏ တွန့်လိမ်ကွေးကောက် ကိုယ်လုံးများအောက်မှာ ထိုသူ၏ မျက်နှာပေါ်လာ၏။

အလိုလေး. . . အရှင်ဒေဝဒတ်ပါလား။

အရှင်ဒေဝဒတ်သည် မိမိထံသို့ စူးစူးရဲရဲ ကြည့်ရင်း တဟားဟား အော်ဟစ် ရယ်မောနေ၏။ သို့သော် ရယ်မောနေရင်းမှာပင် သူ့မျက်နှာကြီးသည် ကြောက်မက်ဖွယ် နီညိုညစ်ပုပ်လာကာ အရယ်ရပ်သွားပြီး

http://cyberbooks.myanmarchat.org



ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်နေပြန်သည်။ အသံနက်ကြီးက မိမိတစ်ကိုယ်လုံးသို့ ထိုးဖောက်လာသည်။ ထို့နောက် ရုတ်ခြည်းပင် မြွေတွေအထွေးထွေးဖြင့် အရှင်ဒေဝဒတ်သည် ပျောက်ကွယ်သွား၏။

နန်းတော်တိုင်လုံးကြီးသာ ကျန်ရစ်ခဲ့၏။ ခြေလှမ်းတွေမှာ တစ်ယောက်ယောက်က တွန်းထိုးနေသည့်အလား တိုင်လုံးကြီးဆီသို့ တရွေ့ရွေ့တိုးချဉ်း သွားနေသည်။ မသွားဘူး. . . ငါမသွားပါရစေနဲ့ဟု အော်ဟစ်ရုန်းကန်နေသော်လည်း မရ။

တိုင်လုံးကြီးအနီး ရောက်သွားသည်။ လက်တစ်ကမ်းအရောက်တွင် နန်းတော်တိုင်လုံးကြီးသည် တဒီးဒီးမြည်ကာ နေရာမှာပင် တရစပ်လည်ပတ်သွားသည်။ လည်ပတ်နေရင်းဖြင့် အောက်သို့ တဖြည်းဖြည်းကျံ့ဝင်သွားရာ နောက်ဆုံး တွင်းဟောင်းလောင်းပေါက်ကြီးသာ ကျန်တော့၏။

ထိုဟောင်းလောင်းပေါက်ကြီးမှ အောက်သို့ငုံ့ကြည့်မိပြန်သည်။ မမှန်းဆနိုင်လောက်အောင် နက်လှသော ဟိုးအောက်ခြေတွင် အရှင်ဒေဝဒတ်က လက်ယပ်၍ လှမ်းခေါ်နေ၏။ ဒီကိုလာခဲ့. . . မင်းသား. . . ဒီကိုလာ။ ထိုစဉ် မသွားနဲ့သားတော်. . . လိုက်မသွားနဲ့ ဟူသော အသံကအနီးမှကပ်၍ ပေါ်လာပြန်သည်။ ခမည်းတော်ကြီး၏ အသံ။ လှည့်ကြည့်လိုက်သောအခါ ခမည်းတော်ကြီး၏ မျက်နှာကို မတွေ့ရဘဲ ခြေဖဝါးနှစ်ဖက်ကိုသာ နီးကပ်စွာ တွေ့လိုက်ရ၏။ ထိုခြေဖဝါးတို့တွင် သွေးတစ်စက်စက်ကျဆင်း စို့ရွဲနေသော၊ ဓားဖြင့်မွှန်းထားသည့် ဒဏ်ရာများ။

ဟား ဟား ဟား. . . လာပါ မင်းသားရဲ့၊ ဒီကို ဆင်းခဲ့စမ်းပါ။

မသွားနဲ့ သားတော်. . . လိုက်မသွားနဲ့

မြွေဟောက်တွေက တရှဲရှဲ တွန်မြည်။

http://cyberbooks.myanmarchat.org



အဇာတသတ်သည် ချောက်ချားထိတ်လန့်စွာ လန့်နိုးသွားလေသည်။

*　　　*　　　*

အစဉ်တစိုက် မြင်မက်နေသော အိပ်မက်ဆိုးများအနက်မှ တစ်ခုသော အိပ်မက်။ မိမိတစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေပြီး အင်မတန် မောဟိုက်နေပြီဟု သိလိုက်သည်။ ပူလောင်သော ရင်တွင်းမှာ ရေငတ်သည့် ဝေဒနာက ဖိစီးသည်။ လည်ချောင်းများ အက်ကွဲခြောက်သွေ့နေသည်။

အိပ်မက်ဆိုးတွေကို ညစဉ်မြင်မက်ခဲ့သည်မှာ ကြာလေပြီ။

ကြောက်မက်ဖွယ် ထိုအိပ်မက်များတွင် အရှင်ဒေဝဒတ်၊ မြွေများနှင့် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးတို့သည် အမြဲပါဝင်နေကြ၏။ ညဉ့်သည် မိမိအတွက် အိပ်မက်ချိုမဟုတ်တော့ဘဲ ခြောက်အိပ်မက်များ ကြီးစိုးရာ ကာလအပိုင်းအခြား ဖြစ်နေပေပြီ။

အဇာတသတ်သည် စက်ရာခုတင်မှ ထခဲ့ကာ ပြာသာဒ်ထိပ်ဆုံးသို့ တက်လာခဲ့လေသည်။ အမြင့်ဆုံးနေရာမှနေ၍ စီးမိုးဖြန့်ကျက်ကြည့်လိုက်၏။ ရာဇဂြိုဟ်ကား နှစ်ခြိုက်မွေ့လျော် အိပ်စက်ပျော်နေပေပြီ။ မအိပ်နိုင်သူကား ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်မင်းမြတ် ဖြစ်နေသည်။ ခြောက်အိပ်မက်များ၏ ရိုက်ပုတ်နှိပ်စက်မှုဖြင့် ညဉ့်စဉ်သန်းခေါင်ကျော်တိုင်း တစ်ကိုယ်ထီးတည်း ဤနည်းဖြင့် ပြာသာဒ်ထိပ်ဆုံးထပ်သို့ တက်လာခဲ့ရသည်။

မဂဓနိုင်ငံတော်၏ ကောင်းကင်အဇ္ဇောသည် ကြယ်စုံတို့ဖြင့် လင်းလက်နေ၏။ ညဉ့်လေပြည်ကို အားပါးတရ ရှိုက်သွင်းလိုက်သည်။ မောဟိုက်ခြင်းများ အတန်အသင့် ပြေလိုပြေငြား။

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



ထိုအချိန်မှာပင်-

အရှေ့ဘက်ကောင်းကင် တစ်နေရာဆီမှာ တရိပ်ရိပ် ပျံသန်းလာသော အရာတစ်ခုကို မှုန်ရီလရောင်အောက်တွင် အထင်အရှား တွေ့လိုက်ရလေသည်။

ပျံသန်းလာသောအရာသည် လူတစ်ယောက်၏သဏ္ဌာန်အဖြစ် ထင်ရှားလာသည်။ တစ်စတစ်စ နန်းမြင့်ပြာသာဒ်ဆီသို့ နီးလာသည်။ အိပ်မက်မဟုတ်။ တကယ်ပင် ထင်ရှားတွေ့မြင်နေရခြင်း။

အို- ဦးပြည်း ခေါင်းတုံးနှင့်ပါကလား။ ဒါဟာ ရဟန်းတစ်ပါးပေါ့။

"အရှင်- အရှင် ခေတ္တငံ့ပါဦး"

အဇာတသတ်မင်းက လှမ်းပြောလိုက်ရာ ကောင်းကင်ထက်မှ သဏ္ဌာန်သည် လေထဲမှာ တန့်ရပ်သွား၏။ ထင်ရှားပြတ်သားစွာ မြင်ရပေပြီ။ အလိုလေး. . . ဘယ့်နှယ်ပါလိမ့်. . . ဦးပြည်းခေါင်းတုံးနဲ့ ဒါပေမယ့် ရဟန်းတစ်ပါး မဖြစ်နိုင်။ ကိုယ်ခန္ဓာအသွင်က ရုပ်ပျက်ဆင်းပျက် ကြုံလှီနေသည်။ အရိုးပြိုင်းပြိုင်း ခန္ဓာတွင် ကြွက်သားများမရှိ။ ငေါငေါထွက်သော နံရိုးများ၊ လက်ဖျံများ၊ ပခုံးရိုးများ၌ အကြောတွေကိုချည်းခုံးခုံးမောက်မောက် တွေ့နေရသည်။ အလို- သူ့မှာ အဝတ်အစားလည်း မရှိ၊ လုံးတီးကိုယ်ပါကလား။

ဘာပဲဖြစ်ဖြစ် ကောင်းကင်ခရီး နှင်လာသည်ဆိုတော့ သူ့မှာ ကမ္မဇိဒ္ဓိတန်ခိုး တစ်ခုခုတော့ ရှိလေမည်ဟု ဆုံးဖြတ်ကာ အဇာတသတ် ထိုသဏ္ဌာန်အား လှမ်းပြောလိုက်လေသည်။

"အရှင် ညဉ့်အချိန်မှာ ဘယ်အရပ်ကို ဘာကိစ္စနဲ့ သွားနေပါသလဲ၊ အလိုရှိသမျှ မိန့်ပါ၊ လိုအပ်တာကို ကျွန်ုပ်ပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်ပါလိမ့်မယ်"

http://cyberbooks.myanmarchat.org



ထိုသဏ္ဍာန်က ကောင်းကင်တွင် ရပ်နေရင်းကပင် ပြန်ပြော၏။

"ကျွန်ုပ်ကို အရှင်လို့ မခေါ်လိုက်ပါနဲ့ မင်းကြီး၊ ကျွန်ုပ်ဟာ ရဟန်း မဟုတ်ပါဘူး"

သူ့အသံကလည်း ခြောက်ကပ်ကွဲအက်ကာ သေးမျှင်စူးရှစွာ ထွက်ပေါ်လာသည်။

"ဒါဖြင့်- သင် ဘာလဲ"

"အလွန်နိမ့်ကျ ညံ့ဖျင်းတဲ့ ဘုံကပါ၊ ကျွန်ုပ် ပြိတ္တာပါ. . . "

အဇာတသတ်သည် ကြောက်ရွံ့စက်ဆုပ်ခြင်းမရှိသော်လည်း၊ မိမိထင်သလို ရဟန်းတစ်ပါး မဟုတ်သည့်အတွက် စိတ်ပျက်သွား၏။ သို့သော် ထိုဦးပြည်းခေါင်းတုံးနှင့် ပိန်လှီရှုံ့တွ သဏ္ဍာန်ကိုကား စိတ်ဝင်စားမိလေပြီ။

"သင် ပြိတ္တာဆိုရင် အခု ဘာကိစ္စနဲ့ဘယ်ကို သွားနေသလဲ"

"ကျွန်ုပ်ရဲ့ သမီးရှိရာ အန္ဓကဝိန္ဒမြို့ကို သွားမလို့ပါ"

မိစ္ဆာအယူကို အခြေခံလျက် ဘဝတစ်လျှောက်လုံး လွဲမှားစွာ ရှင်သန်ခဲ့သည်။ အလှူဒါနဟူသည်မှာ ပစ္စည်းဥစ္စာတို့ကို အလဟဿ အကျိုးမဲ့ဖြုန်းတီးပစ်ခြင်း ဖြစ်၏။ ပေးကမ်းစွန့်ကြဲခြင်း ဟူသည်မှာ မိမိ ရှာဖွေထားသော ပစ္စည်းများကို မိုက်မဲစွာ ဖျက်ဆီးပစ်ခြင်း ဖြစ်၏။ အလှူခံတွေက "အလကားရသည့် ပစ္စည်းတွေကို လက်ခံရင်း. . . မိမိကို အရူးပဲ"ဟု ဟားတိုက်နေကြမည်သာ။

ဒါကြောင့် ရသမျှရှာ၊ ရှာသမျှစု၊ စုသမျှကို ကိုယ့်အတွက်လဲ သုံး၊ ဒါပဲ ကိုယ်မရှိတော့ ဘယ်သူကမှ လာပေးကမ်း ချေးငှားမည် မဟုတ်။

ညံ့လိုက်စမ်း။ လောကကြီးမှာ ပျော်ရွှင်တပ်မက်စရာ ကာမဂုဏ်

http://cyberbooks.myanmarchat.org



အာရုံတွေဆိုတာ အများကြီး။ အဝတ်အထည်တွေ၊ စားစရာတွေ၊ အမွှေးအကြိုင်တွေ၊ အသုံးအဆောင်တွေ၊ ပြီးတော့ မိန်းမလှလေးတွေ၊ ဒါမှ လူဖြစ်လာရကျိုး နပ်တော့မည်ပေါ့။ ဗာရာဏသီသူကြွယ် စူဋဆိုတဲ့ ဘဝဟာ ဘယ်လောက်ပျော်စရာ ကောင်းသလဲ။ အလိုရှိသမျှ ကာမဂုဏ်အာရုံတွေကို ခံစားနိုင်ဖို့အတွက် ငွေကြေးဥစ္စာ စည်းစိမ်ဆိုတာ အလျှံပယ်ပင်။ လောကကြီးမှာ ပျော်ရွှင်ဖို့သာ အဓိက ဖြစ်သည်။ လေးလံသော အရာတွေကို မတွေးနှင့်၊ မကြံနှင့်၊ မလုပ်နှင့်။

ဟေး. . . ငါ့ပစ္စည်း ငါ့စည်းစိမ်တွေဟာ ငါသုံးဖို့ ငါပျော်ဖို့ပဲကွ၊ ဘာအလှူခံမှ မလာနဲ့၊ ဘယ်သူ့ကိုမှ မပေးနိုင်ဘူး။ ငါ့လို ပြည့်စုံချင်ရင် ကိုယ့်ဟာနဲ့ကိုယ် ရှာကြ. . . ဒါပဲ။ သွားစမ်းပါ ဘာလဲ အလှူဒါန။ ဒီမှာဖြင့် သုံးလို့စွဲလို့ ပျော်လို့တောင် အားမရနိုင်သေး. . . ဟား. . . ဟား. . . တူရိယာ ဂီတသံတွေကြားမှာ၊ စားကောင်းသောက်ဖွယ်တွေနဲ့ ဝတ်ကောင်းစားလှတွေနဲ့၊ ပြီးတော့ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်၊ အရွယ်ရွယ်သော မိန်းမတွေ ဟဲ. . . ဟဲ. . . ဟဲ. . . ”

“ဒီလိုနဲ့ ဗာရာဏသီသူဌေး စူဋဟာ ကွယ်လွန်ခဲ့ပြီး နောက်မှာ အရှင်မင်းကြီး အခု မြင်တွေ့နေရတဲ့ ပြိတ္တာကြီး ဖြစ်လာတာပါပဲ”

အသားအသွေးကင်းကွာကာ အရိုးအကြောပြိုင်းပြိုင်းသာရှိပြီး အဝတ်တန်ဆာမဲ့ လုံးတီးကိုယ်နှင့် ဦးပြည်းခေါင်းတုံး ပြိတ္တာကြီးက သူ့အကြောင်းကို ပြောပြလိုက်၏။

“စူဋသူဌေး ဘဝတုန်းက ကျွန်ုပ်မှာ အနုလာဆိုတဲ့ သမီးတစ်ယောက်ရှိခဲ့တယ်။ သူက အန္ဓကဝိန္ဒမြို့မှာနေတာ၊ အိမ်ထောင်ရက်သားကျနေပါပြီ၊ အခု သမီးက ကျွန်ုပ်ကိုရည်စူးပြီး ဆွမ်းအလှူ လုပ်မလို့ စီစဉ်နေတယ်၊ အဲဒီကို ကျွန်ုပ်သွားမှ ဖြစ်မယ် အရှင်မင်းကြီး၊ သမီးရဲ့

http://cyberbooks.myanmarchat.org



အလှူမှာ ကျွန်ုပ်စားစရာ တစ်ခုခု ရနိုင်တယ်၊ ကျွန်ုပ်မှာ ဆာလောင်မွတ်သိပ်လှတဲ့ဒဏ်ကြောင့် တစ်ကိုယ်လုံး ပူလောင်နေပြီ”

အဇာတသတ်မင်းသည် ပြိတ္တာအား ကရုဏာ သက်မိသွား၏။

“သင့် သမီးဆီ သွားလိုက်ပါ ပြိတ္တာကြီး၊ အဲဒီကနေ အလှူဒါနအဖို့ဘာဂကို ခံစားပြီးရင် ကျွန်ုပ်ထံ ပြန်လာခဲ့ပါဦး၊ ကျွန်ုပ်ကလဲ သင့်ကိုပြုစုကျွေးမွေးပါဦးမယ်၊ ဘယ်လို လုပ်ရမလဲဆိုတာပဲ သိချင်ပါတယ်”

“ကောင်းပါပြီ အရှင်မင်းကြီး ကျွန်ုပ် ပြန်လာခဲ့ပါ့မယ်၊ အခုတော့ သမီးဆီသွားတော့မယ်၊ ဟော. . . သမီးက ကွယ်လွန်သွားတဲ့ ဘိုးကြီး၊ မိကြီးတွေကိုပါ ခေါ်နေပြီ၊ ဘယ်သူတွေ သွားသွား၊ မသွားသွား ကျွန်ုပ်ကတော့ သွားတော့မယ်”

လျင်မြန်သောအဟုန်ဖြင့် ပြိတ္တာသည် အနောက်စူးစူးသို့ ပျံသန်းရွေ့လျားသွားသည်။ အဇာတသတ်မင်းလည်း နန်းမြင့်ပြာသာဒ်ထက်တွင် ကျန်ရစ်ခဲ့သည်။ မိမိ၏ အိပ်မက်ဆိုးများအကြောင်းကိုပင် ခေတ္တမေ့ပျောက်ကာ စူဠသူဌေးဘဝမှ ပြိတ္တာဖြစ်လာသောသူအကြောင်းကို တွေးနေမိ၏။

ထိုစဉ်မှာပင် အနောက်စူးစူးအရပ်မှ ပျံသန်းလာသော ပြိတ္တာကြီးကို မြင်လိုက်ရပြန်သည်။ ပြိတ္တာကြီးသည် နန်းမြင့်ပြာသာဒ်ထိပ်ကောင်းကင်ထက်ဝယ် တစ်စုံတစ်ခုကို ကုတ်ဖက်တွယ်ကပ်နေသည့်အလား တန့်ရပ်နေပြန်၏။

“အလို ပြိတ္တာကြီး မြန်လှချည်လား။ သင့် သမီးဆီက ပြန်ခဲ့ပလား၊ ဘာတွေစားသောက်ခဲ့ရသလဲ၊ ဘယ်လိုအမျှ အဖို့ဘာဂရခဲ့သလဲ”

ပြိတ္တာသည် ဟောက်ပက်ချိုင့်ဝင်နေသော အရေပြားဝမ်းဗိုက်ကို ဆုပ်ကိုင်လျက်. . .

http://cyberbooks.myanmarchat.org



“အရှင်မင်းကြီး ကျွန်ုပ်သမီးရှိရာ အန္ဓကဝိန္ဒမြို့ကို ရောက်ခဲ့ပါတယ်၊ သူကလဲ အလှူတွေပေးပြီး ကောင်းမှုလုပ်ရှာပါတယ်၊ ဒါပေမယ့် ကျွန်ုပ် ဘာမှမရခဲ့ပါဘူး”

“ဟင်. . . ဘယ်လိုကြောင့်လဲ”

“သမီး ကျွေးမွေးလှူဒါန်းတာက မိစ္ဆာအယူရှိတဲ့ ဒုဿီလပုဏ္ဏားတွေ၊ သီလပြည့်စုံတဲ့ သီလဝန္တပုဂ္ဂိုလ်အရှင်မြတ်တွေ မပါဘူး၊ ဒါကြောင့် သမီးအလှူဒါနအဖို့ဘာဂကို ကျွန်ုပ် မရခဲ့ပါဘူး”

“အို. . . ဟုတ်လား၊ အလှူဒါန အဖို့ဘာဂကို သင်ရအောင် ကျွန်ုပ် ဘာလုပ်ပေးရမလဲ ပြောပါ ပြိတ္တာကြီး”

“အရှင်မင်းကြီး ဘုရားရှင်ကိုဖြစ်စေ၊ ဘုရားရှင်ရဲ့ တပည့် အရိယာပုထုဇဉ် သံဃာကိုဖြစ်စေ၊ ဆွမ်း၊ အဖျော်၊ အဝတ်သင်္ကန်းတွေနဲ့ ပြုစုကျွေးမွေး လှူဒါန်းပါ၊ ပြီးတော့ အဲဒီအလှူရဲ့ အဖို့ဘာဂကို ကျွန်ုပ်ထံ ရည်ညွှန်းမှန်းဆ အမျှဝေပေးပါ၊ ဒီလိုမှ မလုပ်ရင် နှစ်လရှည်ကြာစွာ ကျွန်ုပ် ခံစားနေရတဲ့ ငတ်မွတ်ခေါင်းပါးခြင်း ဒုက္ခကြီးက လွတ်ရမှာ မဟုတ်တော့ပါဘူး၊ အမယ်လေး ကျွန်ုပ် ရင်ထဲမှာ ဝမ်းဗိုက်ထဲမှာ တစ်ကိုယ်လုံးမှာ ဆာလွန်းလို့ ပူလောင်လှပါပြီ၊ ‘ကယ်ပါဦး အရှင်မင်းကြီး’

* * *

အဇာတသတ်မင်းသည် နန်းပြာသာဒ်မှ ဆင်းခဲ့၏။ အချိန်ကားမိုးသောက်အရုဏ်ကျင်းခဲ့ပေပြီ။ နန်းတော်အမှုထမ်းများကိုခေါ်၍ အလှူပွဲအတွက် ခင်းကျင်းစီမံစေကာ၊ ကိုယ်တိုင်လက်ဖြင့် သံဃာအား ပေးလှူသည်။ မြတ်စွာဘုရားအားလည်း အလှူသည် ပြိတ္တာတစ်ဦးကို ရည်စူး

http://cyberbooks.myanmarchat.org



ပေးလှူခြင်းဖြစ်ပါကြောင်း လျှောက်ထားသည်။

ထို့နောက် ပြိတ္တာအား ရည်ညွှန်းမှန်းဆ၍ အမျှပေးဝေလိုက်သည်။ အဇာတသတ်၏ အမျှဝေသံနှင့် မရှေးမနှောင်းမှာပင် ရှေ့မှောက်၌ နတ်သားတစ်ပါး ပေါ်လာသည်။

အရှင်မင်းကြီး၊ ကျွန်ုပ် ပြိတ္တာဘဝမှ လွတ်မြောက်လို့ ယခုအခါ အဝတ်တန်ဆာ အစားအစာ ပြည့်စုံတဲ့ နတ်သားဖြစ်ခဲ့ပါပြီ၊ အရှင်မင်းကြီးရဲ့ အလှူအဖို့ အမျှကိုကြည်ညိုလေးနက်စွာ သာဓုခေါ်နိုင်ခဲ့တဲ့အတွက် ကျွန်ုပ် ယခုလို ဖြစ်လာရပါတယ်၊ ချမ်းသာခြင်းသို့ ရောက်ပါပြီ၊ ယခု ကျွန်ုပ်အလိုရှိရာ နတ်ဗိမာန် ဘုံဌာနကို သွားပါတော့မယ်၊ အရှင်မင်းကြီးအားလဲ၊ ကောင်းကျိုးချမ်းသာပြည့်ပါစေ”

နတ်သားသည် ပျောက်ကွယ်သွားသည်။

အဇာတသတ်မင်းသည် မပြီးဆုံးတတ်သော ခြောက်အိပ်မက်များမှ လန့်နိုးလေတိုင်း နန်းမြင့်ဘုံတော် ပြာသာဒ်ထက်တက်ခဲ့လေတိုင်း ရာဇဂြိုဟ်ကောင်းကင်ကို တစ်မျှော်တစ်ခေါ်ကြည့်ရင်း ပြိတ္တာကြီးကို သတိရနေမိလေသည်။

**(စူဠသေဋ္ဌိပေတဝတ္ထု)**

http://cyberbooks.myanmarchat.org

# ကြံတစ်ဆစ်ကြောင့်

ကြည့်လိုက်တိုင်း တစ်မျှော်တစ်ခေါ် ကြံပင်တွေ ဖွေးဖွေးလှုပ်နေသည်။ မျက်စဉ်းညို အဆင်းရှိ၍၊ ကျည်ပွေ့ရိုးလောက် တုတ်ခိုင်ဝဖြိုးသော ကြံပင်ကြီးများမှာ အရည်ရွှမ်းလဲ့ မှည့်ဝင်းနေကြသည်။ လေအသုတ်တွင် တရှဲရှဲ တဟဲဟဲမြည်လျက်၊ တညီတညာ ယိမ်းငိုက်လှုပ်ရှားနေကြသော ကြံပင် ကြံတောကြီးဆီက အသံမှာ "ငါတို့ကို ခူးယူချိုးပါလှည့်၊ ချိုမြရွှမ်းအိအရည်တို့ကို စုပ်ယူကြပါလှည့်၊ အရသာထူးသော ကြံရည်ချိုကို သောက်သုံးပြီး အားအင်လန်းဆန်း အမောပန်းဖြေကြပါကုန်လှည့်" ဟု ကြွေးကြော်နေသယောင်ပင်။

အလေ့ကျပေါက်ကာ၊ အပြိုင်းအရိုင်း၊ ထွားကျိုင်းချင်တိုင်း ထွားကျိုင်းလျက်၊ အချိုရည်တို့ဖြင့် ပြည့်ဝနေသော ထိုကြံပင် ကြံတောကြီးတစ်ဝိုက်၌ မည်သည့် သက်ရှိတစ်ဦးတစ်ယောက်မျှ မရှိ။ ယုတ်စွ

http://cyberbooks.myanmarchat.org



အဆုံး ကြံ့ရည်ချိုချိုကို သောက်သုံးမည့် ငှက်ငယ်၊ ပိတုန်းစသည့် ပိုး ကောင်မွှားကောင် ကျေးတိရစ္ဆာန်သော်မျှ မရှိ။ ကြံတောကြီးကား ချုံးယူ ခူးခြွေမည့်သူ ကင်းမဲ့ကာ၊ ဟီးဟီးထလျက် နေတော့သည်။

သို့သော် မကြာမီပင် ကြံတောကြီးအနီးသို့ "တစ်စုံတစ်ခု" ချဉ်း ကပ်လာ၏။ လှုပ်လှုပ်ရှားရှားအသွင်ကြောင့် ထိုအရာသည် သက်ရှိ သတ္တဝါဟုခေါ်နိုင်သော်လည်း အဆင်းသဏ္ဌာန်ကား ကျက်သရေ ကင်းမဲ့ လှစွာ၏။ ပိန်လှီကျုံ့ဝင်နေသော ရင်အုံထက်မှ နံရိုးများ အပေါ်တွင်၊ အရေပြားသည်၊ ပါးလွှာစွာ၊ ခြုံလွှမ်းထား၏။ နံရိုးပြိုင်းပြိုင်းအောက်မှ ဝမ်းဗိုက်ကား ချိုင့်ဝှမ်းတစ်ခုနှယ် ဟောက်ပက်ကြီး ဖြစ်သည်။ လက် မောင်း လက်ဖျံ ခြေတံတို့မှာ ကြံပင်အဖျားလောက်မျှပင် မရှိ၊ သေးသွယ် ပါးလျားရသည့် အထဲ၊ လယ်ပတ်ကြားအက်နှယ်၊ အရေပြားများက ကွဲအက်နေကြသည်။

ထိုခန္ဓာကိုယ်ကိုပင် မနိုင့်တနိုင် တရွေ့ရွေ့ ပင်ပန်းကြီးစွာ သယ်မ ကာ ထိုသဏ္ဌာန်သည် ကြံတောကြီးထဲသို့ တိုးဝင်လာ၏။ အလဲလဲ အပြို ပြို၊ အယိမ်းယိမ်းအယိုင်ယိုင်ဖြင့် ခက်ခဲစွာ ရွေ့လျားရင်း ကြံပင်အုပ် တွေ ကြားထဲရောက်သောအခါ ဘိုင်းခနဲ လဲကျသွားပြန်လေသည်။

ထိုသဏ္ဌာန်သည် တုန်တုန်ချိချိဖြင့် အားယူထ,လျက်၊ အနီးဆုံး ကြံပင်ဆီသို့ လက်ကိုမြှောက်ကာ ကမ်းလင့်၏။ အရည်ရွှမ်းမှည့်နေ သော ကြံပင်ကြီးထံမှ အချိုရည်နံ့များက မွှေးကြိုင်ထုံသင်းနေ၏။ ထိုသဏ္ဌာန်၏ မျက်နှာအောက် လက်ထဲမှ မျက်လုံးအစုံမှာ သေးငယ်ပြူး ကြောင်စွာဖြင့် ကြံပင်ကို အငမ်းမရ ကြည့်လျက်ရှိ၏။

သွေ့ခြောက်အက်ကွဲ နှုတ်ခမ်း၊ ညိုမည်းမည်းများကို ဖြတ်ကျော် လျက် သွားရည်များက စီးကျလာကြသည်။ ကြံရည်ချိုမွှေး ရနံ့တို့၏

http://cyberbooks.myanmarchat.org



နှိုးဆော်ဖမ်းစားခြင်းဖြင့် ငတ်မွတ်ခြင်းက ပိုမို နှိပ်စက်လာကြသည်။ သူ့လက်ကို တုန်တုန်ယင်ယင်ဖြင့် ကြံပင်ရှိရာသို့အလှမ်း ကြံပင်ရိုးကို လက်ချောင်းများဖြင့် ထိကိုင်မိတော့ခါနီး၌ . . .

ထူးခြားသော အခြင်းအရာများ ပေါ်ပေါက်လာ၏။

ကြံပင်မှ ကြံရွက်များသည် အပင်တွင် ကပ်နေရာမှ အသက်ဝင်လာသည့်နှယ် လှုပ်လှုပ်ရွရွ ကွာကျလာ၏။ ထို့နောက် လက်လှမ်းနေသော ထိုသူ၏ ရင်အုံဆီသို့ ဦးတည်လျက် နိမ့်ဆင်းလာကြ၏။ ကြံရွက်များသည် ပျော့ပျောင်း ကွေးညွှတ်နေရာမှ သန်လျက်သွားကဲ့သို့ မာကျောတောင့်တင်းလာကြ၏။ ရွက်ဖျားများကလည်း ချွန်မြစူးရှ လာကြကာ ထိုသူ၏ ရင်ဘတ်ကို တကယ့် သန်လျက်သွားပမာ ထိုးခွဲလိုက်ကြသည်။

ထိုသူသည် ကြံပင်အောက်ခြေသို့ ပစ်လဲကျသွား၏။

အရိုးပြိုင်းပြိုင်း သူ့ရင်အုံမှာ ကြံရွက်များ၏ ထိရှ လှီးဖြတ်မှု ကြောင့် သွေးရဲရဲ ဖြစ်သွားသည်။ ကြံရွက်တွေကတော့ သူ့ရင်ကို လှီးဖြတ် ကာ ဒဏ်ရာ အနာတရ ဖြစ်စေပြီးနောက် ပကတိ ပြန်လည်ငြိမ်သက်သွားကြတော့သည်။

ထိုသူမှာကား ရင်အုံမှ သွေးစို့စီးကျနေသည်ကို အမှုမထားနိုင်ဘဲ လဲကျနေရာမှ ရုန်းကန် ထ,ပြန်၏။ ထို့နောက် နောက်ထပ် ကြံပင်တစ်ပင်ရှိရာသို့ လက်ကမ်းပြန်၏။ သည်တစ်ခါ ပိုဆိုးတော့သည်။ ကြံပင်၏ အရွက်များက လက်နက်စကြာသစ်တစ်ခု၏ အသွားများနှယ် ဝှစ်ခနဲ ဝှစ်ခနဲ ပွင့်ထွက်လာကာ သူ၏ ပခုံး၊ လက်မောင်း၊ လက်ဖျံ၊ လက်ဖဝါးတို့ကို ထိုးစိုက်ခွဲဖြတ်လိုက်ကြသည်။ သွေးတွေ မြင်မကောင်းတော့။

ထိုသူ့ထံမှ နာကျင်စွာ အော်ဟစ်ညည်းညူသံများ ထွက်ပေါ်လာ၏။

http://cyberbooks.myanmarchat.org



ကြံတောအောက်ခြေတွင် လဲကျရာမှ လူးလှိမ့်နေသည်။ မျက်ရည်ပူတွေက နီရဲချွန်းစပ် မျက်ခွံအောက်လွှာမှ စီးဆင်းလာကြသည်။ ပါးစောင်မှလည်း သွားရည် တမြားမြား သူ အော်ဟစ်၏။

'ကြံကလေး တစ်ဆစ်လောက် စားချင်တယ်၊ ကြံကလေး တစ်ဖတ်လောက် ဝါးပါရစေ၊ ကြံချည်ချိုလေး တစ်စက်လောက်ပဲ ဖြစ်ဖြစ် သောက်ပါရစေ၊ ငါ သေရတော့မယ်၊ ငါ့ ဗိုက်ထဲမှာ ပူလောင်နေပြီ၊ ငတ်လွန်းလို့ပါ၊ငတ်လွန်းလို့ ဆာလွန်းလို့ သေရပါတော့မယ် ကယ်ကြပါ ကယ်ကြပါ'

သူ၏ အော်ဟစ် ညည်းညူသံကို ကြံပင်များက တုံ့ပြန်လိုက်ကြ၏။

သို့သော် တုံ့ပြန်လိုက်ပုံမှာ. . .

ကြံရွက်တွေက ဓားမြှောင်သွားများနှယ် သူ့ခန္ဓာကိုယ်ကို နေရာအနှံ့ မွှန်းကြသည်။ ကြံရိုးတွေက ဝါးရင်းတုတ်များနှယ် တဖုံးဖုံး ရိုက်နှက်ကြသည်။ ကြံဆစ်တွေက ယန္တရား ခွေးသွားစိပ်များနှယ် တဂျစ်ဂျစ် တရှုရှု ပွတ်တိုက်ကြသည်။

"ကယ်တော်မူကြပါ. . . ကယ်တော်မူကြပါ"

* * *

ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလာသည့် ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် ကြံတောကြီးအနီး ဖြတ်သန်းခိုက် ထိုအော်သံကို ကြားတော်မူလေသည်။ ရေထဲ၌နေသော ငါးကို ကုန်းပေါ်ပစ်တင်လိုက်သလို ခက်ခဲစွာ အသက်ရှူရင်း မောဟိုက်နာကျင်နေသော သွေးသံရဲရဲ။ ထိုသူအနီးတွင် မထေရ်မြတ် ရပ်တော်မူ၏။

ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



"အရှင်ဘုရား၊ ကယ်တော်မူပါ ဘုရား၊ ဟောဒီ အရည်ရွှမ်းလဲ့ ချိုမြဝင်းအိနေတဲ့ ကြံပင်တွေကို တပည့်တော် ပိုင်တာပါ ဘုရား၊ ဒါပေမယ့် တပည့်တော်မှာ ဆာလွန်းလို့ ကြံကလေးတစ်ပင်၊ တစ်ဆစ်လောက် ချိုးဖဲ့ပြီး စားမယ်၊ ခုတ်လိုက်တိုင်း ကြံရွက်တွေ၊ ကြံရိုးတွေ၊ ကြံဆစ်တွေက တပည့်တော်ကို ခါးသွား၊ လှုံသွား၊ သန်လျက်သွားများလို ခုတ်ဖြတ် ထိုးစိုက်ကုန်ကြပါတယ် ဘုရား၊ တပည့်တော်မှာ ကြံတောကြီးအလယ် နေရပေမယ့် ကြံရည်တစ်စက်မှ မသောက်သုံးရဘဲ ငတ်မွတ်ဆာလောင်ခြင်းနဲ့ သေရပါတော့မယ် ဘုရား'

"တပည့်တော် ဘယ်လိုဖြစ်ရတာပါလဲ ဘုရား၊ ကယ်တော်မူပါ ဘုရား၊ ဒီကြံတွေကို ဘယ်လိုနည်းနဲ့ တပည့်တော် စားသုံးရပါ့မလဲ ဘုရား"

အရှင်မဟာ မောဂ္ဂလာန်မထေရ်မြတ်ကြီးက ကြံတောထဲမှ ထိုပြိတ္တာ၏ အတိတ်ကို ဆောင်တော်မူလေသည်။

"ဒကာ ပြိတ္တာ၊ သင်ဟာ ပြီးခဲ့သည့် ဘဝမှာ. . .

ကြံစည်းကို ပခုံးပေါ် ထမ်းလျက်၊ တစိုက်စိုက်လျှောက်ခဲ့သည်။ သူ့ကြံပင်တွေက ရာဇဂြိုဟ်မှာ အကောင်းဆုံး၊ အချိုဆုံးဟု နာမည်ရသည်။

အစဉ်အဆက် မျိုးရိုးကလည်း ကြံတောင်သူ ဖြစ်သည့်အတိုင်း သူ့လက်ထက်မှာ ကြံက ပို၍ စီးပွားဖြစ်လာသည်။ သူကြံစိုက်သည့် မြေကပဲ ကောင်းလို့လား၊ သူ ကိုယ်တိုင်ကပင် လက်ဆိပ်ပြင်း၍လား မသိ။ သူ့ကြံခင်းမှာ ထူးထူးခြားခြား အောင်မြင်လှသည်။

ကြံလုံးကြီးတွေ တုတ်ခိုင်သည်နှင့်အမျှ အရည်ချိုချိုတွေက ရွှမ်းမြပြည့်ဝကာ၊ လေးလေးပင်ပင် ရှိလှသည်။ သူ့ကြံတွေက အရင်းအဖျားနှစ် ဌာနစလုံးမှာပင် အချိုရည်ကဲသည်။ ညိုမောင်းသော ကြံစည်းတွေကို

http://cyberbooks.myanmarchat.org



အခွံနွာမပေးခင်ကတည်းက အချိုနဲ့ တသင်းသင်း။ ရာဇဂြိုဟ်မှာ သူ့ ကြံက နာမည်အကြီးဆုံး ကြံဖြစ်သည်။ အနံ့အရသာနဲ့ ပြည့်စုံပြီး တစ်ဆစ်တစ်ပိုင်း စုပ်ရုံစားရုံမျှဖြင့် အာသာပြေသည့် ကြံမျိုးချို။

ပြောစရာ တစ်ခုရှိသေးပုံက သူကိုယ်တိုင်လည်း ကြံကြိုက်သူ ဖြစ်သည်။ သူ့ကြံတွေကို သူကိုယ်တိုင် ခုံခုံမင်မင် ရှိသည်။ ထို့ကြောင့် လည်း ယခုလို ကြံစည်းကို ထမ်းအသွားမှာ လက်တစ်ဖက်က သူ့ကြံသူ ကိုက်ဖွဲ့စုပ်ယူ စားသုံးတတ်သည်။ တဂျွမ်းဂျွမ်း ကိုက်စားရင်း ကြံရည်ချိုချို ကို လျှာဖျားလျှာရင်း မြက်အောင် အရသာခံရင်း သူ့ကိုယ်သူ ပီတိ ဖြစ်နေဆဲ။

နောက်ကျောဘက်ဆီမှ ကလေးငိုသံ ကြားလိုက်ရ၏။

“အသပြာမပါလာဘူး သားလေးရယ် နောက်တော့မှ ဝယ်ကျွေး ပါ့မယ်’

လူကြီးသံ တစ်သံကိုလည်း ကြားရသည်။

ကလေးငိုသံနှင့်အတူ ဗလုံးဗထွေး ပူဆာသံက ပေါ်လာနေ၏။

“အခု စားချင်တယ်၊ သား အခု စားချင်တယ်၊ ကြံစုပ်ချင်တယ်”

“အသပြာ တစ်ပြားတစ်ချပ်မှ မရှိလို့ပါ သားရယ်၊ အဘ နောက် တော့ ဝယ်ကျွေးပါ့မယ် အခုဟာက”

“ဟင့်အင်း. . . ဟိုလူကြီးဆီက တောင်းပေးပါ”

ကြံစည်းကိုထမ်းလျက် ကြံစုပ်လျက် ရှေ့မှ တစိုက်စိုက်သွားနေ သော သူ့ခြေလှမ်းများ တုံ့ခနဲ ဖြစ်သွားပြီးမှ ခပ်သွက်သွက်ကြီး လှမ်း လိုက်၏။ နောက်က သားအဖကို မြန်မြန် မျက်ခြည်ဖြတ်ထားခဲ့မှ၊ ငါ့ကြံ တွေမှာ အန္တရာယ်ပေါ်လာပြီ။ ဟင်း. . . ဈေးကောင်းကောင်းနဲ့ ရောင်းဖို့ အရေးမှာ အလကား အနှောင့်အယှက် ဝင်လာတယ်။ ခပ်သုတ်သုတ်

http://cyberbooks.myanmarchat.org



ကလေးဟော့။

သို့သော် ကလေးငိုသံ၊ ပူဆာသံနှင့် လူကြီးလုပ်သူ၏ ချော့မော့သံက ထက်ကြပ်မကွာ လိုက်ပါလာ၏။ ကြံစုပ်ချင်တယ် တောင်းပေး တောင်းပေး အခု တောင်းပေး”

“အဟမ်း. . . နောင်တော်ကြီး ခင်ဗျာ”

လာပြီ. . . သူထင်သည့်အတိုင်းပါပဲ အရေးထဲ၊ သူတောင်းစားလို သားအဖနဲ့ တွေ့ရပြီ အသပြာတစ်ပြား တစ်ချပ်မှ မပါဘူးတဲ့၊ တောင်းစားမယ့် သူတွေလေ။ မကြားချင် ဟန်ဆောင် သုတ်သုတ်လျှောက်ဟဲ့။

“နောင်တော်ကြီး ခင်ဗျာ၊ နောင်တော်ကြီးဟာ ကျွန်တော်တို့ရဲ့ ရာဇဂြိုဟ်ပြည်မှာ အလွန်ကောင်းတဲ့ ကြံခင်းပိုင်ရှင်ဆိုတာ ကျွန်တော် သိနေပါတယ် ခင်ဗျာ”

မျက်နှာလို မျက်နှာရ လုပ်နေပြီ၊ မကြားဘူးဟော့၊ မသိဘူးဟော့. . .

“ကျွန်တော်တို့ သားအဖ အခု ဝေဠုဝန်ကျောင်းတော်ကို သွားမလို့ပါ ခင်ဗျာ၊ ကျွန်တော့်မှာ ဆင်းရဲလှတာမို့ အသပြာ တစ်စေ့မှ မပါခဲ့ပါဘူး၊ ကျွန်တော့်သားလေးက အခုမှ အရေးထဲ ကြံစုပ်ချင် ရှာလွန်းလို့”

“ကြံစုပ်ချင်ရင် လဲသေလိုက်”

ကလေးငိုသံက စူးစူးဝါးဝါး ထွက်ပေါ်လာ၏။

“နောင်ကြီးရယ် တောင်းပန်ပါတယ်ဗျာ၊ သားကလေးရဲ့”

စိတ်ထဲမှ တောက်တစ်ချက် ခေါက်လိုက်၏။ လူကြီး၏ တဖွဖွ နားပူသံ၊ ကလေး၏ တစာစာ ငိုကြွေးသံကို နားမခံနိုင်တော့။

“ငတ်လဲ ငတ်ပါ့ဟာ၊ ကိုင်း. . . ရော့ ရော့၊ ဒီလောက် အငတ်

http://cyberbooks.myanmarchat.org



ကြီးကျတဲ့ ဟာတွေ”

လက်ထဲမှ သူ ကိုက်စုပ်လက်စ ကြံတစ်ဆစ်ကို နောက်ပြန်ပစ်ပေးလိုက်၏။ မြေကြီးပေါ် ဖုတ်ခနဲ ကျသွားသံ ကြားလိုက်ရသည်။ အဲဒီမှာ ကောက်စားပေရော့။

*        *        *

“ဒကာ၊ သင့်မှာ ကြွင်းကျန်ရှိနေတဲ့ ကုသိုလ်ကံကြောင့် ယခုဘဝမှာ တစ်ဆယ့်ရှစ်ကရိ သမျှသော မျက်စဉ်းညို အဆင်းလဲရှိသော ကျည်ပွေ့ရိုး ပမာဏရှိသော အရည်ချိုမြ ခိုင်ဖြိုးလှသည့် ကြံပင် ကြံတောကြီး ဖြစ်ပေါ်လာတယ်။ သို့သော် ဝေဠုဝန်ကျောင်းတော်ကို သွားမည့် ဥပါသကာ သားငယ်လေး၏ ဆာလောင်မွတ်သိပ်သော ဆန္ဒကို မထီမဲ့မြင်ပြုကာ ငေါက်ငမ်းဆဲဆိုပြီး ကြံတစ်ဆစ်ကို နောက်ကျောအားဖြင့် လှည့်ပစ်ပေးလိုက်သော ကံကြောင့်၊ သင်ဟာ ယခုလို ဆင်းရဲအတိပြီးတဲ့ ငတ်မွတ်ခေါင်းပါးတဲ့ ပြိတ္တာ ဖြစ်လာရပေတယ်’

“မှားခဲ့ပါပြီ အရှင်ဘုရား၊ သံဝေဂကြီးစွာနဲ့ ထိတ်လန့်တုန်လှုပ်နောင်တရပါပြီ ဘုရား၊ တပည့်တော်အဖို့ ဒီ ကြံတစ်ဆစ်မျှကို ယခု စားသောက်နိုင်အောင် ဘယ်လိုပြုရပါမလဲ အရှင်ဘုရား”

“ဒကာ ကြံတောထဲဝင်ပြီး ကြံတို့ကို နောက်ပြန်ယူပါ၊ ကြံပင်များကို ကျောဘက်မှသာထားပြီး ချိုးဖွဲ့ယူပါ၊ ဤသို့အားဖြင့် သင်အလိုရှိတိုင်း စားရပေတော့မယ်”

ပြိတ္တာခမျာ ဝမ်းသာအားရ ဖြစ်သွားရှာ၏။

အရှင်မဟာ မောဂ္ဂလာန်မထေရ်မြတ်ကြီး မိန့်မြွက်တော်မူသည့် အတိုင်း ခက်ခဲပင်ပန်းစွာသာပင် နောက်ပြန်လှည့်ချိုးယူသောအခါမှ

http://cyberbooks.myanmarchat.org



ကြုံကို စားခွင့်ရလေတော့သည်။

ပြိတ္တာဘဝမှ သေလွန်၍ ကံအလျောက် တာဝတိံသာသို့ ရောက်ခဲ့သည့်တိုင် ထိုကြုံတောထဲမှ ပြိတ္တာ၏ ဖြစ်ရပ်သည် ပြောစမှတ် ဖြစ်သွားလေသည်။ ဤအကြောင်းကို အရင်းခံလျက် ဘုရားရှင်ဟောကြား တော်မူသော ဒေသနာတော်များကို ကြားနာရသူတို့မှာကား မတွန့်မဆုတ် ကောင်းသောသဒ္ဓါစိတ်၏ အာနိသင်ကို နားလည်သဘောပေါက်ကြရ လေသည်။

**(စူဠဝဂ်-ဥစ္ဆုပေတဝတ္ထုတော်)**

http://cyberbooks.myanmarchat.org

# သံ သာ ရ မော စ က ဝါ ဒီ

ဣဋ္ဌကဝတီရွာအဝင်၊ လမ်းမတစ်နေရာ၌ ကလေး သူငယ်များ ကစားမြူးထူးနေကြစဉ် အချိန်၌ ထူးခြားသော ဤဖြစ်ရပ် ဖြစ်ပေါ်လာခဲ့၏။ ကလေးသူငယ်တို့၏ အပြစ်ကင်းသော ရယ်မော ပျော်ရွှင်သံ တို့ဖြင့် ရွာလမ်းမသည် သာသာယာယာ ဖြစ်နေသည်။

သို့သော် တစ်ယောက်သော ကလေးသူငယ်၏ အသွင်မှာ ထူးခြားနေသည်။

ထိုကလေးမှာ မိန်းကလေးဖြစ်ပြီး ခုနစ်နှစ်ကျော် ရှစ်နှစ်အရွယ် အတွင်းရှိ၏။ သူငယ်မလေးသည် အခြားအဖော်များနှင့် ကစားနေရာမှ ငြီးငွေ့လာဟန်ဖြင့် အုပ်စုထဲမှ ထွက်လာခဲ့၏။

လှည်းလမ်းဘေး တစ်နေရာတွင် ချုံပုတ်ကလေးတွေ အစီအရီ ရှိနေသည်။ ထိုချုံပုတ်များ အောက်ခြေတွင် ပိုးကောင်နက်ကလေးများ

http://cyberbooks.myanmarchat.org



သည် တရွရွ လှုပ်ရှားသွားလာနေကြသည်။ ကစားဖော်များထံမှ ထွက်ခွာလာသော သူငယ်မလေးသည် ပိုးကောင်လေးများကို တွေ့သောအခါ ပျော်ရွှင်သွားပုံရ၏။ ပိုးပရွက်တွင်းများ အနီးတွင် သူငယ်မ ဒူးထောက်ထိုင်ချလိုက်၏။ ထို့နောက်. . .

"ကဲ. . . ကဲ နင်တို့ တိရစ္ဆာန် သတ္တဝါတွေဆိုတာ လူက သတ်ပေးမှ ကျွတ်တာ. . . ဒီတော့"

တရွရွ ပြေးနေသော ပိုးပရွက်လေးများကို တစ်ကောင်ချင်း တစ်ကောင်ချင်း စိမ်ပြေနပြေ ဖိခြေသတ်နေတော့သည်။

"နင်တို့လဲ ချွတ်ရာရောက်ရော၊ ငါလဲ အပျင်းပြေရော၊ ဟော ဒီမှာ တစ်ကောင် ဟောဒီမှာ တစ်ကောင်၊ ကဲဟယ်. . . ကဲဟယ်"

ပိုးပရွက်ကလေးများ အတုံးအရုံး သေကြေပျက်စီး သွားကြသည်။

"ဟဲ့. . . အငယ်မလေး ဒီမှာ လာပြီး ဘာထိုင်လုပ် ဟယ်. . . ကြည့်စမ်း၊ ပိုးကောင်လေးတွေကို သတ်နေတယ်၊ နင် ငရဲကြီးတော့မယ်"

အဖော် သူငယ်မလေး တစ်ယောက်ရောက်လာပြီး ပြော၏။ ဤတွင် ပိုးကောင်သတ်၍ ကစားနေသူ သူငယ်မလေးက. . .

"ဘာ ငရဲကြီးရမှာလဲ၊ သတ္တဝါဆိုတာ သတ်ပေးမှ ကျွတ်တာဟဲ့၊ သူတို့ကို ချွတ်ပေးတဲ့အတွက် အပြစ်မဖြစ်ဘူး နင် သိရဲ့လား"

"ဟယ်. . . နင့်ကို ဘယ်သူပြောသလဲ"

"ဘယ်သူ ပြောရမှာလဲ၊ ငါတို့ မိဘဘိုးဘွား အစဉ်အဆက် ဒီအတိုင်း လုပ်ခဲ့ကြတာပဲ ဥစ္စာ၊ မှတ်ထားဟဲ့၊ အဲဒါကို သံသာရမောစကဝါဒလို့ ခေါ်တယ်"

"ဘာ. . . ဘာ"

http://cyberbooks.myanmarchat.org



"ဟဲ့. . . သံသာရ မောစက ဝါဒလေ၊ သတ္တဝါကို သတ်လျှင် ချွတ်ရာရောက်၏။ ထို့ကြောင့် သံသရာတွင် အပြစ်မရှိ"

"ဟယ်. . . နင်က သံသာရမောစကဝါဒီပေါ့၊ ဟုတ်လား"

"အေးလေ. . . ဘာဖြစ်သလဲ"

"အဲဒါ မိစ္ဆာဒိဋ္ဌိပဲ၊ သူ့အသက်သတ်ရင် အပြစ်ကြီးတာမှ သိပ်ကြီး ပါဏာတိပါတကံ ထိုက်တယ်လို့ ခေါ်တယ်"

"သွားစမ်းပါ၊ အဲဒါမှ မိစ္ဆာဒိဋ္ဌိ"

အငြင်းအခုံဖြစ်နေသော သူတို့နှစ်ဦးအနားသို့ အခြားကလေး များပါ ဝိုင်းအုံလာကြသည်။ ထိုအခါ ပိုးပရွက်သတ်သူ သူငယ်မဘက်မှ လိုက်ပါပြောဆိုသူများ၊ အခြား သူငယ်မဘက်မှ ပါဝင်သူများဖြင့် ကလေး တို့၏ ငြင်းခုံပွဲမှာ စီစီညံညံ ဖြစ်သွားလေသည်။

ဤသည်ပင်လျှင် ဣဋ္ဌာကဝတီရွာလေး၌ အယူဝါဒ နှစ်မျိုး ကွဲသူများ ရှိနေခြင်းကိုပြသော သာဓက ဖြစ်၏။ ရတနာသုံးပါး အဆုံး အမ၌ သက်ဝင်ယုံကြည်ကြသူများနှင့် သံသာရမောစက မိစ္ဆာဒိဋ္ဌိ အယူရှိ သူများ။

ကလေးတို့၏ ငြင်းခုံပွဲသည် မလှမ်းမကမ်းမှ အသံတစ်သံကြောင့် ရပ်သွား၏။

"ဟေ့. . . ဟေ့. . . ဟိုမှာ ရွာတံခါးဝ အနားမှာ ရဟန်းတော် တွေ"

"ဟာ. . . ဟုတ်တယ်၊ လာကြဟေ့၊ ရဟန်း သံဃာတော်ဆိုတာ တွေ့တဲ့နေရာမှာ ရှိခိုးရတယ်၊ လာ. . . သွားရှိခိုးရအောင်"

ကလေးများ တရုန်းရုန်းဖြင့် ရွာတံခါးဆီ ပြေးသွားကြပြန်သည်။ မိဘဘိုးဘွားတို့၏ အလေ့အထကို ကောင်းစွာ ရင်းနှီးလေ့ကျက်မိထား

http://cyberbooks.myanmarchat.org



သော ကလေးများသည် ဒူးတုပ်ပျပ်ဝတ် ထိုင်ချကာ ထိခြင်းငါးပါးဖြင့် ရှိခိုးဦးချ ကြလေသည်။

ပိုးပရွက်ကို သတ်သော သူငယ်မလေးကား ချုံပုတ်များ အနီးတွင် ငူငိုင်ငိုင်ဖြင့် ကျန်ရစ်ခဲ့သေး၏။ သို့သော် အဖော်တစ်ယောက်က "လာလေ"ဟု ပြောကာ ဆွဲခေါ်သွားသဖြင့် ရွာတံခါးဆီ ပါလာခဲ့၏။

သို့သော်လည်း အခြား ကလေးသူငယ်များက ရှိခိုးဦးချနေကြ ချိန် သူငယ်မလေးမှာ တောင့်တောင့်ကြီး ရပ်နေ၏။

ရဟန်းဆယ့်နှစ်ပါးတို့၏ ခေါင်းဆောင်အဖြစ် ကြွချီတော်မူသော ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် ထိုသူငယ်မလေးကို ကောင်းစွာ သတိပြုမိတော်မူမိလေပြီ။ မထေရ်မြတ်ကြီး ဆင်ခြင်တော်မူ၏။

"ဤသူငယ်မသည် ရှေးရှေးဘဝများစွာကတည်းက ယခုဘဝတိုင် သံသာရမောစကဝါဒ အယူရှိသူဖြစ်ပေ၏။ နောင်ဘဝတွင် သူငယ်မ သည် ငရဲသို့ ကျပေတော့မည်။ အကယ်၍ ငါ့အား ယခုရှိခိုးလိုက်သည် ဖြစ်အံ့။ ငရဲသို့မကျတော့ဘဲ ပြိတ္တာဘုံသို့သာ ရောက်ရာ၏။ ထိုပြိတ္တာ ဘဝဖြင့်ပင် ငါ့အား အမှီပြုလျက် နတ်စည်းစိမ်ချမ်းသာကို ရရှိခံစားပေ မည်"

အရှင်မြတ်ကြီး၏ သန္တာန်ဝယ် ကောင်းစွာ နှီးဆော်သော သနား ခြင်း ကရုဏာစိတ်များ ရှိလေသဖြင့် နှုတ်မှ ဖွင့်ဟ မိန့်မြွက်တော်မူလေ သည်။

"သူငယ်မတို့. . . သင်တို့ကသာ ရဟန်းတော်များကို ရှိခိုးကြ တယ်၊ ဟို သူငယ်မဟာ ရှိသေမှု ကင်းကွာပြီး ဒီအတိုင်း ရပ်နေပေတယ်"

သူငယ်မလေးသည် ရှက်စနိုးဖြင့် ခေါင်းငုံ့သွား၏။ ထိုစဉ် အခြား ကလေးသူငယ်များက ပေး. . . ဟုတ်သားပဲ။ ရှိခိုးခိုင်းကွာဟု ဆိုကာ

http://cyberbooks.myanmarchat.org



ပခုံးကိုဖိ၍ ထိုင်ချခိုင်းလျက် လက်ကို ချုပ်သူကချုပ်လျက် သည်လို ရှိခိုး ရတယ်ဟု ပြောသူက ပြောဖြင့် ဆူညံသွားပြန်လေသည်။

ဤသို့ဖြင့် သူငယ်မလေးသည် မထေရ်မြတ်ကြီး၏ ခြေတော်ကို ဦးခိုက်ရှိခိုး ဖြစ်သွားလေသည်။

* * *

အထက်သို့ငေါ၍ ထွက်သော နံရိုးပြိုင်းပြိုင်းများ၊ အိုးပေါ်တွင် ပါးလျစွာ တင်နေသော ရှုံ့တွအရေပြားများ၊ အသားစိုင်ကင်းမဲ့သည့် အရေပြားပေါ်၌ ကွန်ယက်ခင်းနှယ် အသွယ်သွယ် ယှက်ဖြာနေသော အကြောများဖြင့် အဝတ်မပါ ဗလာကိုယ်တီး ရုပ်ဆင်းမျက်နှာ ဆိုးရွား လှစွာသော ပြိတ္တာမကြီးသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ရှေ့မှောက်၌ ရပ်လျက်ပြလာလေသည်။

မထေရ်မြတ်ကြီးကား ဤပြိတ္တာမကြီး၏ ဘဝဖြစ်ပုံ အလုံးစုံကို သိတော်မူလိုက်ပေပြီ။ သို့သော် ပြိတ္တာမကြီး ကိုယ်တိုင် ဝန်ခံပြောစေလို သဖြင့်၊ သင် ဘယ်သို့ဖြစ်သနည်းဟု အမေးတော်ရှိလေသည်။

မပြီမသ ဗလုံးဗထွေး ငိုညည်းသံကြီးဖြင့် ပြိတ္တာမကြီး ဖြေလေ၏။

"တပည့်တော်မ. . . ယမမင်း နယ်ပယ် အပါအဝင် ဆင်းရဲ ဒုက္ခကြီးစွာသော ပြိတ္တာမကြီးပါ ဘုရား။ မကောင်းမှု ဒုစရိုက် အကုသိုလ် များကို လိုက်စား ပြုကျင့်မိမှားခဲ့ပါတယ် ဘုရား။ လူ့ဘုံမှာရှိစဉ်ကလဲ ကုသိုလ်ကောင်းမှုပြုရေး၊ မှန်သောအယူဝါဒ၌ စွဲမြဲရေးတို့မှာ ရှေ့ဆောင် လမ်းပြ ဆုံးမမယ့် မိဘမျိုးရိုးမှာ မဖြစ်ခဲ့ရပါ ဘုရား။ သတ္တဝါသတ်လျှင် ချွတ်ရာရောက်သဖြင့် အပြစ်မရှိ ဆိုတဲ့ သံသာရမောစကဝါဒ မိစ္ဆာဒိဋ္ဌိ အယူမှာပဲ ကျင်လည် သက်ဝင်ခဲ့ရပါတယ် ဘုရား။ အဲဒီအကျိုးဆက်

http://cyberbooks.myanmarchat.org



တွေကြောင့် တပည့်တော်မဟာ ခုဘဝမှာ ပြိတ္တာမကြီး ဖြစ်ရရုံမက နောင် အနှစ်ငါးရာတိုင် ပြိတ္တာဘုံမှာပဲ၊ တပေပေ တလူးလူး ဆင်းရဲခြင်းကြီးစွာ ဖြစ်ရပါဦးမယ် ဘုရား”

“ပြိတ္တာမကြီး၊ ပြီးခဲ့သည့် ဘဝက မဂဓတိုင်း၊ ဣဋ္ဌာကဝတီ ရွာငယ်မှာ သင် မိန်းမသူဖြစ်ခဲ့ပြီး သံသာရမောစကဝါဒီ တစ်ဦးဖြစ်ခဲ့ တယ်ဆိုတာကော သိရဲ့လား”

“သိပါတယ် ဘုရား။ ရှစ်နှစ်သမီးအရွယ်မှာ တပည့်တော်မဟာ၊ အရှင်ဘုရားကို တစ်ပါးသူရဲ့ အတင်းခိုင်းစေချက်ကြောင့် ရှိခိုးဦးချခဲ့ဖူး ပါတယ် ဘုရား။ တပည့်တော်မ အရွယ်ရောက်လာချိန်မှာ မဂဓတိုင်း၊ ဒီဃာရာဇိရွာမှာ သံသာရမောစကဝါဒီ အမျိုးသားတစ်ဦးနဲ့ အိမ်ထောင် ကျခဲ့ပြီး ကိုယ်ဝန်အရင့်အမာနဲ့ သေကြေပျက်စီးခဲ့ပြီးနောက်မှာ အခုလို ပြိတ္တာဘဝ ရောက်ခဲ့ပါတယ် ဘုရား”

ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက မေးတော်မူပြန်၏။

“သင် ယခု ဘာ့ကြောင့် ငါ့ထံမှာ ကိုယ်ထင်ပြ ရပ်လာသလဲ”

“အရှင်မြတ်အား ရှိခိုး ကန်တော့ပါတယ် ဘုရား။ ဆင်းရဲဒုက္ခ ကြီးမားလှတဲ့ တပည့်တော်မကို သနားချီးမြှောက် စောင့်ရှောက်တော်မူ ပါ ဘုရား။ တပည့်တော်မအတွက် ရည်စူးပြီး တစ်စုံတစ်ရာသော လှူဖွယ် ဝတ္ထုကို လှူဒါန်းလို့ အမျှအတန်း ပေးဝေတော်မူပါ ဘုရား။ ပြိတ္တာမဘဝ က ကယ်မလွတ်မြောက်စေတော်မူပါ ဘုရား”

* * *

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် ရဟန်းတော်များအား ဆွမ်းတစ်လုတ်စာ၊ လက်တစ်ဝါးမျှသော အဝတ်သင်္ကန်းပိုင်းနှင့် တစ်ခွက်

http://cyberbooks.myanmarchat.org



သော သောက်ရေများကို ပေးလှူဒါန်း၍ ဤဒါန အဖို့ဘာဂကို ပြိတ္တာမကြီးအား ရည်စူး၍ အမျှအတန်း ပေးဝေလိုက်လေသည်။

မကြာမီပင် အရှင်မြတ်ရှေ့တွင် တောက်ပလင်းဖြာသော အရောင်အဝါတို့ဖြင့် နတ်သမီး တစ်ပါးသဏ္ဍာန် ရပ်တည်လာ၏။

အရှင်မြတ်ကြီးသည် ထင်ရှားစေအံ့သောငှာ ကိုယ်တော်တိုင် သိတော်မူသော်လည်း နတ်သမီးသဏ္ဍာန်အား မေးတော်မူလေသည်။

"နတ်သမီးတမျှ လှပတင့်တယ်ပေသော ပြိတ္တာမ၊ ဘယ်လို ကုသိုလ်ကံကြောင့် သင့်မှာ ဤမျှသော အဆင်း စည်းစိမ်ကို ရရှိသလဲ"

"အရှင်ဘုရား တပည့်တော်မအတွက် ရည်စူးလှူဒါန်းသော တစ်လုတ်စာ ဆွမ်းဒါန အကျိုးကြောင့် အနှစ်တစ်ထောင်တို့ ပတ်လုံး နတ်ဩဇာထမင်းတို့ကို သုံးဆောင်နိုင်ပါပြီ ဘုရား . . .

"လက်တစ်ဝါးမျှသော ပုဆိုးပိုင်း အလှူအကျိုးကြောင့် နူးညံ့ တောက်ပ အဖိုးထိုက်တန်သော အဝတ်အထည်များကို ဝတ်ဆင်နိုင်ပါပြီ ဘုရား . . .

"တစ်ခွက်သော သောက်ရေ အလှူဒါန အကျိုးကြောင့် ကြာမျိုးစုံတို့ဖြင့် တင့်တယ်သော လေးထောင့်ရှိသော ရေကန်ကြီးများကို ဖန်ဆင်း ချိုးသုံးနိုင်ပါပြီ ဘုရား . . ."

"ကြီးမားလှတဲ့ ဒီအကျိုးကျေးဇူးကြီးများကို ပေးတော်မူသော အရှင်မြတ်အား တုပ်ဝပ်ညွှတ်လျှိုး ရှိခိုးခြင်းငှာ လာရောက်ခြင်း ဖြစ်ပါတယ် ဘုရား"

*　　*　　*

http://cyberbooks.myanmarchat.org



မဂဓတိုင်းမှ သံသာရမောစကဝါဒ မိစ္ဆာဒိဋ္ဌိ အယူရှိသူများ နေထိုင်ရာဖြစ်သော ကုဋ္ဌာကဝတီရွာနှင့် ဒီဃာရာဇိရွာနှစ်ရွာမှ လူများသည် အရှင်မထေရ်မြတ်ကြီးနှင့် ပြိတ္တာမကြီးအကြောင်းကို ကြားနာကြရလေသည်။ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကလည်း မိစ္ဆာဒိဋ္ဌိများ၊ ထိတ်လန့် သံဝေဂရစေရန် ဟောကြားတော်မူလေသည်။

သံသာရမောစကဝါဒီများ အားလုံး အကျွတ်တရားရရှိကာ သရဏဂုံ တည်ခဲ့ကြပေပြီ။

**(ဥပ္ပရိဝဂ်၊ သံသာရမောစကပေတဝတ္ထုတော်)**

http://cyberbooks.myanmarchat.org

# ဆင် စီး မြင်း ရံ

"တော့် သားသမီးတွေကို ကြည့်ဆုံးမထားဦးနော်၊ ကျုပ် မပြော ချင်လို့ ကြည့်နေတာ ကြာပြီ၊ လုပ်ပုံတွေက အကဲမရတော့ဘူး"

နွားချေးခြောက်ပြားများကို စီရင်း ပုဏ္ဏေးမကြီးက လှမ်းပြော သည်။

တစ်ဖက်ရပ်စင် ထိုးနေသော ပုဏ္ဏားကြီးက နှီးစကိုချည်လျက်။

"ဘာတွေ အကဲမရ ဖြစ်နေလို့တုန်း၊ ပြောစရာရှိ ပြောပစ်လိုက် ပေါ့ဟ၊ ကိုယ့် သားသမီးပဲ ကိုယ်ဆုံးမတာ နာခံရမှာပေါ့"ဟု ပြန်ပြော၏။

"ဆုံးမတာ နာခံမယ့် အချိုးတွေလား၊ သူတို့ မောင်နှမ သုံး ယောက်က တစ်ကျိပ်တည်း တစ်ဉာဏ်တည်း လုပ်နေကြတာ၊ တော်ကြာ ဆွေမျိုးရပ်ရွာ အလယ်မှာ ကျုပ်တို့ မျက်နှာပြရဲစရာတောင် ရှိမှာ မဟုတ်တော့ဘူး"

**ရတနာပုံစာအုပ်တိုက်**

http://cyberbooks.myanmarchat.org



"ဟေ- သားသမီးတွေက ဘယ်လောက်တောင် ဆိုးပြီး ဘာတွေလုပ်နေကြလို့လဲကွ၊ မင့်ဟာက မထိတ်သာ မလန့်သာ"

ပုဏ္ဏားမကြီးက နွားချေးခြောက်ပြားတွေကို ပစ်ချလိုက်သည်။

ရွှေလက်ကောက်တွေက ညိုးညိုးညံ့ညံ့ အသံထွက်သွားသည်။

"ဒီမှာ တော်ကြီးရဲ့ တော့်သားသမီးတွေက မိဘကို ပုန်ကန်ချင်နေကြပြီ သိရဲ့လား၊ အရွယ်ဖြင့် ကောင်းကောင်းမရောက်သေးဘူး၊ ထင်ရာစိုင်းချင်နေကြပြီ"

"ဘာကွ၊ ခံတန်တန်လုပ်ရင်လဲ ရိုက်ပစ်ကွာ"

"ရိုက်ရမယ့်အရွယ် မဟုတ်တော့လို့ ခက်တာပေါ့၊ အဲဒါတော်ကြီးက ဖအေပီပီ နည်းနည်း ခပ်စပ်စပ်ကလေး ပြောဆို ဆုံးမဦး"

"နေပါဦး၊ တပူပူ တဆူဆူသာ ပြောနေတယ်၊ သူတို့က ဘာပြစ်မှုတွေ ကျူးလွန်ထားသလဲ ဆိုတာကို၊ မင်းမပြောသေးပါလား"

"အို. . . ပြစ်မှုမှ တကယ့်ပြစ်မှု၊ မိဘဂုဏ်၊ အမျိုးဂုဏ်ကို ရွှံ့ပုပ်နဲ့ ပက်တဲ့ အပေါက်မျိုး"

"ဟာ- ဒါဆိုရင် ထိထိရောက်ရောက် ဆုံးမရမှာပေါ့၊ ပြောစမ်းသင်းတို့ ဘာတွေ ကျူးလွန်သလဲ၊ ကြွေးတောင်းပြီး အသပြာတွေ ကဲ့ထားသလား၊ ဗာရာဏသီမြို့ထဲမှာ ရန်ဖြစ်သလား၊ အငယ်မက ရည်းစားသနံ့ထားသလား၊ အလတ်ကောင်က"

"အို- မဟုတ်ပါဘူး၊ အဲဒါမျိုးဆိုရင် ကျုပ်မပြောပါဘူး၊ အခုဟာက မိဂဒါဝုန်တောထဲမှာနေတဲ့ ရဟန်းတွေကို လှူနေလို့ တော်ရေ့။ ရဟန်းတွေကို လှူနေလို့၊ ကဲ. . . "

"ဟေ"

ပုဏ္ဏားကြီးသည် လက်ထဲမှ နှီးစကို အငြိုးတကြီးဖြင့် ဖြတ်မိသွား

http://cyberbooks.myanmarchat.org



၏။

ပုဏ္ဏေးမကြီးက နွားချေးခြောက်ပြား တစ်ပြားကို ခြေဖွဲ့ပစ်လိုက်၏။

*　　*　　*

"အရှင်သံကိစ္စ မထေရ်ဆိုတာ ခုနစ်နှစ်အရွယ် သာမဏေဝတ်စဉ်ကတည်းက ဆံရိတ်ပြီးပြီးချင်း ရဟန္တာ ဖြစ်တော်မူခဲ့တဲ့ မထေရ်မြတ်လေ အဘရဲ့"

"အဲဒါ ဘာဖြစ်သတုန်း"

သားအကြီးဆုံးက ရှင်းပြသည်ကို ပုဏ္ဏားကြီးက ငေါက်သံဖြင့် တုံ့ပြန်၏။

"နောက်တော့ တောရကျောင်းမှာ ရဟန်းတော် သုံးဆယ်တို့နဲ့အတူ နေစဉ်မှာ ခိုးသားဓားပြ ငါးရာဘေးရန်ကနေ ကာကွယ်ပေးခဲ့တယ်လေ၊ ခိုးသားငါးရာလဲ သံကိစ္စမထေရ်နဲ့ တွေ့တော့မှ အကျွတ်တရားရပြီး သင်္ကန်းဝတ်တွေ ဖြစ်ကုန်ကြတာပေါ့"

သားအလတ်က စိတ်ပါလက်ပါ ဝင်ပြောသည်။

ပုဏ္ဏေးမကြီးက-

"အဲဒါ နင်နဲ့ ဘာဆိုင်သလဲ"ဟု ဝင်ပြော၏။

"အို- အမိရယ်၊ အဲဒီ ရဟန်းငါးရာလဲ မြတ်စွာဘုရားရှင်ရဲ့ တရားဒေသနာတော်ကို နာကြားရပြီးအဆုံးမှာ ရဟန္တာကြီးတွေ ဖြစ်သွားကြတယ်လေ၊ အခုဆိုရင် အရှင်သံကိစ္စ မထေရ်မြတ်တောင် အသက်နှစ်ဆယ်ပြည့်လို့ ရဟန်းပဉ္စင်းဖြစ်ပြီး မိဂဒါဝုန်တောမှာ သီတင်းသုံးတော်မူနေကြတာပေါ့"

**ရတနာပုံစာအုပ်တိုက်**

http://cyberbooks.myanmarchat.org



"သမီး အငယ်ဆုံးက အားတက်သရော ပြောပြန်သည်"

"တိတ်စမ်း"

ပုဏ္ဏားကြီး၏ အသံသည် စဥ့်အိုးကြီးတစ်လုံးကို ရိုက်ခွဲလိုက်သလို သူ့ ဝမ်းခေါင်းသံနှင့်သူ ပဲ့တင်သံမြည်၍ ထွက်လာ၏။ ပုဏ္ဏေးမကြီး၏ မျက်နှာကား မီးစွဲနေသော နွားချေးခြောက်ပြားနှယ်၊ ရဲရဲနီနေ၏။

"ဒီမှာဟေ့ . . . ဘယ်ရဟန္တာမှ မလိုချင်ဘူး မပြောနဲ့၊ သာကီဝင်မင်းမျိုးတွေကနေပြီး ရဟန်းဖြစ်လာတဲ့ အဲဒီ သက်န်းဝတ်တွေကို ငါတို့က ဘာမှလှူစရာ အကြောင်းမရှိဘူး၊ ငါတို့က မြင့်မြတ်တဲ့ ဗြာဟ္မဏဇာတ် ကိုယ့်ဇာတ်မျိုးနွယ်နဲ့ကိုယ် သီးသန့်နေတာ၊ နင်တို့ အဲဒီ ဂေါတမ ဗုဒ္ဓရဲ့ တပည့် ရဟန်းတွေကို လှူချင်တိုင်း လှူရအောင်"

ပုဏ္ဏားကြီးမှာ ဒေါသဖြင့် တစ်ဆို့နေသဖြင့် စကားလုံးများ ထွက်လာတော့ တံတွေးသီးသကဲ့သို့ ဖြစ်ကာ လည်ချောင်းတဟွတ်ဟွတ် ရှင်းနေစဉ် ပုဏ္ဏေးမကြီးက ပုဏ္ဏားကြီး၏ အဆုံးမသတ်သော စကားလုံးများကို ဆက်ပြောလေသည်။

'အေး . . . နင်တို့ လှူချင်တိုင်း လှူရအောင် ငါတို့ စီးပွားရှာနေတာ မဟုတ်ဘူး၊ ဒီက မအေဖအေမှာတော့ ကိုယ်ချမ်းသာတာ လူသူမသိအောင် ကုပ်ကုပ်ကလေး နေရစားရနဲ့၊ နင်တို့က အယူဝါဒ မတူတဲ့ သူတွေကိုများသွားပီး လှူလား လှူရဲ့၊ တရားနာလားနာရဲ့၊ အမယ်လေး"

"အမိရယ် သမီးတို့က ရဟန်းတော်တွေတင် မဟုတ်ပါဘူး၊ အလှူခံ ပုဏ္ဏားတွေကိုလဲ လှူပါတယ်"

"မလိုချင်ဘူး၊ ဘယ်သူ့ကိုမှ မလှူရဘူး၊ စီးပွားရှာတာ လှူပစ်ဖို့ မဟုတ်ဘူး၊ လှူတယ်ဆိုတာ အလကားနေရင်း ကိုယ်တပင်တပန်း

http://cyberbooks.myanmarchat.org



ရှာထားတာတွေကို လှွင့်ပစ်နေတာပဲ၊ အောင်မယ်လေးတော်. . . မိဘမျိုးရိုးဂုဏ်များ မထောက်မညှာ လုပ်နေလိုက်ကြတာ”

ပုဏ္ဏားကြီးက ရေတစ်ခွက်ဖြင့် အာလုတ်ကျင်းကာ ဖွမ်ခနဲထွေးပြီး-

“ဟေ့- ပြောမနေနဲ့တော့၊ တစ်ချက်လွတ် အမိန့်ပဲ၊ ဒီအိမ်မှာငါက ဦးစီးပဲ့ကိုင်၊ ငါ့အမိန့်၊ နင်တို့ မောင်နှမသုံးယောက် ဒီနေ့ကစပြီးဘယ်မိဂဒါဝုန်မှလဲ မသွားရဘူး၊ ဘယ်ရဟန်း၊ ပုဏ္ဏားမှလဲ မလှူရဘူး၊ဘာတရားမှလဲ မနာရဘူး၊ ဒါပဲ တစ်ချက်လွတ် အမိန့်”

“နေ-နေဦး ပုဏ္ဏားကြီးရဲ့ တစ်ခု ကျန်သေးတယ်၊ ဒီ ပြဿနာကိုစသယ်လာတာ တော့်သား အကြီးဆုံးရဲ့ မိတ်ဆွေတစ်ယောက်”

“ဟုတ်လား ဘယ်က အကောင်လဲ ပြောစမ်း”

“ဒီလိုပါ အဘရယ်၊ ကျွန်တော့် မိတ်ဆွေက နိဗ္ဗာန်ဆော် ဥပါသကာ တစ်ယောက်ပါ၊ သူက အင်မတန် စိတ်နှလုံး နူးညံ့ပြီး”

“မလိုချင်ဘူး၊ သူ ဖျက်ဆီးလို့ မင်း ပျက်စီးရတာပေါ့လေ၊ အဲဒီဥပါသကာတွေ ဘာတွေနဲ့လဲ လုံးဝ အဆက်အသွယ် မလုပ်ရဘူး ဒါပဲ”

“ကြားတယ်နော် သူတော်ကောင်း မောင်နှမတွေ၊ နင်တို့ ဖအေကြီးရဲ့ အမိန့် ဒါပဲ၊ မနက်စောစော ကျောင်းတော်သွားပြီး ဆွမ်းကပ်တာတို့ ရဟန်းပင့်ပြီး ဆွမ်းကျွေးတာတို့၊ လှူတာတို့ လုံးဝ မလုပ်မိပါစေနဲ့၊ လုပ်လို့ကတော့လား”

“အို. . . လုပ်ကြည့်ပါလားကွ၊ တစ်ခါတည်း အမွေပြတ် လုပ်ပစ်လိုက်မှာပေါ့”

ဤတွင် ပုဏ္ဏေားမကြီးက တစ်ခုခုကို စဉ်းစားမိလာဟန် အရေးတကြီး အမူအရာဖြင့် ပြောပြန်သည်။

http://cyberbooks.myanmarchat.org



"အဲ- အမွေဆိုလို့ တစ်လက်စတည်း ပြောရဦးမယ်၊ သူတို့ ပြစ်မှုတွေလဲ ရပ်ဆိုင်းသွားအောင် သမီးကိစ္စကို အမြန်ဆုံး စီစဉ်လိုက်ရင် ကောင်းမလားလို့"

"ဘာလဲ- ဦးရိုးတော်ရဲ့ သားနဲ့ လက်ထပ်ပေးဖို့ ကိစ္စလား၊ အေး- အမြန်ဆုံးသာ လုပ်ကြစို့၊ ဒါမှ အာရုံပြောင်းသွားမှာ"

ပုဏ္ဏားမကြီးက မောင်နှမသုံးယောက်ဘက်လှည့် မျက်စောင်းထိုးပြီး ပြောလိုက်၏။

"မှတ်ထား၊ နင်တို့ သားသမီးတွေကို ဆင်စီးပြီး မြင်းရံတာမျိုး ဖြစ်အောင် လုပ်ပေးနေတာ၊ ဟိုလျှုတာ တန်းတာ မဟုတ်တာတွေ လျှောက်လုပ်မနေနဲ့"

မောင်နှမ သုံးယောက်တို့မှာ ညှိုးငယ်သော မျက်နှာများဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်ရင်း လေးပင်စွာ ခေါင်းယမ်းမိကြလေသည်။

"ခက်လိုက်တာ အစ်ကိုကြီးရယ်၊ အဘနဲ့ အမိဟာ ဘယ်တော့များမှ မိစ္ဆာဒိဋ္ဌိ အယူလွဲတဲ့ ဘဝကနေ ကျွတ်မယ် မသိဘူး"

ဟု နှမငယ်က ညည်းညူရှာသည်။ အစ်ကိုလတ်က-

"ငါတို့ လှူတာ တန်းတာ၊ တရားနာတာတွေကို ပိတ်ပင်ရုံတင် မကဘူး၊ အခုလို ဆိုးနေတာက အလှူခံလာတဲ့ ပုဏ္ဏားတွေနဲ့ ရဟန်းတော်တွေကို အော်ငေါက် ကြိမ်းမောင်းလွှတ်ပစ်တာဟု ဆိုသည်။ အစ်ကိုအကြီးဆုံးက ဘာကြောင့်များ အဘနဲ့ အမိဟာ ချမ်းသာသလောက် နှမြောတွန့်တိုပြီး သဒ္ဓါဆွံ့အနေကြသလဲ မသိပါဘူးကွာ၊ အေးလေ ငါကတော့ အဘရဲ့ တစ်ချက်လွှတ် အမိန့် ဘေးချိတ်ပြီး ရတနာသုံးပါးကို ဆက်ကိုးကွယ်ရမှာပါပဲ၊ လှူစရာရှိတာ ဆက်လှူရမှာပဲ"ဟု ဆိုသည်။

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



သက်ပြင်းချသံများ တစ်ပြိုင်တည်း ပေါ်လာလေ၏။

သမီးအငယ်ဆုံးနှင့် ထိမ်းမြားရန် နှစ်ဖက်မိဘ ဆွေမျိုးများက ကြောင်းလမ်းထားကြသည့် ဦးရီးတော်၏ သားဖြစ်သူနှင့် ပတ်သက်၍ ပြဿနာ ထပ်ဖြစ်ပြန်သည်။

အကြောင်းမှာ ထိုသူငယ်သည် အရှင်သံကိစ္စမထေရ်ထံတွင် တရား ဒေသနာ၊ နာကြားရပြီး သံဝေဂရကာ ရှင်သာမဏေပြုနေသော ကြောင့် ဖြစ်၏။ ထို့ကြောင့် သမီးအငယ်ဆုံး၏ လက်ထပ်ပွဲမှာ မရေမရာ ဖြစ်နေပြန်သည်။

"ဘယ်လိုတွေများ ဖြစ်ကုန်ကြတာလဲတော်၊ အိမ်က မောင်နှမ သုံးယောက်ကလဲ ရဟန်းတွေကို လှူကြ၊ တရားနာကြနဲ့ အခု တူတော် မောင်လေးကလဲ ရှင်သာမဏေ ဝတ်နေပြန် ဘယ်လိုလုပ်ကြမလဲ"

ပုဏ္ဏားမကြီးက ခမည်းခမက်တော်ရမည့် ယောက်မကို မေးနေ၏။

"အဲဒါ ပြောတာပေါ့ အမရယ်၊ ဗာရာဏသီမှာ ဘာတွေဖြစ်ကုန်ပြီလဲ မသိပါဘူး၊ သား လုပ်သူက ရှင်သာမဏေဝတ်ပြီး အိမ်ကို နေ့တိုင်း ဆွမ်းခံလာသေးတယ်"

"ဟင် . . . ဆိုးလိုက်တာ၊ အဲ တစ်ခုတော့ရှိရဲ့ ယောက်မရဲ့၊ ယောက်မရဲ့သား ဆွမ်းခံလာရင် လက်ထပ်ပွဲကိစ္စကို နာနာလေး ဖိပြောပြီး သွေးဆောင်ပေါ့၊ မနက်တိုင်းလာရင် မနက်တိုင်းပြော၊ အတင်းပြောရမှာ ရှက်စရာပဲ၊ သမီးရှင်က ပြောရမှာလေ၊ အဲ. . . သတို့သမီး ဘယ်လောက် ချောကြောင်း လှကြောင်း၊ လက်ထပ်ရင် လက်ဖွဲ့ပစ္စည်းတွေက ဘယ်လောက်ထိရမှာ ဘာညာနဲ့ ယောက်မရဲ့သား စိတ်ပါလာရအောင်သာ နာနာဖိဖိလေး သွေးဆောင်ပေါ့"

http://cyberbooks.myanmarchat.org



“အင်း. . . ဟုတ်တယ်၊ သစ်ငုတ်တောင် တိုက်ပါများရင် နဲ့သေးတာပဲဟာ”

ဤသို့ဖြင့် ရှင်သာမဏေမှာ မိခင်ကြီး၏ သွေးဆောင်နားချ စကားများကို နံနက်ဆွမ်းခံဝင်တိုင်း အကြိမ်ကြိမ်ကြားနေရလေရာ၊ အိမ်ထောင်သက်မွေး အမှုဘက်သို့ စိတ်ယိုင်စပြုလာပြီး သာသနာတော်၌ ငြီးငွေ့ပြုလာလေသည်။

နောက်ဆုံးတွင်ကား ဥပဇ္ဈာယ်ဆရာထံ လူထွက်ခွင့်ပြုရန် လျှောက်လေတော့သည်။ ဥပဇ္ဈာယ်ဆရာသည် သာမဏေ၏ အရဟတ္တဖိုလ်ရဖို့ ပါရမီဓာတ်ခံ ရှိထားပုံကို ဆင်ခြင်သိရှိတော်မူလေသည်။ ထို့ကြောင့် တစ်လ ဆိုင်းငံ့ရန် ဆုံးမ၏။ တစ်လပြည့်သောအခါ နောက်ထပ်ဆယ့်ငါးရက်။ ဆယ့်ငါးရက်ပြည့်သောအခါ နောက်ထပ် ခုနစ်ရက် ဆိုင်းငံ့စေခဲ့၏။

သို့ဖြင့်ပင် မောင်ရှင်သာမဏေငယ် နောက်ဆုံး ဆိုင်းငံ့ရက်၊ ခုနစ်ရက် ကာလအတွင်း ရောက်ခဲ့ချေပြီ။ သာမဏေငယ် လူထွက်ပြီး နောက် ထိမ်းမြားရမည့် နှမအငယ်ဆုံးမှာလည်း စိတ်မချမ်းမသာ ဖြစ်နေ၏။ မောင်နှမသုံးယောက်မှာ ဖခင်ပုဏ္ဏားကြီး၏ ပြင်းထန်သော အမိန့်ကြောင့် မိမိတို့၏ ဒါနသီလတို့၌ ကျဉ်းမြောင်း ကျပ်တည်းစွာ နေရခြင်း၊ နှမငယ်လေး မကြာမီ လက်ထပ်ရတော့မည် ဖြစ်ခြင်းတို့ ကြောင့် အကျဉ်းအကျပ်သို့ ရောက်နေကြသည်။

မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့ကား အလျှုံခံ ပုဏ္ဏားများ၊ ရဟန်းများကို အော်ဟစ် ကြိမ်းမောင်းလိုက်၊ သမီးငယ်၏ လက်ထပ်ပွဲအတွက် ပြင်ဆင်လိုက်ဖြင့် အလုပ်ရှုပ်နေကြသည်။ လက်ထပ်ပွဲကား တစ်ရက်ထက် တစ်ရက် နီးလာလေပြီ။ သတို့သားလောင်းဖြစ်မည့်

http://cyberbooks.myanmarchat.org



သာမဏေငယ်ကလည်း လက်ထပ်ရက် နီးလာသည်နှင့်အမျှ စိတ်များ ပိုမိုပျံ့လွင့်လာပေပြီ။ သတို့သမီးလောင်း၊ နှမငယ်လေးကား အစ်ကို နှစ်ယောက်ရှေ့တွင် ငိုယိုလျက် မိမိ၏ သောကများကို တိုင်တည်နေရ လေသည်။

ဤသို့သော အချိန်တွင် စီစဉ်ထားသမျှ အရာအားလုံးကို အပြီးတိုင် ပျက်စီးသွားစေသည့် ကြောက်မက်ဖွယ် ဖြစ်ရပ်ကြီးတစ်ခု ပေါ်လာ၏။

ထိုညက မိုးသက်လေပြင်း မုန်တိုင်းပြင်းစွာ ကျခဲ့သည်။ သစ်ပင် ကြီးများ ဖြောင်းဖြောင်းကျိုးပဲ့ လဲပိခဲ့သည်။

ဗာရာဏသီမှာ အဆောက်အအုံ တော်တော်များများ ပျက်စီး သွားသည်။

တုန်လှုပ်ဖွယ် အကောင်းဆုံးမှာကား လဲပြိုပျက်စီးသွားသော အိမ်ကြီးတစ်အိမ်၏ အကျိုးအပဲ့ အပျက်အစီးများ အောက်၌ အလောင်း ငါးလောင်းကို တွေ့ခြင်းပင် ဖြစ်၏။

အိမ်ပြိုကျပျက်စီး၍ အိမ်ပိတ်သေဆုံးသွားကြသူတို့မှာ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားကြီး၊ ပုဏ္ဏေးမကြီးနှင့် ရတနာသုံးပါး မွေ့လျော်သော သား နှစ်ယောက် သမီးတစ်ယောက် မိသားစု ငါးဦးစလုံး ဖြစ်လေသည်။

မိဂဒါဝုန်ကျောင်း၏ နောက်ဘက်ကျကျ သစ်ပင်ရိပ်သည် ချုပ်ညရီဆည်းဆာ အမှောင်ကြောင့် ပို၍ မည်းမှောင်နေသည်။ အမှောင် ရိပ်တွင် သာမဏေငယ် တစ်ပါးရပ်နေ၏။ ထိုသာမဏေငယ်ကား သေဆုံး သွားသော ပုဏ္ဏားမိသားစုမှ အငယ်ဆုံးသမီးနှင့် လက်ထပ်ရန် ကြောင်း လမ်းထားသူ၊ ဥပဇ္ဈာယ်ဆရာထံ လူထွက်ခွင့် တောင်းထားသူ ဖြစ်လေသည်။

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



လကွယ်ည၊ ဆယ့်လေးရက်ဖြစ်သဖြင့် စောစောစီးစီး နေ့အလင်းရောင် ကွယ်ပျောက်သွားကာ အမှောင်တိုက် ထွန်းပေါ်လာသည်။ သာမဏေငယ် ရပ်နေသော ကျောင်းနောက်ဘက် သစ်ပင်ရိပ် သစ်ပင်အုပ် တစ်ဝိုက်မှာ ပို၍ မှောင်နေ၏။

ထိုအခိုက် ပိန်းပိတ်သား မည်းမှောင်နေသော ကောင်းကင်ယံအထက်နား ဝင်းခနဲ တောက်သွားသည်ကို သာမဏေငယ် တွေ့လိုက်ရ၏။ မိမိမျက်စိ မှောက်မှားခြင်း မဟုတ်။ အကယ်ပင် ကောင်းကင်၌ တဝင်းဝင်း တလက်လက် ဖြစ်နေခြင်းပင်။ သို့သော် စိုးစိုးဝင်းဝင်း အလင်းဝန်းထဲမှာ ဘာကိုမျှတော့ မတွေ့ရ။ ထိုအချိန်တွင် ကျောင်းတိုက်ထောင့်တစ်နေရာမှ အသံတစ်သံ ပေါ်လာလေသည်။

"တောက်ပနေတဲ့ အလင်းရောင်တွေကို သေချာကြည့်လိုက်စမ်း သာမဏေငယ်"

အရှင်သံကိစ္စမထေရ်မြတ်၏ အသံဖြစ်လေသည်။

သာမဏေငယ်က စူးစူးစိုက် ကြည့်လိုက်၏။

ကောင်းကင်ယံ၌ ရွေ့လျားနေသော သဏ္ဌာန်များ။

ရှေ့ဆုံးမှာ ဆင်ဖြူယာဉ်စီးသွားသူ၊ အလယ်သူကား အဿတိုရ်မြင်းရထား စီးသွားသူ၊ နောက်ဆုံးမှာက ရွှေဝေါထမ်းစင် စီးသွားသူ၊ ရှေ့နှင့်အလယ် နှစ်ဦးမှာ နတ်သားများ ဖြစ်သည်။ ရွှေဝေါထမ်းစင်ပေါ်မှာကား နတ်သမီး။ ပြိုးပြက်တောက်ပသော အရောင်အဝါတွေဖြင့် ရွေ့လျားနေသော အလင်းစက်ဝန်းသည် မဆုံးသေး။ အို. . . သူတို့နောက်မှာ ပါလာပါသေးသလော၊ သဏ္ဌာန်နှစ်ခု။ ထိုသူတို့မှာ အလိုလေးလေး။

မီးစွဲထားသည့် ထန်းပင်ငုတ်ကြီးများပမာ မည်းနက်သော ကိုယ်ခန္ဓာ၊ ရှုပ်ထွေးဖားလျား ဆံပင်များ၊ သွေးပြည်ယိုဖိတ် တွန့်လိပ်သော

http://cyberbooks.myanmarchat.org



အရေပြားများ။ ထိုမျှမကသေး။ ထိုသဏ္ဌာန် နှစ်ခုတို့သည် သံတင်းပုတ်ကြီးများကို ကိုင်စွဲကာ။ တစ်ယောက်ကို တစ်ယောက် ရက်စက်ပြင်းထန်စွာ ရိုက်ပုတ်တိုက်ခိုက်နေကြ၏။ ဖုံးဖုံးဘိုင်းဘိုင်း အသံများဖြင့် တင်းပုတ်ထိမှန်ရာ နေရာတို့မှ သွေးပုပ်ပြည်ပုပ်များ တပွက်ပွက် ယိုစီးကျလာ၏။

သာမဏေငယ်သည် ကြည့်ရင်း ကြည့်ရင်းဖြင့် ရင်ထဲမှာ ပျို့တက်လာ၏။

သံတင်းပုတ်ကိုင်နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ရိုက်နှက်ရင်း ထွက်ကျလာသော သွေးပုပ်ပြည်ပုပ်များကို အပြန်အလှန် လျှာဖြင့် လျှက်လျက်၊ လက်ဖြင့် သိမ်းလျက် တပြတ်ပြတ် စားသောက်နေကြချေသည် တကား။

တန်ခိုးတော်ဖြင့် ထင်ရှားမြင်စေပြီးနောက် အရှင်သံကိစ္စမထေရ်သည် သာမဏေငယ်အား မိန့်မြွက်လေသည်။

"မြင်ရဲ့လား သာမဏေငယ်"

"မြင်ပါသည် ဘုရား"

"သူတို့ အကြောင်းကို သင် မေးမြန်း စုံစမ်းကြည့်ပါလား"

"ကောင်းပါပြီ ဘုရား၊ ရှေ့ဆုံးမှ ဆင်ဖြူယာဉ်စီးသူ နတ်သား၊ အလယ်မှ အသတိုရ်မြင်းကယာဉ်စီးသူ နတ်သား၊ နောက်ဆုံးမှ ရွှေဝေါထမ်းစင်ဖြင့် နတ်သမီး၊ ထို့နောက် နောက်မှ လိုက်ပါလာသည့် သံတင်းပုတ်ကိုင် ထိုသတ္တဝါကြီး နှစ်ဦး။

သာမဏေငယ် မေးသမျှကို အစဉ်အတိုင်း ဖြေကြလေသည်။

ဘုရား. . . ဘုရား။ အလုံးစုံ သိပါပြီ။ လေမုန်တိုင်း ညက အိမ်ပြိုကျကာ သေဆုံးသွားကြသူ မိသားစု ငါးဦး။ ကောင်းမှုကုသိုလ်၌ မွေ့လျော်သည့် အလှူဒါန၌ ရက်ရောသည့် ရတနာသုံးပါး၌ အသက်ဝင်

http://cyberbooks.myanmarchat.org



သည့် အစ်ကိုကြီး၊ အစ်ကိုလတ်နှင့် နှမငယ်တို့မှာမူ ဆင်စီးသော မြင်းရံသော ဘုမ္မစိုးနတ်များ ဖြစ်ခဲ့ကြပေသည်။

သဒ္ဒါဆွံ့သော၊ အလှူခံတို့အား ကိုယ်တိုင်လည်း ဆဲရေး၊ သူတစ်ပါးတို့ အလှူကိုလည်း ဟန့်တားထားသော မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့ကား သံတင်းပုတ်စွဲသည့် အချင်းချင်း ထုရိုက်၍ ထွက်ကျလာသော သွေးပြည် အရိအရွဲများကို အာဟာရလုပ်ကာ စားသောက် ရသူပြိတ္တာကြီးတွေ။

သာမဏေငယ်သည် အရှင်သံကိစ္စ မထေရ်၏ ခြေအစုံကို ဦးတိုက်ခိုလှုံ၍ လျှောက်လေတော့၏။

"တပည့်တော်အား သနားချီးမြှောက်တော်မူပါ ဘုရား၊ ကြီးမားသော ပျက်စီးဆုံးရှုံးမှု ဘေးမှ ကယ်မတော်မူပါ ဘုရား၊ မြတ်သော တရားအကျင့်၌သာ ကျင့်ပွားပါတော့မည် ဘုရား"

အရှင်သံကိစ္စမထေရ်သည် သာမဏေငယ်အား သင့်လျော်သော ကမ္မဋ္ဌာန်းတရားကို ပေးသနားတော်မူ၏။ မကြာမီကာလဝယ် ဤသာမဏေငယ်သည် ရဟန္တာ ဖြစ်ချေတော့မည်။

ကောင်းကင်ယံ အမှောင်ထုထဲတွင်ကား ဆင်ဖြူယာဉ်၊ အဿတိုရ်မြင်းယာဉ်၊ ရွှေဝေါ ထမ်းစင်ယာဉ်စီးသော နတ်သား နတ်သမီးတို့သည် နတ်သဘင် အစည်းအဝေးသို့တက်ရန် ခရီးနှင်လျက်။ သူတို့နောက်မှာကား သံတင်းပုတ်ကိုင် ပြိတ္တာကြီးနှစ်ဦးတို့ တဖုံးဖုံး အချင်းချင်း ထုရိုက်တိုက်ခိုက်ကာ ထွက်ကျလာသော သွေးပြည်များကို အငမ်းမရ မွတ်သိပ်ပြင်းစွာ။

**(ဥရဂဝဂ်-နာဂပေတဝတ္ထုတော်)**

http://cyberbooks.myanmarchat.org

# ရွှေအဆင်းနှင့် ဝင်းဝင်းဝါ

ဂိဇ္ဈကုဋ်တောင်ကြီး တစ်ဝိုက်၌ မြူခိုးများ ဆိုင်းနေသည်။

ရာဇဂြိုဟ်မြို့ကြီးသည်လည်း နှင်းအထု အောက်ဝယ်မှိုင်းမှုန်နေ၏။ အရှင်နာရဒ ရဟန္တာမထေရ်မြတ်ကြီးသည် ဂိဇ္ဈကုဋ်တောင်၏ တစ်ခုသော တောင်စွန်းဂူမှ ထတော်မူလာခဲ့သည်။ သမာပတ် ဝင်စားပြီး ထတော်မူခဲ့သော မထေရ်မြတ်ကြီးသည် တောင်ကြောအတိုင်း ဆင်းခဲ့ရာ ကျောက်ချပ်ကြီးများ ထိုးထွက်နေသော တစ်နေရာအရောက်၌ ခြေလှမ်းများကို တုံ့ရပ်လိုက်လေသည်။

တောင်ခိုးတွေ ဝေနေသော ဟင်းလင်းပြင် ကျောက်ချပ်စွန်းအထက်ဆီ၌ ထူးခြားသော အရာတစ်ခုကို အရှင်မြတ်ကြီး မြင်တော်မူသည်။ ဖြူဖြူလွလွ ဆီးနှင်းမြူခိုးတို့သည် ထိုနေရာ၌ ရွှေရောင်တောက်၍ ဝင်းလက်နေ၏။ ရွှေရောင် အမျှင်တန်းများက တလှုပ်လှုပ်ဖြင့် ဟိုမှသည်မှ ရွေ့လျားနေကြသည်။ တစ်စတစ်စ မြူများလွင့်ပါးသွားသော အခါ ထိုရွှေရောင်ဝင်းဝင်း အဆင်းသဏ္ဍာန်သည်လည်း ပို၍ ထင်ရှား

http://cyberbooks.myanmarchat.org



ပြတ်သားလာသည်။

ရှုချင့်စဖွယ် တင့်တယ်သော ကိုယ်ခန္ဓာ၊ ရွှေရောင်ဝင်း၍ လင်းလက်နေသော ကိုယ်ခန္ဓာ၊ လွင့်ဝဲပျက်ပြယ်စ မြူခိုးများသည် ထိုကိုယ်ခန္ဓာတစ်ဝိုက်၌ ရွှေစ ရွှေမှုန်များဖြင့် အနားကွပ်ပေးထားသကဲ့သို့ ဖြစ်နေသည်။ လှုပ်ရှားလိုက်တိုင်း ဖိတ်ဖိတ်တောက် သွားကြသည်။ လှပသော ထိုအဆင်းသဏ္ဌာန်ကို ကြည့်နေရင်းဖြင့် အရှင်နာရဒသည် နောက်ထပ်ထူးခြားသော အရာတစ်ခုကို သတိထားမိတော်မူပြန်၏။

ထိုအရာကား အနံ့အသက် ဖြစ်လေသည်။

ရွှေရောင် ဝင်းဝင်းလက်လက် တောက်ပနေသော သဏ္ဌာန်ဆီမှ လွင့်လာသော အနံ့အသက်ကား . . .

* * *

အာဂန္တု ရဟန်းငယ်သည် ကျောင်းသခ်မ်း အဝ၌ ခြေစုံရပ်လိုက်၏။ ကျောင်းထဲတွင်ရှိနေကြသော မထေရ်ကြီး နှစ်ပါးတို့သည် အာဂန္တုရဟန်းငယ်ကို မြင်သည်နှင့် ချောင်းရှင်လန်းစွာ ကြိုဆိုဧည့်ခံကြသည်။

“ငါ့ရှင် . . . အဝေးအရပ်က ကြွလာခဲ့ရတယ်နဲ့တူတယ်၊ လှေကားခုံမှာ ခြေဆေးပြီး ကျောင်းပေါ်တက်ခဲ့ပါ၊ ဟောဟိုမှာ သောက်ရေများလဲ အသင့်ပါပဲ၊ ဆွမ်းကွမ်းကိစ္စကော ပြီးခဲ့ပလား’ ငါ့ရှင်၊ သြော် . . . ခရီးဝေးက လာခဲ့ရသူပေပဲ၊ ဆွမ်းကိစ္စလဲ ကြောင့်ကြစရာ မလိုပါဘူး၊ ဒီမှာ ကျွန်ုပ်တို့ နှစ်ပါးတည်း သီတင်းသုံးကြတာပါ၊ နေထိုင်ရေးအတွက် လဲ ကြောင့်ကြစရာမလိုဘူး ငါ့ရှင်”

“ဒီနေရာလေးကတော့ ကျင့်ကြံအားထုတ်ဖို့အတွက် သပ္ပါယမှုတတဲ့ နေရာလေးပါပဲ၊ ဟို မနီးမဝေးက ရွာငယ်လေးကို ဂေါစရဂါမ်ပြု

http://cyberbooks.myanmarchat.org



ပြီး ကျွန်ုပ်တို့ နှစ်ပါး သီတင်းသုံးကြပါတယ်၊ ငါ့ရှင် အလိုရှိသလောက် သီတင်းသုံးနိုင်ပါတယ်၊ ရွာသူရွာသားတွေကလဲ မချမ်းသာကြပေမယ့် သဒ္ဓါအား ကောင်းရှာကြတယ်”

အာဂန္တုရဟန်းငယ်သည် ကျောင်းသခ်မ်း ပရိဝုဏ်ကို အကဲခတ်ကြည့်လိုက်၏။ ကြီးကျယ်ခမ်းနားလှသည်တော့ မဟုတ်။ သို့သော် သာတောင့်သာယာ လှရှိသည်။ ပြန့်ပြူးသော ဝိုင်းအပြင်၌ သစ်ပင်ရိပ်များဖြင့် စိမ်းစိုအေးမြနေသည်။ ကျောင်းသခ်မ်းမှာလည်း သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ်ရှိသည်။ အရိပ်ဥယျာဉ် ရေချမ်းစင်လေးများလည်း ရှိသည်။ ထို့အပြင် ခပ်လှမ်းလှမ်းမှ ရွာငယ်လေး. . .

“အရှင်ဘုရားတို့ ခွင့်ပြုမယ်ဆိုရင်တော့ တပည့်တော် ဒီမှာ ခေတ္တ သီတင်းသုံးလိုပါတယ်၊ ဝန်မလေးဘူးလို့လဲ ထင်ပါတယ်”

အာရန္တုရဟန်းငယ်က ခွင့်တောင်းစကားကို ခပ်ရဲရဲပင် ဆိုလိုက်၏။

“အို. . . ဘာဖြစ်လို့ ဝန်လေးရမှာလဲ ငါ့ရှင်၊ ဘုရားသာသနာတော်မှာ အတူတကွ ကျင့်သုံးနေထိုင်ကြတဲ့ ရဟန်းအချင်းချင်းပေပဲ၊ ကဿပဘုရားရှင် ကိုယ်တော်မြတ်ရဲ့ တပည့်သား အချင်းချင်းတွေပဲ၊ ကြောင့်ကြမဲ့ပါ ငါ့ရှင်”

မထေရ်နှစ်ပါးကား ရဟန်းမပြုမီ လူဝတ်ကြောင် ဘဝကတည်းကပင် အမျိုးကောင်းသားများ ဖြစ်ခဲ့ကြပေသည်။ စိတ်နှလုံး နူးညံ့သော အခြေခံနှင့် ပြည့်စုံခဲ့ရလေပြီးသား ဖြစ်ခဲ့ကြပေသည်။ ယခု ရဟန်းဘဝတွင်လည်း သီလအကျင့် ဖြိုးတင့်ပြည့်စုံကာ ခေါင်းပါးမျှတသော သလ္လေခဂုဏ်ရှိကြသည်ဖြစ်၍ မျှတညီညွတ်ကြလေသည်။

“ဒါဆိုလဲ. . . တပည့်တော်အတွက် နေရာကျသပေါ့”

http://cyberbooks.myanmarchat.org



အာဂန္တုရဟန်းငယ်က သားရေနွယ်လိပ်ကို ပစ်ချလျက် သောက်ရေအိုးမှ ရေမှုတ်ကို လှမ်းကိုင်လိုက်၏။ အာဂန္တုရဟန်းငယ်၏ နှုတ်ထွက်အသံနှင့် သားရေနွယ်လိပ် ပစ်ချလိုက်ပုံ၊ ရေမှုတ်လှမ်းကိုင်လိုက်ပုံများ မှာ တစ်မျိုးဖြစ်နေ၏။ နူးညံ့သိမ်မွေ့မှုမရှိလှ။ မထေရ်နှစ်ပါးတို့သည် ထိုအခြင်းအရာကို သတိထားမိဟန်ဖြင့် တစ်ပါးကို တစ်ပါး ကွက်ခနဲ ပြိုင်တူကြည့်မိကြသော်လည်း စကားအထွေအထူး မဆိုကြ။ ခရီးပန်းလာသူများသည် ခြေပစ်လက်ပစ် ရှိတတ်ကြသည်ဟုသာ အောက်မေ့တော်မူလိုက်ကြ၏။

* * *

မထေရ်နှစ်ပါး၏ နောက်မှ သပိတ်ကိုပိုက် လိုက်ပါလျက် ဆွမ်းခံပြန်ဝင်ခဲ့ရင်း အာဂန္တုရဟန်းငယ်သည် တစ်လမ်းလုံး အတွေးကွယ်လာခဲ့သည်။

"အင်း. . . ရွာကလေးက ငယ်ပေမယ့် လူတွေဟာ သဒ္ဓါအားကောင်းကြတယ်၊ လောင်းလှူလိုက်ကြတာလဲ အမွန်အမြတ်တွေချည်းပဲ၊ ဆွမ်း ကွမ်းကိစ္စမှာလဲ အတော့်ကို အဆင်ပြေတာပါကလား"

ကျောင်းသို့ပြန်ရောက်ပြီး သပိတ်များကိုထားကာ ခြေဆေးကြချိန်မှာလည်း အာဂန္တုရဟန်းငယ် တွေးမိပြန်သည်။

"ရောက်စတုန်းကတော့ သိပ်မထင်လှဘူး၊ ဒါပေမယ့် နေရင်းနေရင်းနဲ့ပဲ ဒီကျောင်းဟာ အတော် သဘောကျစရာ ကောင်းလာတယ်၊ နေရာထိုင်ခင်းလဲ ကောင်းတယ်၊ အရိပ်အာဝါသလဲ ကောင်းတယ်၊ ဆောက်ထားပုံကလဲ အခိုင်အခံ့နဲ့၊ အခန်းတွေ ဖွဲ့ထားပုံကလဲ စနစ်တကျရှိတယ်"

http://cyberbooks.myanmarchat.org



တစ်ရက်မှတစ်ရက် ကူးပြောင်း ကုန်ဆုံးခဲ့လေသည်။

အာဂန္တုရဟန်းငယ်လည်း နေသားတကျ ဖြစ်လာသည်။ မထေရ်နှစ်ပါးတို့က အာဂန္တုရဟန်းငယ် ဘယ်အရပ်ကလာ၍ ဘယ်ကိုသွား မည်။ ဘယ်လောက် ကြာကြာနေထိုင်မည်ကို စူးစမ်းမေးမြန်းခြင်း မပြုကြသည့်အပြင် မိမိတို့ထံ၌ ချမ်းမြေ့ရွှင်လန်းစွာ သီတင်းသုံး နေထိုင်နေခြင်းကိုပင် ဝမ်းမြောက်ဝမ်းသာ ရှိနေကြ၏။ မထေရ်နှစ်ပါးတို့ ပြောလေ့ ရှိသောစကားမှာ "ငါ့ရှင် သပ္ပာယမျှရဲ့နော်၊ ကြောင့်ကြမဲ့သာနေ၊ တရားအကျင့်ကိုသာ အားထုတ်" ဟူ၍ ဖြစ်၏။

ဤသို့ဖြင့် ရက်မှ လသို့ ကြာမြင့်ခဲ့သည်။

အာဂန္တုရဟန်းငယ်သည် မိမိကိုယ် မိမိ အာဂန္တုအဖြစ် မထင်မှတ်တော့။ သို့သော် နေ့ရက်များ ကြာလာသည်နှင့်အမျှ ရဟန်းငယ်၏ သန္တာန်၌ ဖွံ့တည်တိုးပွားလာသော အတွေးကား-

"အင်း. . . ဘယ်လောက်ပဲ အဆင်ပြေပြေ၊ ငါက အာဂန္တုပဲ၊ တခြားက ရောက်လာသူပဲ၊ ဒေသခံ အိမ်ရှင် ကျောင်းရှင် မဟုတ်ဘူး၊ မူလပင်ရင်း နေထိုင်သူ ပိုင်ရှင်က မထေရ်ကြီးနှစ်ပါး၊ ငါက ဧည့်သည်လဲဖြစ်၊ သူတို့ထက် ဝါငယ်သူလဲဖြစ်၊ အဲ. . . တပည့်လက်သား ကပ်ပါးပေါ့၊ ဟုတ်တယ်၊ ငါဟာ လက်အောက်ခံငယ်သားပဲ၊ ချမ်းသာလွတ်လပ်မှုကို ငါအပြည့်အဝ မရှိနိုင်ဘူး. . .

"ငါ လုံးလုံးလျားလျားကြီး ချမ်းသာလွတ်လပ်စွာ နေသွားဖို့ဆိုတာက၊ အင်း. . . ဒီမထေရ်ကြီးနှစ်ပါး ဒီမှာမရှိမှ ဖြစ်မှာ၊ ဟုတ်ကပြီ၊ သူတို့ဒီမှာမရှိအောင် ဒီကနေ ထွက်သွားအောင် ငါလုပ်ရမယ်. . .

"ဘယ်လိုနည်းနဲ့ လုပ်မလဲ၊ ဒီကျောင်း၊ ဒီအရပ်၊ ဒီဆွမ်းလာဘ်တွေကို ငါတစ်ယောက်တည်း မြိန့်မြိန့်ကြီး လွတ်လွတ်လပ်လပ်ကြီး ခံစား

http://cyberbooks.myanmarchat.org



သုံးဆောင်နိုင်အောင် ငါ ဘယ်လိုနည်း သုံးရမလဲ၊ အား . . . ဟုတ်ပြီ”

နောက်တစ်နေ့ ညဥ့်ဦးအချိန်တွင် ရဟန်းငယ်သည် ပထမ မထေရ်ကြီး၏ အိပ်ရာအနီးသို့ ချဉ်းကပ်၍ ရှိခိုးဦးချလိုက်၏။ မထေရ်ကြီးမှာ အနည်းငယ် အံ့အားသင့်သွားပြီး-

“ငါ့ရှင်၊ အချိန်မဟုတ်ပါလား၊ ဘာများအကြောင်းကြီးငယ် ရှိလို့လဲ”

ရဟန်းငယ်က မျက်နှာကို မသာမယာပြုလျက် လေသံကို နှိမ့်၍ ဆိုလေသည်။

“စကားအနည်းငယ် လျှောက်ထားစရာ ရှိလို့ပါ ဘုရား၊ အချိန် မတော်မှန်း သိပေမယ့် တပည့်တော် အောင့်အည်း မထားနိုင်တော့လို့ပါ ဘုရား”

“ဘာများပါလိမ့်၊ လျှောက်စမ်းပါဦး”

“အရှင်ဘုရားရဲ့ သီတင်းသုံးဖော် မထေရ်ကြီးဟာ အရှင် ဘုရား ရှေ့မှာသာ သီတင်း သုံးဖော် သုံးဖက် မိတ်ဆွေဟန်ဆောင်နေပေ မယ့် နောက်ကွယ်မှာတော့ ရန်သူကြီးလို သဘောထားနေတာကို တပည့် တော် သိလာရလို့ပါ ဘုရား”

မထေရ်ကြီးမှာ နားမလည်နိုင်စွာဖြင့် တိတ်ဆိတ်သွား၏။

“မှန်ပါ့ဘုရား၊ ကွယ်ရာမှာ အပြစ်ပြောခြင်းဟာ ရန်သူတို့ရဲ့ လုပ်နည်းပဲ မဟုတ်ပါလား ဘုရား”

“ဘယ်လိုများ ကြားခဲ့ရလို့တုန်း ငါ့ရှင်”

“အရှင်ဘုရားဟာ မစင်ကြယ်တဲ့ အသက်မွေးမှုကို ပြုနေတယ် လို့ စကားတင်း ဆိုနေတာကို တပည့်တော် ကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားခဲ့ရပါတယ် ဘုရား၊ အင်မတန်ကို စိတ်မချမ်းမြေ့စရာပါ ဘုရား”

http://cyberbooks.myanmarchat.org



မထေရ်ကြီးက အနည်းငယ် ပြုံးယောင် ပြုလျက်ခေါင်းကို ယမ်းခါ၏။

"မဖြစ်နိုင်ပါဘူး၊ ငါ့မိတ်ဆွေဟာ လူဝတ်ကြောင် ဘဝကတည်းက ငါ့သဘောမှန်ကို အစအဆုံး သိပြီးသားပါ သူကိုယ်တိုင်ကလဲ သီလရှိသူ၊ မေတ္တာအား ကောင်းသူပါ၊ သင် အကြားလွဲတာ ဖြစ်ပါလိမ့်မယ်"

ရဟန်းငယ်သည် မိမိဘာသာ မိမိ ညည်းတွားသံဖြင့် ရေရွတ်လေသည်။

"သြော်. . . အရှင်ဘုရားကတော့ စိတ်ထားအလွန်ဖြူစင် ပေတာကိုး၊ မိမိက ဖြူစင် ရိုးသားသလို တစ်ပါးသူအပေါ်မှာလည်း ခြွင်းချက် မရှိ ယုံကြည်တတ်ပေတာကလား၊ ရှိပါစေတော့ ဘုရား၊ တပည့်တော် ကတော့ ကြားရတဲ့ စကားကို ကြားတဲ့အတိုင်း လျှောက်မိတာပါ၊ စိတ်ထဲ မကောင်းလွန်းလို့ပါ ဘုရား"

ရဟန်းငယ်သည် မထေရ်ကြီးကို ဦးချ၍ ထလာခဲ့လေသည်။

* * *

"တပည့်တော်လဲ ကြားကာစကတော့ ရုတ်တရက် ကိုယ့်နားကိုယ် မယုံဘဲ ဖြစ်သွားရပါတယ်၊ ဒါပေမယ့် ထပ်နားစွင့်မိတော့ တကယ့်ကို ရေရွတ်နေတာ ကြားရတာပါပဲ ဘုရား၊ အရှင်ဘုရားဟာ အတွင်းသဘော ပုပ်သူ၊ ကောက်ကျစ်စဉ်းလဲသူလို့ ဆိုပါတယ် ဘုရား"

ဒုတိယမထေရ်ကို လျှောက်ထားသော စကားဖြစ်၏။ ဒုတိယ မထေရ်ကလည်း ပထမ မထေရ်ကြီး အတိုင်းပင် အေးဆေးသက်သာစွာ ပြန်မိန့်လေသည်။

"ငါ့ရှင် နာကြားလွဲတာ ဖြစ်ပါလိမ့်မယ်၊ နောင်တော်ကြီးဟာ

http://cyberbooks.myanmarchat.org



ကျွန်ုပ်ကို ဘယ်တုန်းကမှ ဒီလို မဆိုခဲ့ပါဘူး၊ အခုလဲမဆို၊ နောင်လဲဆိုမှာ မဟုတ်ဘူး၊ အကြားလွဲခဲ့တဲ့ စကားအတွက် သင်လဲ စိတ်မသက်မသာ ဖြစ်မနေပါနဲ့"

တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးခဲ့၏။ ရဟန်းငယ်လည်း တစ်ကြိမ်ပြီး တစ်ကြိမ် မထေရ်နှစ်ပါးတို့ထံ တစ်လှည့်စီ ချဉ်းကပ်၍ ထပ်ခါတလဲလဲ လျှောက်ထားလေသည်။ နောက်ဆုံး တစ်နေ့တွင်၌ကား-

မထေရ်နှစ်ပါးတို့သည် ညှိုးငယ်သော မျက်နှာထားများဖြင့် သပိတ်သက်နန်းများကို အသီးသီးယူငင်ကာ ဆွမ်းခံထွက်ခဲ့ကြပြီး တစ်ပါးစီသာ ဆွမ်းစားကြတော့၏။ ယခင်က တရားဆွေးနွေးသံ၊ ဆုံးမ ဩဝါဒသံ၊ နေကောင်း ထိုင်သာ မေးမြန်း ဝတ်ပြုသံများဖြင့် ငြိမ်းချမ်းဝေစည်ခဲ့သော ကျောင်းသခ်မ်းသည်၊ ယခုအခါ တိတ်ဆိတ် ခြောက်သွေ့ခဲ့လေပြီ။

တစ်ခု နံနက်ခင်းတွင်မူကား-

မထေရ်နှစ်ပါးတို့သည် အချင်းချင်း မပန်မပြောကြဘဲ မိမိတို့သဘောအတိုင်းပင် ကျောင်းသခ်မ်းကို တစ်ပါးတစ်လမ်းစီဖြင့် စွန့်ခွာသွားကြလေတော့သည်။

ထိုနေ့ နံနက်တွင် တစ်ပါးတည်း ဆွမ်းခံထွက်လာသော ရဟန်းငယ်အား ရွာသူရွာသားများက မေးလျှောက်ကြ၏။

"မဟာထေရ်ကြီးများ ဘယ်ကို ကြွသွားတော်မူကြပါသလဲ ဘုရား"

"အင်း. . . ပြောရမှာ စိတ်မကောင်းစရာပေပဲ၊ ဒကာတို့ မေးလို့သာ ကျုပ်ဖြေရမှာ၊ မဖွယ်ရာတဲ့ ဒီအဖြစ်ကို ကျုပ်ပြန်မပြောချင်ဘူး၊ ညက တစ်ညလုံး မထေရ်ကြီး နှစ်ပါး ငြင်းခုံခိုက်ရန် ပွားကြတယ်လေ၊ ဘာမဟုတ်တဲ့ အကြောင်းကလေးပါ၊ ဒါပေမယ့် တစ်ပါးနဲ့တစ်ပါး စစ်ထိုး

http://cyberbooks.myanmarchat.org



တော့မယ့် အတိုင်းပဲ၊ ကျုပ်က ညီညွတ်ကြဖို့၊ ငြင်းခုံခိုက်ရန် မဖြစ်ကြဖို့ ခိုက်ရန်ပွားခြင်းဆိုတာ ကျိုးယုတ်ချက်များခြင်း၊ ဆင်းရဲခြင်း၊ အပြစ်ကြီး ခြင်းတွေကိုသာ ပေးတတ်တဲ့ အကုသိုလ်တွေပါလို့ ကြားဝင်စေ့စပ်ပါ သေးတယ်၊ မရပါဘူး၊ ဒကာတို့ရယ်၊ အတူနေလို့တော့ မဖြစ်ဘူးဆိုပြီး မနက် လင်းအားကြီးမှာ တစ်လမ်းစီ ထွက်သွားကြတော့တာပါပဲ။ ဒီမှာလဲ မနေတော့ဘူးတဲ့လေ။

ရွာသူ ရွာသားများ ငေးငိုင်သွားကြသည်။ အတန်ကြာမှ-

"ရှိပါစေတော့ ဘုရား၊ မထေရ်ကြီးများ မရှိတော့ရင်လဲ အရှင် ဘုရားပဲ တပည့်တော်တို့ကို သနားချီးမြှောက်တဲ့အနေနဲ့ ဆက်လက်ပြီး ကြောင့်ကြမဲ့ သီတင်းသုံးတော်မူပါ ဘုရား"

"အင်း. . . ကောင်းပြီလေ၊ ဒကာတို့ရဲ့ ကောင်းသော ဆန္ဒကို ကျုပ် ဖြည့်ဆည်းရပေမပေါ့"

*　　　*　　　*

ဂိဇ္ဈကုဋ် တောင်ခါးပန်းရှိ မြူနှင်းတို့သည် နေရောင်နှင့်အတူ ပျောက်ကွယ်သွားကြလေပြီ။ ရွှေရောင်အဆင်းဖြင့် လင်းလက်တောက်ပ သော ကိုယ်ခန္ဓာရှိသူက အရှင်နာရဒ မထေရ်မြတ်ကြီးအား ဆက်လက် လျှောက်ထားလေသည်။

". . . အဲဒီလိုနဲ့ တပည့်တော်ဟာ မထေရ်ကြီးနှစ်ပါးတို့ကို လွင့် သွားအောင် ကုန်းချောစကားနဲ့ ခွဲထုတ်ခဲ့ပြီး တပည့်တော်တစ်ကိုယ်တည်း ကျောင်းသခ်မ်းကို အပိုင်စီးယူလိုက်ပါတယ် ဘုရား၊ ဒါပေမယ့် တစ်ရက် နှစ်ရက်ကြာလာတော့ တပည့်တော်မှာ ဆောက်တည်ရာ မရအောင် ဖြစ် လာပါတယ်၊ သီလသမာဓိနဲ့ ပြည့်စုံတဲ့ မဟာထေရ်ကြီးများကို ကျောင်း

http://cyberbooks.myanmarchat.org



လုယူလိုဇောနဲ့ ငါ မတရား လှည့်စားသွေးခွဲ၊ သင်းကွဲစေခဲ့ပြီ၊ ဒီအကုသိုလ်ဟာ ငါ့ကို မကြာမတင် ဒဏ်ခတ်တော့မှာပဲဆိုတဲ့ နောင်တ သောကပူပန်မှုတွေက ထုထည်ကြီးစွာ ဖိစီးလာခဲ့ပါတယ် ဘုရား၊ ဒီလို နောင်တရဲ့ နှိပ်စက်မှုကြောင့် တပည့်တော်က နှလုံးစိတ်ဝမ်းသာမက ကိုယ်ခန္ဓာပါ ညှိုးခြောက်ပြီး မကျန်းမမာ အကြီးအကျယ် ဖျားနာရပြီး မကြာခင် သေဆုံးခဲ့ပြီးနောက် တပည့်တော်က အဝီစိငရဲ ကျခံခဲ့ရပါတယ် ဘုရား”

အရပ်တစ်ပါးစီ ထွက်ခွာသွားကြသော မထေရ်ကြီး နှစ်ပါးမှုကား ဇနပုဒ်များ၌ လှည့်လည်ရင်း ရွာတစ်ရွာ၌ တွေ့ဆုံခဲ့ကြလေသည်။ ဤတွင် အချင်းချင်း ဝမ်းမြောက်စွာဖြင့် ကုန်းချောစကား သံသယတို့ကို ချေဖျက်ကြပြီး ယခင်က ရွာငယ်သို့ ပြန်ကြွတော်မူခဲ့ကြ၏။ ထို့နောက် စွဲမြဲစူးနစ်သော တရားအကျင့်များဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်တော်မူခဲ့ကြလေသည်။

“တပည့်တော်မှာတော့ ကဿပဘုရားရှင်နဲ့ ဂေါတမ ဘုရားရှင်နှစ်ဆူတို့ အကြားကာလမှာ အဝီစိငရဲကြီး ကျရောက်ပြီး ယခု ဂေါတမ ဘုရားရှင် လက်ထက်တော်မှာ ယခုရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်ကြီးမှာ သက်နိုးဝတ်ခဲ့တဲ့ အကျိုး အာနိသင်အဖြစ် ယခုလို ကိုယ်ခန္ဓာ ရွှေအဆင်းရှိသော်လဲ အရှင်မြတ်ဘုရား တွေ့မြင်တော်မူတဲ့အတိုင်း ကုန်းချောစကား ဆိုခဲ့မှားသောကြောင့် နှုတ်ခံတွင်းထဲမှာ. . . ”

ရွှေရောင် ပြိတ္တာကြီး စကားဆက် မပြောနိုင်တော့။ အကြောင်းမှာ မခံသာအောင် ပုပ်ဟောင်နံစော်လှသော ခံတွင်းပါးစပ်အတွင်းမှ လောက်ကောင်များ အဆက်မပြတ် တဖွားဖွား ထွက်ကျလာသောကြောင့် ဖြစ်လေသည်။

**(ဥရဝဂ်-ပူတိမုခပေတဝတ္ထု)**

http://cyberbooks.myanmarchat.org

# နတ်မြင်းပျံမို့ မြူးကြွားကြွား

မျောက်တို့ နေထိုင်ကျက်စားရာဒေသဖြစ်၍ ဤအရပ်ကို ကပိနစ္စနတောဟု ခေါ်ကြသည်။ ဝေသာလီပြည်တွင် ကပိနစ္စန တောအုပ်သည် လူသိများသော ဒေသလည်း ဖြစ်သည်။ မျောက်တွေကို အစွဲပြု၍ ဤအမည်ကိုရခဲ့သော်လည်း တစ်စတစ်စဖြင့် မျောက်တောအုပ်ဟူသော အမည်မှာ ရိုးအီသွားပြီး အခြားဂုဏ်ဝိသေသ တစ်ခုဖြင့်သာ ထင်ရှားလာသည်။

ယင်းကား အခြားမဟုတ်။ 'ကပ္ပိတက' အမည်ရှိသော ရဟန်းတော် မထေရ်မြတ် သီတင်းသုံးတော်မူရာ ဒေသဟူသော ဂုဏ်ဝိသေသပင် ဖြစ်၏။

သုသိလော၊ အရဟော- ဝိမုတ္တော စသော ဂုဏ်ထူးတို့ဖြင့် သင်းပျံ့မွှေးလှိုင်ပေသော ရဟန်းတော်ကြောင့် ဤတောအုပ်ကြီးသည်

http://cyberbooks.myanmarchat.org



ဝေသာလီ တစ်ဝိုက်၌ ဓမ္မအမြိုက်တို့ ထွန်းလင်းကိန်းဝပ်ရာ နေရာမြတ်ကြီး ဖြစ်နေလေသည်။

ယနေ့အဖို့ရာမူ- ကပိနစွန တောသည် ခါတိုင်းထက် ပို၍ ထူးခြားသော ဖြစ်ရပ်တစ်ခုကို ဆောင်လျက်ရှိ၏။ လိစ္ဆဝီမင်းပေါင်းတို့သည် အထူးတလည် အာရုံစိုက်လျက် ရှိ၏။

အကြောင်းမှာမူ ဤတောအုပ်ကြီးအတွင်းရှိ ကျောင်းသင်္ခမ်းငယ်တစ်ခု၌ သီတင်းသုံးနေတော်မူသော အရှင်ကပ္ပိတက မထေရ်မြတ်ထံသို့ အမ္ဗသက္ကရလိစ္ဆဝီမင်း ကိုယ်တိုင် အဖူးမြော် ဝင်ရောက်မည်ဆိုသော သတင်းကြောင့်ပင် ဖြစ်လေသည်။

ကြားခါစ၌မူ ဤသတင်းကို လိစ္ဆဝီမင်းတို့ မယုံနိုင်ကြ။ ဝေသာလီပြည်သူပြည်သားတို့ကလည်း မယုံနိုင်ကြ။

"အမ္ဗသက္ကရမင်းက၊ ကပ္ပိတက မထေရ်မြတ်ဆီ အဖူးမြော်ဝင် မလို့ဟုတ်လား၊ မဖြစ်နိုင်တာပဲ"

"အဖူးအမြော် ဝင်ရုံတင် မကဘူး၊ မထေရ်မြတ်ဆီမှာ လှူဒါန်းဖို့ အဝတ်ရှစ်စုံတောင်မှ သက္ကရမင်း ယူလာခဲ့သတဲ့"

"ကမ္ဘာလောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ၊ ဒါဆိုရင်တော့ တကယ့် သတင်းထူးပဲ၊ နေပါဦး၊ သက္ကရမင်း ကိုယ်တိုင် ဟုတ်ပါတယ်နော်"

"မယုံမရှိပါနဲ့၊ တကယ်ပါ၊ အမ္ဗသက္ကရမင်း ကိုယ်တိုင်ပါ၊ ခုချိန်လောက်ဆို မထေရ်မြတ်ရဲ့ ကျောင်းသင်္ခမ်းဆီကို မင်းကြီး ရောက်နေလောက်ပြီ"

"အံ့ဖွယ်ပဲဟေ့၊ လာ. . . သွားကြည့်ကြရအောင်"

ကပ္ပိတက မထေရ်မြတ်ထံ သက္ကရမင်း အဖူးမြော် ဝင်မည့်

http://cyberbooks.myanmarchat.org



သတင်းကို မယုံနိုင်ကြသူများအား အပြစ်ဆိုစရာ မရှိ။ တကယ်ပင် အံ့ဖွယ်တစ်ရပ် ဖြစ်၏။

အကြောင်းမူ အမ္ဗသက္ကရမင်းသည် 'နတ္ထိကမိစ္ဆာဒိဋ္ဌိ' တစ်ယောက်ပင် ဖြစ်သောကြောင့်ပင်။

မင်းကြီးသည် မျက်မြင်ကိုယ်တွေ့ကိုသာ ယုံကြည်လက်ခံသူ ဖြစ်၏။ မျက်စိနှင့် တပ်အပ်မြင်ရမှ၊ နားနှင့်ဆတ်ဆတ်ကြားရမှ ယုံကြည်သူ ဖြစ်၏။ အကြောင်းအကျိုး ဆက်စပ်မှု၊ ကုသိုလ် အကုသိုလ်တရား၊ အလှူဒါန. . . ဘာဆို ဘာတစ်ခုမှ လက်ခံသူမဟုတ်။ ရတနာသုံးပါးကိုလည်း အလျဉ်း စိတ်ဝင်စားသူ မဟုတ်။

သူ စိတ်ဝင်စားသည်မှာ လက်ရှိ ပစ္စုပ္ပန်ဘဝ၊ လက်ငင်းဘဝ ချမ်းသာရေး၊ ထိုချမ်းသာရေးအတွက် ပြုသမျှကိစ္စ မှန်သမျှ တရားသည် မှန်သည်။ ဓမ္မ, အဓမ္မ ကွဲပြားမှုကို နားမလည်။ အတိတ်၊ အနာဂတ်ကို မယုံကြည်။ လိစ္ဆဝီမင်းတစ်ပါးပီပီ မင်းတို့အာဏာဖြင့် အလိုရှိတာကို ရအောင် ယူမည်။ ဒါပဲဖြစ်၏။

ကပ္ပိတက မထေရ်မြတ်နှင့် သက္ကရမင်း ဟူသည်မှာ ဘယ်လိုမှ ပတ်သက် ဆက်စပ်မရနိုင်သော မိုးနှင့်မြေကြီးပမာ ဖြစ်သည်။ သို့သော် ယခုအခါ ဆက်စပ်မရနိုင်သော မိုးနှင့်မြေကြီးတို့၏ ထိတွေ့ရာ မိုးကုပ်စက်ဝိုင်းဒေသအနားရေးသည် ထင်ရှားပေါ်လျက် ရှိချေပြီ။

အမ္ဗသက္ကရမင်းကြီး ဗုဒ္ဓဘာသာဝင် ဖြစ်သွားပြီလော။

* * *

အမ္ဗသက္ကရမင်းကြီးသည် မထေရ်မြတ်ရှေ့တွင် ဒူးတုပ်နေရာယူပြီးနောက် အသံကို နှိမ့်ချလျက် လျှောက်တင်လိုက်၏။

"တပည့်တော် ဝေသာလီမင်း အမ္ဗသက္ကရလိစ္ဆဝီ ဘုရင်ပါ ဘုရား၊

http://cyberbooks.myanmarchat.org



အရှင်ဘုရား သိတင်းသုံးရတာ သင့်တင့်မျှတပါရဲ့လား”

“မျှတပါတယ် ဒကာတော်မင်းကြီး”

အရှင် ကပ္ပိတကမထေရ်ကလည်း နူးညံ့စွာပင် မိန့်၏။

“တပည့်တော်မှာ အခု ကောင်းမြတ်တဲ့ အဝတ်ရှစ်စုံ ပါလာပါတယ် ဘုရား၊ ဒီ အဝတ်ရှစ်စုံတို့ကို အရှင်ဘုရားထံ လှူပါတယ်၊ အလှူခံတော်မူပါ ဘုရား”

မထေရ်မြတ်သည် ခေတ္တမျှ တိတ်ဆိတ်နေတော်မူပြီးမှ . . .

“ဒကာတော် မင်းကြီး . . သင်ရဲ့နန်းတော်ကို အလှူခံရဟန်း ပုဏ္ဏားများ ဝေးဝေးကပင် ရှောင်ကွင်းသွားကြတယ်လို့ ကျွန်ုပ် ကြားဖူးတယ်၊ သင့် နန်းတော်မှာ သပိတ်များ ကွဲအက်ခဲ့ကြရတယ်၊ သင်္ကန်းများ နွမ်းရိစုတ်ပြဲကြရတယ်၊ အချို့ ရဟန်းတော်များမှာ သင့် ပယောဂနဲ့ အနာတရ ဖြစ်ကြရတယ်၊ ကျွန်ုပ် ဤသို့ပင် ကြားသိခဲ့ရတယ်”

မထေရ်မြတ်၏ ဝံ့စားပွင့်လင်းသော မိန့်ကြားချက်ကြောင့် မင်းကြီးသည် မနေတတ် မထိုင်တတ် ဖြစ်သွား၏။

“ဒကာတော်မင်းကြီး၊ သင်ဟာ မြက်ဖျားမှာ ကပ်နေတဲ့ ဆီကလေးမျှလောက်ကိုမျှ အလှူမပေးခဲ့ဘူး၊ လမ်းမှားနေသူကို မြင်လျက် လမ်းမှန် ညွှန်ပြမပေးခဲ့ဖူးဘူး၊ သူကန်းတို့ရဲ့ တောင်ဝှေးကိုပင် ယူငင်ဝှက်ထားတတ်တယ်၊ အဲဒီလို ကိုယ်စိတ်နှလုံး မစောင့်မစည်း ရှိခဲ့သူလို့ သတင်းကြီးနေတဲ့ ဒကာတော် မင်းကြီးဟာ ဘယ်လိုအကြောင်းကြောင့် စိတ်ပြောင်းပြီး ကျွန်ုပ်ထံရောက်လာရသလဲ၊ ဘယ်လို အထွေအထူး အကျိုးတရားကို မြင်လို့ ကျွန်ုပ်ကို လှူဒါန်းရပါသလဲ”

မင်းကြီး၏ မျက်နှာမှာ အောက်သို့ ငိုက်စိုက်ကျ သွား၏။ မထေရ်မြတ်၏ စကားများကို မင်းကြီးမငြင်းနိုင်။ မိမိသည် အကယ်ပင် မကောင်း

http://cyberbooks.myanmarchat.org



သတင်း ကျော်စောခဲ့သူ။ မိစ္ဆာဒိဋ္ဌိ အယူရှိခဲ့သူ။ နတ္ထိကဝါဒီ တစ်ယောက် မုချဖြစ်ခဲ့သည်ပင်။

"အရှင်ဘုရား"

ငိုက်စိုက်ကျနေသော မင်းကြီး၏ မျက်နှာ ပြန်မော့လာ၏။ မျက်လုံးအိမ်တွင် နောင်တမျက်ရည်ကြည်များ သီဝေ့လျက် အသံမှာ လည်း တုန်ယင်လှိုက်လှဲနေ၏။

"သုစရိုက်ကင်းကွာပြီး၊ နတ္ထိကဝါဒီ မိစ္ဆာဒိဋ္ဌိကြီးလုံးလုံး ဖြစ်ခဲ့ ကြောင်း၊ တပည့်တော် ဝန်ခံပါတယ် ဘုရား။ အရှင်ဘုရား ကြားခဲ့တဲ့ သတင်းတွေဟာလဲ၊ အမှန်တွေ ဖြစ်ပါတယ် ဘုရား၊ သို့သော် ယခု အရှင် ဘုရား ရှေ့တော်မှောက်မှာ ရောက်ရှိနေတဲ့ တပည့်တော်ဟာ ယခင် အမ္ဗသက္ကရမင်း မဟုတ်တော့ပါဘူး ဘုရား။ ကံ ကံ၏ အကျိုးကို ယုံကြည်သက်ဝင်သူ၊ ဒုစရိုက်များကို မြင်တတ်၊ ကြောက်တတ်၊ ရှောင် တတ်သူ၊ သုစရိုက်များကို မြင်တတ်၊ ခင်တတ်မွေ့လျော်တတ်သူ ဖြစ်ခဲ့ပါ ပြီ ဘုရား"

မင်းကြီး၏ သန္တာန်ကို မထေရ်မြတ် ကောင်းစွာတွေ့မြင် စိတ်ချ သွားတော်မူ၏။ မင်းတို့၏ ပရိယာယ်ဖြင့် ဆိုနေခြင်း မဟုတ်။

"အမှောင်လမ်းက စွန့်ခွာလာသူကို၊ အလင်းရောင်ထဲကနေ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ် ဒကာတော်။ သို့သော် ဘယ်လို အကြောင်းကြောင့် ဒကာတော်မင်းကြီး။ အခုလို ပြောင်းလဲသွားတယ် ဆိုတာရယ်၊ ဘာကြောင့် အဝတ်ရှစ်စုံလာရောက် လှူဒါန်းတယ်ဆိုတာ ရယ် ဒကာတော် လျှောက်ထားသင့်ပေသေးတယ်"

အမ္ဗသက္ကရမင်းကြီး၏ အသွင်မှာ ပြန်လည် အသက်ဝင်လာ၏။

"တပည့်တော် အလုံးစုံကို မခြွင်းမချန် လျှောက်ထားပါ့မယ်

http://cyberbooks.myanmarchat.org



ဘုရား”

မဝေးလှသေးသော အတိတ်ဖြစ်ရပ်များကို မင်းကြီးဆောင်လေသည်။

ဤမှာပင်၊ ထူးဆန်း အံ့ဩဖွယ်၊ နှလုံးတုန်လှုပ်ဖွယ် အဖြစ်များ အစီအရီ ပေါ်ပေါက်လာခဲ့လေသည်။

*  *  *

ကုန်သည်အလုပ်ဖြင့် အသက်မွေးနေရသော်လည်း ‘သူ’၏ စိတ်ရင်းသဘာဝမှာ၊ ကုန်သည်တစ်ယောက်နှင့် မအပ်စပ်ဟု ဆိုရမည်။ ဝေသာလီပြည်ရှိ အခြားကုန်သည်များမှာ၊ အချိန်နှင့်အမျှပင်၊ တက်ဈေး၊ ကျဈေး၊ အရှုံး၊ အမြတ် ကုန်လှောင်ကုန်ထုတ် စာရင်းဇယားများနှင့် အချိန်ကုန်ကြစဉ်၊ သူကမူ ပရဟိတလုပ်ငန်းများကိုသာ အာရုံရောက်နေတတ်၏။

သူသည် ပင်ကိုယ်အားဖြင့် စိတ်နှလုံး နူးညံ့သူလည်း ဖြစ်၏။ ကိုယ်ကျင့်သီလနှင့်လည်း ပြည့်စုံ၍ အစဉ်အမြဲ သိမ်မွေ့နူးညံ့သော စကားကိုသာ၊ ဆိုတတ်သူလည်း ဖြစ်၏။ သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ချီးကျူးတတ်သူဖြစ်ကာ၊ အမြဲတစေပင် သူ တစ်ဖက်သားကို ဘာကူညီရမလဲဟု စဉ်းစားနေတတ်သူလည်း ဖြစ်လေသည်။

ယခုလည်း သူ့မှာ လုပ်စရာ အလုပ်တစ်ခု ရှိနေသည်။

ထိုအလုပ်မှာ၊ သူ့အသက်မွေးဝမ်းကျောင်း အရောင်းအဝယ်ကိစ္စနှင့် မည်သို့မျှမဆိုင်။ သူ စိတ်ရောက်နေသည်မှာ သူ့ဆိုင်အနီး ဝေသာလီဈေး လမ်းမဆုံရှိ ရွှံ့ညွံ့ဗွက်ကြီး တစ်ခုပင် ဖြစ်၏။

ဈေးသွားဈေးလာများသည် ထိုရွှံ့ညွံ့ဗွက်ကြီးကို ခုန်ကျော်ရှောင်

http://cyberbooks.myanmarchat.org



ကွင်း၍သွားနေရ၏။ အချို့မှာမူ လွတ်သည်ထင်ပြီး ခုန်လိုက်ရာမှ ညွံ့ဗွက်ထဲကျသွားတတ်ကြ၏။ ဤညွံ့ဗွက်ကြီးမှာ ဖို့မည့်သူမရှိဘဲ သည်အတိုင်းနေလာခဲ့သည်မှာ ရက်ပေါင်း အတော်ကြာမြင့်ခဲ့ပြီး ဖြစ်၍ တစ်စတစ်စ ပို၍ ကျယ်လာသည်။ သူ့ မျက်စိထဲ၌ အမြင်မတော် ဖြစ်လာသည်။

ထို့ကြောင့် ဆိုင်ဖွင့်ဖွင့်ချင်းပင်၊ ဆိုင်အကူရောင်းသူ သူ့တူတော်မောင်အား လှမ်းပြောလိုက်၏။

"ငါ့တူရေ အပြင်မသွားနဲ့ဦးကွာ၊ ကျောက်တုံးဖြစ်ဖြစ် ပျဉ်ပြားဖြစ်ဖြစ် တစ်ခုခုရအောင် ရှာစမ်း"

"ဘာလုပ်ဖို့လဲ ဝရီးရဲ့ ကျုပ်မအားဘူး"

တူတော်မောင်ကား လူငယ်ပီပီ ကြွတ်ဆတ်မာကျောသူ ဖြစ်၏။ တူဝရီးဆိုသော်လည်း သူနှင့်ကား ပြဒါးတစ်လမ်း သံတစ်လမ်းပင်။ တူဖြစ်သူသည် အပေါင်းအသင်းစုံပြီး သောက်သောက် စားစားလည်း ရှိ၏။ ထို့အပြင် ဦးလေးကိုယ်တိုင် မသိသော အရာကား သူ့ တူတော်မောင် ခိုးတတ် ဝှက်တတ်ခြင်းပင် ဖြစ်လေသည်။

"ခဏနေပါဦးကွာ၊ ဟောဒီ ညွံ့အိုင်ကြီးဟာ လူတွေကို အတော်ဒုက္ခပေးနေတယ်၊ ဒါကြီးကို ဖြတ်ခင်းဖို့ ပျဉ်ပြားစလေး တစ်ခုခု"

"ဟာ. . . ဝရီးကလဲ လုပ်မနေစမ်းပါနဲ့၊ ဈေးလမ်းမဆုံက ညွံ့အိုင်ကြီးပဲ၊ အမြင်မတော်တဲ့သူ လုပ်လိမ့်မယ်၊ အလကား ဒုက္ခရှာလို့ ကျုပ်ကလဲ၊ အခု မအားသေးဘူး"

တူတော်မောင်သည် ပြောပြောဆိုဆို ထွက်သွားလေသည်။

သူလည်း ပြောဆို ဆုံးမရခက်သော တူဖြစ်သူအား ခေါင်းယမ်းကြည့်ရင်း ညွံ့အိုင်ကြီးကို သူ့ဘာသာသူဖို့ရန် ဆုံးဖြတ်လိုက်ရသည်။

တကယ်တမ်းမူ ဤရွံ့ညွံ့ဗွက်ကြီးကို ဖို့ပစ်ဖို့ဆိုတာ သူ့ တစ်

http://cyberbooks.myanmarchat.org



ယောက်တည်းအတွက် မလွယ်။ ထို့ကြောင့် ကုန်သည်သည် အမြန်ဆုံး၊ အထိရောက်ဆုံး နည်းလမ်းကို စဉ်းစားရတော့သည်။

မကြာမီပင် နည်းလမ်းရသွား၏။

ကုန်သည်သည် ဈေးနှင့် မလှမ်းမကမ်းမှ အမှိုက်ပုံကြီးရှိရာသို့ သွားပြီး နွားဦးခေါင်းရိုးကြီး တစ်ခုကို ကောက်လာခဲ့၏။ ထိုနွားဦးခေါင်း ရိုးကြီးကို၊ အနံ့အသက်များ ပို၍ကင်းစင်အောင် အသေအချာ တိုက်ချွတ် ဆေးကြောကာ၊ ရွှံ့ဗွက်အိုင်ကြီး၏အလယ် အလောတော် တစ်နေရာတွင် ခင်းချလိုက်၏။ နွားခေါင်းရိုးကြီးမှာ ကြီးမားလှသည် ဖြစ်လေရာ၊ ရွှံ့ဗွက် အိုင်တွင် တုံးတံတားသဖွယ် အလိုက်သင့် ဖြစ်သွားလေသည်။

ဈေးသွားဈေးလာများလည်း အမှတ်တမဲ့ပင် နွားခေါင်းရိုးကြီးကို နင်းဖြတ်ကာ၊ ရွှံ့ဗွက်အိုင်ကြီးကို ကျော်လွှားသွားကြ၏။ ကုန်သည်သည် သူ ခင်းပေးထားသော နွားခေါင်းရိုးကြီးကို တုံးသဖွယ် အသုံးပြု၍ လူတွေ ရွှံ့ဗွက်အိုင်ကြီး ဒုက္ခမှ လွတ်ကြရသည်ကို ကြည့်ရင်း ပီတိဖြစ်နေလေ သည်။

ထို့ကြောင့် ထိုနေ့ နေ့လည်ပိုင်းတွင် ကုန်သည်သည် ရေချိုးဆိပ် သို့ ပေါ့ပါးမြူးထူးသော စိတ်ဖြင့် ထွက်လာခဲ့၏။ ရေချိုးဆိပ်တွင် လူ အတော်များများ ရေချိုးနေကြသည်။ တစ်နေရာတွင်ကား သူ၏ အလွန်ရင်းနှီးသော သူငယ်ချင်းတစ်ယောက် ရေချိုးနေသည်ကို တွေ့ လိုက်၏။ သူငယ်ချင်းက သူ့ကိုမမြင်။ ကုန်သည်သည် သူငယ်ချင်း ရေချိုးနေသည်ကို လှမ်းကြည့်ရင်း စိတ်ကူးတစ်ခု ပေါ်လာ၏။

စင်စစ် သူ၏ အကျင့်ဝါသနာ တစ်ခုဟု ဆိုရမည်။

ဤသူငယ်ချင်းသည် စိတ်ရင်း သဘောမကောင်းသော်လည်း အလွန် စိတ်လှုပ်ရှားတတ်သူ၊ စိတ်တိုတတ်သူ ဖြစ်၏။ ကုန်သည်သည်

http://cyberbooks.myanmarchat.org



သူငယ်ချင်းကို အမျိုးမျိုး နောက်ပြောင် ကျီစယ်နေကျလည်း ဖြစ်၏။ သူငယ်ချင်းကလည်း အကျီစယ်ခံရတိုင်း စိတ်ဆိုးတတ်ကာ၊ ပြီးလျှင် ပြေပျောက်သွားတတ်သည်ချည်း ဖြစ်၏။ သူ့ကို နောက်ပြောင်ရသည် မှာ အလွန်ပျော်စရာ ကောင်းသည်။ ကုန်သည်သည် ရေချိုးဆိပ်တွင် ရေချိုးနေသော သူငယ်ချင်းကို ကြည့်ရင်း ခပ်စပ်စပ်ကလေး ကျီစယ်လို စိတ်ပေါ်လာ၏။

ယနေ့အဖို့ မြူးထူးပေါ့ပါးနေသည့် စိတ်အခံကလည်း ရှိနေ သည်။ သို့ဖြင့် ကုန်သည်သည် ရုတ်တရက် ပေါ်လာသော စိတ်ကူးဖြင့် သူငယ်ချင်း ချွတ်ပုံထားသော အဝတ်အစားများကို တိတ်တိတ်ကလေး ယူကာ ဝှက်ထားလိုက်လေသည်။

သူငယ်ချင်းသည် ရေချိုးဆိပ်မှ တက်လာ၏။ ပုဆိုးနှင့် အဝတ် အစားများ ထားရာ၌ လိုက်ရှာ၏။ မတွေ့သဖြင့် အထားမှားသလားဟု တွေးကာ၊ အနီးတစ်ဝိုက် လိုက်ရှာပြန်၏။ ရေချိုးဆိပ်မှာ လူစည်ကားနေ သော အချိန်ဖြစ်၍ အရှက်လုံရုံမျှ နံငယ်ပိုင်း ရေစိုကလေးဖြင့် ကုန်းပေါ် တွင် ဟိုရှာသည်ရှာ ဗျာများနေသော သူ့ကို ဝိုင်းကြည့်ရင်း၊ လူအများ သည် တဝါးဝါး ဖြစ်နေကြလေသည်။

စိတ်တိုတတ်သော သူငယ်ချင်းသည် ရှက်လည်းရှက်၊ ဒေါသ လည်းထွက်ဖြင့်၊ ရေချိုးဆိပ်တစ်လျှောက် ဟိုမှသည်မှကူးကာ၊ အဝတ်ပုံ တွေကို လှျောက်မွှေတော့၏။ လူတွေကလည်း သူ့ကို အရူးတစ်ယောက် ပမာ၊ ဝိုင်းအုံရယ်မော လှောင်ပြောင်ကြသည်။

ကုန်သည်ကား ရေချိုးဆိပ် အုတ်ခုံအကွယ်မှ ပုန်းကြည့်ရင်း၊ အပျော်ကြီး ပျော်နေတော့သည်။ သူငယ်ချင်းကား ရှက်ဒေါသမှ တစ်ဆင့် သူ့အဖြစ်ကို ပြန်သတိရပြီး ရေထဲပြန်ဆင်းလိုက်၊ ပြန်တက်လိုက်ဖြင့်

http://cyberbooks.myanmarchat.org



အကယ်ပင် သူရူးတစ်ယောက်လို့ ဖြစ်နေရှာ၏။ ရေချိုးဆိပ် တစ်ခုလုံး တအုံးအုံး ရယ်ပွဲကြီး ဖြစ်နေတော့သည်။

နောက်ဆုံး အားရလောက်သည်ရှိမှ ကုန်သည်သည် မမြင်ကွယ်ရာမှနေ၍ သူငယ်ချင်း၏ အဝတ်ထုပ်ကို လှမ်းပစ်ပေးလိုက်၏။ သူငယ်ချင်းသည် အဝတ်ထုပ်ကို ပိုက်ကာ၊ ရေချိုးဆိပ်မှ တဟုန်ထိုး ထွက်ပြေးသွားလေသည်။ ကုန်သည်ကား ကိုးရိုးကားယား အဖြစ်ကို ကြည့်ရင်း အခြားသူများနှင့်အတူ တဝါးဝါး တဟားဟား. . .။

*　　　*　　　*

အဖြစ်သနစ်များက မယုံနိုင်စရာ ကောင်းအောင်ကြုံလာရသည်။

စိတ်ရင်းကောင်းသော၊ ကိုယ်ကျင့်သီလရှိသော၊ သိမ်မွေ့နူးညံ့စကားဆိုတတ်သော၊ သူတစ်ပါး၏ ဂုဏ်ကိုထုတ်ဖော် ချီးကျူးတတ်သော ကုန်သည်ထံသို့ မင်းပြစ် မင်းဒဏ်ဘေးဆိုးသည် ရုတ်တရက်ကြီး ကျရောက်လာလေသည်။

မိမိဆိုင်ရှေ့သို့ ဘုရင့်နန်းတော်မှ စစ်သည်များနှင့်အတူ အခြားသော စျေးသည်များ ရောက်ရှိလာသောအခါ ကုန်သည်သည် ဘာမှန်းမသိ။ အံ့အားသင့်သွား၏။ သူတို့နောက်တွင် လက်ပြန်ကြိုးတုပ်ထား သော ရာဇဝတ်သား တစ်ယောက်လည်း ပါလာ၏။ ရာဇဝတ်သားမှာ အရိုက်အနှက်ခံထားရ၍ သွေးသံအလိမ်းလိမ်း ဖြစ်နေ၏။ အသေအချာ ကြည့်လိုက်သောအခါမှ ထိုရာဇဝတ်သားမှာ မိမိတူတော်မောင် ဖြစ်နေသည်ကို သိရလေသည်။

အမှုကား တူဖြစ်သူက အခြားသူများ၏ ပစ္စည်းများကို ခိုးယူမှု၊ ဦးလေးက ထိုခိုးရာပါ ပစ္စည်းများကို လက်ခံထားရှိ၍ ဆိုင်ပေါ်တင်

http://cyberbooks.myanmarchat.org



ရောင်းချမှု။

ဝေသာလီ လိစ္ဆဝီမင်းတို့၏ ဥပဒေမှာ တင်းကျပ်ပြင်းထန်လှ၏။ သတ်ဖြတ်မှုပြီးလျှင် ခိုးမှုသည် အကြီးလေးဆုံး ရာဇဝတ်ပြစ်မှုပင်။ လွှတ်တော်၏ တရားစီရင်မှုမှာလည်း ပြင်းထန်လှသည်။ ခိုးမှုကျူးလွန်သူ၊ ပါဝင်ပတ်သက်သူ မှန်သမျှအတွက် စီရင်ချက်မှာ သေဒဏ်။

နန်းတော်အရာရှိများ၊ စစ်သည်များ၊ အခိုးခံရသော ပိုင်ရှင်များသည် မိမိခင်းထားသော ရွှံ့ဗွက်အိုင်နွားခေါင်းရိုးကြီးပေါ်မှ နင်းဖြတ်လျက် မိမိဆိုင်ရှေ့သို့ ရောက်လာကြသည့် အဖြစ်။ ဟော့ရမ်း သော့သွမ်းသော တူဖြစ်သူ၏ ဆိုးမိုက်မှုက မိမိအား ရာဇဝတ်သားအဖြစ်သို့ ပို့ဆောင်ချေပြီ။ မိမိဘာမှမသိရပါဟု ငြင်းဆန်၍လည်း မရတော့။ တူဖြစ်သူက သူခိုး၊ ဦးလေးဖြစ်သူက ခိုးရာပါ လက်ခံသူ၊ ခိုးသားရာဇဝတ်သင့် တူဝရီး။

ခိုးရာပါ ပစ္စည်းများနှင့်တကွ၊ ရာဇဝတ်သား နှစ်ယောက်ကို အမ္ဗသက္ကရလိစ္ဆဝီမင်းထံ အပ်နှံတိုင်တန်းလိုက်ကြ၏။ အမ္ဗသက္ကရမင်း၏ တစ်ချက်လွှတ်အမိန့် ထွက်လာသည်။

"ကိုယ်ထိလက်ရောက်ခိုးသူ၊ တူဖြစ်သူအား တံကျင်လျှို၍ ကားစင်မှာထားစေ၊ ယုတ်ညံ့သော ခိုးမှုကျူးလွန်ခြင်းဖြင့် ဝေသာလီ၏ ဂုဏ်ကို ဖျက်ဆီးသူ ရာဇဝတ်သားသည် ကားစင်ထက်တွင် တံကျင်လျှိုခံရင်း တမြည့်မြည့် ဒုက္ခဆင်းရဲခံစားကာ သေဆုံးစေ"

"ခိုးရာပါပစ္စည်း လက်ခံသော ဦးလေးဖြစ်သူအား ချက်ချင်းခေါင်းဖြတ်သတ်စေ"

* * *

http://cyberbooks.myanmarchat.org



အမွှသက္ကရမင်းသည် အရှင်ကပ္ပိတက မထေရ်မြတ်အား ဇာတ်စုံခင်းပြ လျှောက်တင်၍ တူဝရီးနှစ်ယောက်၏ အဖြစ်ကို ကြားသိစေ၏။ ထို့နောက် ဆက်လက်၍. . .

"ဖြစ်ရပ်များက တစ်ချိန်စီ တစ်နေရာစီ ပေါ်ပေါက်ခဲ့ပေမယ့် တစ်နေရာမှာ သွားရောက်စုစည်းကြပါတယ် ဘုရား၊ ကုန်သည်တူဝရီးနှစ်ယောက်ရဲ့အဖြစ်ကို ဒီနေရာမှာ ခေတ္တဆိုင်းပြီး တပည့်တော်ရဲ့အဖြစ်ကို ဆက်လက်လျှောက်တင်ပါရစေ ဘုရား"

* * *

"အဲဒီမိန်းမ သူ့မှာ ကာမပိုင်ယောကျ်ား ရှိပါတယ် အရှင်မင်းမြတ်"

သက္ကရမင်းသည် တွေဝေသွား၏။ မင်းချင်းယောကျ်ားအား စုံစမ်းခိုင်းခဲ့သော ကိစ္စကို သိလိုက်ရပြီ။ မိန်းမပျို၌ ခင်ပွန်းရှိနေသည်တဲ့။

သို့သော် မိမိရင်ထဲမှ တွယ်တာတပ်မက်မှုကိုကား မျိုသိပ်ပယ်ဖျောက်၍ မရတော့။ ဆင်တော်ဖြင့် မြို့ကို လှည့်လည်ကြည့်ရှုခဲ့စဉ်က တွေ့ခဲ့ရသော မိန်းမပျို။ အိမ်တစ်အိမ် လေသာပြတင်းမှ ပေါ်လာသည့် ချောမောလှပသော မျက်နှာပိုင်ရှင်။ ထိုစဉ်ကတည်းက အစွဲကြီး စွဲခဲ့ရပြီးနောက်၊ အိမ်ကို မှတ်သားခိုင်းကာ မင်းချင်းတစ်ယောက်ကို စုံစမ်းခိုင်းခဲ့၏။ ယခု အဖြေသိရပြီး မိန်းမပျိုသည် လွတ်လပ်သူမဟုတ်။ ကာမပိုင်ယောကျ်ားရှိသူ ဖြစ်နေ၏။

ချစ်ခြင်းတဏှာ၏ မည်းမှောင်သော အငွေ့များက သက္ကရမင်းကို လွှမ်းခြုံခဲ့ပြီ။ မိန်းမပျိုအား သိမ်းပိုက်ယူနိုင်ရေးသည်သာ အဓိက။ လင်ယောကျ်ားဆိုသူအား တစ်နည်းနည်းဖြင့် ဖျောက်ဖျက်ပစ်ရမည်။

http://cyberbooks.myanmarchat.org



ဥပါယ်တံမျဉ် သုံးရမည်။ သိမ်မွေ့သော မင်းပရိယာယ်။

ထိုယောကျ်ားအား လစာရိက္ခာဖြင့် ရာထူးငယ်တစ်ခု ပေးလိုက်၏။ နန်းတော်သို့ နေ့စဉ်မပြတ် အခစား ဝင်ရမည်ဟု အမိန့်ထုတ်လိုက်၏။ ရက်အနည်းငယ် အရတွင် သက္ကရမင်းသည် မိမိ၏ အကြံအစည်ကို အကောင်အထည်ဖော်လေသည်။

“ဒီကနေ သုံးယူဇနာ ကွာဝေးတဲ့ အရပ်မှာ လေးထောင့်ရေကန်ကြီး တစ်ကန်ရှိ၏။။ မောင်မင်း အဲဒီကန်ကို သွားရမယ်၊ အဲဒီကန်က မြေနီ မြေညက်နဲ့၊ ကြာနီ ကြာညိုတွေကိုယူခဲ့၊ မောင်မင်း သိထားရမှာက ဒီအမှုကို နေ့ချင်းပြီးရမယ် ဆိုတဲ့အချက်ပဲ၊ ညနေတိုင် နန်းမြို့တံခါး မပိတ်ခင် အရောက်ဝင်ရမယ်၊ မရောက်လာရင် မောင်မင်းအသက်နဲ့ ခန္ဓာအိုးစားကွဲပြီသာ မှတ်တော့”

မင်းမိန့်ထုတ်ပြန်ပြီးနောက် သက္ကရမင်းသည် တံခါးမှူး ဗိုလ်အား လျှို့ဝှက်အမိန့်တစ်ခု ပေးလိုက်ပြန်သည်။

“မြို့တံခါးကို ခါတိုင်းထက်စောပြီး နေမဝင်ခင်ပိတ်၊ ဝင်သာတဲ့ တံခါးတွေ မှန်သမျှ အားလုံးပိတ်ထား၊ ဘယ်သူ့ကိုမျှ ဘာအကြောင်းနဲ့မှ ဖွင့်မပေးနဲ့”

မင်းမိန့်အတိုင်း မဆောင်ရွက်နိုင်သောကြောင် အရာထမ်း ပျက်ကွက်မှုဖြင့် ယောကျ်ားဖြစ်သူကို စီရင်ပစ်မည်။ ကျန်ရှိသော ဇနီးသည်မှာ ပိုင်ရှင်မဲ့ ဖြစ်သွားလိမ့်မည်။

ထိုအခါကျမှ. . .

သုံးယူဇနာဝေးသော အရပ်မှရေကန် အသွားအပြန် ခြောက်ယူဇနာ။ မြေနီ မြေညက်နှင့် ကြာပန်းကိုလည်း သယ်ဆောင်လာရဦးမည်။ တစ်နေ့ခင်းအတွင်း မည်သို့မျှ ပြန်မရောက်နိုင်သည့် ခရီး ဖြစ်

http://cyberbooks.myanmarchat.org



သည်။ အကယ်၍ ပြန်ရောက်လာစေဦး၊ သူမြို့အတွင်း ဝင်ခွင့်ရတော့မည် မဟုတ်။ မြို့တံခါးများကို နေမဝင်ခင် စောစီးကြိုတင် ပိတ်ထားပြီးပြီ။

သက္ကာရမင်းသည် တစ်ကိုယ်တည်း အားပါးတရ ပြုံးလိုက်လေသည်။

* * *

ယောကျ်ားသည် မြေနီ၊ မြေညက်နှင့် ကြာပန်းကို ယူဆောင်ကာ မြို့တံခါးဆီသို့ ခြေကုန်သုတ် ပြေးလာ၏။ နေလုံးကြီးက အနောက်ဆီတွင် တစ်စတစ်စ နစ်မြုပ်ကျဆင်း သွားနေပြီ။ ညနေဆည်းဆာ အလင်းတော့ မပျောက်သေး။ နေမဝင်သေး။ မိမိအချိန်မီ ပြန်ရောက်နိုင်ပြီဟု ဝမ်းသာအားရဖြင့် အမောဆို့မတတ် ပြေးလာ၏။

နေမဝင်မီပင် မြို့တံခါးသို့ ရောက်ခဲ့လေသည်။

မြို့တံခါးမှာ တကျွီကျွီဖြင့် ပိတ်စပြုနေ၏။

"မပိတ်ပါနဲ့ဦး၊ ကျုပ်ဝင်မလို့ နေပါဦး"

အော်ဟစ်တားမြစ်ရင်း ပြေးလာ၏။ သို့သော် ဘုရင့်လျှို့ဝှက်အမိန့်ဖြင့် တံခါးမှူးဗိုလ်သည် မြို့တံခါးကို ပိတ်ချလိုက်တော့၏။ ယောကျ်ားသည် ခြေလှမ်းသုံးလှမ်းစာမျှသာ ဝေးတော့သောနေရာ မြို့တံခါးကြီးရှေ့၌ အရုပ်ကြိုး ပြတ်လဲကျသွားလေသည်။

"နေမဝင်သေးဘူး၊ ကျုပ်အချိန်မီ ပြန်ရောက်တယ်၊ ဘာကြောင့် မြို့တံခါး ပိတ်လိုက်ရတာလဲ၊ ဖွင့်ပါ. . . ဖွင့်ပါ"

သူအော်ဟစ်သော်လည်း အချည်းနှီးပင် ဖြစ်၏။

ဘုရင့်အမိန့်အတိုင်း မိမိသည် အသွားအပြန် ခြောက်ယူဇနာ

http://cyberbooks.myanmarchat.org



ခရီး ပြင်းကိုနှင်ခဲ့ရသည်။ အရဏ် မတက်မီကပင် ထ၍ ရေကန်ကြီးရှိရာ အားကုန်ပြေးခဲ့ရသည်။ ရေကန်တွင် ဘီလူးစောင့်သည်ဟု ကြားဖူးသဖြင့် ချက်ချင်းမဆင်းဝံ့သေးဘဲ လှည့်ပတ် အကဲခတ်ခဲ့သည်။ ကံအားလျော်စွာ ပင် ရေကန်စောင့်နတ်ဘီလူးကြီး ပေါ်လာကာ မိမိဘက်မှ ဖေးမကူညီ ခဲ့၏။ နတ်ဘီလူးကြီးကား တရားရှိသူကို ကူညီသူ၊ တရားမဲ့သူကို မနှစ်မြို့ သူဖြစ်၏။ သို့ဖြင့် မြေနီမြေညက်နှင့် ကြာပန်းများကိုယူဆောင်ကာ၊ ခြေကုန်သုတ်ပြေးခဲ့ရ၏။

ယခုတော့ နေမဝင်ခင် အချိန်မီပြန်ရောက်လာသော်လည်း မြို့ တံခါးက ပိတ်သွားချေပြီ။ မိမိ အချိန်မီ ပြန်ရောက်ကြောင်း ဘယ်သူ့ကို သက်သေထားရမည်နည်း။ ဘုရင့်အမိန့်အတိုင်း မိမိစွမ်းဆောင်နိုင်ခဲ့ သည်မှာ မှန်ပါလျက် ရာဇဝတ်သားအဖြစ် မခံနိုင်။

ယောကျ်ားသည် အနီးအနားတစ်ဝိုက် လျှောက်ကြည့်၏။

မည်သူတစ်ဦးတစ်ယောက်မှမရှိ၊ သက်သေလိုက်မည့်သူဟူ၍ အရိပ်အရောင်မျှမတွေ့။ ယောကျ်ားသည် အားမလျော့သေး။

မည်သူတစ်ဦး တစ်ယောက်မှ မရှိ၊ သက်သေလိုက်မည့် သူ တစ်ယောက်ကို တွေ့လိုက်၏။ သို့သော် ထိုသူကား အသက်ရှင်လျက် သေနေသူ ဖြစ်သည်။ တစ်နည်းဆိုသော် မသေမရှင်ဖြစ်နေသူ။

ထိုသူကား ခိုးမှုဖြင့် ရာဇဝတ်သင့်ကာ ကားစင်ထက်၌ တံကျင် အလျှို ခံထားရသော သူ။ ကားစင်အနီးသို့ ယောကျ်ားကပ်လာခဲ့၏။ ညည်းညူသံသဲ့သဲ့ ကြားရသည်။ မသေသေးကြောင်း သိရပြီ။ သူ့ဒုက္ခကို စာနာသော်လည်း မတတ်နိုင်တော့။ ကားစင်ထက်မှ လူသည် မုချသေရ တော့မည့် လူ။ နောက်တစ်ရက် နှစ်ရက်ဆိုလျှင် သူသေတော့မည်။ မိမိ ကမူ သက်သေပြနိုင်သေးလျှင် အသက်ရှင်ခွင့်ရမည့်သူ။ ကောက်ရိုး

http://cyberbooks.myanmarchat.org



တစ်မျှင် ကိုပင် ဝင်ဆွဲရပေတော့မည်။

"ကားစင်ပေါ်က မိတ်ဆွေ၊ ကျုပ်ပြောတာ ကြားရဲ့လား. . . "

"ကြားပါတယ်"ဟု ဝေဒနာသံဖြင့် ဆို၏။

"ဒီမှာ မိတ်ဆွေ၊ ကြားရင် အသေအချာ မှတ်ထားပေးပါ နော်. . . "

"ကျုပ်ဟာဒီ မြို့တံခါးဝကို နေမဝင်ခင် ပြန်ရောက်တယ်၊ အဲဒါ မိတ်ဆွေကြီး အမြင်နော်၊ အခုထိ နေမဝင်သေးဘူးတွေ့လား၊ ကျုပ်ပြန် ရောက်ကြောင်း၊ မိတ်ဆွေကြီးက လိုအပ်ရင် သက်သေပြပေးပါ ဟုတ်လား"

ကားစင်ထက်က လူက သွေးသံရဲရဲဖြင့် သဲ့သဲ့ပြန်ပြောလေသည်။

"ကျုပ်က မကြာခင်သေရတော့မယ့်လူ၊ အခုကို သေချင်နေတာ မသေနိုင်သေးလို့၊ ဒီလို အနေအထားနဲ့ သင့်ကို ဘယ်လိုလုပ် သက်သေ လိုက်ပေးနိုင်မှာလဲ"

"ဒုက္ခပါပဲ၊ ကိုင်း. . . မိတ်ဆွေကို ကျုပ် ဘာလုပ်ပေးရမလဲ၊ ကျုပ်ကလဲ ကူညီမယ်၊ ကျုပ်ကိုလဲ သက်သေလိုက်ပြီး ကူညီပါ"

"ကျုပ်က သေရတော့မယ့်သူ သင့်ဘက်က သက်သေလိုက်ပေးဖို့ အချိန်မရနိုင်တော့ဘူး၊ အဲ. . . တစ်ခုတော့ရှိရဲ့"

"ဘယ်လို တစ်ခုလဲ ပြောစမ်းပါ မိတ်ဆွေကြီးရယ်"

"နတ်ပြိတ္တာကြီး တစ်ဦး"

"ဗျာ. . . ဘယ်လို ဘယ်က နတ်ပြိတ္တာကြီးလဲ"

ကားစင်ထက်မှလူ သွေးရူး သွေးတန်း ပြောနေပြီဟုပင် ထင် လိုက်၏။

"ညစဉ် ကျုပ်ဆီကို နတ်ပြိတ္တာကြီးတစ်ဦး ရောက်ရောက်လာ

http://cyberbooks.myanmarchat.org



တယ်၊ ပြီးတော့ ကျုပ် နားကပ်ပြီး တူမောင် အသက်ရှင်အောင် တောင့်ထားလိုက်စမ်း၊ စိတ်မလျှော့နဲ့ အသက်ရှင်နေရတာ မွန်မြတ်တယ်လို့ လာလာ အားပေးစကားဆိုတယ်၊ အဲဒီ နတ်ပြိတ္တာကြီးလာရင် သူ့ကို သင်သက်သေထူပေတော့"

ယောက်ျားသည် စိတ်ပျက်အားငယ်သွား၏။ ရာဇဝတ်သားသည် အကယ်ပင် ကယောင်ကတမ်း ဖြစ်နေပြီဟု တွေးမိသည်။ စိတ်ထင်ရာ လျှောက်ပြောနေပြီ။

"ဟော. . . ဟော သူလာနေပြီ၊ နတ်ပြိတ္တာကြီးလာနေပြီ သူပဲ"

ညဥ့်အမှောင်ထု၏ ကောင်းကင်ထက် တစ်နေရာသည် ဝင်းလက်တောက်ပသွား၏။ ဖြူဆွတ်သော အလင်းစက်ဝန်းရောင်သည် ကြည့်နေရင်းမှာပင် အဝေးကောင်းကင်ဆီမှ တရွေ့ရွေ့ နီးကပ်ဆင်းသက်လာ၏။

အလင်းစက်ဝန်းကြီးသည် ကားစင်တင်ထားသော ရာဇဝတ်သား၏ အထက်တစ်နေရာ၌ တန့်ရပ်၏။ တအံ့တသြ ကြည့်နေစဥ်မှာပင် ထိုအလင်းစက်ဝန်းကြီး၏ အနားသပ် အရေးအကြောင်းများသည် ထင်ရှားပြတ်သားလာ၏။

ထိုအရာကား. . .

ဘော်ငွေရောင် တောက်နေသော နတ်သိန္ဓောမြင်းပျံကြီးနှင့် ထိုမြင်းပျံကြီး၏ ကျောကုန်းပေါ်တွင် စီးနင်းလိုက်ပါလာသော နတ်ပြိတ္တာတစ်ဦး။

ယောက်ျားသည် အံ့သြဝမ်းသာလွန်းစွာဖြင့် လှမ်းအော်ပြောလိုက်သည်။

"နတ်ပြိတ္တာကြီး. . . နတ်ပြိတ္တာကြီး. . . ကျွန်ုပ် သက်သေထားပါရစေ၊ ကျွန်ုပ်ဟာ"

* * *

**ရတနာပုံစာအုပ်တိုက်**

http://cyberbooks.myanmarchat.org



နောက်တစ်နေ့ နံနက်တွင် နန်းရင်ပြင်သို့ ရောက်လာသော ယောက်ျားအား သက္ကရမင်းကြီးက အပိုင်အနိုင် ဆို၏။

"မောင်မင်း၊ မင်းမိန့်အတိုင်း မလုပ်ဆောင်နိုင်ခဲ့ဘူး၊ ဒါဟာ အာဏာဖီဆန်ခြင်း ဖြစ်တယ်၊ ဒါကြောင့် မင်း ပြစ်ဒဏ် သင့်စေရမယ်"

ယောက်ျားက တုန်လှုပ်ခြင်း မရှိဘဲ. . .

"အရှင်မင်းကြီး၊ ကျွန်ုပ် မင်းအာဏာ မဖီဆန်ပါ၊ ကျွန်ုပ် မင်းမိန့် အတိုင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ နန်းမြို့တံခါးဝကို မနေ့ညနေ နေမဝင် မီမှာ အချိန်မီ ရောက်ခဲ့ပါတယ်၊ ဒါကို သက်သေပြနိုင်ပါတယ်"

"သက်သေ၊ ဟုတ်လား. . ၊ ဘယ်သူ့ကို သက်သေပြနိုင်လို့လဲ"

"တံကျင်လျှိုခံထားရတဲ့ ရာဇဝတ်သားဆီကို ရောက်လာတဲ့ နတ်ပြိတ္တာကြီးတစ်ဦးဟာ ကျွန်တော်ရဲ့ သက်သေဖြစ်ပါတယ်"

အမွှသက္ကရမင်းသည် မျက်မြင်ဒိဋ္ဌ မဟုတ်လျှင် ဘာကိုမျှ လက်မခံသည့်သူ ဖြစ်၏။ အကြောင်းအကျိုးကို ဆက်စပ်ခြင်း၊ ဘဝ ဘဝတို့ဖြစ်ပေါ်ခြင်း၊ ကံ,ကံ၏ အကြောင်းအကျိုးတရားတို့ကို မယုံကြည် သော နတ္ထိဝါဒီ တစ်ဦးဖြစ်၏။

ယောက်ျား၏ စကားကို ကြားသောအခါ မင်းကြီးသည် တဟားဟား ရယ်လျက်. . .

"နတ်ပြိတ္တာကြီး၊ ဟုတ်လား. . ၊ ယုံတမ်းစကားတွေ ပြောမနေ စမ်းပါနဲ့၊ အဓိပ္ပာယ်မရှိတဲ့ အထောက်အထားတွေ ပြမနေနဲ့"

"အရှင်မင်းကြီး မယုံရင်၊ ဒီည ကျွန်ုပ်နဲ့အတူ လူတစ်ယောက် ထည့်လိုက်ပါ။ မြို့တံခါးနားက ကားစင်ရှိတဲ့ နေရာကို လိုက်ကြည့်ခိုင်း ပါ"

"ဘယ်သူ့ကိုမှ မထည့်ဘူး၊ ငါကိုယ်တိုင် လိုက်ကြည့်မယ်၊ သင်

http://cyberbooks.myanmarchat.org



ရဲ့ မဟုတ်မဟပ် လုပ်ကြံဇာတ်တွေကို ငါကိုယ်တိုင် စစ်ဆေးမယ်”

မြို့တံခါးအနီး ကားစင်အောက်တွင် အမွှသက္ကရမင်း၊ ယောက်ျားတို့ စောင့်နေကြ၏။ ညဥ့်အချိန် ရောက်လာ၏။ တံကျင်လျှို ခံထားရသော ရာဇဝတ်သားမှာ အသက်မသေသေး။

“ဟော. . . ဟော. . . ဟိုမှာ နတ်ပြိတ္တာကြီး လာပြီ”

ကောင်းကင်ထက်မှ ပျံသန်းလာသော ဖြူဆွတ်စက်ဝန်းကြီးသည် တဖြည်းဖြည်း နိမ့်ကပ် နိမ့်ဆင်းလာသည်။ ဘော်ငွေရောင် နတ်သိန္ဓောဖြင့် မြင်းပျံကြီး၏ သဏ္ဌာန်ကို အထင်အရှား တွေ့ရပေပြီ။ မြင်းပျံထက်တွင်ကား နတ်ပြိတ္တာကြီး။

သက္ကရမင်းကြီးမှာ အံ့ဩလွန်းသဖြင့် ငေးငိုင် မင်တက်မိနေ၏။

နတ်ပြိတ္တာကြီးသည် တံကျင်လျှိုခံထားရသော ရာဇဝတ်သား၏ အထက်တစ်နေရာ လေထဲတွင် တန့်ရပ်လျက် ပြောနေသည်။

“အမောင်. . . အသက်ရှင်အောင် ကြိုးစား တောင့်ထားစမ်း၊ အသက်ရှင်နေခြင်းဟာ အင်မတန် မြတ်တယ်၊ စိတ်ကို မလျှော့မချလိုက်နဲ့၊ တောင့်ထားစမ်း၊ တောင့်ထားစမ်း”

သက္ကရမင်းကြီး အံ့ဩမဆုံးတော့။ နတ်သိန္ဓောမြင်းပျံကြီးကို စီးလာသော နတ်ပြိတ္တာကြီးကို မျက်ဝါးထင်ထင် မြင်ရရုံသာမက နတ်ပြိတ္တာကြီးပြောသော အသံကိုပါ နားနှင့်ဆတ်ဆတ် ကြားနေရလေပြီ။

ပုန်းကွယ်နေရာမှ မင်းကြီး ရှေ့တိုးထွက်လိုက်၏။

“နတ်ပြိတ္တာကြီးဆိုတာ အသင်လား”ဟု မေးလိုက်၏။

“ဟုတ်ပါတယ်”

“သင်က”

မင်းကြီး တစ်ခုခုဆက်ပြောမည် ပြင်ပြီးမှ နောက်ထပ် အံ့ဩစရာ

http://cyberbooks.myanmarchat.org



တစ်ခု တွေ့ပြန်သဖြင့် စကားမဆက်နိုင်ဖြစ်သွား၏။

နတ်သိန္ဒောမြင်းပျံကြီးကိုစီး၍ ကောင်းကင်ခရီးဖြင့် ရောက်လာသော အလင်းစက်ဝန်းထဲမှ နတ်ပြိတ္တာကြီးမှာ အဝတ်မပါ ဗလာကိုယ်လုံးတီးနှင့်ပါတကား။

“အလိုလေး. . . သင်ဟာ ဝတ်စားတန်ဆာမဲ့”

နတ်ပြိတ္တာကြီးက အေးဆေးသက်သာစွာ ရှင်းပြလေသည်။

“ဖြစ်ရပ်အလုံးစုံကို သင်မင်းကြီးသိအောင် ကျွန်ုပ် ပြောပြပါမယ်၊ ဦးစွာ ဒီနေရာကို ကျွန်ုပ် ဘာကြောင့်လာရတယ်ဆိုတာ ပြောပြမယ်၊ ဟောဒီကားစင်ထက်မှာ တံကျင်လျှိုခံထားရသူဟာ တခြားမဟုတ်၊ ကျွန်ုပ်ရဲ့တူအရင်းဖြစ်တယ်၊ ပြင်းထန်ဆိုးရွားလှတဲ့ ဝေဒနာနဲ့သူဟာ မကြာမတင်သေရတော့မယ်၊ သေလွန်ပြီးတဲ့နောက်မှာ သူဟာ သူပြုခဲ့တဲ့ ဒုစရိုက်မှုတွေကြောင့် မုချငရဲကျရတော့မယ်၊ ငရဲကျခံရခြင်းနဲ့စာရင် အခုလို တံကျင်လျှို ခံထားရတဲ့ ဒုက္ခဟာ အပုံကြီးချမ်းသာတယ်၊ ဒါကြောင့် ငရဲသို့ ပို့ဆောင်မယ့် စကားကို ကျွန်ုပ်မဆိုဘဲ အသက်သေပျက် ကြောင်း မဖြစ်ပါစေနဲ့လို့ ရည်မှန်းပြီး အသက်ရှင်အောင် တောင့်ထား စမ်းလို့ ကျွန်ုပ်တဖွဖွ လာရောက်ပြောဆို သတိပေးနေရခြင်းပဲ”

“နတ်ပြိတ္တာကြီး. . . ရာဇဝတ်သားဟာ သင်ရဲ့တူဆိုတာ သင်က. . .”

“နားထောင်ပါ မင်းကြီး၊ ကျွန်ုပ်ဟာ ပြီးခဲ့တဲ့ ဘဝက သူနဲ့ ဦးရီးတော်စပ်သူ ဖြစ်ခဲ့တယ်၊ ဝေသာလီ ဈေးရုံထဲမှာ ဆိုင်ဖွင့်ရောင်းချခဲ့တဲ့ ကုန်သည်ဟာ ကျွန်ုပ်ပဲ၊ တူဖြစ်သူ ခိုးလာတဲ့ ပစ္စည်းတွေကို လက်ခံရောင်းချပေးတဲ့ ရာဇဝတ်ပြစ်မှုနဲ့ အစွဲခံရပြီး အသတ်ခံခဲ့ရတာဟာ ကျွန်ုပ်ပဲ. . .”

http://cyberbooks.myanmarchat.org



ရှေးဘဝ၊ နောက်ဘဝ၊ ကံ ကံ၏အကျိုးတရားကို လက်မခံ မယုံကြည်ခဲ့သော နတ္ထိကဝါဒီ သက္ကရာဘုရင်မှာ နှုတ်ဆွံ့နေလေပြီ။

"သေလွန်ပြီးနောက် အခုလို နတ်ပြိတ္တာ ဖြစ်ခဲ့တယ်၊ ဒီဘဝမှာ နတ်သိန္ဓော မြင်းပျံကိုစီးတဲ့ တန်ခိုးရှင် ဖြစ်ခဲ့တယ်၊ ဘာကြောင့် ဒီလို အကျိုးခံစားရသလဲဆိုတော့ ကုန်သည်ဘဝမှာ ကျွန်ုပ်ဟာ ဈေးလယ်လမ်းမက ရွှံ့ညွှံဗွက်အိုင်ကြီးကို နွားခေါင်းရိုးကြီးခင်းပေးခဲ့တဲ့ ကောင်းမှုကြောင့်ပဲ၊ အဲဒီ ကောင်းမှုရဲ့အဟုန်ကို ကျွန်ုပ်ခံစားရခြင်း ဖြစ်တယ်"

"ဒါပေမယ့် . . . သင့်- သင့်မှာ ဝတ်စား တန်ဆာမဲ့"

"ကုန်သည် ဘဝမှာပဲ ကျွန်ုပ်ဟာ မိတ်ဆွေတစ်ဦး ရေချိုးဆိပ်မှာ ရေချိုးနေစဉ် ကျီစယ်နောက်ပြောင်လိုစိတ်နဲ့ သူ့ရဲ့အဝတ်အစားတွေကို ဝှက်ပြီး သူတစ်ပါးကို အရှက်တကွဲ အကျိုးနည်းအောင် လုပ်ခဲ့တယ်၊ အဲဒီ မကောင်းမှုကြောင့် အခု နတ်ပြိတ္တာဘဝမှာ ဝတ်စားတန်ဆာမဲ့ ကိုယ်လုံးတီး ဖြစ်ခဲ့ရတယ်"

ရွှံ့ဗွက်အိုင်တွင် နွားခေါင်းရိုး ခင်းပေးခဲ့သည့် ကောင်းမှု။ ထို အဟုန်ကြောင့် နတ်သိန္ဓောမြင်းပျံရှင်ဖြစ်ခဲ့။ သို့ပါသော် အဝတ်အစားများကို ဝှက်ခဲ့ခြင်းဖြင့် သူတစ်ပါး အရှက်တကွဲ အကျိုးနည်း ဖြစ်စေခဲ့သော မကောင်းမှုကြောင့် အဝတ်မဲ့ ဗလာကိုယ်လုံးတီး။

နတ်မြင်းပျံစီးလျက် အဝတ်မဲ့ဗလာ ကိုယ်လုံးတီးရှိနေသော နတ်ပြိတ္တာကြီး။

နတ်ပြိတ္တာကြီးက ဆက်ပြော၏။

"မင်းကြီး၊ အကြားနဲ့ဖြစ်စေ၊ အမြင်နဲ့ဖြစ်စေ၊ ကောင်းမှု၊ မကောင်းမှုရဲ့ အကျိုးသက်ရောက်မှုကို ဒိဋ္ဌသင်မြင်တွေ့ရပြီ မဟုတ်လား၊ ဤလောကမှာ ကောင်းမှုကံ၊ မကောင်းမှုကံတို့ကြောင့် ဆင်းရဲချမ်းသာ

http://cyberbooks.myanmarchat.org



သတ္တဝါများ ဖြစ်လာရတယ်ဆိုတာ သင် တွေ့ပြီ မဟုတ်လား၊ ကျွန်ုပ်ရဲ့ အဖြစ်ကိုပဲ သင် ဆင်ခြင်ကြည့်လိုက်စမ်းပါ"

အမ္ဗသက္ကရမင်း၏ နတ်ထိအယူသည် ပြိုကွဲခဲ့ပေပြီ။

"နတ်ပြိတ္တာကြီး၊ သင့်အတွက် အဝတ်အထည် ရရှိဖို့အကြောင်းများကော မရှိဘူးလား၊ ကျွန်ုပ်တို့ အနေနဲ့ သင့်ကို ကူညီပေးလို့များ ရမလား"

"မင်းကြီး၊ ဝေသာလီပြည် အစွန်မှာ ကပ္ပိတက အမည်ရှိတဲ့ ရဟန်းတော်တစ်ပါး ရှိလေတယ်၊ အရှင်မြတ်ဟာ ကောင်းမြတ် တင့်တယ်သော သီလရှိသူ၊ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ် တရား ရှိတော်မူသူ ဖြစ်ပေတယ်"

* * *

အမ္ဗသက္ကရမင်းကြီးက အရှင်ကပ္ပိတက မထေရ်မြတ်အား ဖြစ်ရပ်အလုံးစုံကို မခြွင်းမချန် လျှောက်ထားလိုက်၏။ မထေရ်မြတ်ကလည်း မင်းကြီးလှူဒါန်းသော အဝတ်ရှစ်စုံကို လက်ခံတော်မူသည်၊ ထို့နောက် နတ်ပြိတ္တာကြီးအား ရည်မှန်းလျက် အမျှအတန်း ပေးဝေလိုက်၏။

အမျှအတန်း ပေးဝေပြီး မကြာမီမှာပင် ပြိုးပြက်တောက်ပသော နတ်ဝတ်တန်ဆာများကို ဝတ်ဆင်ကာ နတ်မြင်းပျံကြီးကိုစီးလျက် နတ်သားတစ်ပါး ရောက်လာလေသည်။ နတ်ပြိတ္တာကြီးသည် အဝတ်မပါ ဗလာကိုယ်တီး ဆင်းရဲမှ လွတ်မြောက်ခဲ့ပေပြီ။

ထို့အတူပင်. . .

တံကျင်အလျှို ခံထားရသော ရာဇဝတ်သားကိုလည်း လွှတ်၍

http://cyberbooks.myanmarchat.org



ဆေးဝါးကုသပေးကြ၏။ ကြီးစွာသော သံဝေဂဖြင့် ရာဇဝတ်သား တစ်ဖြစ်လဲ လုလင်သည် ရဟန်းပြုခဲ့ပြီး မကြာမီပင် ရဟန္တာ ဖြစ်ခဲ့လေသည်။

အမ္ဗသက္ကရမင်း၏ နတ္ထိကဝါဒသည် အမြစ်မှ ကျွတ်ထွက်ပြုတ်ကျသွားရုံမက သရဏဂုံတည်သော ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့ကာ မင်းကြီးလည်း သောတာပန် ဖြစ်ခဲ့လေသည်။

ကပ္ပိတက၏ မထေရ်မြတ်သည် သာဝတ္ထိပြည်သို့ ကြွရောက်ကာ ဘုရားရှင်အား ဤအကြောင်းခြင်းရာများ အားလုံးကို လျှောက်ထားခဲ့လေသည်။

**(အမ္ဗသက္ကရပေတဝတ္ထု)**

http://cyberbooks.myanmarchat.org

# မျှော်ပါလာသော သရက်သီးတစ်လုံး

ဂင်္ဂါမြစ်ထဲတွင် ဘုရင်မင်းမြတ် ချိုးရေတော်သုံးပွဲ ကျင်းပသည်မှစ၍ ဤဖြစ်ရပ်ပေါ်ပေါက်လာခြင်း ဖြစ်၏။

ဗာရာဏသီမင်းသည် မြစ်ထဲ၌ ရေဆင်းကူးရခြင်းကို နှစ်သက်တော်မူ၏။ ထို့ကြောင့် ဘုရင်ရေချိုးမည့် နေရာတစ်ဝိုက် မြစ်ထဲတွင် သံကွန်ခြာကြီးများ ကာရံပေးထားရသည်။ သို့မှသာ ဘေးအန္တရာယ်ကင်းမည်ဖြစ်သည်။ သို့သော် သံကွန်ခြာကြီးများသည် မြစ်ထဲရှိ ငါး၊ လိပ်၊ မကန်း စသော ဘေးများကို ကာကွယ်တားဆီး နိုင်စေကာမူ ဝေးလံလှစွာသော မြစ်ညာဆီမှ အစဉ်အတိုင်း မျှောလာသည့် သရက်သီးတစ်လုံး ကိုမူကား မကာကွယ်နိုင်ချေ။

သာမန် တွေ့နေမြင်နေကျ သရက်သီးများထက် ပိုမို ထူးခြားသော သရက်သီးတစ်လုံးသည် ဗာရာဏသီမင်း ရေချိုးသည့် သံကွန်ခြာ

http://cyberbooks.myanmarchat.org



တစ်နေရာတွင် ဝင်ရောက်ငြိတွယ်နေ၏။ အဆင်းအနံ့ ထူးကဲလှသော ထိုသရက်သီးကြီးကို မင်းမှုထမ်းများက ဆယ်ယူကာ မင်းကြီးထံ ဆက်သလိုက်ကြသည်။ ဝင်းဝါသော အဆင်း၊ ပျံ့မွှေးသော အနံ့တို့က ဆွဲဆောင်ဖမ်းစားနေကြစေကာမူ သတိရှိသော ဗာရာဏသီမင်းသည် ချက်ချင်းပွဲတော်မသုံးဘဲ တစ်စိတ်မျှ လှီးဖဲ့စေကာ သေမိန့်ကျပြီးသော ရာဇဝတ်သား တစ်ယောက်အား စားစေလိုက်၏။

ရာဇဝတ်သားသည် သေဒဏ်ခံရမည့်သူပီပီ မထူးတော့ပြီဟု သဘောထားကာ ကျွေးလာသော သရက်သီးစိတ်ကို အားပါးတရ ကိုက်စားလိုက်၏။

"အား. . . တစ်သက်နဲ့တစ်ကိုယ် တစ်ခါမျှမစားဖူးပါလား၊ ကောင်းလိုက်တဲ့ သရက်သီး၊ နတ်သုဓာ ရသာယန သရက်သီးဆိုတာ ဒါမျိုးပဲထင်ရဲ့၊ အင်း. . . ဒီသရက်သီးမျိုး စားပြီးရင်တော့ သေပျော်ပြီဟဲ့. . ."

မင်းကြီးသည် ထပ်မံ၍ သေချာအောင် နောက်ထပ် တစ်စိတ်စားခိုင်းပြန်သည်။ ရာဇဝတ်သားသည် အားပါးတရ မြိန်ရေရှက်ရေကိုက်စားလိုက်ပြန်၏။

ဒုတိယအကြိမ်မှာတော့ ထူးဆန်းသည့် အခြင်းအရာများ ပေါ်ပေါက်လာလေသည်။ ရာဇဝတ်သားသည် ဒုတိယတစ်စိတ်ကို စားအပြီး နောက်တစ်နေ့တွင် ရုပ်သွင်ပြောင်းလဲ သွား၏။ တွန့်လိပ်နေသော ပါးရေနားရေများ ပြေစန့်သွား၏။ ဖြူဖွေးနေသော ဆံပင်များ ပြန်ရှင်မည်းနက်သွား၏။ ထို့နောက် အားပင်ပြည့်ဖြိုး လန်းဆန်းလာရုံမျှမက သေဒဏ်ကျခံထားရသည်ကိုပင် သတိမရတော့ဘဲ မြူးထူးပျော်ရွှင်လာလေသည်။

"ထူးကဲသည့် သရက်သီးစိတ် အရသာကြောင့် စိတ်ဖောက်ပြန်

http://cyberbooks.myanmarchat.org



သွားတာလား”

“မဟုတ်ပါ အရှင်မင်းမြတ်၊ ဒီသရက်သီးဟာ ဧကန်ပဲ ရသာယန အသီးတစ်မျိုးဖြစ်တာ သေချာပါတယ်၊ ရာဇဝတ်သားက စိတ်ဖောက်ပြန်သွားတာ မဟုတ်ပါ၊ ရုပ်သွင်များ ထူးဆန်းစွာ နုပျိုလာပြီး စိတ်မြူးထူးတက်ကြွသွားခြင်း ဖြစ်ပါတယ်”

မျူးမတ်များနှင့် တိုင်ပင်ပြီးနောက် ဗာရာဏသီမင်းသည် သရက်သီးကို ကိုယ်တိုင်စားရန် ဆုံးဖြတ်လိုက်၏။

နောင်တစ်နေ့မှာပင် ဘုရင့်နန်းတော်မှ အမိန့်တော် ထွက်လာသည်။

နေပြည်တော် ရှိရှိသမျှ တောမုဆိုးများ အားလုံးဘုရင့်ရှေ့တော်မှောက် အခစား ရောက်ကြရမည် ဟူသော အမိန့်တော် ဖြစ်လေသည်။

* * *

ဟိမဝန္တာတောင်မင်း တည်ရာအရပ်။

မုဆိုးကြီးသည် မိမိကိုယ်မိမိ ကံအကောင်းဆုံးလား၊ အမိုက်မဲဆုံးလားဟု ဝေခွဲမရ ဖြစ်နေသည်။ ဘုရင့်နန်းတော်တွင် တောမုဆိုးများ အားလုံး စုဝေးကြပြီးနောက်တွင် မိမိအား တောအကျွမ်းဆုံး၊ ခွန်အားအကြီးဆုံးအဖြစ် အခြား မုဆိုးများက ရွေးချယ်တင်မြှောက် ပေးလိုက်ကြသည်ကို မိမိလက်ခံခဲ့၏။ ထို့နောက် ဗာရာဏသီမင်း ချီးမြှင့်သော အသပြာတစ်ထောင်ကိုလည်း သားမယားအား ပေးနိုင်ခဲ့၏။ သည်မျှ အထိတော့ မိမိသည် ကံအကောင်းဆုံး မုဆိုးဖြစ်ခဲ့ပြီ။

သို့သော် ‘နတ်သရက်သီး’ အရှာထွက်ခဲ့ရခြင်းကတော့ အမိုက်မဲဆုံးအလုပ် ဖြစ်ချိမ့်မည်။ ဂင်္ဂါမြစ်ကြောအတိုင်း ဆန်တက်ခဲ့ပြီးနောက်၊

http://cyberbooks.myanmarchat.org



လူသူလေးပါး လုံးဝအပေါက်အရောက်မရှိသော 'ကဏ္ဍမုဏ္ဍ' ရေအိုင်ကြီး ရှိရာ တောနက်သို့ စတင် ချဉ်းနင်းခဲ့သည်။ ဘုရင့်အမိန့်တော်ဖြင့် နတ်သရက်သီးဆိုတာကို မြင်လည်းမမြင်ဖူး။ ဘယ်မှာပေါက်ရောက်သည်ကိုလည်း မသိ။ သို့သော် ရိက္ခာ အသပြာ တစ်ထောင်ယူခဲ့ပြီးပြီဖြစ်၍ လမ်းဆုံးကို လိုက်ရတော့မည်။

ကဏ္ဍမုဏ္ဍ ရေအိုင်ကြီးနှင့် ယူဇနာခြောက်ဆယ်လောက် ဝေးသော ခရီးကို ဆက်ခဲ့၏။ ကံအားလျော်စွာပင် နတ်သရက်သီးနှင့် ပတ်သက်သော သဲလွန်စအနံ့ကို ရခဲ့သည်။ တောနက်ထဲတွင် ရသေ့တစ်ပါးကို တွေ့ရ၏။

"အင်း. . . ဒီလို ထူးဆန်းတဲ့ အသီးမျိုးဟာ အခုလို ဝေးလံခေါင်သီတဲ့ တောကြီး တောင်ကြီးတွေထဲမှာ ပေါက်ရောက်လေ့ရှိတယ်၊ ကျွန်ုပ်တော့ အသေအချာ မသိဘူး၊ တစ်ခုတော့ရှိရဲ့ ဒီကနေ ယူဇနာသုံးဆယ်လောက်ဝေးတဲ့ နေရာမှာ ရသေ့တစ်ပါး သီတင်းသုံးတယ်၊ သူနေတဲ့နေရာက ပိုတောနက်လေတော့ သူဖြင့် ကျွန်ုပ်ထက် ပိုသိတန်ကောင်းရဲ့"

ရသေ့၏ လမ်းညွှန်ချက်ဖြင့် မုဆိုးကြီး ခရီးဆက်ခဲ့ရပြန်သည်။

ဒုတိယရသေ့ကြီးကို တွေ့ခဲ့ပြန်၏။ သို့သော် ထိုရသေ့ကြီးက နောက်ထပ် ဆယ့်ငါးယူဇနာ ခရီးအကွာ ပို၍နက်သော တောကြီးထဲ မှ ရသေ့တစ်ပါးထံ ထပ်ညွှန်းပြန်သည်။ မုဆိုးကြီး ခရီးဆက်ခဲ့ပြန်သည်။ တောက ပိုနက်လာသော်လည်း နတ်သရက်သီးနှင့် ပို၍နီးစပ်လာပြီ ဖြစ်၍ တက်ကြွနေ၏။ သို့ဖြင့် တတိယရသေ့ ထံရောက်ခဲ့ပြန်သည်။

နတ်သရက်သီးကို တွေ့ဖို့အရေးကား မဝေးတော့ပြီ။

"မုဆိုးကြီး ဒီနေရာကနေ မြစ်ကြောင်းလမ်းကိုပယ်ပြီး ဟောဟို

http://cyberbooks.myanmarchat.org



မြစ်ငယ်လေးလမ်းကြောင်းအတိုင်း ဆက်လိုက်၊ ရေညာအရပ်မှာ တောင်ခေါင်းကြီးတစ်ခု တွေ့လိမ့်မယ်၊ ရေထွက်နေတဲ့ တောင်ခေါင်းကြီးကို ညာဘက်မှာ ဖြတ်ဝင်သွား၊ မီးရှူးမီးတိုင်ထွန်းပြီးသာဝင်။ ဘာမှ မကြောက်နဲ့ တောင်ခေါင်းမြစ်ဟာ နေ့ဘက်မှာသာ ရေဆင်းတယ်၊ ညဘက်မှာ ရေမစီးဘဲ ရပ်နေတယ်၊ အဲဒီအတိုင်း သုံးယူဇနာလောက် ဝင်သွားရင် အင်း. . . ဟိုဘက်ရောက်ပြီဆိုရင် သင်ရှာနေတဲ့ နတ်သရက်သီးဆိုတာကို တွေ့ရလိမ့်မယ်"

"အရှင်ရသေ့ကြီး အဲဒါတကယ်ပဲ နတ်သရက်သီးပါလား၊ အဲဒီနေရာမှာ နတ်ပြည်ရှိသလား၊ နတ်သား၊ နတ်သမီးတွေ နေထိုင်ကြပါသလား"

"ကျွန်ုပ်ညွှန်ကြားတဲ့ အတိုင်းသာသွားပါ၊ သင်သိချင်တဲ့ မေးခွန်းတွေရဲ့ အဖြေကို သင်ကိုယ်တိုင်ပဲ ရှာဖွေတွေ့ရပါလိမ့်မယ်"

မီးရှူးတိုင်များ ပြုလုပ်ရန်၊ မုဆိုးကြီးသည် ဝါးပိုးဝါးများကို ခုတ်ယူလိုက်သည်။

*   *   *

ထွက်ပြူစနေရောင်သည် မြေအပြင်သို့ စီးဖြာကျလာ၏။ ထို အခါ မြေအပြင်သည် ရတနာကွန်ယက် ဖြန့်ခင်းလိုက်သော ကမ္ဘလာကြီး ပမာ ရောင်စုံပြိုးပြက်တောက်ပသွား၏။ ထိုမြေအပြင်ထက်တွင်ကား မြေသို့ ထိကပ်မတတ် ကိုင်းညွှတ်နေသော သစ်ကိုင်းများထက်မှ ဝင်းဝါ ရွှန်းမှည့်နေသည့် သရက်သီးများ. . .

ငှက်မျိုးစုံတို့၏ မြည်တွန်သံများကလည်း သောသောညံလျက်. . .

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



စိမ်းစိုအုပ်ဆိုင်းတောနက်ကြီးသည် တောနှင့်ပင် မတူတော့ဘဲ ဘုံဗိမာန်ကြီးသဖွယ် မြင်နေသည်။

နတ်သရက်သီးကို တွေ့ပေပြီ။ မုဆိုးကြီးမှာ နတ်သရက်သီးကို တွေ့မြင်ရခြင်းကြောင့် ဝမ်းသာဖို့ထက် လှပတင့်တယ်လွန်းသော တောဂနိုင်ကြီးကို အံ့ဩရခြင်းက ပိုနေသည်။ ဆွဲဆောင်မှုအား ကြီးမားလှဘိခြင်း။

တစ်ခါမျှ မမြင်ဖူးသော ငှက်ပေါင်းစုံတို့၏ တွန်ကျူးသံတို့ဖြင့် မုဆိုးကြီး၏စိတ်သည် မူးယစ်ဆွတ်ပျံ့လာ၏။ ထိုငှက်များအကြားတွင် ထူးခြားသော အခြားအသံများကို ကြားလိုက်ရသလိုလိုလည်း ရှိ၏။ ထိုအသံများမှာ ခိုးခိုးခစ်ခစ်ရယ်သံများနှင့် တူနေသည်။

မိန်းမူးနေသော မုဆိုးကြီးသည် အသံများပေါ်လာရာ ချုံပုတ်၊ တောတန်း၊ ပန်းရုံများဆီသို့ ဝေ့ဝိုက်ကြည့်လိုက်၏။ ထိုခဏမှာပင် မုဆိုးကြီး၏ ယစ်မူးရစ်ဝေခံစားမှုများ ရုတ်ခြည်းပျောက်ကွယ်သွားကာ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွား၏။

"အလိုလေး၊ ငါ အိပ်မက်မက်နေတာလား"

နတ်သရက်သီးများကို သတိမရနိုင်တော့ပြီ။

"ကယ်တော်မူကြပါ၊ ဒါ. . . ဒါ. . . အိပ်မက်မဟုတ်ဘူး၊ အမယ်လေး လာကုန်ကြပြီ၊ အားလုံး အားလုံး မိန်းမတွေချည်းပဲ၊ အားလုံး မိန်းမ မဟုတ်ဘူး၊ ဒါတွေဟာ ဟို. . . ဟို. . . နတ်ပြိတ္တာမတွေ လုပ်ကြပါဦး၊ ငါ့နားကို ဝိုင်းအုံတိုးလာကြပြီ၊ သွား. . . သွားကြ မလာကြနဲ့၊ ကယ်တော်မူကြပါ"

သွေးရူးသွေးတန်း အော်ဟစ်ကာ မုဆိုးကြီး ထွက်ပြေးခဲ့၏။ ကြောက်အားကြီးစွာ အော်ဟစ်နေသော မုဆိုးကြီးသည် ကယောင်

http://cyberbooks.myanmarchat.org



ကတမ်း မြင်ယောင်ခြင်း မဟုတ်။ အကယ်ပင် 'နတ်ပြိတ္တာမများ'နှင့် တွေ့လိုက်ခြင်း ဖြစ်၏။ ရှားရှားပါးပါး ရောက်လာသော လူသား ယောကျ်ားတစ်ယောက်ကို လင်အဖြစ် ပေါင်းသင်းပျော်ပါးရန်အတွက် ဝိုင်းအုံလာကြသည့် နတ်ပြိတ္တာမများပင် ဖြစ်၏။

ဝေမာနိက ပြိတ္တာမများနှင့် နတ်စည်းစိမ်ကို ခံစားနိုင်သော အကြောင်းကံမပါခဲ့သည့် မုဆိုးကြီးကား တဟုန်ထိုး၊ ကဆုန်စိုင်း ထွက်ပြေးခဲ့လေသည်။

*　　　*　　　*

"ကဏ္ဍမုဏ္ဍ ရေအိုင်ကြီးကနေ ယူဇနာတစ်ရာကျော် ဝေးတဲ့ အရပ်မှာ ဧကန်ရှိပါတယ် အရှင်၊ နတ်သရက်သီးတွေ သာမက နတ် ပြိတ္တာမတွေလဲ ရှိနေပါတယ်၊ သူတို့ကြည့်ရတာ လှသလိုလိုနဲ့ ကျွန်တော် မျိုးကြီးတော့ ဘာကြောင့်မှန်းမသိ ကြက်သီးတဖြန်းဖြန်းထပြီး အကြောက် ကြီးကြောက်နေတော့တာပါပဲ၊ ပြီးတော့ အဲဒီပြိတ္တာမတွေ ဝိုင်းအုံလာကြ တာလဲ တစ်မျိုးကြီးပါပဲ အရှင်"

ဗာရာဏသီမင်းကား သွေးဆူလွယ်သောသူ ဖြစ်လေသည်။

မုဆိုးကြီး၏ စကားအဆုံးတွင် ညီလာခံ ခေါ်ယူလိုက်ကာ တိုင်းပြည်ရေးရာတို့ကို မှူးမတ်တို့ထံ လွှဲအပ်လိုက်၏။ ဘုရင်မင်းမြတ် သမင်တောသို့ တောကစားထွက်မည်ဟု အမိန့်ပြန်ကြေညာလိုက်၏။

အမှန်ကား ကဏ္ဍမုဏ္ဍ ရေအိုင်ကြီးမှ ယူဇနာ တစ်ရာဝေးသော တောနက်ကြီးထဲသို့ သွားရန်ဖြစ်သည်။ ဗာရာဏသီမင်းသည် ထိုအရပ် ဒေသရှိ နတ်သရက်သီးကို စားသုံးရန်သာမက မုဆိုးကြီးပြောပြသည့် ဝေမာနိက ပြိတ္တာမများနှင့် တွေ့ဆုံရန်ကိုလည်း ပြင်းစွာလိုလား

http://cyberbooks.myanmarchat.org



တောင့်တ ဆုံးဖြတ်ချက်ချလိုက်သည်။

"မုဆိုးကြီး မောင်မင်း လမ်းပြအဖြစ်လိုက်ခဲ့၊ ညအခါ ရေမနီးတဲ့ တောင်ခေါင်းမြစ်ကြီးကိုရောက်ရင် မောင်မင်း လှည့်ပြန်နိုင်တယ်၊ ကျွန်ုပ်ကို အဲဒီနေရာအထိ လိုက်ပို့ရမယ်"

မုဆိုးကြီးမှာ ကတုန်ကယင်ဖြင့် မသဲမကွဲ ရေရွတ်ပြန်နေတော့၏။

"နတ်ပြိတ္တာမတွေ အံမာလေးလေး ဘုရင်မင်းမြတ်နှယ်နော်၊ သူမို့ နတ်ပြိတ္တာတွေနဲ့ တွေ့ချင်တယ်၊ လှတော့လှပါရဲ့၊ ဒါပေမယ့် ကြောက်စရာကောင်းတဲ့ နတ်ပြိတ္တာမတွေ၊ အင်း. . . ဘယ်လိုများဖြစ်ပြီး အဲဒီနေရာမှာ နတ်ပြိတ္တာမတွေ ဖြစ်နေကြပါလိမ့်နော်"

* * *

မုဆိုးကြီးအနေဖြင့် မသိနိုင်သော်လည်း ထိုဒေသရှိ နတ်ပြိတ္တာမတို့၏ ရှေးအတိတ်ဘဝအကြောင်းကား ထင်ရှားရှိခဲ့၏။

ကဿပဘုရားရှင် လက်ထက်တော် ကိမိလမြို့၌ ထိုအဖြစ်သည် စတင် သန္ဓေတည်ခဲ့သည်ဟု ဆိုရပေမည်။ ကိမိလမြို့မှ ဥပါသကာ တစ်ဦးသည် သောတာပန် ဖြစ်၍ ကုသိုလ်ကောင်းမှုဘက်၌ အထူး စိတ်ဝင်စားတက်ကြွသူလည်း ဖြစ်လေသည်။

ထိုသူသည် အဖော်ဖြစ်သူ အခြား ဥပါသကာ ငါးရာတို့နှင့်အတူ စိတ်သဘောဆန္ဒ ညီမျှစွာ ဥယျာဉ်စိုက်ပျိုး တံတားထိုး၊ စင်္ကြံဆောက် စသည်ဖြင့် လုပ်ကိုင်ခဲ့၏။ ဥပါသကာသည် သံဃာတော်များ သီတင်းသုံးရန် အာရာမ်ကျောင်းတိုက်ကြီးကိုလည်း တည်ဆောက်ကာ၊ ထိုကျောင်းတိုက်ကြီးသို့ သွားရောက်တတ်လေသည်။

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



သျှောင်နောက်ဆံထုံးပါမြဲပင် ဖြစ်၏။ သောတာပန် ဥပါသကာနှင့် မိတ်ဆွေ ဥပါသကာတို့၏ ဇနီး မယားများသည်လည်း အချင်းချင်း ကောင်းမှုပြုဖက် ဖွဲ့ဖြစ်ကြသည်။

ထိုဥပါသိကာမများ အဖွဲ့တွင် သောတာပန် ဥပါသကာ၏ ဇနီးသည် အလိုအလျောက် ခေါင်းဆောင်ဖြစ်လာသည်။ လင်ယောကျ်ားများက ကျောင်းတိုက်သို့ စောစီးစွာ ရောက်ရှိသွားကြချိန်၌ ဥပါသိကာမများအဖွဲ့သည်လည်း နံ့သာတောင်း၊ ပန်းမန်တို့ကို လက်စွဲပြုလျက် ကျောင်းတိုက်သို့ လိုက်ကြ၏။

ထိုသို့သွားတိုင်းလည်း လမ်းခရီးအကြား ဥယျာဉ်ဇရပ်များ၌ နားနားနေနေ အပန်းဖြေတတ်ကြသည်မှာ ဥပါသိကာမများ အဖွဲ့၏ ထုံးစံလို ဖြစ်နေလေသည်။

တစ်နေ့တွင်ကား. . .

ထိတ်လန့်ကြေကွဲစရာ ဖြစ်ရပ်တစ်ခု ကြုံလာလေတော့သည်။

ဥပါသိကာမများ အဖွဲ့သည် ထုံးစံအတိုင်း သံဃာအာရာမ် ကျောင်းတိုက်သို့ အသွား၊ လမ်းခုလတ်မှ ဇရပ်တစ်ဆောင်၌ နားနေကြစဉ် ထိုဖြစ်ရပ်ပေါ်လာခြင်း ဖြစ်၏။

နားနားနေနေ အပန်းဖြေပြီးသောအခါ ဥပါသိကာမ အဖွဲ့သည် ကျောင်းတိုက်သို့ ခရီးဆက်ခဲ့ကြသည်။ သူတို့နားနေခဲ့ရာ ဇရပ်နှင့် မလှမ်းမကမ်းရှိ သစ်ပင်ရိပ် တစ်ခုမှ ယောကျ်ားသုံးလေးယောက် အုပ်စုကိုမူ အလျဉ်းပင် သတိမထားမိခဲ့ကြ။

ထိုယောကျ်ား အုပ်စုကမူ သူတို့ရှိရာသို့ စူးစူးဝါးဝါး ကြည့်၍ ကျန်ရစ်ခဲ့ရင်း အချင်းချင်း ဆွေးနွေးတိုင်ပင်နေကြ၏။

"တောက်. . . လှပေ့ကွာ"

**ရတနာပုံစာအုပ်တိုက်**

http://cyberbooks.myanmarchat.org



"ဘယ်သူ့ကို ပြောတာလဲ"

"ဟိုမှာလေ၊ ဘုန်းကြီးကျောင်းသွားကြတဲ့ ဥပါသိကာမအဖွဲ့"

"အံမာ. . . ကိုယ့်လူရယ်၊ ဥပါသိကာမ အဖွဲ့နဲ့ မင်းနဲ့ ဘာဆိုင်လို့လဲ၊ ဟိုက ဘုရားတရားနဲ့၊ သွားတာကလဲ ရဟန်းတွေဆီ သံဃာအာရာမ်ကျောင်း၊ မင်းက အရက်သမား"

"ဟလူရဲ့. . . အရက်သမားဟာ ယောကျ်ားကွ၊ ဥပါသိကာမက မိန်းမကွ၊ မိန်းမချောချော လှလှကို ယောကျ်ားတစ်ယောက်က လှလို့ လှတယ်ပြောတာ ဘာဖြစ်သလဲ"

ထိုအုပ်စုသည် ကိမိလမြို့မှ သေရည်အဖွဲ့ သေသောက်ကြူးသမားများပင် ဖြစ်လေသည်။

"လှတယ် ပြောရုံနဲ့တော့ ဘာမှမဖြစ်ပါဘူးလေ၊ အဲ. . . ရှေ့ဆက်ပြီးတော့ မတိုးလိုက်ပါလေနဲ့ မောင်"

"ဘာဖြစ်လို့လဲ"

"သူတို့အားလုံးဟာ လင်သားတွေနဲ့လေ၊ ဒါကို ကိမိလတစ်မြို့လုံးအသိပဲ၊ ယောကျ်ားတွေက ဥပါသကာ၊ မိန်းမတွေက ဥပါသိကာမ၊ သူ့ဟာနဲ့သူ ပြီးနေပြီ"

"အံမာ. . . သူ့ဟာနဲ့သူ ပြီးနေပေမယ့်၊ ငါက မပြီးဘူးဆိုရင် ကောကွာ"

သူတို့အထဲမှ သေသောက်အကြူးဆုံး အရမ်းကားဆုံး တစ်ယောက်က ပြောလိုက်၏။

"ဘာမပြီးတာလဲ၊ မင်းကရော ဘာလုပ်ချင်သေးလို့လဲ"

"အေး. . . အဲဒါ ဥပါသိကာမအဖွဲ့ရဲ့ ခေါင်းဆောင်အလှဆုံး မိန်းမကို ငါရအောင် ပိုးပြမယ်ကွာ"

http://cyberbooks.myanmarchat.org



"တော်စမ်းပါ ယစ်ထုပ်ရယ်၊ ကိုယ့်အလုပ်က သေသောက်ဖို့ပါ၊ သေရည်လောက် မကောင်းဘူး အလကား၊ အချိန်ကုန် အလုပ်ရှုပ်သနဲ့"

"အံမာ. . . ဒီမိန်းမ ငါ့ကို ပြန်မကြိုက်လို့ မရဘူး၊ ပြန်ကြိုက်အောင် ငါလုပ်ပြရမလား"

"သွားစမ်းပါ၊ မင်းလို ယစ်ထုပ်ကိုများ၊ ဟိုကလှည့်တောင်ကြည့်မှာ မဟုတ်ဘူး၊ တခြားစီ. . . တခြားစီ"

သေသောက်ကြူး လူရမ်းကားတစ်စုသည် တစ်ယောက်တစ်ပေါက်ပွက်လောရိုက် ဆူညံငြင်းခုန်ကြတော့၏။ နောက်ဆုံးတွင်ကား. . .

"ကိုင်း. . . အဲဒီ ဥပါသိကာမ အဖွဲ့ထဲက မိန်းမတစ်ယောက်ယောက် သီလပျက်အောင်လုပ်နိုင်တဲ့ကောင်ရှိရင် အသပြာတစ်ထောင်ကြေး လောင်းတမ်းကွာ"

"ဟေ့ကောင်၊ အရက်သမား စကားတည်ရမယ်နော်၊ မင်းတကယ်လား"

"ဟောဒီ အရက်ခွက်ကိုသောက်ပြီး သစ္စာဆိုပြလိုက်ရမလား"

"ကောင်းပြီ စိမ်လိုက်၊ အဲဒီ အထဲက တစ်ယောက်ယောက်မဟုတ်ဘူး၊ အဖွဲ့ခေါင်းဆောင် မိန်းမကို သီလကျိုးအောင် ငါလုပ်ပြမယ်"

"စိမ်လိုက်၊ ပွဲကြီးပွဲကောင်းပဲ၊ မင်းတို့နှစ်ယောက်ရဲ့ အလောင်းအစားမှာ ဘယ်သူရှုံးရှုံး၊ ဘယ်သူနိုင်နိုင် ငါတို့ကတော့ ငိုစား၊ ရယ်စားပဲကွ၊ ဟေဟေ့- အရက်တဝကြီး သောက်ရသေးတော့"

* * *

သေသောက်ကြူးသမားသည် စောင်းတူရိယာ၌ ကျွမ်းကျင်သူဖြစ်၏။ သူ၏ ခုနစ်ကြိုးတပ် စောင်းကို ကောင်းကောင်းကြီး လေ့ကျင့်

http://cyberbooks.myanmarchat.org



တီးခတ်ကာ အခွင့်ကောင်းကို စောင့်ခဲ့လေသည်။ တစ်နေ့တွင်ကား သူသည် သန့်ပြန့်စွာ ဝတ်ဆင်လျက် စောင်းကိုကိုင်ကာ ဥပါသိကာမများ နားနေမည့် ဇရပ်မှစောင့်ခဲ့၏။ အဝေးဆီမှ လာနေကြသည်ကို မြင်လျှင်ပင် သူသည် စောင်းကြိုးကို ထပ်ညှိကာ အထူးတလည် စပ်ဆိုသီကုံးထားသော တေးတစ်ပုဒ်ကို သာယာနာပျော်ဖွယ် သီကျူးလိုက်လေသည်။

ထိုတေးကား ယောက်ျား မိန်းမတို့၏ ရာဂအချစ်၊ တဏှာပေမနှင့် စပ်ယှဉ်သော နူရွလှုပသည့် စကားလုံးများ၊ သံစဉ်နိမ့်မြင့်များဖြင့် ဖွဲ့ဆိုထားသည့် တေးပင်ဖြစ်လေသည်။

ဥပါသိကာမများ အဖွဲ့၏ ငြိမ်သက်ကြည်လင်သော စိတ်အစဉ်ရေအပြင်ဝယ် ထူးဆန်းသော လှိုင်းဂယက်များက ခပ်ကြမ်းကြမ်း လှုပ်နှိုးသွား၏။ ရှက်စနိုးဖြင့် တစ်ဦးကို တစ်ဦးကြည့်ရင်း အသံလာရာဆီသို့ ငဲ့စောင်းကြည့်လိုက်မိကြ၏။ ဇရပ်ထောင့်မှ စောင်းဆရာ၏ အကြည့်များက ဥပါသိကာမ အဖွဲ့ခေါင်းဆောင် အမျိုးသမီးထံတွင် စူးစူးဝါးဝါး ကျရောက်နေလေသည်။

ခေါင်းဆောင်အမျိုးသမီးသည် နီရဲသော မျက်နှာဖြင့် မျက်လွှာများကို ကမန်းကတန်း ချလိုက်မိရှာ၏။ သို့သော် ဂီတသံနှင့် တေးသီချင်းကမူ နားအာရုံထဲသို့ လူးလွန့်ထိုးဖောက် ဝင်ရောက်လာ၏။ မကြည့်ရဲ၍ မျက်စိလွှဲလို့ ရသော်လည်း မကြားချင်လို့မရ။ နားဆင်နေရ၏။ သေသောက်ကြူး လူရမ်းကား စောင်းသမားသည် တေးစာသားကို ပိုရှင်းပီသအောင် သီကျူးကာ စောင်းကြိုးများကိုလည်း ခပ်ကြမ်းကြမ်း တို့ထိတီးခတ်နေတော့သည်။

ဥပါသိကာမများ အဖွဲ့ခေါင်းဆောင် မိန်းမသည် အယောင်ယောင် အမှားမှားဖြင့် နံ့သာပျောင်း ထည့်ထားသော ငွေကြုတ်ကို

http://cyberbooks.myanmarchat.org



ကောက်ကိုင်ကာ ဇရပ်ပေါ်မှ ဆင်းသွား၏။ ဥပါသိကာမများသည် လိုက်ပါသွားကြ သည်။ စောင်းသံနှင့် တေးသံတို့က ဇရပ်ပေါ်တွင် ဝေး၍ ကျန်ရစ်ခဲ့၏။ သို့သော် သောတအာရုံမှ တစ်ဆင့် ရင်ထဲသို့ ဝင်ရောက် ခိုကပ်သွား ခဲ့ပြီဖြစ်ကြောင်း၊ စောင်းသမား သေသောက်ကြူး ကောင်းစွာ သိလိုက်ပြီး၊ အားပါးတရ ပြုံးလိုက်လေသည်။

တစ်ရက်။ နောက်တစ်ရက်။ နောက်တစ်ရက်။

တေးဂီတသည် ပို၍ ပို၍ စူးရဲလာသည်။ ဂီတသံစဉ်က ပို၍ သာယာနာပျော်ဖွယ် ဖြစ်လာ၏။ တေးသွားစကားလုံးများကလည်း ပို၍ တိကျ ထိခတ်လာ၏။ အချစ်ဘွဲ့၊ မေတ္တာဘွဲ့၊ တူနှစ်ကိုယ် လျှောင်းမွေ့ အတွေ့ အိပ်မက်ကို ထိထိမိမိကြီး ဖော်ကျူးလာ၏။

ခေါင်းဆောင် အမျိုးသမီး၏ရင်သည် ဗလောင်ဆူလာလေသည်။

စောင်းကြိုးများပေါ်၌ ကိလေသာ အမှောင်တိုက်သည် မြူးထူး ခုန်ပေါက်ရာမှတစ်ဆင့် အင်အားကြီးစွာ ဖြန့်ကျက် လွှမ်းမိုးသွားလေပြီ။

* * *

ဥပါသကာ အမျိုးသားသည် စိတ်မချမ်းမြေ့စွာဖြင့်ပင် အမေး စကားကို ဒုတိယအကြိမ် ထပ်ဆိုလိုက်ရလေသည်။

"သတင်းစကားတွေကတော့ နားနဲ့မဆံ့တော့ဘူး ရှင်မရယ်၊ ပြောတဲ့သူတွေက အခိုင်အမာ ပြောကုန်ကြပြီ၊ နေ့ရက် အချိန်နေရာ အတိအကျနဲ့ကို ပြောနေကြတာဆိုတော့"

အကယ်၍လည်း သတင်းအတိအကျ ရထားပြီဖြစ်၏။ အသပြာ တစ်ထောင်ကြေးလောင်းထားပြီး ရှုံးသွားသောသူများက ဥပါသကာအဖွဲ့ ခေါင်းဆောင်ကို ဖြစ်ကြောင်းကုန်စင် သတင်းပေး တိုင်တန်းလိုက်ကြပြီ

http://cyberbooks.myanmarchat.org



ဖြစ်လေသည်။

"မဟုတ်ရပါဘူးရှင်၊ အလကား အမနာပတွေပါ"

ဇနီးသည် အကြောက်အကန် ငြင်းနေသည်။ သို့သော် မျက်နှာကို လွှဲထားပြီး အသံကလည်း မူမမှန်။

"ရှင်ပြောမှ သိရတယ်၊ ကျွန်မဖြင့် နားရှိလို့သာ ကြားရ၊ အို. . . ရှက်စရာ ကောင်းလိုက်တာ"

"အေး. . . ရှက်စရာ ကောင်းလွန်းလို့ ပြောနေတာပေါ့ကွာ၊ ကိမိလတစ်မြို့လုံးမှာ ဒီအပုပ်နံ့က တထောင်းထောင်းထနေပြီ သိလား"

ဇနီးသည်အတွက် ဘူးခံ၍ ငြင်းရန်မှတစ်ပါး အခြားမရှိတော့။ ဤအခြေသို့ ဆိုက်နေသည့်တိုင် ဘူးကွယ်ငြင်းဆန်ရန်သာ ရှိတော့၏။

နောက်ဆုံးတွင်ကား ဇနီးဖြစ်သူသည် ကြံရာမရဖြစ်ကာ ပြောမိပြောရာ ပြောချလိုက်တော့၏။ အနီးတွင်ရှိသော နားရွက်ပြတ်နေသည့် ခွေးကြီးတစ်ကောင်ကို လက်ညှိုးထိုးပြပြီး-

"ကိုင်း. . . ရှင်မယုံရင် ကျွန်မ ကျိန်ပြမယ်၊ ဟောဟိုမှာ နားရွက်ပြတ်နေတဲ့ ခွေးကြီးတွေ့လား၊ ရှင်စွပ်စွဲသလို ကျွန်မဟာ သေသောက်ကျူးသမား တစ်ယောက်နဲ့ ဖောက်လွဲဖောက်ပြန် ပြုမိတယ်ဆိုရင် ဟောဟို နားရွက်ပြတ် ခွေးနက်ကြီးဟာ ဖြစ်လေရာ ဘဝမှာ ကျွန်မကို ကိုက်စားပါစေသား၊ ကဲ. . . ကျိန်လိုက်ပြီ၊ ဒါမှ မယုံလဲ မတတ်နိုင်ဘူး"

မိန်းမသည် ကျိန်ဆိုပြီး ချာခနဲ လှည့်ထွက်သွားလေသည်။

ဥပါသိကာ ခေါင်းဆောင်ကမူ စိတ်မချမ်းမြေ့စွာဖြင့်ပင် ဇနီးသည်၏ အဖော်ဖြစ်သော ဥပါသိကာမများ အဖွဲ့ဝင် မိန်းမတို့ကို မေးမြန်းစုံစမ်းကြည့်ပြန်၏။

မိန်းမများသည်လည်း တိုင်ပင်ထားသကဲ့သို့ တညီတညွတ်

http://cyberbooks.myanmarchat.org



တည်း ပြောကြလေသည်။ စင်စစ် ဤမဖွယ်မရာ ဖြစ်ရပ်ကြီးထဲ၌ သူတို့သည်လည်း အစအဆုံး သိရှိထားကြသူများပင် ဖြစ်၏။ သို့သော် ခေါင်းဆောင်မိန်းမ၏ စကားအတိုင်း သူတို့ နင်းလိုက်ကြရတော့မည်။

"မမဟာ. . . ဒီလို မဟုတ်ရှာပါဘူးတော်၊ ကျွန်မတို့လဲ ဘာမှ မသိပါဘူး၊ သိသိကြီးနဲ့ ကျွန်မတို့က ဖုံးကွယ်ထိန်ချန်ထားတာလဲ မဟုတ်ပါဘူး၊ ကျွန်မတို့ကလဲ ကျိန်ပြပါ့မယ်၊ ဒီစကားအတိုင်း မမှန်ပါက ဖြစ်လေရာဘဝမှာ မမရဲ့ ကျွန်တွေ ဖြစ်ရပါစေတော်"

* * *

မကောင်းမှု ဒုစရိုက်ကို ကျူးလွန်ထားပြီဟူသော အသိစိတ် ကပင် ပြန်လည်၍ နှိပ်စက်ညှဉ်းပန်းတော့၏။ ခေါင်းဆောင်မိန်းမသည် ဖောက်ပြားကျူးလွန်မိသော ထိုအပြစ်နှင့်၊ ထိုအပြစ်ကို ဖုံးကွယ်ငြင်းဆန်ထားရသော ဘဝတွင် အပူမီး တောက်လောင်ခဲ့လေသည်။ ထိုအပူမီးဖြင့်ပင် တစ်စတစ်စ ခြောက်သွေ့ ပိန်ချုံးလာကာ စိတ်ထောင်းကိုယ်ကြေ ဖြစ်ပြီး သေလွန်သွားခဲ့၏။ သေသည်၏ အခြားမဲ့၌ကား-

ဟိမဝန္တာတောင်ကြီး၏ အိုင်ကြီးခုနစ်အိုင်တွင် တစ်ခုအပါအဝင် ဖြစ်သော ကဏ္ဍမုဏ္ဍအိုင်အနီးတွင် ဗိမာန်နှင့်တကွ ပေါ်ပေါက်လာသော လေးထောင့်ရေကန်ကြီး၌-

နတ်ပြိတ္တာမ ဖြစ်လာလေသည်။

ပူးပေါင်း လိမ်လည်ထွက်ဆိုကြသော မိန်းမတို့သည်လည်း ထိုနတ်ပြိတ္တာမ၏ ကျွန်မများ ဖြစ်လာကြ၏။ ဤမျှသာမကသေး-

* * *

http://cyberbooks.myanmarchat.org



နေ့အခါ ရေစီး၍၊ ညအခါ ရေမစီးသော တောင်ခေါင်းမြစ်ကြီး အတိုင်း လိုက်လာခဲ့သော ဗာရာဏသီမင်းကြီးသည် တောင်ခေါင်းမှ အထွက်တွင် သာယာလှပလွန်းသည့် သရက်ပင်အုပ် တောနက်ကြီးကို ဘွားခနဲ တွေ့လိုက်ရ၏။

ထိုမျှသာမက ဝမ်းသာအားရ ခုန်ပေါက်မြူးထူးကာ သူ့ထံပြေး လာကြသော မိန်းမများကိုလည်း တွေ့လိုက်ရလေသည်။

"အရှင်ဟာ နတ်သားတမျှ ချောမောလှပတဲ့ ယောက်ျားပဲ"

"ကျွန်မတို့ မျှောလိုက်တဲ့ သရက်သီးကို တွေ့ပြီး ဒီကို အရောက် လာခဲ့တာပေ့ါနော်၊ အို့ . . တကယ့် လူစွမ်းကောင်းပါလား"

"မယ်မင်းတို့ရေ့ . . တို့များ အနှစ်ငါးရာ့ငါးဆယ်လုံးလုံး သည် အတိုင်း နေနေခဲ့ရတာ၊ အခုတော့ တို့များအတွက် အရှင်သခင် ခင်ပွန်း လင်ရောက်လာပြီဟေ့"

"အရှင်ရယ် ဟောဒီနေရာမှာ နတ်သြဇာအလား၊ သစ်သီးဝလံ တွေလဲ စားမကုန်အောင် ရှိပါတယ်၊ လှပတဲ့ ဉယျာဉ်ကြီးနဲ့ ရေကန်ကြီး လဲ ရှိပါတယ်၊ ဒါ့ထက်မက အရှင့်အတွက် အချိုမြိန်ဆုံး အရသာ အမြိုက်ကို ပေးစွမ်းလုပ်ကျွေးမယ့် ကျွန်မတို့တစ်တွေလဲ ရှိပါတယ်၊ အခု အရှင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီနော်၊ အမယ်လေး ဝမ်းသာ လိုက်တာ၊ တို့များ ဂင်္ဂါမြစ်ဆီအရောက် သရက်သီး ပစ်ချမျှောလိုက်ရကျိုး နပ်ပြီ"

အလုအယက် ကျွက်ကျွက်ညံနေသော ထိုအသံများ အားလုံးကို အောင်မြင်ထည်ဝါသလောက် ချိုမြသော အသံတစ်သံက ဖုံးလွှမ်းသွား ၏။

"မယ်မင်းတို့ အားလုံး ဖယ်လိုက်ကြစမ်း"

http://cyberbooks.myanmarchat.org



အသံရှင်ရှိရာသို့ ဗာရာဏသီမင်းကြီး လှမ်းကြည့်လိုက်၏။

အလှဆုံး အချောဆုံး မိန်းမ။ ဝတ်စားတန်ဆာ အတောက်ဆုံး မိန်းမ။ စောစောက ဝိုင်းအုံလာသော မိန်းမများ၏ အကြီးအကဲဖြစ်ကြောင်း မင်းကြီးသဘောပေါက်သွား၏။

ထိုမိန်းမလျှောက်လာရာ လမ်းအတိုင်း ကျန်မိန်းမများသည် တစ်ဖက်တစ်ချက်ဆီသို့ ဖယ်ရှား နောက်ဆုတ်ပေးကြရ၏။

"ဗိမာန်သခင်မက အရှင့်ကို ကြိုဆိုလိုက်ပါတယ်၊ အရှင့်ရဲ့ အမျိုးအမည်ကို သိပါရစေ"

"ကျွန်ုပ် ဗာရာဏသီမင်း ဖြစ်ပါတယ်၊ ခုလို ဒီနေရာကို ဧည့်သည်အဖြစ် ရောက်လာရတာ ကျွန်ုပ် ဝမ်းသာမိပါတယ်"

ဗိမာန်သခင်ဆိုသော ခေါင်းဆောင်မိန်းမလှက မာယာမျက်လုံးများဖြင့် ပြုံးရယ်၍ လက်ကမ်း၏။

"အို. . . ဧည့်သည်လို့ မပြောပါနဲ့တော်၊ အရှင်ရယ်"

*　　　*　　　*

အနှစ် ငါးဆယ်. . . အနှစ် တစ်ရာ. . . အနှစ် တစ်ရာ့ ငါးဆယ်. . .

ဗာရာဏသီမင်းသည် ဤမျှသော ကာလတို့ကိုပင် ကုန်မှန်းမသိ ဖြတ်သန်းလွန်မြောက်ခဲ့လေသည်။

ရသာ ချိုမြိန်ထူးကဲလှသော သရက်သီးနှင့် အခြားသစ်သီးဝလံများကို စားသုံးလျက် ဗိမာန်ကြီးထက်တွင် ဖျော်ဖြေယုယမှု ပေါင်းစုံကို ခံစားလျက် လေးထောင့်ကန်ကြီးနှင့် တောတောင် သဘာဝအလှတွင်

http://cyberbooks.myanmarchat.org



မွှေ့လျော်လျက်၊ ထိုမျှသာမက ခေါင်းဆောင်မိန်းမလှ၏ နွေးထွေးလှိုက်လှဲ ထူးကဲသော ချစ်ခြင်းကွန်ယက်တွင် မေ့မူးလျက် အပျော်ကြီး ပျော်ခဲ့လေသော မင်းကြီးမှာ နှစ်ပေါင်းတစ်ရာ့ငါးဆယ်တို့ ကုန်လွန်သွားသည်ကို မသိလိုက်။

ဤနေရာ၊ ဤဒေသ၊ ဤမိန်းမလှတို့အလယ်တွင် အချိန်ကာလသည် မင်းကြီးအတွက် ပျောက်ဆုံးလျက်ရှိ၏။

သို့သော် အရာရာတိုင်းတွင် အကွေ့အချိုးအပြောင်းအရွေ့တို့ တည်ရာ တစ်ထောင့် တစ်နေရာ ခရီးဆုံတစ်ခုရှိမြဲ ဖြစ်လေရာ. . .

တစ်ခုသော ညဉ့်၏ သန်းခေါင်အချိန်။ စက်ရာထက်တွင် ဖျတ်ခနဲ နိုးလာသော ဗာရာဏသီမင်းသည် ချိုးချိုးချွတ်ချွတ် မြည်သံ၊ ပွတ်တိုက်လှုပ်ရှားသံများကို ကြားလိုက်ရသဖြင့် စက်ရာမှ အသာအယာ အသံလာရာဆီသို့ တိတ်တဆိတ် စူးစမ်းခဲ့၏။

မိန်းမလှ ခေါင်းဆောင်သည် စက်ရာဆောင်ထဲမှ လျှို့ဝှက်စွာ ထွက်သွားသည်ကို မင်းကြီးတွေ့လိုက်ရ၏။ သန်းခေါင်ညဉ့် အချိန်မတော်ကြီးတွင် ဤမိန်းမဘယ်သို့သွားလေသနည်း။မင်းကြီးသည် တိတ်တဆိတ် နောက်ယောင်ခံ လိုက်လာခဲ့လေသည်။

မိန်းမလှသည် ဗိမာန်အဆောင်များကို ဖြတ်လျက် လေးထောင့်ရေကန်ကြီးရှိရာသို့ ဦးတည်သွားနေ၏။ တစ်ခုခုက တွန်း၍ ပို့နေသလို၊ တစ်ခုခုက ဆွဲငင်ယူနေသလို၊ သူမ၏ လှုပ်ရှားမှုများသည် ကမန်းကတန်းနိုင်လှ၏။

လေးထောင့်ကန်ကြီး နားသို့ ရောက်သွားသည်။

မင်းကြီးသည် ချုံတစ်ခုအကွယ်မှ ချောင်းမြောင်းစောင့်ဆိုင်း နေ၏။ ဤမိန်းမသည် သန်းခေါင်အချိန်မတော်၌ ရေကူးတတ်သည်လော။

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



ချည့်နဲ့သော လရောင်အောက်မှ မြင်ကွင်းကို မင်းကြီး ကြည့်နေဆဲမှာပင်. . .

နှလုံးတုန် သွေးပျက်ဖွယ် အဖြစ်ကို တွေ့လိုက်ရတော့၏။

ဘယ်နေရာက ထွက်လာမှန်း မသိနိုင်သော နားရွက်ပြတ်နေသည့် ခွေးနက်ကြီးတစ်ကောင် ခုန်ထွက်လာသည်။ မိန်းမလှသည် ခွေးနက်ကြီးရှေ့တွင် ဒူးထောက်လျက် လည်စင်းပေးသည်။ ခွေးနက်ကြီးက မိန်းမလှ၏ လည်ကုပ်ကို ခဲလိုက်သည်။ အစွယ်ဖွေးဖွေးကြီးများက လည်ပင်းသားထဲ မြုပ်ဝင်သွားသည်။ သွေးတွေ ရဲခနဲ။

မိန်းမလှသည် ရုန်းကန် ဖယ်ရှား ခုခံခြင်း အလျဉ်းမပြု။

ခွေးနက်ကြီးက လည်ကုပ်မှခဲ၍ ဆွဲခါ တွန်းလှဲလိုက်၏။ ထို့နောက် နားရွက်၊ နှာခေါင်း၊ ပါးစပ်။ ထို့နောက် လက်မောင်း၊ ပခုံး၊ ရင်အုံ၊ တစ်ခုပြီး တစ်ခု၊ တထုပ်ထုပ် တပြတ်ပြတ် ကိုက်ဖဲ့စားသောက်တော့၏။ အသားတစ်တွေ၊ အကြောအမျှင်တွေက သွေးသံတရဲရဲ၊ မိန်းမလှကား ကြီးစွာသော နာကျင်ခြင်းဖြင့် လူးလိမ့်ခံနေရသည့်တိုင် ရုန်းကန်ခြင်း မရှိ။ ခွေးနက်ကြီးကလည်း စိတ်တိုင်းကျ ဖွဲ့ဝါးမျိုရင်း နောက်ဆုံးအရိုးများ ဖွေးဖွေးသား ပေါ်လာသည့်အခါမှ ရေကန်ထဲသို့ ပစ်ချလိုက်လေသည်။

ထိတ်လန့် စက်ဆုပ်ခြင်းများဖြင့် မပျို့အန်မိစေရန် သတိထား ရင်း မင်းကြီးသည် ရေကန်ထဲသို့ ဆက်ကြည့်နေ၏။

ရေအောက်သို့ မြုပ်သွားသော အရိုးစုများကို တွေ့လိုက်ရ၏။ သို့သော် ချက်ချင်းလိုလိုပင် ရေမြှုပ်များ ပလုံစီထလာကာ ရေမျက်နှာပြင်ထက်သို့ တစ်စုံတစ်ခုသည် ဘွားခနဲ ပေါ်လာ၏။ ပေါ်လာသည်မှာ မိန်းမလှ၏ ကိုယ်ရုပ်သွင်။

**ရတနာပုံစာအုပ်တိုက်**

http://cyberbooks.myanmarchat.org



နားရွက်ပြတ် ခွေးနက်ကြီးလည်း မရှိတော့။

*　　　*　　　*

တတိယအကြိမ်အဖြစ် တိတ်တဆိတ် နောက်ယောင်ခံ လိုက်လာခဲ့သည့် ဤ တစ်ခါတွင်ကား မင်းကြီးသည် လေးနှင့်မြားကို ဆောင်လာခဲ့၏။ ထို့နောက် ပစ်ကွင်းအကောင်းဆုံးရမည့် နေရာမှ အသင့်စောင့်နေလိုက်သည်။

နားရွက်ပြတ် ခွေးနက်ကြီး ထွက်လာသည်။

မိန်းမလှက ဒူးထောက်၍ လည်စင်းပေးသည်။

ခွေးနက်ကြီးက အစွယ်များဖြီးလျက် မာန်ဖီ ဟိန်းဟောက်ကာ နှုတ်သီးကို ရှေ့ထုတ်လာချိန်မှာပင်-

မင်းကြီး၏ လေးညို့မြားတံသည် အရှိန်ပြင်းစွာ ထွက်ပျံသွား၏။

စူးစူးဝါးဝါး အသံနက်ကြီးနှင့်အတူ ခွေးနက်ကြီး မြောက်တက်သွားသည်။ သို့သော် ပြန်အကျတွင် မိန်းမလှ၏ လည်ကုပ်ကို ပြန်ခဲသည်။ ဆွဲခါသည်။ မိသမျှ နေရာများကို ကိုက်ဖဲ့သည်။ မင်းကြီးနောက်ထပ် မြားတစ်စင်း ထပ်လွှတ်ပြန်သည်။ တပြောင်းပြောင်း တပြုန်းပြုန်း ဆူညံနေတော့၏။

နောက်ဆုံးတွင်ကား နားရွက်ပြတ် ခွေးနက်ကြီး သေဆုံးသွား၏။

သွေးသံရဲရဲဖြင့် အပိုင်းပိုင်း အထစ်ထစ် ဖြစ်နေသော မိန်းမလှကို မင်းကြီးက ရေကန်ထဲ ပစ်ချလိုက်သည်။ ခဏအကြာတွင် ရေကန်ထဲမှ မိန်းမလှသည် ချောမောသော မူလရုပ်သွင်ဖြင့် ပြန်ပေါ်လာလေသည်။

“အသက်သခင် ကျေးဇူးရှင် မောင်တော်ဘုရား”

မိန်းမလှသည် မင်းကြီး၏ ခြေရင်းတွင် ဒူးထောက်လေသည်။

http://cyberbooks.myanmarchat.org



"ငါ လုပ်စရာရှိတာ လုပ်လိုက်တာပဲ အသက်သခင် ကျေးဇူးရှင်တွေ ဘာတွေ နောက်မှပြော၊ အခု- မင့်အဖြစ်ကို ပြောစမ်း၊ ငါ သုံးကြိမ်တိတိ တိတ်တဆိတ် စူးစမ်းပြီး၊ ခုလို လုပ်လိုက်တာပဲ၊ ကိုင်း. . . ပြောစမ်း . . . မင်းဘယ်လိုဖြစ်ရတာလဲ. . . ဟင်"

မိန်းမလှသည် ဒူးထောက်နေရာမှာ ညွှတ်ခွေကျသွား၏။

"နတ်ပြိတ္တာမရဲ့ဖြစ်ကြောင်း ကုန်စင်ကို ပြောပြပါမယ်၊ မောင်တော်၊ လွန်လေပြီးတဲ့၊ အနှစ်ငါးရာကျော်က ကိမိလဆိုတဲ့ မြို့တစ်မြို့က အစချီရပါမယ်။ အဲဒီမြို့မှာ ကျွန်မကလူ့ဘဝနဲ့ ဥပါသကာ တစ်ယောက်ရဲ့ ဇနီး ဥပါသိကာမ ဖြစ်ခဲ့ပါတယ်။ ဟောဒီ ဗိမာန်က ကျွန်မရဲ့ ကျွန်မတွေကလဲ၊ အဲဒီတုန်းက ဥပါသိကာမ အဖွဲ့ဝင်တွေ ဖြစ်ခဲ့ပါတယ်။ ဒီလိုနဲ့"

ထိတ်လန့်ဖွယ်၊ စက်ဆုပ်ဖွယ်၊ အံ့သြဖွယ် အတိတ်ဖြစ်ရပ်ဟောင်းများကို မင်းကြီး တအံ့တသြကြား သိလိုက်ရလေသည်။

သေသောက်ကြူး စောင်းသမား၏ ဖြားယောင်းမှုဖြင့် လင်ကို လွန်ကျူးဖောက်ပြန် ယစ်မူးခဲ့ပုံ၊ လင်ကစစ်မေးသောအခါ ဘူးကွယ်ငြင်းဆိုရုံမက နားရွက်ပြတ် ခွေးနက်ကြီး၏ ကိုက်ဝါးစားသောက်မှုကို ဖြစ်လေရာ ဘဝမှာ ခံရပါစေသားဟု မဆင်မခြင် မကြောက်မရွံ့ ကျိန်ဆိုခဲ့ပုံ ဥပါသိကာမများကလည်း၊ အလိုတူ အလိုပါပြု၍ ဖြစ်လေရာဘဝ၌ မမ၏ ကျွန်များဖြစ်ပါစေသားဟု ကျိန်ခဲ့ပုံ၊ ထိုဒုစရိုက်မှု အကုသိုလ်၏ အကျိုးဆက်အဖြစ် ယခုအခါ ဗိမာန်သခင် နတ်ပြိတ္တာမ ဘဝတွင် ညဉ့်အခါတိုင်း ဤရေကန်ဘေးသို့ လာ၍ ခွေးနက်ကြီး အစားခံရပုံ၊ ထို့နောက် မူလအသွင်ပြန်ရပုံ၊ နေ့စံညဉ့်ခံရသော နတ်ပြိတ္တာမဘဝ။

"လင်ကိုလွန်၍ မှားယွင်း ဖောက်ပြန်တဲ့ ကာမေသုမိစ္ဆာစာရကံ

http://cyberbooks.myanmarchat.org



ကို ကျူးလွန်ခြင်း၊ မုသားစကားဆို၍ ကျိန်တွယ်ခြင်းတို့ကြောင့် ကျွန်မဟာ အခုလို ဖြစ်ခဲ့ရပါတယ်၊ ကျွန်မတို့ အားလုံး အနှစ်ခုနစ်ရာ တိုင်တိုင် ခံစားကြရမှာပါ. . . အရှင်”

ပြိတ္တာမသည် ကြေကွဲဆို့နင့်စွာ ပြောနေရင်းမှ ကျေကျေနပ်နပ်ကြီး ပြုံးလိုက်၏။

“အခုတော့ ၊ အရှင့်ရဲ့ ကယ်တင်မှုကြောင့် ကျွန်မ ကျွတ်လွတ်လာပြီ အရှင်၊ အရှင်ဟာ ကျွန်တော်မတို့ကို ကယ်တင်ဖို့ ရောက်လာတဲ့ အသက်သခင် ကျေးဇူးရှင်ကြီး အစစ်ပါပဲ၊ ဒါကြောင့် ခုချိန်ကစပြီး ဘေးဒုက္ခအားလုံးက လွတ်မြောက်ပြီဖြစ်တဲ့ ကျွန်မတို့နဲ့အတူတူ လူထက်မက နတ်တမျှ ကာမဂုဏ် စည်းစိမ်အဝဝကို ခံစားပါတော့ မောင်တော်မင်းမြတ်”

ဗာရာဏသီမင်းကြီးသည် နတ်ပြိတ္တာမကို မကြည့်ဘဲ၊ ကဏ္ဍမုဏ္ဍရေအိုင်ကြီး၏ ဟိုမှာဘက် အဝေးဆီသို့ ငေးမျှော်ရင်း လေးပင်စွာ ပြောလိုက်၏။

“ထိတ်လန့်စက်ဆုပ်ဖွယ် အဖြစ်တွေကို သိရကြုံရပြီးတဲ့ နောက်မှာ၊ ကျွန်ုပ်-သင်တို့နဲ့အတူ ဒီမှာ ဆက်နေလိမ့်မယ်လို့- သင်ထင်နေသလား. . . နတ်ပြိတ္တာမ”

ဂင်္ဂါမြစ်၌ မျောပါလာသော သရက်သီးမှ အစပြု၍၊ ကာမဂုဏ်၏ စေးပျစ်မှုတို့၌ ငြိတွယ်ခဲ့လေသော မင်းကြီး၏ သန္တာန်သည် အမိုက်မှောင်ထုမှ လွတ်ကင်းသွားခဲ့လေပြီ။

နတ်ပြိတ္တာမ၏ ငိုယို တောင်းပန်ခြင်း၊ ချော့မြှူဆွဲဆောင်ခြင်းများအားလုံးသည်၊ မင်းကြီးအတွက် စိုးစဉ်းမျှ အရာမထင်တော့ချေ။

* * *

**ရတနာပုံစာအုပ်တိုက်**

http://cyberbooks.myanmarchat.org



မင်းကြီး ပြည်တော်ပြန်ခဲ့သည်။ သံဝေဂတို့ဖြင့် နေထိုင်လျက် ကောင်းမှု ကုသိုလ်ပြုကာ၊ ကံကုန်သောအခါ၊ နတ်ပြည်သို့ ရောက်ရှိသွားသည်။

ဂေါတမ မြတ်စွာဘုရား လက်ထက်တော်၌ ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည်၊ ဟိမဝန္တာပြည်သို့ ကြွမြန်းတော်မူရင်း ဝေမာနိက ပြိတ္တာမနှင့်တွေ့ရှိခဲ့ရ၏။ ပြိတ္တာမ လျှောက်ထားသော ဖြစ်ရပ်အလုံးစုံကို အရှင်မြတ်သည် မြတ်စွာဘုရားအား ထပ်မံလျှောက်ထားခဲ့၏။ ဘုရားရှင်၏ ဒေသနာတော်မှတစ်ဆင့် ဤဖြစ်ရပ်ကို ကြားနာရသော လူအပေါင်းတို့သည်လည်း ကြီးစွာသော သတိသံဝေဂဖြင့် ဆင်ခြင်နှလုံးသွင်းကြလေသည်။

* * *

http://cyberbooks.myanmarchat.org

# နန်းတော်ထဲမှ အသံနက်ကြီးများ

ဤဘဒ္ဒကမ္ဘာမှ ရှေးကိုးဆယ့်နှစ်ကမ္ဘာထက်ကာလ။

ဖုဿမြတ်စွာဘုရားလက်ထက်တော် ဖြစ်၏။

ဘုရားရှင်၏ ခမည်းတော်၊ ကာသိနေပြည်တော်ကြီးသခင်၊ ဇယသေနမင်းကြီးသည် သားတော်၏ သဗ္ဗညုဘုရားရှင်အဖြစ် ထွန်းပွင့်တော်မူလာခြင်းကို အတိုင်းထက် အလွန်နှစ်ထောင်းအားရ ဖြစ်နေလေသည်။ ဇယသေနမင်းကြီး၏ သဒ္ဒါကြည်ညိုမှုမှာ လွန်လွန်ကဲကဲ ဖြစ်လာ၏။ လောကသုံးပါး အထွဋ်ဘုရား ပွင့်တော်မူသည် မှန်သော်လည်း မင်းကြီးအတွက်မှာမူ၊ ငါ့သားတော်သည် ဗုဒ္ဓ၊ ဗုဒ္ဓသည် ငါ့သားတော်။ ထို့ကြောင့် ဖခင်တစ်ဦးအနေဖြင့် သားကိုပိုင်ဆိုင်သကဲ့သို့ မြတ်စွာဘုရားမှာလည်း ငါပိုင် ဘုရားသာ ဖြစ်သည်ဟု လွန်ကဲသော မြတ်နိုးခြင်းဖြင့် အစွဲကြီး စွဲ၍ နေတော့၏။

**ရတနာပုံစာအုပ်တိုက်**

http://cyberbooks.myanmarchat.org



ထို့ကြောင့်၊ ဘုရားရှင်အား ပြုစုပူဇော် လုပ်ကျွေးခြင်းကိုလည်း မိမိတစ်ဦးတည်းသာ အချိန်ပြည့် ယူထား၏။ အခြားတစ်ပါးသူများအား အလှည့်မပေးတော့ချေ။

သက်ဦးဆံပိုင်ဘုရင်၏ အမိန့်ကို မည်သူမျှလည်း စောဒက မတက်ရဲကြ။ ဘုရားရှင်အား လုပ်ကျွေးပူဇော်လိုကြသော ကာသိပြည်သူ များမှာ သဒ္ဓါအားကြီးကြပါသော်လည်း၊ မင်းကြီး၏ ရာဇအာဏာက အဟန့်အတား ဖြစ်နေ၍၊ အာဏာ၏ ပိတ်ဆို့မှုအောက်တွင် မခံချည့် မခံသာ ဖြစ်နေကြလေသည်။

သို့သော်၊ မင်းကြီး၏ အပြုအမူကို ထိုးဖောက်တော်လှန်ရန် ကြံစည်နေကြသူ သုံးဦး ရှိ၏။ ထိုသူတို့မှာ ဖုဿဘုရားရှင်၏ ဖတူမိကွဲ ဖြစ်သော ညီနောင်သုံးပါးတို့ ဖြစ်သည်။ ခမည်းတော်ကြီး၏ အပြုအမူ မှာ သဒ္ဓါလွန်ကဲလွန်းအားကြီးသည် မှန်သော်လည်း အစွန်းရောက်နေ သည်ဟု မင်းသားညီနောင်တို့ ဆုံးဖြတ်ကြ၏။ ဘုရားရှင် ပွင့်တော်မူ သည်မှာ လောကသုံးပါး လူသားများအားလုံးအတွက် ဖြစ်သည်။ တစ်ဦး တစ်ယောက် ကောင်းစားရေးအတွက် မဟုတ်။ ခမည်းတော်သည် ငါ့သား ဘုရားဟူသော အစွဲဖြင့် တစ်ကိုယ်တည်းပိုင် လုပ်ထားသည်။ အခြား သူများအား ကြည်ညိုဖူးမြော်ခွင့်ကိုမှ မပေးနိုင်လောက်အောင် ဖြစ်နေ သည်။ ဤသည်ကို မည်သို့ဖောက်ဖျက် တော်လှန်ကြမည်နည်း။

မင်းသားညီနောင်တို့ တိုင်ပင်ဆွေးနွေးကာ အကောင်အထည် ဖော်လိုက်ကြ၏။ သိမ်မွေ့သော ပရိယာယ်တစ်ခုကို ဖန်တီးလိုက်ကြ၏။

* * *

http://cyberbooks.myanmarchat.org



များမကြာမီမှာပင် ကာသိနေပြည်တော်၏ အစွန်အဖျား နယ်ပယ်ဒေသများ၌ သူပုန်သူကန်များ ထကြွသည့်သတင်း ပေါ်ပေါက်လာသည်။ ဇယသေနမင်းကြီးလည်း သားတော်သုံးပါးကို သူပုန်များ နှိမ်နှင်းရန် အမိန့်ပေးကာ စေလွှတ်လိုက်လေသည်။ စင်စစ် ထိုသူပုန်များမှာ မင်းသားညီနောင်တို့ တမင် ဖန်တီးထားသည့် အယောင်ဆောင် လှုပ်ရှားမှုမျှသာဖြစ်ကြောင်း မင်းကြီးမသိလေ။

ညီနောင်သုံးပါးတို့သည် သူပုန်များကိုသွားရောက် ဖယ်ရှား နှိမ်နှင်းပစ်လိုက်ကြပြီး မိမိတို့ အောင်ပွဲရခဲ့ကြောင်း ခမည်းတော်အား သံတော်ဦးတင်လိုက်ကြ၏။

မင်းကြီးက နှစ်ထောင်းအားရ မိန့်တော်မူသည်။

"သားတော်တို့ လိုရာဆုတောင်းကြ၊ ခမည်းတော် ချီးမြှောက်မယ်"

ညီနောင်သုံးပါးတို့က တညီတညွတ်တည်း တောင်းဆိုလိုက်ကြ၏။

"မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးပူဇော်ခွင့်ပြုတော်မူပါ"

ဇယသေနမင်းကြီး အခက်ကြုံသွား၏။ အခြား လိုရာဆုကို တောင်းကြရန် တောင်းပန်ရတော့သည်။ မင်းသားညီနောင်တို့ကလည်း ခေါင်းမာစွာဖြင့် ဤဆုမှတစ်ပါး မည်သည့် အခြားဆုကိုမှ အလိုမရှိကြောင်း တညီတည်း တောင်းဆိုကြ၏။

ဤသို့ဖြင့် ခမည်းတော်နှင့် သားတော်တို့ အချိန်ကာလ အပိုင်းအခြားကို အပေးအယူညှိကြရတော့သည်။ ခုနစ်နှစ်ကာလကို မင်းသားတို့က စ၍တောင်းဆို၏။ မင်းကြီးက ငြင်းပယ်ကာ နှစ်ဦးနှစ်ဖက် လျှော့ပေါ့ညှိနှိုင်းကြရင်းဖြင့် နောက်ဆုံး သုံးလအပိုင်းအခြား ပူဇော်ခွင့်

http://cyberbooks.myanmarchat.org



၌ သဘောတူကြသည်။

ဤကာလထက် လျှော့ပေါ့ရေးကို ညီနောင်သုံးပါးတို့က လုံးဝ လက်မခံကြကြောင်း မင်းကြီးသိရသောအခါ ကျေကျေနပ်နပ်ပင် ခွင့်ပြု လိုက်ရလေသည်။ တစ်ဝါတွင်း သုံးလအချိန်မျှ ပြုစုလုပ်ကျွေးခွင့် ဟူသည်မှာလည်း ခွင့်မပြု၍ မဖြစ်နိုင်တော့သော အပိုင်းအခြားပင်။

မင်းသားညီနောင်တို့လည်း ခွင့်ပြုချက်ကိုရသည်နှင့် မင်းချင်း ယောက်ျားတို့နှင့် စီမံခန့်ခွဲကာ ဘုရားရှင်နှင့် ရဟန်းသံဃာများ အတွက် အစွမ်းကုန်ပြင်ဆင်ကြတော့၏။ ညီနောင်သုံးပါးတို့ ကိုယ်တိုင်လည်း ဖန်ရည်ဆိုး အဝတ်များကိုသာ ဝတ်ဆင်ကြကာ ဗုဒ္ဓ သံဃဝေယျာ ဝစ္စမှန် သမျှကို ဆောင်ရွက်ကြလေသည်။

ဤအချိန်မှာပင် အရေးကြီးသောဖြစ်ရပ်များ ပေါ်ပေါက်လာခြင်း ဖြစ်၏။

ညီနောင်သုံးပါးတို့၏ ဘဏ္ဍာစိုးဖြစ်သော သူကြွယ်သားသည် ရတနာသုံးပါးတို့၌ အထူးသဖြင့် သက်ဝင်ကြည်ညိုသူ ဖြစ်၏။ သူကြွယ် သားဇနီး ဖြစ်သူကလည်း ခင်ပွန်းသည်နှင့်အတူပင် သဒ္ဓါအားကောင်း သူဖြစ်၏။ ဘဏ္ဍာစိုး ဇနီးမောင်နှံတို့သည် မင်းသားညီနောင်တို့၏ အမိန့် ဖြင့် ဘုရားအမှူးရှိသော ရဟန်းတော်တို့အတွက် ဒါနဝတ် ဝေယျာဝစ္စ များကို အစွမ်းကုန်ပြုကြလေသည်။

မင်းသားညီနောင်တို့၏ အထူးယုံကြည်လွှဲအပ်ခံရသော ဘဏ္ဍာ စိုးဖြစ်သည့်အလျောက် အခြား ဇနပုဒ်များမှ မင်းမှုထမ်းများသည်လည်း မိမိတို့၏ ဇနပုဒ်သားများနှင့်တကွ ဘဏ္ဍာစိုးထံ အပ်နှံဆောင်ရွက်ရန် တာဝန်ပေးကြပြန်သည်။

ဇယသေနမင်းကြီး၏ တစ်ဦးတည်းပိုင်သား ဘုရားအဖြစ် ပြုစု

http://cyberbooks.myanmarchat.org



လုပ်ကျွေးနေရာမှ ယခုလို ဝါတွင်းသုံးလကာလ တိုင်းသားပြည်သူတို့ ပူဇော်ခွင့်ရလေသော အခွင့်အရေးကြီးကို ကာသိတစ်ပြည်လုံး သောင်း သောင်းဖြဖြ ဝမ်းသာအားရ ကုသိုလ်ပွဲကြီး ဆင်နွှဲကြလေတော့သည်။

သို့သော် ဤသို့သော် အခွင့်ထူးကြီးကို လူအများစုကြီးက လက် မလွတ်စတမ်း ရယူနေကြချိန်တွင် မိုက်မဲညံ့ဖျင်းသော သူများလည်း ပါလာ၏။ ထိုသူတို့မှာ ဘဏ္ဍာစိုးကို ယုံကြည်၍ ဝေယျာဝစ္စအမှုများ အပ်နှံသည့် ဇနပုဒ်မင်းမှုထမ်း အရာရှိများနှင့်အတူပါလာသော ဇနပုဒ် သားများပင် ဖြစ်သည်။

သူတို့အတွက် ရတနာသုံးပါး ဝေယျာဝစ္စအမှုဆိုသည်မှာ အလုပ် ပိုတွေဟု ယူဆကြ၏။ ဘဏ္ဍာစိုး မောင်နှံတို့ကြီးမှူးခန့်ခွဲနေသည်များ ကိုလည်း လူတွင်ကျယ်လုပ်သည်ဟု ပြောဆိုကြ၏။ သို့သော် သူတို့၏ အုပ်ချုပ်သူများက တာဝန်ပေးသဖြင့် ဝေယျာဝစ္စ အလုပ်များကို မရှောင် လွှဲသာကြ။ ထိုအခါ. . .

မိုက်မဲသော ဇနပုဒ်သားတို့သည် အလှူဒါနကို ဖျက်လို ဖျက်ဆီး ပြုကြတော့၏။ လှူဖွယ်ဝတ္ထုများကို ကိုယ်တိုင် ကဲ့ယူခိုးဝှက် သုံးစွဲ စားသောက်ပစ်ကြ၏။ ဆွမ်းချက်တဲဇရပ်များကို မတော်တဆ ဖြစ်ဟန် ပြု၍ မီးတင်ရှို့ပစ်ကြ၏။

မင်းသားညီနောင်သုံးပါး၊ ဘဏ္ဍာစိုးမောင်နှံနှင့် အခြား တာဝန်ရှိ ပုဂ္ဂိုလ်များမှာကား ဖုဿဘုရားရှင်နှင့် သံဃာတော်များအတွက် ဒါနဝတ် ဝေယျာဝစ္စဖြင့် ပျော်ရွှင်ကြည်နူးစွာ အင်တိုက်အားတိုက် အလုပ်လုပ် နေကြသည်ဖြစ်၍ ထိုလူတို့၏ ဖျက်ဆီးနှောင့်ယှက်မှုကို သတိမထားကြ။ ဤသို့ဖြင့်. . .

ဝါတွင်းသုံးလပတ်လုံး ပူဇော်လုပ်ကျွေးကြပြီးနောက် သီတင်း

http://cyberbooks.myanmarchat.org



ကျွတ် ပဝါရဏာပြုပြီးသောအခါ မင်းသားညီနောင်တို့နှင့် ကုသိုလ်အတူ ပြုဖက်များသည် ဘုရားရှင်အား ခြံရံလျက် ဇယသေနမင်းကြီးထံ ပြန် လည်ပို့ဆောင်ခဲ့ကြလေသည်။

ဤသည်မှာ ဤဘဒ္ဒကမ္ဘာမှ လွန်ခဲ့သော ကိုးဆယ့်နှစ်ကမ္ဘာ ဖုဿဘုရားရှင်လက်ထက်တော်က အဖြစ်အပျက်တစ်ခု ဖြစ်သည်။

ကမ္ဘာပေါင်းများစွာ ဖြတ်သန်းကုန်ဆုံးခဲ့သည်။ သတ္တဝါတို့၏ သံသရာလည်း အစဉ်အတိုင်း ကံအလျောက် လည်ပတ်ခဲ့ကြသည်။ မင်းသားညီနောင်တို့နှင့် ဘဏ္ဍာစိုးမောင်နှံ၊ ဇနပုဒ်အကြီးအကဲများ၊ အမှုထမ်းများသည် ပြုကြသော ကုသိုလ်ကံအတိုင်း နတ်ပြည်နတ်ဘုံ တစ်ခုမှတစ်ခု ပြောင်းရွှေ့စံမြန်းခဲ့ကြသည်။

ဒါနဝတ်နှင့် ပူဇော်ပွဲကို နှောင့်ယှက်ဖျက်ဆီးကြသူများအား ပြုခဲ့သော အကုသိုလ်အလျောက် ငရဲတစ်ခုမှ တစ်ခု ကျင်လည်ကျ ရောက်ခဲ့ကြသည်။

ကိုးဆယ့်နှစ်ကမ္ဘာ ကုန်လွန်ခဲ့၏။

ဘဒ္ဒကမ္ဘာသို့ရောက်ခဲ့၏။ ကဿပဘုရားရှင် လက်ထက်တော် သို့ ရောက်ခဲ့၏။ မိုက်မဲယုတ်မာသော ထိုလူစုသည် ပြိတ္တာများ ဖြစ်လာ ကြလေသည်။

*  *  *

သာသနာတော် ပွင့်လန်းသော ကဿပဘုရားရှင် လက်ထက် တော်၌ လူအများတို့သည် မိမိတို့၏ ကွယ်လွန်လေပြီးသော ဆွေမျိုး ဘိုးဘွား မိဘတို့အား ရည်စူး၍ အလှူပေးကြ၏။ ထို့နောက် ကုသိုလ် ဒါနကို ဆွေမျိုးတို့အား ရည်စူး၍ အမျှဝေကြရာ၊ ပြိတ္တာဖြစ်နေသော

http://cyberbooks.myanmarchat.org



ထိုဆွေမျိုးများမှာ ကုသိုလ်အဖို့ကို သာဓုအနုမောဒနာ ခေါ်နိုင်ကြပြီး အကျိုးကျေးဇူးများ ခံစားကြရလေသည်။

ဤတွင် ဖုဿဘုရားရှင်လက်ထက်က အလှူဒါနကို ဖျက်ဆီးနှောင့်ယှက်ခဲ့ပြီး၊ ယခုအခါ ပြိတ္တာဖြစ်နေကြသူများသည် ကဿပဘုရားရှင်ထံချဉ်းကပ်၍ မိမိတို့သည်လည်း ဤသို့ အလားတူ သာဓုအနုမောဒနာခေါ်ဆိုကာ စည်းစိမ်ချမ်းသာ ရရှိနိုင်ပါမည်လော၊ ပြိတ္တာဘဝမှ ကျွတ်လွတ်နိုင်ပါမည်လောဟု မေးလျှောက်ကြလေသည်။

ကဿပဘုရားရှင်က မိန့်ကြားတော်မူ၏။

"ယခုအခါ သင်တို့မရနိုင်၊ နောင်အခါ ဤဘဒ္ဒကမ္ဘာမှာ ဂေါတမအမည်ရှိသော ဗုဒ္ဓဘုရား ပွင့်တော်မူမည်၊ ထိုဘုရားရှင် လက်ထက်မှာ ဗိမ္ဗိသာရအမည်ရှိ ဘုရင်တစ်ပါး ဖြစ်ထွန်းမည်၊ ထိုမင်းသည် ကိုးဆယ့်နှစ် ကမ္ဘာထက်ကာလက သင်တို့နှင့် အဆွေအမျိုး ဖြစ်ခဲ့သည်၊ ထိုမင်းသည် ဘုရားရှင်အား အလှူပေးပြီး အမျှဝေလိမ့်မည်၊ ထိုအခါမှ သင်တို့ သာဓုခေါ်ကာ စည်းစိမ်ချမ်းသာ ရရှိကြမည်"

ပြိတ္တာတို့မှာ ကဿပဘုရားရှင်၏ မိန့်တော်မူစကားကို ကြားသောအခါ ယနေ့မနက်ဖြန်ပင် ရတော့မည်ကဲ့သို့ မှတ်ယူခဲ့ကြလေသည်။

* * *

ဂေါတမဘုရားရှင် လက်ထက်တော်သို့ ရောက်လာ၏။

ယောဂီဝတ်၊ ဥပုသ်သီတင်း ဆောက်တည်ကာ တစ်ဝါတွင်း ကာလ ဖုဿဘုရားရှင်အား ပူဇော်လုပ်ကျွေးခဲ့သော မင်းသားညီနောင်သုံးပါးတို့သည် အခြံအရံ မင်းချင်းတစ်ထောင်နှင့်တကွ နတ်ပြည်မှာ စုတေခဲ့ကြသည်။ မဂဓတိုင်း ပုဏ္ဏားမျိုးမှာ ဖြစ်လာကြပြီးနောက် အချိန်

http://cyberbooks.myanmarchat.org



ရောက်သောအခါ ရသေ့ ရဟန်းပြုကြပြီး ဇယာသီသ၌ ဥရုဝေဠ ကဿပ၊ နဒီကဿပ၊ ဂယာကဿပ အမည်ဖြင့် ရသေ့ဖြစ်လာကြ၏။

ဘဏ္ဍာစိုး သူကြွယ်လင်မယားမှာ ဝိသာခါ အနာဂါမ်သူဌေးကြီး ဖြစ်လာသည်။ သူ၏ကြင်ယာမှာ ဓမ္မဒိန္နာသူဌေးသမီး ဖြစ်လာ၏။ ဖုဿ ဘုရားရှင်အား ပူဇော်လုပ်ကျွေးကြစဉ်က ဇနပုဒ်များသို့ လှည့်လည်၍ အမှုစုံ ဆောင်ရွက်ခဲ့သော အမျိုးသားတစ်ယောက်ရှိ၏။ ထိုအမျိုးသား မှာ ဗိမ္ဗိသာရမင်းကြီး ဖြစ်လာလေသည်။ ကြွင်းသော ဇနပုဒ်သားတို့ မှာ ဗိမ္ဗိသာရမင်းကြီး၏ အခြွေအရံ ပရိသတ်များ ဖြစ်လာကြလေသည်။

အရိယာဖြစ်လာသော ဗိမ္ဗိသာရမင်းကြီးသည် တစ်နေ့သောအခါ ရာဇဂြိုဟ်နန်းတော်တွင်း၌ ဘုရားရှင်နှင့် ရဟန်းတော်များအား ဆွမ်းအမှု ဖြင့် လုပ်ကျွေးပူဇော်၏။

ကဿပဘုရားရှင်၏ မိန့်တော်မူချက်ကို ကြားရပြီးကတည်းက အမျှော်ကြီး မျှော်ခဲ့ရသော ပြိတ္တာတို့သည် ဗိမ္ဗိသာရမင်းကြီး၏ ဆွမ်းဒါန ပွဲကို စောင့်ဆိုင်းနေခဲ့ကြ၏။ ယခု ဆွမ်းအလှူပွဲကြီး ဖြစ်မြောက်လေပြီ။ အစောင့်ကြီး စောင့်ခဲ့ရသော နေ့သို့တိုင်ပေပြီ။ ကမ္ဘာပေါင်းများစွာ ငရဲခံရပြီးနောက် ငရဲမှလွတ်ကာ ပြိတ္တာဘဝရောက်ခဲ့ရသော ဆင်းရဲဒုက္ခ ကြီးမှ ကင်းလွတ်ရတော့မည်။

ဗိမ္ဗိသာရမင်းကြီး၏ ဆွမ်းပွဲ။ ရာဇဂြိုဟ်နန်းတော်ထဲမှ အမျှ အတန်းပေးဝေပွဲ။ ကုသိုလ်အဖို့ဘာဂကို သာဓုခေါ်ဆိုကာ ပြိတ္တာဘဝ မှ ကျွတ်လွတ်ကြရန်အတွက် အားခဲထားရသောနေ့။

ကိုးဆယ့်နှစ်ကမ္ဘာက ဆွေမျိုးတော်စပ်ခဲ့သော ဗိမ္ဗိသာရ မင်းကြီး သည် ယခုပွဲကြီးတွင် မိမိတို့အား မုချအမျှပေးဝေတော့မည်။

နန်းတော်ထဲသို့ ပြိတ္တာများ စုရုံးရောက်ရှိလာကြ၏။

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



သင့်တော်ရာနေရာများတွင် ခိုကပ်ကာ မင်းကြီး၏ အမျှဝေသံ ကို နားတစွင့်စွင့်နှင့် သာဓုခေါ်ရန် နှုတ်တပြင်ပြင်ဖြင့် စောင့်နေကြ၏။

သို့သော် . . .

ဗိမ္ဗိသာရမင်းကြီးလည်း ဆွမ်းအလှူပွဲ ပြီးသွားပြီးနောက် ဘုရားရှင်နှင့် သံဃာတော်များ သီတင်းသုံးရန်နေရာ၊ ကျောင်းဆောက်ရန် ကိစ္စများဆီသို့ အာရုံရောက်နေသည်။ ထိုကိစ္စများကို စဉ်းစားနေသည့် အတွက် ဘယ်သူ့ကိုမျှ ရည်ညွှန်း၍ အမျှအတန်း ပေးဝေခြင်းမပြုခဲ့။ အမျှအတန်းပေးဝေရန်ကိုပင် သတိမရ။

ပြိတ္တာများမှာ မျှော်လင့်ချက်ကြီး ပျက်စီးသွားကြ၏။ ဆွမ်းအလှူပွဲ ကျင်းပနေသည့်နေ့၏ ညဉ့်ကာလသို့ ရောက်လာ၏။ ဗိမ္ဗိသာရမင်းကြီးသည် နောက်နေ့နောက်နေ့များအတွက် ရတနာသုံးပါး ပူဇော်ခြင်း အမှုတို့ကို စဉ်းစားရင်း စက်ရာဆောင် ဝင်ခဲ့လေသည်။ ဤတွင် . . . နန်းတော်ထဲ၌ ထူးဆန်း၍ ကြောက်မက်ဖွယ် နှလုံးတုန်ဖွယ် အသံကြီးများ ပေါ်လာလေသည်။

*　　　*　　　*

နားမချမ်းသာဖွယ် အသံနက်ကြီးများမှာ နန်းတော်အဆောင်များ ၏ နေရာအနှံ့အပြားမှ ပေါ်ပေါက်လာကြ၏။ တဟီး . . . ဟီး ငိုညည်းသံကြီးများ၊ စူးစူးဝါးဝါး ရေရွတ်သံကြီးများ၊ မသဲမကွဲ မြည်တမ်းသံကြီးများမှာ နန်းတော်နံရံများထဲမှ ထွက်လာသလိုလို၊ မျက်နှာကြက်မှ ကျလာသလိုလို၊ ကြမ်းပြင်မှ ဖောက်ထွက်လာ သလိုလိုနှင့် အတောမသတ် တရစပ် ပေါ်လာကြ၏။

အသံနက်ကြီးများ ပေါ်ထွက်လာရာတွင်လည်း မည်သည့် အရိပ်

http://cyberbooks.myanmarchat.org



အရောင်ကိုမျှ မတွေ့ရ။ နင့်နင့်သီးသီးကြီး ရှိုက်ငင်နေသော အသံနက်ကြီးများသည် ကြောက်စရာ ကောင်းလှသလို ရွံ့ရှာစက်ဆုပ်စရာလည်း ကောင်းလှ၏။

ဗိမ္ဗိသာရမင်းကြီး ပြင်းစွာ ထိတ်လန့်တုန်လှုပ်သွားသည်။

ထိုညဉ့်က ကောင်းစွာ စက်တော်မခေါ်နိုင်ခဲ့။

အလူးလူး အလွန့်လွန့်ဖြင့်ပင် နံနက် အရုဏ်ပျိုးလု ကာလ ရောက်ခဲ့၏။ ညဉ့်အမှောင် မပျောက်တပြောက် အရုဏ်မပျိုးတပျိုးမှာပင် မင်းကြီးသည် မြတ်စွာဘုရားရှင်ထံ သွားရောက်ခဲ့လေသည်။

* * *

နန်းတော်တွင်း၌ အလှူဒါနပွဲကြီး တစ်ခုစီမံကြပြန်၏။

ဗိမ္ဗိသာရမင်းကြီး၏ အလှူပွဲပင် ဖြစ်၏။ ဘုရားအမှူးရှိသော သံဃာတော်များ ကြွရောက်တော်မူလာကြသည်။

မင်းကြီး၏ မျက်နှာသွင်မှာ စိတ်လှုပ်ရှားနေဟန်ရှိ၏။

ယခုအလှူပွဲကား၊ တစ်မူထူးခြားသည့်ပွဲ ဖြစ်၏။

မင်းကြီးသည် ဘုရားရှင်ထံသို့ ဝင်ရောက်ဖူးမြော်၍ နန်းတော်ထဲမှ အသံနက်ကြီးများအကြောင်း လျှောက်ထားခဲ့ကာ ထိုအသံနက်ကြီးများကြောင့် မိမိ၌ ထိခိုက်နိုင်ပါသလောဟု မေးလျှောက်ခဲ့၏။

ဘုရားရှင်၏ မိန့်တော်မူချက်ကို မင်းကြီး ကောင်းစွာ နှလုံးပိုက်ထား၏။

"ဤအသံနက်ကြီးများက ဒကာတော်ကို မည်သို့မျှ အပြစ်မဖြစ်စေနိုင်၊ အသံရှင်များမှာ ပြိတ္တာ ဖြစ်နေကြသော ဆွေမျိုးဟောင်းများဖြစ်တယ်၊ အလှူပွဲမှ သင်မင်းကြီးရဲ့ အမျှအတန်း ပေးဝေမှုကို သူတို့

http://cyberbooks.myanmarchat.org



ရယူဖို့ စောင့်စားခဲ့ကြတယ်၊ ယမန်နေ့ အလှူပွဲမှာ၊ သင်မင်းကြီး အမျှမပေးဝေခဲ့သည့်အတွက် ဖောက်ပြန်သော အသံများဖြင့် အော်ဟစ်ညည်းတွားကြခြင်း ဖြစ်တယ်"

"အလှူပွဲ ထပ်မံပြုလုပ်၍ ပြိတ္တာများကို အမျှပေးဝေရင် ချမ်းသာခွင့်ရနိုင်ကြပါသလား ဘုရား"ဟု မင်းကြီး မေးလျှောက်သည် တွင် ရနိုင်သည်ဟု ဘုရားရှင် မိန့်တော်မူခဲ့၏။

ဤသို့ဖြင့် ထူးခြားသော အလှူပွဲကြီး တစ်ခုပေါ်ပေါက်လာခြင်း ဖြစ်လာသည်။

ဘုရားရှင်နှင့် ရဟန်းတော်များ ကြွတော်မူကာ အသင့် ခင်းကျင်းထားသော နေရာများ၌ စံပယ်တော်မူကြပေပြီ။

မြတ်စွာဘုရားသည် စုရုံးရောက်ရှိလာသော ပြိတ္တာများ အားလုံးကို မင်းကြီးမြင်နိုင်လောက်အောင် တန်ခိုးတော်ဖြင့် ဖန်ဆင်းပေးတော်မူ၏။ ပြိတ္တာများ၏ မတင့်မတယ်၊ ရွံ့ရှာစက်ဆုပ်ဖွယ် သနားစဖွယ် ရုပ်သွင်များကို နန်းတော်နံရံများဆီ၌ ဗိမ္ဗိသာရမင်းကြီး အတိုင်းသား မြင်နေရသည်။

ဆွမ်း ပူဇော်လုပ်ကျွေးပွဲ ပြီးသွားခဲ့ပြီ။

ဗိမ္ဗိသာရမင်းကြီးသည် အလှူရေစက်ချသောအခါ၊ ဤကုသိုလ်အဖို့ကို ဆွေမျိုး ပြိတ္တာတို့ရကြပါစေ၊ ရောက်ပါစေဟု ရည်ညွှန်းမှန်းဆ အမျှပေးဝေလိုက်၏။ သာဓုခေါ်သံများကို မင်းကြီးနားနှင့် ဆတ်ဆတ်ကြားလိုက်ရ၏။ ထိုခဏမှာပင် . . .

ပြိတ္တာတို့အတွက် ကြာရိုးကြာစွယ်တို့ဖြင့် နှံ့လွှမ်းသော ရေကန်ကြီးများ အလိုလိုပေါ်လာ၏။ ထိုရေကန်များ၌ ချိုးကြ၊ သောက်ကြပြီး

http://cyberbooks.myanmarchat.org



နောက်တွင် ပြိတ္တာတို့၏ မတင့်မတယ် ရုပ်ဆင်းများ ပျောက်ကွယ်ကာ ဝင်းဝါတင့်တယ်သော ရုပ်အဆင်းသို့ ပြောင်းလဲသွားကြ၏။

ထိုမျှသာမက၊ ခဲဖွယ်ဘောဇဉ်များ၊ အဝတ်နေရာ ထိုင်ခင်းများ ဗိမာန်ပြာသာဒ် အသုံးအဆောင်များလည်း အပြည့်အစုံ ပေါ်ပေါက်လာကြသည်။ ထိုအခြင်းအရာများ အားလုံးကို ဘုရားရှင်၏ တန်ခိုးတော်ဖြင့် ဖန်ဆင်း အဓိဋ္ဌာန် တော်မူချက်ဖြင့် မင်းကြီးသည် မျက်ဝါးထင်ထင် တွေ့ရလေသည်။

ဆွမ်း အနုမောဒနာတရားကို ဟောကြားတော်မူရာ၌လည်း မြတ်စွာဘုရားသည် သေသူတို့အတွက် အလှူဒါနပြုပြီး အမျှဝေခြင်းဖြင့် ချမ်းသာရာ ရနိုင်ကြောင်း ဟောကြားတော်မူလေသည်။

ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်ထဲ၌ ကြောက်ရွံ့စက်ဆုပ်ဖွယ် အသံနက်ကြီးများ နောင်ဘယ်တော့မှ ပေါ်မလာတော့ပေ။

**(တိရောကုဋ္ဋပေတဝတ္ထုတော်)**

http://cyberbooks.myanmarchat.org

# အပ်ချည်တစ်မျှင် သံယောဇဉ်

အဆန်းတကြယ် အသွယ်သွယ်သော ရတနာတို့ဖြင့် မွမ်းမံတည်ဆောက်ထားအပ်သော ဘုံဗိမာန်ကြီး ပိုင်ရှင်။

အခြွေအရံ ယောကျ်ားမိန်းမတို့ အလဲအလှယ် မပြတ်ခစားနေကြသော စည်းစိမ်ချမ်းသာ။ ဘယ်တော့မှ သုံးမကုန်နိုင်သည့် အဝတ်အထည် အသုံးအဆောင် ပစ္စည်းများ။ ရွှေ ငွေ စိန် ကျောက် အဆင်တန်ဆာများ၊ စားကောင်းသောက်ဖွယ်၊ အဖျော်ရည်အာဟာရများ။ စောင်းငြင်းဖွယ်သာ တူရိယာငါးပါးတို့၏ ဂီတသံများ။

"ဝေမာနိက" ဘုံနန်းရှင် နတ်ပြိတ္တာဘဝတွင် အစခပ်သိမ်းဘာကိုမှ လိုလေသေး မရှိဟု ယူဆစရာ ဖြစ်၏။ သို့သော် ဤ စည်းစိမ်ချမ်းသာ အားလုံးသည်၊ ဆားမပါသော ဟင်းပွဲကြီး ဖြစ်နေ၏။ ပျော်ရွှင်ပျော်မွေ့ ခံတွင်းတွေ့စရာ လုံးဝမရှိ။ စည်းစိမ်ချမ်းသာအားလုံးသည်

http://cyberbooks.myanmarchat.org



ပေါ့ပျက်ပျက် ဖွယ်တယ်တယ်။ တူရိယာ ဂီတသံများသည်လည်း ခြောက်ကပ်ကပ်၊ ကုန်ကုန်ပြောရလျှင် ရတနာဗိမာန်ကြီး တစ်ခုလုံးသည်ပင် လျှင် အသက်ကင်းမဲ့နေသော အဆောက်အအုံ အသေကြီးဖြစ်၏။

ဤအရာအားလုံး၏ အညွှာဖြစ်လေသော “တစ်စုံတစ်ရာ” သည် လိုအပ်နေ၏။ ဗိမာန်ကြီး အသက်ဝင်လာစေမည့် သော့ချက်တစ်ခု လိုအပ်နေ၏။ ထိုအရာကား. . . အခြားမဟုတ်. . .

“အချစ်”

*　　　*　　　*

ဗိမာန်ရှင် နတ်ပြိတ္တာသည် ဗလာဟင်းလင်း ဖြစ်နေသော မိမိ၏ နှလုံးသားကို ပြန်လည်ဆင်ခြင် ကြည့်မိ၏။ ထိုနှလုံးသားက တောင်းဆိုနေသောအရာ၏ မူလဖြစ်ဖျားခံရာ အဦးအစကို မျှော်ခေါ်ကြည့်မိ၏။

မြတ်စွာဘုရားရှင် မပွင့်ထွန်းမီကာလ၊ သာဝတ္ထိပြည်နှင့် မနီး မဝေး ရွာငယ်တစ်ရွာ။ ဗိမာန်တွင် နတ်သား၏ စိတ်ကူးအာရုံ၌ လုလင်ပျို တစ်ယောက်၏ ရုပ်သွင်ပေါ်လာလေသည်။ ထိုလုလင်ပျိုသည် ပစ္စေက ဗုဒ္ဓါတစ်ပါးအား မပြတ်ဆည်းကပ် ပြုစုလုပ်ကျွေးသော အမျိုးကောင်း သားလေး ဖြစ်၏။ ကုသိုလ်ကောင်းမှုဖြင့် ထာဝရ မွေ့လျော်တတ်၏။

တစ်နေ့သောအခါ၊ ဖျူစင်ငြိမ်သက်နေသော သူ့ရင်ဝယ် ဂယက် လှိုင်းများ ထလာဖို့အကြောင်း ဖန်လာလေသည်။

“ငါ့သား အချိန်တန် အရွယ်ရောက်ပြီး၊ ထုံးစံအတိုင်း မျိုးရိုးတူ ထဲက၊ မိန်းကလေး တစ်ယောက်နဲ့ လက်ထပ်ယူရလိမ့်မယ်”

“ကျွန်တော် ဒါတွေကို စိတ်မဝင်စားပါဘူး အမေရယ်”

“မင်းယူရမယ့် မိန်းကလေးကိုတွေ့ရင် မင်းစိတ်ပြောင်းသွားမှာ

http://cyberbooks.myanmarchat.org



ပါ သားရယ်၊ ကြည့်ကြည့်ပါဦး”

“ခက်တော့တာပဲ အမေရာ”

အကယ်ပင် အခက်ကြုံရပြီ ဖြစ်၏။ သတို့သမီးလောင်းကို သူစတွေ့တွေ့ချင်းမှာပင် အမေ့နှယ် စီစဉ်တာ နောက်ကျရန်ကောဟူ၍ စိတ်ပြောင်းသွားသည်။ သည်လောက်လှသော မိန်းကလေးမျိုးနှင့် လက်ထပ်ထိမ်းမြားပေးသည့် အတွက်လည်း အမေ့ကို လွန်စွာမှ ကျေးဇူးတင်သွား၏။

ဤသို့ဖြင့်ပင် လက်ထပ်ပွဲနေ့ကို အမြန်ဆုံး စီစဉ်လိုက်ကြသည်။

ချောမောလှပသော ဇနီးလောင်းကလေးကို တစိမ့်စိမ့်ကြည့်ရင်း ချစ်ခင်တွယ်တာစိတ်များနှင့်အတူ ငါကံကောင်းလေခြင်းဟု တဖွဖွ ကြွေးကြော်မိ၏။

သို့သော်. . .

ကံကြမ္မာတရားမင်း၏ စီရင်ချက်ကား ပြင်းထန်လေစွ။

လက်ထပ်ပြီးသော နေ့မှာပင် သတို့သားသည် သူငယ်ချင်းများနှင့်အတူ ရေချိုးရန်အသွား၊ မြွေကိုက်၍ သေဆုံးသွားခဲ့လေသည်။

လက်ထပ်ယူခဲ့သော ဇနီးသည် အသစ်စက်စက်ကလေးအား ချစ်စကားပင် ဝအောင်မပြောခဲ့ရ။

ဤတွင်. . .

ပစ္စေက ဗုဒ္ဓါအား ပူဇော်လုပ်ကျွေးခဲ့သော ကုသိုလ်အဟုန်များစွာ ရှိခဲ့ပါလျက်၊ ဇနီးချောကလေးအပေါ် ပြင်းစွာတပ်မက်တွယ်တာသော စိတ်ဇောဖြင့် သေဆုံးခဲ့သည်ဖြစ်သောကြောင့်. . .

ဝေမာနိကဘုံနန်းရှင် နတ်ပြိတ္တာ ဖြစ်လာရလေသော ဘဝ။

*　　　*　　　*

**ရတနာပုံစာအုပ်တိုက်**

http://cyberbooks.myanmarchat.org



စွဲလမ်းတပ်မက်ခြင်း၏ ချစ်ခြင်းဝေဒနာတို့က နှိုးဆော်ရိုက်နှက်လာသောအခါ၊ ဗိမာန်ရှင် နတ်ပြိတ္တာသည် ဆုံးဖြတ်ချက်တစ်ခုကို ဝံ့ဝံ့စားစား ချပစ်လိုက်တော့သည်။ ချစ်သူဇနီးအား ဗိမာန်သို့ ခေါ်ဆောင်ပေါင်းသင်းမည်။ ကိုယ်က သူ့ထံမသွားနိုင်လျှင် သူ့ကို ကိုယ့်ထံအရောက်ခေါ်မည်။ မည်သို့အရောက်ခေါ်မည်နည်း။ ယခု မျက်မြင်ဘဝမှာပင်လျှင် ဒိဋ္ဌအကျိုးရစေမည့် ကုသိုလ်ကံ တစ်ခုခု ပြုလုပ်ဖြစ် အောင် မိန်းကလေးကို ဖန်တီးပေးရမည်။ ချစ်သူသည် နတ်၌ဖြစ်သော ချမ်းသာကို မည်သို့ မည်ပုံ ခံစားဖို့ အခွင့်အလမ်း ရှိလေမည်နည်း။

အကြောင်းကြောင်းတို့ ဆုံကြိုက်ပေပြီ။ မိမိသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်များနှင့် အကျိုးပေးသည်ဟု ဆိုရတော့မည်။ သင်္ကန်းချုပ်လုပ်မှုကို ဆောင်ရွက်နေသည့် ပစ္စေကဗုဒ္ဓါ တစ်ပါးကို ဖူးတွေ့လိုက်ရ ၏။ နတ်သားသည် လူ့အသွင်သို့ ဆောင်ပြီး ချဉ်းကပ်ရှိခိုးခဲ့လေသည်။

"အရှင်ဘုရား အပ်ချည်များ အလိုရှိပါသလား ဘုရား"

"ဒကာ. . . ကျွန်ုပ် သင်္ကန်းချုပ်နေပါတယ်" ဟု ပစ္စေကဗုဒ္ဓါ က မိန့်တော်မူ၏။ ဤမျှဆိုလျှင် အရှင်မြတ်သည် အပ်ချည်အလှူကို လက်ခံတော်မူမည်ဖြစ်ကြောင်း သိလိုက်ပြီး. . .

"အရှင်ဘုရား. . . သာဝတ္ထိနဲ့ မနီးမဝေး ရွာငယ်လေး တစ်ရွာမှာ အပ်ချည်ဆွမ်းများသွားရောက် အလှူခံတော်မူပါ ဘုရား"

ရွာလယ်တွင်ရှိသော မိန်းကလေး၏အိမ်ကို အတိအကျပင် ညွှန်ပြလိုက်၏။ ပစ္စေကဗုဒ္ဓါလည်း ထိုအိမ်ရှေ့၌ ရပ်လေသည်။ မိန်းကလေး အိမ်တံခါးမှ ထွက်လာသည်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ဖူးတွေ့ရသောအခါ ကြည်ညိုသဒ္ဓါခြင်း များစွာဖြင့် အပ်ချည်အလိုရှိဟန်တူ၏ ဟု တိုက်ရိုက်ပင် ကြံဆလိုက်၏။ သို့ဖြင့် အပ်ချည်လုံးတစ်လုံး လှူလိုက်

http://cyberbooks.myanmarchat.org



လေသည်။

ဗိမာန်တွင် နတ်သားသည် မိမိစီစဉ်သည့်အတိုင်း အံ့ဝင်ကွက်တိဖြစ်လာ၍ အတိုင်းမသိ ဝမ်းမြောက်သွား၏။ ချစ်သူသည် နတ်စည်းစိမ်ချမ်းသာကို ရရှိနိုင်သော အထောက်အပံ့ ကုသိုလ်ကို မျက်မြင်ဒိဋ္ဌဘဝမှာပင် ပြုပြင်လေပြီ။ ဪ. . . အပ်ချည်မျှင်ကလေး၏ ဤမှာဘက်အစကို ဆွဲကိုင်၍ ဟိုမှာဘက်အစမှ ချစ်သူကို ဆွဲယူခေါ်ငင် ရတော့မည်။ ဤလောကတွင် အခိုင်ခံ့ဆုံး အပ်ချည်မျှင် ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် ချစ်ခြင်း သံယောဇဉ်တို့ဖြင့် ဖွဲ့ချည်ထားသောကြောင့်။

ဗိမာန်ရှင် နတ်သားသည် နောက်တစ်နေ့မှာပင် လူ့အသွင်ဖြင့် ချစ်သူ၏ အိမ်သို့ အရောက်သွား၏။ ထို့နောက် မိခင်ဖြစ်သူအား ပန်ကြားကာ နှစ်ရက် သုံးရက် နေလိုက်သေး၏။ ထို့နောက်. . .

ထိုအိမ်မှာရှိသမျှ အိုးခွက် တောင်း ပုတ် စသည်များ၌ ရွှေအပြည့်ထည့်ပေးလိုက်သည်။ ရွှေအပြည့် အိုးခွက်များပေါ်၌လည်း ကမ္ပည်းစာတမ်း ထိုးလိုက်သည်။ "ဤဥစ္စာတို့သည် နတ်က ချီးမြှင့်သော ဥစ္စာများ ဖြစ်သည်။ မသက်ဆိုင်သူ မည်သူမျှ မယူရ"

မိန်းကလေး၏ မိခင်ကြီးသည် နတ်ပေးသော ပဏ္ဏာလက်ဆောင်ကိုကား ရရှိလိုက်၏။ သို့သော် ထိုရွှေတို့သည် သမီးအတွက် အဖိုးအခတင်တောင်းသော လက်ဖွဲ့ဝင်များ ဖြစ်ကြောင်းကိုကား အသိနောက်ကျသွားခဲ့လေသည်။

နတ်သားသည် သမီးဖြစ်သူအား ဗိမာန်သို့ ဆောင်ကြဉ်းသွားပေပြီ။ သမီးပျောက်ကွယ်သွားပြီ။

* * *

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



မိန်းကလေး၏ မိခင်ကြီးသည် များပြားလှစွာသော ဥစ္စာပစ္စည်းတို့အား လှူဒါန်းပေးကမ်း စွန့်ကြဲလျက်၊ မိမိလည်း သုံးစွဲလျက် နေထိုင်ခဲ့၏။ နောက်ဆုံးတွင် ကြွင်းသော ဥစ္စာများကို ထုပ်ပိုက်သိမ်းဆည်းကာ မိမိကွယ်လွန်ပြီးနောက်၊ သမီးလေး ပြန်ရောက်လာလျှင် ဤပစ္စည်းများကို ပေးရစ်ကြပါဟု မှာကြားကာ သေလွန်ခဲ့လေသည်။

အနှစ်ခုနစ်ရာမှ လွန်မြောက်ခဲ့၏။

ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသည်။ ဘုရားရှင် သည် ဓမ္မစကြာ ဒေသနာတော်ကို ဟောကြားတော်မူ၍ သာဝတ္ထိပြည်သို့ ကြွချီရောက်ရှိတော်မူလာ၏။

* * *

ဗိမာန်နန်းကြီးထဲ၌မူ ဗိမာန်ရှင်နတ်သားနှင့် သူ၏ လူ့ပြည်မှ အရှင်လတ်လတ် ခေါ်ဆောင်လာခဲ့သော ကြင်ယာဇနီးတို့ အချီအချ စကားဆိုနေကြသည်။

မိန်းကလေး၏ မျက်နှာမှာ မရွှင်မပျ။ နတ်သား၏ အသွင်မှာလည်း အလိုမကျဟန်. . .

“အရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို အပ်ချည်လှူခဲ့တဲ့ ကုသိုလ်ရဲ့ အံ့မခန်း အကျိုးဆက်ကို ကျွန်မ ရရှိခံစားနေပါတယ်. . .

“အဝတ်အထည် အသုံးအဆောင်ဆိုတာ သုံးမကုန်နိုင်အောင် ပေါ်များလှတယ်”

“အေးလေကွယ်. . . မင်း ဒီလိုဖြစ်လာဖို့ အကြောင်းခံရှိနေတဲ့ ကုသိုလ်ဆက်ကို ငါကပဲ လှုံ့ဆော်စီမံပေးလိုက်တာပေါ့”

“ကျွန်မ သိပါတယ် အရှင်၊ ဟောဒီ ဗိမာန်နန်းကြီးမှာ ကျွန်မ

http://cyberbooks.myanmarchat.org



အတွက် ဘာမှ လိုလေသေးမရှိပါဘူး၊ ပန်းအမျိုးမျိုး ရတနာအမျိုးမျိုး အခြွေအရံ သင်းပင်းတွေ ဆိုတာကလဲ ပေါမျှားလိုက်ပါဘိခြင်း’

“မိန်းကလေး. . . မင်း ဒီလို နတ်စည်းစိမ် ခံစားနိုင်ဖို့ မင်းကို ငါ ခေါ်ယူလိုက်တာပေါ့၊ အပ်ချည်မျှင်ကလေးရဲ့ တစ်ဖက်တစ်ချက်ဆီက သံယောဇဉ် စွမ်းအားနဲ့ပေါ့ကွယ်. . . ”

“ဟုတ်ပါတယ် အရှင်၊ မကုန်ခန်းနိုင်တဲ့ စည်းစိမ်ချမ်းသာနဲ့အတူ အချစ်ဆိုတဲ့ ရိပ်မြုံမှာလဲ ခိုလှုံခွင့်ရခဲ့ပါတယ်”

“မိန်းကလေး ဒါတွေကို ဘာဖြစ်လို့ အဆန်းလုပ်ပြီး ပြောနေရတာလဲ၊ မင်း မျက်နှာလဲ မရွှင်မပျနဲ့ပါလား”

“အရှင်. . . ကျွန်မတောင်းပန်ပါရစေ၊ ကျွန်မကို အိမ်ပြန်ပို့ပါ”

မိန်းကလေး၏ စကားမှာ ရှင်းလင်းပြတ်သားလှ၏။

“ကျွန်မ အိမ်ပြန်ချင်ပါတယ်၊ ကျွန်မ လူ့ပြည်ပြန်ချင်ပါတယ်”

ချောမောလှပ နုနယ်ခြင်းထဲတွင် ရဲဝံ့ခိုင်မာသော အင်အားနှင့် တိကျပြတ်သားသော ဆုံးဖြတ်ချက်၊ ဝံ့စားသော တောင်းဆိုချက်တို့ကို တွေ့ရလေပြီ။

“မိန်းကလေး ဘယ်လိုပြောလိုက်တာလဲ၊ မင်း နတ်ဗိမာန်ကို ရောက်နေတာ အနှစ်ခုနစ်ရာရှိပြီလေ၊ မင်း လူ့ပြည်ကို ပြန်လို့မဖြစ်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ခုချိန်ဆိုရင် မင်းရဲ့ ဆွေမျိုးသားချင်းတွေမှန်သမျှ တစ်ယောက်မှ မရှိကြတော့ဘူးလေ”

“လူ့ပြည်သာလျှင် ကျွန်မရဲ့ ဘုံဌာန အစစ်အမှန်ပါ အရှင်”

“မိန်းကလေးရယ်၊ မင်း ဒီမှာ ငါနဲ့နေရတာ ငြီးငွေ့လို့လား ဟင်”

“ကျွန်မအားလုံးကို ငြီးငွေ့ပါတယ် ခွင့်လွှတ်ပါ အရှင်၊ နတ်စည်းစိမ်နဲ့တကွ အားလုံးကို ငြီးငွေ့ပါတယ်၊ ကျွန်မကို ပြန်ပို့ပါ”

http://cyberbooks.myanmarchat.org



ဗိမာန်ရှင် နတ်ပြိတ္တာကြီး ငိုင်ကျသွား၏။ အပ်ချည်မျှင်၏ တစ်ဖက် ဟိုမှာဘက်က အစကလေးသည် ပြတ်တောက်သွားခဲ့ပြီကော။

"မိန်းကလေး စဉ်းစားဦး၊ ဒီမှာသာ နတ်စည်းစိမ် နတ်တန်ခိုးနဲ့ မင်း ပကတိအတိုင်း နေနိုင်တာ လူ့ပြည်ပြန်ရောက်ရင် မင်းဟာ မယုံနိုင်စရာ၊ အိုမင်းရွတ်တွတဲ့ အဘွားအိုကြီးအသွင် ပြောင်းသွားမယ်၊ ပြီးတော့"

နတ်သားသည် လှိုက်လှဲစွာဖြင့်. . .

"လူ့ပြည်ရောက်ပြီးနောက် မင်း ခုနစ်ရက်ပဲ အသက်ရှင်ခွင့် ရတော့မယ်၊ မိန်းကလေး"

"ကျွန်မကို ပြန်ပို့ပါ"

"မိန်းကလေး ဆွေမျိုးသားချင်းတွေလဲ မရှိတော့တဲ့ လူ့ပြည်၊ ကိုယ်တိုင်ကလဲ အဘွားကြီးရုပ်အသွင် ဖြစ်တော့မယ့် လူ့ပြည်၊ ပြီးတော့ ခုနစ်ရက်သာ အသက်ရှင်ရတော့မယ့် လူ့ပြည်ကို မင်းဘာကြောင့် ပြန်သွားချင်ရတာလဲကွယ်"

"အရှင်. . . လူ့ပြည်မှာ ကျွန်မ ကုသိုလ်ကောင်းမှုတွေ အများကြီး လုပ်စရာရှိနေပါတယ်၊ ကျွန်မကို ပြန်ပို့ပါတော့ အရှင်"

ပြတ်တောက် လွင့်စဉ်သွားသော အပ်ချည်လုံးကလေး တစ်ခုကို နတ်ပြိတ္တာကြီး အတိုင်းသား တွေ့မြင်လိုက်ရတော့၏။

"ကောင်းပါပြီကွယ်၊ ချစ်သူရဲ့ ဆန္ဒကို လိုက်လျောခြင်းကြောင့် မိမိမှာ နှလုံးကြေကွဲရတယ်ဆိုရင်လဲ ငါ့နှလုံးအကြေကွဲခံလိုက်ပါတော့မယ်၊ မင်းကို ငါပြန်ပို့ပါမယ် မိန်းကလေးရယ်၊ အင်း. . . လူ့ပြည်မှာ မင်း မိခင်ကြီးကို ငါပေးခဲ့တဲ့ရွှေတွေ ရှိနေပါတယ်၊ မင်း မိခင်ကြီး ရွှေတွေ မြှုပ်နှံထားခဲ့ရာကိုလဲ ငါညွှန်ပြလိုက်ပါ့မယ်၊ အဲဒီရွှေတွေနဲ့ အလှူဒါန တွေပြု ကောင်းမှုကုသိုလ်တွေ ပြုပါလေတော့ကဲ. . . "

http://cyberbooks.myanmarchat.org



နတ်ပြိတ္တာကြီးသည် မိန်းကလေး၏ လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။ ထိုခဏ၌ ဖြူလဲ့ပြာမှိုင်း အငွေ့များ ခြောင်းခြောင်း ထ,သွားလေသည်။

*            *            *

စည်းဝေးရောက်လာ လူများစွာတို့ ပြိတ္တာ လူ့ဘဝနှစ်ဌာနမှာ ကြာလှကြာရှည် နေခဲ့ရသော ငါ့အတွက် မယုံနိုင်လောက်အောင် ထူးဆန်းသော ဖြစ်ရပ်များနဲ့ ကြုံတွေ့ခဲ့ရပြီး စင်စစ်တော့ ကောင်းမှုကင်းကွာတဲ့ ပြိတ္တာအပေါင်းတို့ဟာ ဆင်းရဲပင်ပန်း မရွှင်လန်း ခံစားနေကြရပေတယ်၊ အလားတူပဲ လူတွေဟာလဲ အမေ့မေ့ အလျော့လျော့ အပေါ့ပေါ့ အဆဆနဲ့ ကုသိုလ်အမှု မပြုခဲ့ကြရင် ဒါန၊ သီလ၊ ဘာဝနာ ကင်းကွာခဲ့ကြ၍ ဆင်းရဲဒုက္ခကြီးစွာ ရောက်ကြရလိမ့်မယ်၊ အို. . . လူအပေါင်းတို့ ကုသိုလ်ကောင်းမှုမှာ ညွတ်ကြပါ၊ ပြုကြ ကျင့်ကြပါ၊ ဒီလိုပြုကျင့်တော့ လူချမ်းသာ နတ်ချမ်းသာ စင်စစ်ဖြစ်ကြရလိမ့်မယ်၊ ငါ့ကိုယ်တွေ့ပါ လူအပေါင်းတို့၊ ငါရဲ့ မျက်မြင်ဒိဋ္ဌ ဘဝကိုယ်တွေ့ပါ၊ မယုံမရှိကြပါနဲ့၊ မကောင်းမှုကို ဝေးဝေးက ရှောင်ကြ၊ ကောင်းမှုကို ဆောင်ကြ”

သာဝတ္ထိပြည်နှင့် မနီးမဝေးရွာငယ်တစ်ရွာ၏ ရွာလယ်လမ်းမဆုံတွင် မည်သို့မည်ပုံရောက်လာမှန်း မသိရသော အဘွားအိုကြီး တစ်ယောက် တတွတ်တွတ် ရေရွတ်နေသည်ကို လူအများ တအံ့တသြ တွေ့လာကြရ၏။

အဘွားအိုကြီး၏ အိုမင်းပုံမှာလည်း မည်သည့် အခြား အဘိုးအို၊ အဘွားအိုနှင့်မျှ မတူဘဲ၊ ယခုပင် ပြိုလဲကျိုးကျသွားတော့မတတ် အလွန်

http://cyberbooks.myanmarchat.org



အမင်း အိုမင်းခြင်းကို ဆောင်နေ၏။

"မယုံမရှိကြနဲ့၊ ငါ့ကိုယ်တွေ့"

ထူးဆန်းသော အဘွားအိုကြီးသည် တတွတ်တွတ် ရေရွတ်ရင်း ရွာအစွန် တစ်နေရာသို့ တရွေ့ရွေ့သွားကာ တစ်ခုသော သစ်ပင်ရင်းမှ ရွှေအိုးများကို တူးဖော်ယူလိုက်ပါ၏။ ရွာသူရွာသား ခရီးသွားများ အားလုံး ဟယ်ခနဲ ဖြစ်သွားကြလေသည်။

အဘွားအိုကြီးသည် ထိုရွှေများဖြင့် အယုတ်အလတ် အမြတ် မရွေး ကြီးစွာသော အလှူကြီးပေးကာ ခုနစ်ရက်မြောက်နေ့တွင် ညင်သာ စွာ အသက်ထွက်သွားလေသည်။

ကုသိုလ်အညွန့်တို့ဖြင့် အဘွားအိုသည် တာဝတိံသာ နတ်ပြည်သို့ ရောက်ရှိသွား၏။ ထိုအချိန်တွင် ပစ္စေကဗုဒ္ဓါအား ပြုစုပူဇော်ခဲ့သော ကောင်းမှုရှိပါလျက်၊ လက်ထပ်ပြီး ဇနီးချောအပေါ် တွယ်တာတပ်မက် ခြင်း ဇောများဖြင့် သေဆုံးကာ ဗိမာန်နန်းရှင် နတ်ပြိတ္တာကြီး ဖြစ်ခဲ့ရလေ သော ထိုတစ်ယောက်မှာကား . . .

ဖရိုဖရဲ ပြတ်တောက်ထွေးယှက် လိမ်ရှုပ်နေသော အပ်ချည်လုံး ကလေး တစ်လုံးကို ကိုင်ကြည့်ရင်း သူ၏ ဗိမာန်နန်းကြီးထဲ၌ တအုံ့နွေးနွေး တဆွေးပူပူ တညည်းညူညူဖြင့် . . .။

**(သုတ္တပေတ ဝတ္ထုတော်)**

http://cyberbooks.myanmarchat.org

# ဂိဠကုဋ်ချိုင့်ဝှမ်းထဲမှာ

"ရာဇဂြိုဟ်နေပြည်တော်နှင့် မဂဓနိုင်ငံတော် တစ်လွှားရှိ တရားစိုးမင်းများ အားလုံး ရှေ့တော်မှောက် ဝင်ရောက်စုရုံး ခစားကြရမည်"

ဟူသော အမိန့်စာထွက်လာပြီ ဆိုကတည်းက သူသည် တုန်လှုပ်ချောက်ချားသွား၏။

ဗိမ္ဗိသာရမင်းကြီး ရှေ့မှောက် ညီလာခံသဘင်သို့ သူမရောက်သည်မှာ နှစ်အနည်းငယ် ကြာခဲ့ပြီ။ မှတ်မှတ်ရရ ဆိုရလျှင် သူ့ကို တရားစိုးမင်းအဖြစ် ရာထူးပေး ခန့်အပ်သည့် တစ်ကြိမ်နှင့် လွန်ခဲ့သည့် သုံးနှစ်မင်း ဘဏ္ဍာတော် စာရင်းများ ပြုစုအပ်နှံခဲ့စဉ်က တစ်ကြိမ်၊ စုစုပေါင်း နှစ်ကြိမ်တည်းသာ မင်းကြီးရှေ့မှောက် သူ အခစားရောက်ခဲ့သည်။ သည့်နောက်တော့ ကိုယ်ပိုင်ရာ ဒေသမှာပဲ၊ အင်း. . . အမှုတွေက များသမို့ အခစား မဝင်ဖြစ်ခဲ့။ နန်းတော်ကလည်း မဆင့်ခေါ်ခဲ့။ အချိန်တန်တော့

http://cyberbooks.myanmarchat.org



မှ အရပ်ရပ် အခွန်ဘဏ္ဍာ စည်းကြပ်ရရှိသော အသပြာ၊ ပစ္စည်း ဥစ္စာများကို စာရင်းမှတ်တမ်းပြုကာ ဆက်သွင်းခဲ့သည် ချည်းပင်။

အခြားသော မြို့စား၊ နယ်စားတွေလို မဟုတ်ဘဲ တရားတဘောင် အမှုကြီးငယ်တို့ကို စီရင်ဆုံးဖြတ်ရသော 'တရားစိုး ဖြစ်သောကြောင့် သူသည် ဘုရင့်နန်းတော်သို့ အချိန်မှန် ဝင်ရောက်ခစားစရာလည်း မလိုချေ။ သူ့ ပိုင်နက် သူ့အာဏာစက်ပျံ့ရာ ဒေသအတွင်းမှာ ပေါ်ပေါက်ခဲ့သမျှသော အမှုအခင်းတွေ၊ စီရင်ထုံးတွေ ကြားမှာသာ သူနစ်မြုပ်လုံးပမ်းနေခဲ့သည်။

ရွှေတိုက်ဝန်စာရင်းထဲသို့ သူက ကိန်းဂဏန်းများနှင့် အမှုစီရင်ထုံးများကိုသာ ပေးသွင်းခဲ့သည်။ ဘာမှပြဿနာ မရှိခဲ့။ မရှိအောင်လည်း သူက ကျွမ်းကျင်လိမ္မာစွာ စာရင်းပြုစု' နိုင်ခဲ့သည်ကိုး။

ယခုတော့ ဘုရင့်အမိန့်တော်နှင့် ဆင့်ခေါ်ပြီ။

အရပ်ရပ် တရားစိုးမင်းများ၊ တရားသူကြီးများ၊ စုံညီ အခစားဝင်ကြရမည်တဲ့။ ဘုရား. . . ဘုရား. . .။ ငါ့အကြောင်းတွေများ ဘုရင်မင်းမြတ် သိသွားပြီလား။ ဘုရင်မင်းမြတ်မှာ လျှို့ဝှက်အထောက်အထားတော်တွေကလည်း များလှပါဘိသနဲ့။ သိများ သိသွားရင်တော့. . .

အို. . . မသိနိုင်ပါဘူးလေ၊ ငါကလွဲလို့ ဘယ်သူမှ မသိနိုင်တဲ့ ကိစ္စတွေပဲ။ အဲ. . . သိသူဆိုလို့ တရားစိုးကတော် တစ်ယောက်သာ ရှိပေတာပဲ။ သူကလည်း ငါ့ထက်တောင် ပိယိသေသပ်သေး။

စက်ရာခန်းထဲမှာ ကညင် ဆီမီးတိုင်ကို မငြိမ်းဘဲ တစ်ညဥ့်လုံး တစ်ချောက်ချောက်ဖြင့် ဆောက်တည်ရာမရ ဖြစ်နေသော သူ့ကို ကတော်စိုးမင်းဖြစ်သူ အိမ်ရှင်မက နှစ်သိမ့်လာ၏။

"တော်ကြီးကလဲ ဘယ့်နှာကြောင့် ဒီလောက် စိတ်လှုပ်ရှားနေရ

http://cyberbooks.myanmarchat.org



တာတုန်း”

“ဟ. . . မနက်ဖြန် ညီလာခံဝင်ရတော့မယ်လေကွာ၊ မင်းလဲ အသိသားနဲ့၊ မဂဓနိုင်ငံတစ်လွှားရှိ တရားစိုးမင်းများ အားလုံးရှေ့ ဝင်ရောက်ရမည်ဆိုတဲ့ အမိန့်တော်၊ ဘယ်တုန်းက ဒီလို ဆင့်ဖူးလို့လဲ၊ အခုဟာက ငါတို့ တရားသူကြီးတွေကိုချည်း စုရုံးဆင့်ခေါ်တာဆိုတော့. . . ”

ကတော်စိုးမင်းက သရော်ပြုံးဖြင့် ပြော၏။

“အဲဒါကြောင့် တော်ကြီးညံ့တယ်လို့ပြောတာ တော်ကြီးကို စစ်မေးအပြစ်ပေးမယ်ဆိုရင် နန်းတော်ကြီးက ဒီလိုဆင့်ခေါ်ပါ့မလား၊ ရဲမက်တွေနဲ့ မြို့ဝန်နဲ့ တစ်ခါတည်း ဝင်ဖမ်းမှာပေါ့”

“ဟေ့. . . ဟေ့ ဖမ်းစကား ဆီးစကား မပြောစမ်းပါနဲ့ကွာ၊ ဒီမှာ ဖြင့် သွေးလန့်နေရတဲ့အထဲ”

“အေးအေးသက်သာ နေလိုက်စမ်းပါ ရှင်ရယ်၊ ဗိမ္ဗိသာရမင်းကြီး ရဲ့ အမိန့်တော်ဟာ တခြားအကြောင်းကိစ္စပါ။ တော်ကြီး သွေးလန့်နေ သလို မဟုတ်ဘူးလို့ ကျုပ်အတပ် ပြောရဲပါတယ်”

“မင်းပြောသလို ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲကွာ”

ဒီမှာ ဣန္ဒြေမပျက်သာ ညီလာခံဝင်၊ အလိုက်အထိုက်သာနေ၊ ဘုရင်မင်းမြတ်နဲ့ မျက်နှာချင်းဆိုင် ဆုံတွေ့ခွင့်ရရင်လဲ မေးသလောက်သာဖြေ၊ မလိုအပ်ရင် စကားမပြောနဲ့၊ ကျုပ်ပြောရဲပါတယ်တော်၊ တခြားအကြောင်းကိစ္စပါ၊ ဒီမှာ. . . ”

အိမ်ရှင်မ၏ မျက်နှာက နီးကပ်လာ၏။ မီးတိုင်အလင်းတွင် မျက်လုံးအိမ်များမှာ တောက်ပနေ၏။

“ဒီလောကမှာ တော်နဲ့ကျုပ်ကလွဲလို့ ဘယ်သူမှ မသိနိုင်ဘူး၊ အဲဒါကို ယုံ၊ အားလုံးကလဲ ကျေကျေနပ်နပ် ရှိတယ်၊ အခုထိ တော်ကြီး

http://cyberbooks.myanmarchat.org



ကိုင်တွယ်စီရင်ခဲ့တဲ့ အမှုတွေ မှန်သမျှမှာ ဘာတစ်ခုမှ အမှားအယွင်း မရှိဘူး၊ ကာယကံရှင်တွေ အားလုံးကျေနပ်တယ်၊ ပြီးတော့. . . ”

အိမ်ရှင်မ အသံက တိုးတိမ်သွား၏။

“ကျုပ်တို့မှာ ဘာသဲလွန်စ အနံ့အသက်မှ မရှိဘူး၊ အားလုံးကို ကျုပ်တို့ ဖျောက်ဖျက် သုတ်သင်ထားတယ် မဟုတ်လား၊ တော်ကြီး ဘာမှ မစိုးရိမ်နဲ့၊ သိလား”

“အေး. . . ဒါတော့လဲ ဟုတ်ပေသားပဲကွာ”

ရှင်မ၏ နှစ်သိမ့်မှုဖြင့် သူအတန်အသင့် စိတ်ငြိမ်သက်ခဲ့၏။ စက်ရာထဲမှာ မပျော်တပျော် အိပ်မရ။ အတွေးများဖြင့် သူ့ကိစ္စများကို တစ်ခုချင်း တန်းစီ၍ တွေးကြည့်လိုက်သည်။

အင်း. . . ရှင်မပြောတာ ဟုတ်ပေသား။ ဘယ်တုန်းကမျှ ပြဿနာမရှိခဲ့။ အစွန်းမငြိခဲ့။ အားလုံး. . . အားလုံး ပိယိသေသပ်စွာ ပြီးစီးထားခဲ့သည်။ ငါကိုက အကြောက်လွန်နေတာပါလေ။

* * *

သံတော်ဆင့် အမှုထမ်းတစ်ဦးက သူ့အမည်ကို ကြေညာရွတ်ဆိုလိုက်သောအခါ သူလည်း မျက်နှာအောက်ချ လက်အုပ်ချီလျက် ဘုရင့်ရှေ့သို့ဝင်ခဲ့ရ၏။ အားခဲထားသော်လည်း ရင်ထဲမှာ နှလုံးခုန်သံ တဒိုင်းဒိုင်းကို သူ့ဘာသာသူ အတိုင်းသားကြားနေရ၏။

ဗိမ္ဗိသာရမင်းကြီးက သူ့ကို တရင်းတနှီး နှုတ်ဆက်ရင်း သူ တာဝန်ယူ အုပ်ချုပ်နေသော မြို့နယ်အကြောင်း မေးသည်။ အမှုစီရင်ထုံးများ ချောမွေ့ရဲ့လားဟု မေးသည်။ သူက အစစ ပြေပြစ်ပါကြောင်း။ ကြီးမားသော ရာဇဝတ်ဒဏ်သင့်မည့် အမှုအခင်းမျိုး မရှိပါကြောင်း

http://cyberbooks.myanmarchat.org



ဖြေကြားသံတော်ဦးတင်သည်။ သည်လိုကျတော့လည်း ကိုယ့်ကိုယ်ကိုပင် အံ့သြကျေနပ်ရသည်။ သံတော်ဦးတင်ချက်များမှာ ပကတိ အဆင်ပြေလှသည်။ လေသံထစ်ငေါ့ တုန်ယင်ခြင်းမရှိ။ စကားလုံး ကျပေါက် ချည့်နဲ့ခြင်းမရှိ။

မင်းကြီးက အထူးအထွေ ဆက်မမေးတော့ဘဲ သာဓုခေါ်သည်။

"မောင်မင်းတို့ တရားစိုးမင်း အမတ်ဝန်တွေ အအုပ်ချုပ်အစီရင် ကောင်းကြလို့ မဂဓနိုင်ငံတော်ကြီးဟာ သာယာနေပေတာပဲ၊ ကျွန်ုပ်ဆီကတစ်ဆင့် နှင်းအပ်သက်ရောက်တဲ့ အာဏာတော်ကို မောင်မင်းတို့အခုလို တရားဓမ္မနဲ့ လျော်ညီစွာ အသုံးပြုကြတာကို ကျွန်ုပ် နှစ်ထောင်းအားရ ဖြစ်မိတယ်၊ ဒါထက် မောင်မင်းကိုလဲ မေးရဦးမယ်"

မင်းကြီး၏ အမေးစကားကို သူက တစ်ချက် လှုပ်သွားသောရင်အစုံဖြင့် ငံ့လင့်နေမိ၏။

"ကျွန်ုပ်ကိုယ်တိုင် တစ်လမှာ ခြောက်ကြိမ် ဥပုသ်သီတင်း သီလစောင့်ထိန်းနေတာ မောင်မင်း အသိပဲ မဟုတ်လား"

"ကျွန်တော်မျိုး သိပါတယ် ဘုရင်မင်းမြတ်"

အလိုက်သင့် ဆိုလိုက်ရသော်လည်း သူ တကယ်တမ်း မသိ။

"မောင်မင်းကော ဥပုသ်စောင့်ရဲ့လား"

ဥပုသ်။ ဤစကားလုံးကား သူနှင့် လုံးဝစိမ်းသော စကားလုံး။ ဘယ်တုန်းကမှ မစဉ်းစားမိသော အရာ။

သို့သော် သူ၏ ကြွယ်ဝသော ဉာဏ်အလင်းများက အလိုလို လှုပ်ရှားလာကြသည်။ ဘုရင်မင်းမြတ် ကိုယ်တိုင် တစ်လခြောက်ကြိမ် စောင့်သတဲ့။

သည်တော့ . . .

http://cyberbooks.myanmarchat.org



အမှုကိစ္စကြီးငယ်များ မြားမြောင်ရှုပ်ထွေး အမှုတော်လေးလှကြား ထဲမှ ကျွန်တော်မျိုး ဥပုသ်သီတင်း သီလကိုတော့ မှန်မှန်ကြီး စောင့်ဖြစ် နေပါတယ် အရှင်”

မင်းကြီးက သာခုခေါ်ပြန်သည်။

ဤသို့ဖြင့်ပင် သူ၏ ညီလာခံဝင်ခန်းမှာ ပြီးဆုံးသွားခဲ့သည်။

ညီလာခံ ခန်းမလှေကားများအတိုင်း ဆင်းလာခဲ့ပြီး ရင်ပြင် ကျောက်ပြားများပေါ် လျှောက်ခဲ့ချိန်တွင်ကား သူ့ခြေဖဝါးများသည် ကျောက်ပြားနှင့်မှ ထိပါလေစဟု ထင်မိလေသည်။ တယ်ဟုတ်တဲ့ငါ။ တယ်တော်တဲ့ငါ။ အဲ. . . ငါ့ရှင်မ ကတော်စိုးလည်း တယ်ဟုတ်တယ်။ သူပြောခဲ့တဲ့အတိုင်းပဲ ဘာမှမဖြစ်ဘူး။ ဟာဟ. . . ဥပုသ်စောင့်ရဲ့လား မေးချင်လို့ နန်းတော်က ဆင့်ခေါ်တာကိုး။ အံမာလေးဟဲ့ ငါ့မှာဖြင့် ပူ လိုက်ရတာ ကြောက်လိုက်ရတာ။ ခုတော့လည်း ဟင်း. . . ဟင်း။ ငါ့ အနာဂတ် ဘဝဟာ ငါ့ရဲ့တရားရုံးတော်ကြီးဟာ ငါရဲ့စံအိမ်တော်ကြီးဟာ ပိုပိုပြီး တောက်ပဝင်းလက် ရွှေငွေရတနာ အသပြာတွေက ပိုလို့ကြီးမား ကျယ်ပြန့်၊ အောင်မာလေးဟဲ့။ ဥပုသ်စောင့်ရဲ့လားတဲ့။ ဒါကိုမေးမှာများ။ ငါ့မှာ ငါ့ရဲ့. . . ဟိုဒင်းတွေ. . .။

“တရားစိုးမင်းကြီး နေပါဦးဗျ၊ မျက်နှာကြီးက ရွှင်လို့ပါလား၊ လူ ကလဲ ခန့်ညား စိုပြည်နေလို့ပါလား”

လှေကားထစ်များ အဆုံးမှာပင် နှုတ်ဆက်သံ ကြားလိုက်ရသဖြင့် သူ့ အတွေးတွေက ရပ်တန့်သွား၏။ နှုတ်ဆက်သူကား မြို့ဝန်စံအိမ်တော် မှ ဝန်ငယ်အဆင့်ရှိ မိတ်ဆွေတစ်ဦး ဖြစ်သည်။

“ဘယ်လိုလဲ၊ ဘုရင်မင်းမြတ်က သာခုခေါ်လိုက်ပြီ မဟုတ်လား၊ ကျုပ်ကလဲ သာခုခေါ်ပါတယ်ဗျာ”

http://cyberbooks.myanmarchat.org



"ကျုပ်ကိုယ်ကျုပ် သာဓုခေါ်နေပါသဗျာ"

သူ့စကားမှာ သူ့ဘာသာသူ နားလည်နိုင်သော သီးခြားအဓိပ္ပာယ် ဆောင်နေလေသည်။ သူ့ မိတ်ဆွေများက ပြုံးလျက်ဆက်ပြောသည်။

"ချီးကျူးပါသဗျာ. . . အမှုအခင်း အရေးကိစ္စတွေနဲ့ ဒီလောက်မအားမလပ်ရှိတဲ့ကြားက ဥပုသ်သီတင်း စောင့်နိုင်တာကို"

"ဘာဗျ"

"တရားစိုးမင်းကြီး ဘုရင့်ရှေ့တော်ဝင်ချိန်မှာ ကျုပ်က နောက်အလှည့်မို့၊ တစ်ချိန်လုံး အနီးမှာရှိနေခဲ့တယ်လေ၊ ဥပုသ်စောင့်တဲ့အကြောင်း ကျုပ်လဲ ကြားနေခဲ့တယ်လေ"

သူက လွတ်လပ်ရဲတင်းစွာ ရယ်လိုက်၏။ စိတ်လက်ပေါ့ပါးပျော်ရွှင်လှချိန်ဖြစ်၍လည်း သူတက်ကြွနေသည်။ ထို့ကြောင့် တဟဲဟဲရယ်ရင်း. . .

"ဘယ်ကလာ ဥပုသ်သီတင်း စောင့်ရမှာလဲ၊ ကျုပ်ဖြင့် သတိတောင် မရဘူး၊ မင်းကြီးမေးလို့သာ အလိုက်အထိုက် ပြန်ဖြေလိုက်တာ၊ ကျွန်တော်မျိုး မစောင့်ပါဘူးလို့ ဘယ်ပြောလို့ ဖြစ်မှာတုန်းဗျ ဟင်း. . . ဟင်း"

မိတ်ဆွေ၏ မျက်နှာမှာ တစ်မျိုးဖြစ်သွား၏။

"ဟင်. . . တရားမင်းဟာကလဲ ဘုရင်မင်းမြတ်ကို လိမ်ညာပြောလိုက်တာပါလား"

"ဟဲ. . . ဟဲ လက်ာချောသွားပြီလေ၊ မုသားလေးနဲ့ဆိုတော့"

"ဟာ. . . ဒါကတော့ မသင့်ဘူး ထင်တယ် တရားစိုးမင်း၊ ဗိမ္ဗိသာရမင်းကြီးက တကယ်ယုံပြီး သာဓုခေါ်တော်မူရှာတာ၊ မင်းကြီးကို

http://cyberbooks.myanmarchat.org



ညာခဲ့တာတော့ မကောင်းဘူးဗျ”

ပေါ့ပါးသွက်လက်နေသော သူ့ခြေထောက်များ ရုတ်တရက် လေးလံသွား၏။ စိတ်လွတ်ကိုယ်လွတ်ဖြင့် ဥပုသ်မစောင့်ဘဲ၊ စောင့်ကြောင်း လိမ်ညာခဲ့သည်ကို သူ့မိတ်ဆွေ သိသွားပြီ။ သူ့ကိုယ်သူ စိတ်ထဲက ဆဲရေးရင်း. . .

“ကျုပ်လဲ မင်းကြီးကို အမှန်အတိုင်း ပြောရမှာ ကြောက်တာနဲ့”

“စောင့်လိုက်ပါ တရားစိုးမင်းရယ်၊ မင်းကြီးကို ပြောခဲ့လက်စနဲ့ ဆိုတော့ လိမ်ညာရာလဲ မရောက်အောင် ဥပုသ်အကျိုးလဲ ရအောင် ဒီနေ့ ဥပုသ်ယူလိုက်ပါလား”

မိတ်ဆွေပြောတာ အသင့်ယုတ္တိမှန်သည်ဟု သူဆုံးဖြတ်လိုက်၏။ သို့သော် တစ်ခုခုလွဲမှားနေသည်ကို သူချက်ချင်း သတိထားမိပြန်သည်။

“ဥပုသ်စောင့်တာတော့ ဟုတ်ပါပြီ၊ အခုဟာက မွန်းတိမ်းနေပြီကော”

မိတ်ဆွေအမတ်က သူ့လက်မောင်းကို ဖမ်းဆုပ်သည်။

“မွန်းတိမ်းလဲ ဘာဖြစ်သေးသလဲ၊ နေ့ဝက်စောင့်ရင် ရပါသေးတယ်”

“အင်းလေ. . . ရသမျှပေါ့၊ စောင့်ရမှာပေါ့လေ”

“ဒီတစ်ခါ တကယ် သာဓု ခေါ်လိုက်ပါပြီဗျာ”

* * *

သူသိလိုက်ပါပြီ။ အချိန်စေ့ရောက်ပါပကောဟု။

အဖြစ်သနစ်က မယုံနိုင်စရာကောင်းအောင် မြန်လွန်းလှသည်။

ဘုရင့်အမိန့်တော်ဖြင့် ညီလာခံသဘင် ဝင်ရမည်ဟု သိခဲ့ရသော

http://cyberbooks.myanmarchat.org



လွန်ခဲ့သည့် သုံးရက်ကတည်းက မလုံမလဲ ကြောက်ရွံ့ ထိတ်လန့်စိတ်များဖြင့် သူသည် အိပ်၍လည်း မပျော်၊ စား၍လည်း မဝင်ဖြစ်ခဲ့သည်။ ညီလာခံ ဝင်ရတော့မည့်နေ့ မတိုင်မီ ညဥ့်ကလည်း သူ့မှာ တထိတ်တလန့်ဖြင့် အိပ်မပျော်ခဲ့။ အိမ်ရှင်မ၏ နှစ်သိမ့်စကား ကြားရပြီးချိန်မှာလည်း သန်းခေါင်ချဉ်းခဲ့ပြီ။ ညီလာခံ ဝင်ခဲ့သည့် နံနက်ကလည်း ဟုတ္တိပတ္တိမစားဖြစ်ခဲ့။ ညီလာခံပြီးတော့ မိတ်တွေအမတ်နှင့်တွေ့ကာ နေ့ဝက်ဥပုသ်စောင့် ဖြစ်ခဲ့ပြန်သည်။

လှုပ်ရှားထကြွခဲ့သော ခြောက်အိပ်မက် အတွေးများ ဆောက်တည်ရာမဲ့ စိတ်အနေများ အခြေခံပေါ်မှာ အစားပျက်၊ အအိပ်ပျက်ပြီးတော့ တောက်လျှောက် ဆက်လျက်သား နေ့ဝက်ဥပုသ်။

အမြဲတစေ တစ်ခုခုကို စားသောက်ပြီး အစာဝနေမှ နေသာထိုင်သာရှိသော သူ့ခန္ဓာကိုယ်မှာ ကသောင်းကနင်း ဖြစ်ခဲ့ပြီ။ ပြင်းထန်စွာ လှုပ်ရှားခဲ့ရသော စိတ်ကြောင့်လည်း ဝါယောဓာတ်တို့က ရုန်းကြွ တုန်ခါကာ သူ၏ နှလုံးနှင့် ဦးနှောက်ကို ပြင်းထန်စွာ ထိုးနှက်တိုက်ခိုက်ခဲ့ပေပြီ။ အစာမရှိသော ဝမ်းတွင်းမှ လေတို့သည် ဖောက်ပြန် ပျက်စီးခဲ့ကာ၊ သူ့တစ်ကိုယ်လုံးရှိ သွေးကြောများကို ဖျစ်ညှစ်ဆုပ်နှယ် မွှေနှောက်ကြပြီးသည့် အဆုံး၌. . .

သူ လေသင်တုန်းပြတ်ကာ ဘုံးဘုံးလဲကျသွားတော့၏။

လုံးဝမလှုပ်ရှားနိုင်တော့သော၊ သူ့ ခြေလက်ခန္ဓာများနှင့် ဆွံ့ပိတ်သွားသော အာရုံတို့တွင် တစ်ခုတည်းသော အာရုံသာ ယဲ့ယဲ့ကျန်တော့သည်။ ထိုအာရုံထဲ၌ ရုပ်ပုံများ၊ အသံများ ပေါ်လာ၏။

"အမှန်အတိုင်း ဖြစ်စေရမယ်၊ တရားနဲ့အညီ စီရင်ရမှာပေါ့၊ မဂဓနိုင်ငံတော်ကြီးနဲ့ ရာဇဂြိုဟ် နေပြည်တော်ကြီးမှာ အမှန်တရား ထွန်းကား

http://cyberbooks.myanmarchat.org



ဖို့. . . ကျုပ် တရားစိုးမင်း လုပ်နေတာ၊ စိတ်ချသာပြန်ပေတော့၊ လွှတ်ရုံးတော်မှာ တရားနှင့်အညီ ဖြစ်လာမယ့် စီရင်မှုကိုသာ စောင့်. . . ကြားလား. . . ဟဲ. . . ဟဲ”

ပြောစရာရှိတာ ပြောပြီးနောက်၊ လုပ်စရာရှိတာ လုပ်လိုက်ခဲ့ပုံ။ လုပ်စရာရှိတာဆိုသည်ကား၊ သူ့ခြေရင်းတွင် အမှုသည်ချထားပေးခဲ့သော “အထုပ်”ကို ဇနီးသည်နှင့်အတူ စက်ရာခန်းထဲမှာ ဖွင့်ကြည့်ရေတွက်သည့်အလုပ်။ အား. . . အသပြာငါးရာ. . . မဆိုးလှ။

“အေးလေ. . . လုပ်တုန်းက လုပ်ခဲ့ကြပြီကိုး. . . ကျုပ်ကတော့ တရားနဲ့အညီ စီရင်ရမှာပဲ. . . ဘာ. . . လဲ. . . အဲဒါက သြော်. . . သြော် ရှင်မရေ. . . ဟောဒီမှာ ရှင်မအတွက် ရွှေကျင်ခတ်ပဝါကလေး. . . တဲ့၊ အေးအေး. . . စိတ်ချသာပြန်သွားပေရော့. . . အင်း. . . တယ်မိုက်ကြသကိုး”

ပဝါပိုင်းထဲမှ၊ စိန်နားတောင်းကလေးကား ရှင်မမျက်နှာနှင့် လိုက်ဖက်လှပါဘိ။

“ဘယ်လို. . . ဘယ်လို. . . မတရားခံရတာ ဟုတ်လားဟေ့. . . မတရားရင် မခံရဘူးကွ၊ အမှန်အတိုင်း ဖြစ်ရမှာပေါ့. . . ဒါဟာ ကြီးလေးတဲ့ အပြစ်ကွ၊ နားလည်လား၊ ငါဟာ ဗိမ္ဗိသာရမင်းကြီးရဲ့ အာဏာစက်တော်ကိုယ်စား၊ သက်ရောက်သူကွ. . . ဘယ်လို. . . ကျီထဲမှာ၊ ရိက္ခာထုပ်နဲ့ မြေအောက်ခန်း၊ ရာဝင်အိုးထဲမှာ ဆီအပြည့်. . . ဟုတ်လားဟာ. . . တယ်ရှုပ်တာပဲ. . . ကဲ . . . ပြန်ပြန်. . . နောက်ဒါမျိုး မဖြစ်စေနဲ့ ကျုပ်က တရားစိုးမင်းသာဆိုတာ မရက်စက်တတ်ဘူး၊ ကရုဏာထားတတ်တော့ ခက်တာ”

“ဟေ့. . . ရှင်မ. . . မင်းပဲ ထွက်တွေ့လိုက်၊ ငါ မရှိဘူး ပြော

http://cyberbooks.myanmarchat.org



လိုက်၊ ဘယ်က မိလက္ခုပြစ္စန္တရစ်သားတွေလဲ မသိဘူး၊ လက်ထဲမှာလဲ ဘာမှ ပါဟန်မတူဘူး၊ ထွက်ပြောလိုက်ကွာ၊ ဟော့ ဟော့ လေသံတင်းပ စေနော်၊ မျက်နှာထားကို တစ်ချက်မှ မလျှော့နဲ့၊ အလကား၊ လက်ဗလာ နဲ့ တောသားအရိုင်းအစိုင်းတွေ"

"ကိုင်း. . . ကျုပ် ရှင်းရှင်းပဲပြောမယ်၊ အမှုက ကြီးလေးတယ်၊ ဒါဟာ ဘုရင့်ရွှေနားတော်အထိ ပေါက်ကြားအောင် ကျုပ်က တင်ရတော့ မှာ၊ ကျုပ်က မိဘချင်း စာနာတယ်၊ သားသမီးချင်း စာနာတယ်၊ ဒီတော့ . . . ကလေးကို ဘဝအညွှန့်တုံး မသွားစေချင်ဘူး၊ သို့သော်ဆိုင်ရာ အမှု တော်ထမ်းများ၊ ရွာစိုးရွာအုပ်များ ကျေနပ်သွားအောင်လဲ. . . ကျုပ်က တာဝန်ယူ ခွဲဝေပေးရဦးမှာ မိတ်ဆွေတို့ ကြည့်ရတာ၊ ကြေးရတတ်တွေ ပဲ၊ ကျုပ်က ဘွင်းဘွင်းသမား၊ အသပြာသုံးထောင် အကုန်ခံနိုင်မလား၊ ဒါပဲ"

"အင်း ခက်တယ်. . . ခက်တယ်. . . ကျုပ်မှာက လွတ်ရုံး ပဋိညာဉ်ကြီးနဲ့ဗျ၊ သို့သော်. . . ဉာဏ်တာ ထောက်ထားတတ်တဲ့ စိတ်က ရှိနေတော့လဲ. . . အေးလေ. . . ဖြစ်ရစေမပေါ့ အိုအို. . . ဒါက ဘာတွေ လဲ ဟာ. . . မလုပ်ပါနဲ့ မလုပ်ပါနဲ့ ဩော်. . . ဒုက္ခပါပဲ. . . ရှင်မ ရေ. . . ဟောဒီမှာ. . . ဟင်း. . . ဟင်း. . . ကဲ ကဲ လက်ခံလိုက် ပါကွာ"

အသပြာထုပ်၊ ရွှေထုပ်၊ ရိက္ခာ၊ ပဲပြောင်း၊ ဆီ၊ စားစရာ စိန် ပတ္တမြား အမှုအခင်း တရားစီရင်ချက်များ။ တစ်နေ့တခြား ပြောင်လက် တောက်ပလာသည့် ရှင်မစိုးမင်းကတော်၏ လက်ဝတ်တန်ဆာ ဘယက် ဒွာဒရာများ။ စံအိမ်တော် မြေတိုက်ခန်းအား။

မျက်နှာတစ်ခုလုံး. . . ဦးခေါင်းတစ်ခုလုံး စူးခနဲ ပြင်းစွာ

http://cyberbooks.myanmarchat.org



ထိုးအောင့်နာကျင် ဝမ်းဗိုက်ထဲမှာ ပူလောင်. . .
ရှင်မရေ ငါ့ကို မကယ်နိုင်တော့ဘူးလား. . . အ. . . အ။

* * *

ဂိဇ္ဈကုဋ်တောင်ပေါ်မှာ ဆင်းသက် ကြွမြန်းတော်မူလာသော အရှင်နာရဒရဟန္တာမြတ် ရှေ့မှောက်၌ သူသည် အော်ဟစ်မြည်တမ်းနေ၏။

"အရှင်မြတ်ဘုရား၊ ယခင်ဘဝက နေ့ဝက် ဥပုသ်အကျိုးကြောင့် ဟောဒီ တောင်ချိုင့်ဝှမ်းမှာ ဗိမာန်နဲ့တကွ၊ ဝေမာနိက နတ်စည်းစိမ် ခံစားနေရပါတယ် ဘုရား၊ သို့သော်လဲ နတ်စည်းစိမ်ကို ညအခါမှာသာ ခံစားရပြီး၊ နေ့အခါမှာတော့ လူ့ဘဝ တရားစီးမင်း ဘဝက ပြုသမျှ၊ မတရားမှု၊ တံစိုးလာဘ်ယူမှု၊ လိမ်ညာမှု၊ အဂတိလိုက်စားမှုတွေကြောင့် အခုလို နေ့အခါမှာ ဟော. . . ဟော ညအမှောင် ပျောက်လို့ နေလုံးပေါ်လာပါပကော. . . ဘုရား. . . ဟော. . . ဟော. . . နေ့အခါမှာ တပည့်တော်မှာ ဟောသလို ဟောသလို ပြိတ္တာကြီးဘဝနဲ့ ကိုယ့်ကျောကုန်းက အသားစိုင်တွေကို ကိုယ်တိုင်လက်နဲ့ ထိုးနှစ်ကုတ်ဖဲ့ခြစ်ခွာပြီး ဟောဒီလို တထုပ်ထုပ် တပျပ်ပျပ်နဲ့ သွေးသံရဲရဲ၊ အသားမွှာ အကြောမျှင် အသားစိုင်တွေကို ဟောသလို စားသောက် ကိုက်ဝါးနေရပါပြီ ဘုရား၊ ကြည့်တော်မူပါ ဘုရား"

**(ကူဋဝိနိစ္ဆသိကပေတဝတ္ထုတော်)**

# ပထမဇနီးမယားကြီး

ဘာ. . . ဘာ။ တိသာတဲ့လား၊ သင်းနာမည်က။

မှန်းစမ်း. . . သင်းက ဘယ်လောက်ချော ဘယ်လောက်လှလို့များ၊ ငါ့လင်က သဘောကျရတာလဲ၊ ဩဩ. . . အရွယ်ကောင်း ရုပ်ကောင်းကလေးကိုး။ အံ့ပါရဲ့တော် ဒီအရွယ် ဒီရုပ်မျိုးနဲ့များ၊ သူများ လင်ကို ကြောင်တောင်နှိုက်ဝံ့တာ။ သာဝတ္ထိပြည်မှာ လူပျို လူလွတ်တွေ အပုံကြီး၊ ရုပ်ကလေး သနားကမားနဲ့ ကြိုက်ရာရွေးယူ စမ်းပါလေ၊ အခုတော့ ဟင်းဟုတ်ပေါင်တော်၊ ငါ့လင်ကိုမှ ကြိုက်ရတယ်လို့ တိသာ. . . တိသာ ညည်းတော့လားအေဟင်။

အင်းလေ ငါ့လင် သူကြွယ်ကိုက သဘောကျရွေးလိုက်တာဆိုတော့လည်း ရှိပါစေတော့ ဘာရယ် ဆွေရိပ်မျိုးရိပ်မကင်းတဲ့ အနွယ်တူထဲက ဟုတ်လား လုပ်ကြပေါ့လေ။

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



သြော်. . . ငါက သားသမီးမရနိုင်တဲ့ အမြုံမမို့၊ သားစဉ်မြေးဆက် မပြတ်ရအောင်၊ နောက်တစ်ယောက် ယူလိုက်ရပါသတဲ့။ ဟုတ်စ ထားပါတော့လေ ကြည့်ကြသေးတာပေါ့။ ဟွန်း. . . ဒါကလဲ ငါ ကလေးတစ်ယောက်တောင်မှ မွေးမပေးနိုင်လေတော့။ သကောင့်သားက ကလေးအကြောင်းပြပြီး နောက်မိန်းမ ထပ်ယူလိုက်တာပေါ့။ အင်းပါ ကြည့်ကြသေးတာပေါ့. . .

ဒီမယ်ဟဲ့. . . တိဿာဆိုတဲ့ ကောင်မရဲ့. . . ။ ငါ့လင် သူကြွယ် ကပဲ သားသမီးအကြောင်းပြပြီး ယူယူ။ နင်ကပဲ သူများလင်ကို ကြောင် တောင် နှိုက်နှိုက်။ နင်သိထားဖို့က နင်ဟာ မယားငယ်ပဲ သိလား။

ဟင်း. . . ဟင်း. . . တစ်နည်းတော့ ပိုတောင်ကောင်းသေး။ ငါက အလိုလိုနေရင်း ရာထူးတက်သွားတာပေါ့။ ဘာဖြစ်နေနေ မတ္တာ ဆိုတဲ့ ငါဟာ၊ သူကြွယ်ရဲ့ ပထမ ဇနီးမယားကြီးဆိုတာ သာဝတ္ထိတစ်မြို့လုံး အသိဟဲ့၊ နားလည်လား။ နင့်ဟာနင် ဘယ်လောက်လှလှ။ ဘယ်လောက် ငယ်ငယ်၊ ဘယ်လောက် ပတ်ချွဲနပ်ချွဲ လုပ်လုပ်။ နင်ဟာ မယားငယ်။ မယားငယ်။ ဒါပဲ မတ္တာဟာ မယားကြီး။ ငါဟာ မယားကြီး။ ဟဲ. . . ဟဲ . . . ငါက သမ္မာပိုကြီးတယ်။ ဝါပိုရင့်တယ်။ ကောင်မငါ့များ မျက်မွေး ထော်မော်ကြည့်လို့ကတော့၊ မယားကြီးရဲ့ လက်ဝါးအကြောင်း ကောင်း ကောင်း သိသွားစေရမယ်၊ ဘာမှတ်သလဲ မတ္တာတဲ့ဟော့။

*    *    *

အံမာ။ အချစ်ပလူး နေလိုက်ကြတာ။ ဝတ်ကောင်းစားလှတွေနဲ့။ ဒါက ဘယ်ကြွကြွမလို့တဲ့လဲ့။ ငါ့လင်သူကြွယ်ကလည်း၊ နွားအိုကြီး အောက်သွား မရှိသလို။ ဟဲဟဲနဲ့ ဟိုကောင်မကလည်း၊ နွားမဒန်း မြူးမြူး

http://cyberbooks.myanmarchat.org



နေလိုက်တာ။

ဟဲ့. . . ဘာတွေလဲ။ ဩ. . . ဩော် ဆွမ်းအုပ်နဲ့ပါလား။

ဟင်း. . . ဇေတဝန် ကျောင်းသွားကြမလို့ပေါ့လေ။

သွားကြဟေ့- သွားကြ။ အားအားယားယား ကျုပ်တို့ဖြင့် သွားမနေနိုင်ပေါင်။ အလုပ်ပိုတွေ။ ကျုပ်မှာ ဒီမှာ အတိုးချထားတဲ့ စာရင်းတွေ တွက်ရဦးမယ်။ လက်ကောက်အသစ်လုပ်ဖို့ ပန်းတိမ်သည်နဲ့လည်း ချိန်းထားသေးတယ်။ ဟင်း. . . ဟင်း ဝတ်စုံအသစ်တိုင်းဖို့ အပ်ချုပ်ဆရာကလည်း လာဦးမှာ။ သွားကြ. . . သွားကြ၊ တော်တို့ဘာသာ အကြည်ဆိုက်သွားကြ။ ဦးပြည်းရဟန်းတွေနဲ့သာဆိုင်တဲ့ ကိစ္စ၊ သူတို့မို့လို့ အားအားယားယား ဆွမ်းပို့သလေး၊ ဥပုသ်စောင့်သလေး၊ တရားနာသလေးနဲ့။ သူတော်ကောင်း မောင်နှံကြီးတွေ။

ကိုယ့်မှာ မရှိတော့၊ အဲဒီ တရားတွေ၊ ဥပုသ်တွေက လာကယ်မှာ မဟုတ်ဘူး၊ ပြီးတော့ ရှိသေး၊ ဘာတဲ့ လှူဒါန်းပေးကမ်းစွန့်ကြဲသတဲ့. . . ဟုတ်ပ။

သွားစမ်းပါ။ အိမ်ကဟာကြီးကလည်း၊ ခုမှငယ်မူပြန်ပြီး အကြည်ဆိုက်နေတာ၊ ဟိုကောင်မ တိဿာကလည်း အချိန်ပြည့် အနားကပ်ပြီး ပလီလိုက်မှုလိုက်နဲ့ ထွီ. . . ကြည့်လို့လည်း မရ၊ ကြားလို့လဲ မရဘူး၊ နှစ်ယောက်သား အတူတွဲပြီး၊ ဘာတဲ့ သင်းတို့ပြောတဲ့ စကား၊ အယုတ်အလတ် အမြတ်မရွေး လှူဒါန်းပေးကမ်းရမတဲ့။ လှူကြဟေ့. . . လှူကြ အလကား ကိုယ့်ဥစ္စာ ပစ္စည်းကိုယ်ဖြုန်းနေကြတာ။

ကိုယ့်မရှိတော့ အဲဒီ အလှူခံတွေက ပြန်စောင်းငဲ့ကြည့်လို့လား။ သွားစမ်းပါ။ လှူတယ်ဆိုတာ။ ကိုယ့်ပစ္စည်း ကိုယ်အလဟဿ လွှင့်ပစ်တာကို နာမည်လှလှလေး တပ်ထားတဲ့ ကိစ္စပဲ။ လှူ လှူကြ၊ မေတ္တာတို့

http://cyberbooks.myanmarchat.org



များတော့ မလျှပေါင်။ ဘယ်နဲ့တော် သာဝတ္ထိက ဈေးသည်တွေ အမှုလုပ် ဝန်ထမ်းတွေကို အတိုးချစာရင်း တွက်နေရတာနဲ့ မအားနိုင်ပေါင်။ အသပြာထုပ်ကို ပိုလို့ကြီးအောင် လုပ်နေရတာ ဟင့် . . ဟင်း သူကြွယ် မယားဆိုပေမယ့် မတ္တာတို့က အခြား သူကြွယ်မယားတွေလို လင်ဆီ လက်ဖြန့်ခံတောင်းသုံးတာ မဟုတ်ဘူးဟေ့၊ ကိုယ့်အစွမ်းအစနဲ့ ကိုယ်၊ အတိုးချပြီး ရှာတတ် ဖွေတတ်တဲ့ ကောင်မ။ မှတ်ထား၊ လယ်ထောက်ခ သီးစားခ စပါးပေး၊ သီးနှံပေး၊ အလွတ်ချေး။ အိမ်ပေါင်ခံ၊ မြေပေါင်ခံ၊ ဟင်း . . ဟင်း . . ရွှေ ငွေ လက်ဝတ် လက်စား လာပေါင်မလား ရတယ်၊ အိုးခွက်ပေါင်ဦးမလား ရတယ်၊ တဘက်ပဝါ ပုဆိုး ထဘီ ပေါင် မလား ရတယ်။ ဟင်း . . ဟင်း . . သူ့အတိုးနဲ့ သူလေ။

ကုန်ကုန်ပြောလိုက်မယ်။ လူလာပေါင်ဦးမလား။ မတ္တာတို့က အခြေအနေကြည့်ပြီး လက်ခံသင့် လက်ခံလိုက်တာပဲ။ ဟဲ ဟဲ အကျိုး အကန်းတွေတော့ မလာနဲ့လေ။ ငါ့ဆီ လာပေါင်ချိန်မှာ ငါ့ကျွန်ဖြစ်ရမှာ ဆိုတော့ အသပြာ ထုတ်ပေးရတာနဲ့ တန်အောင် ခိုင်းရဦးမှာ မဟုတ်လား။

ဟင်း ဟင်း မတ္တာတို့က အဲသလို အဲသလို ပညာကုန်သုံးပြီး အသပြာထုပ်ကို ကျစ်ကျစ်ပါအောင် စုနေချိန်မှာ ဟို နှစ်ယောက် ကတော့ လှူလိုက်ကြ၊ ပေးလိုက်ကြနဲ့ လုပ်ကြဟေ့ နင်လို လုပ်ပုံနဲ့တော့ တစ်ချိန်မှာ သူကြွယ်ကိုယ်တိုင် သူ့မယားကြီး မတ္တာဆီ၊ လူပေါင်ပြီး ငွေ ချေးရမယ့် အလှည့်ကြုံလာမယ်မှတ်။ ဟင်း ဟင်း လင်လုပ်တဲ့ သူက လူပေါင်တဲ့ ကျွန်ဖြစ်လာတော့။ ဟိုကောင်မလည်း ငါ့ဆီမှာ ကျွန်နောက် က အဆစ်ပါလာတဲ့ သပေါက်မပေ့ါ ဟီး ဟီး။

*   *   *

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



ထို့. . . ကြားရတာ နားရှက်လိုက်တာ
ဟိုကောင်မ တိဿာ ကိုယ်ဝန်ရှိပြီတဲ့။

ဟင်း. . . ကိုယ်ဝန်. . . ကိုယ်ဝန်. . . သင်းက ကလေးရတော့ မယ်ပေါ့လေ၊ ဟိုဟာကြီးကလည်း သူ့ကို ကလေးမွေးပေးတဲ့ မယားဆို ပြီး၊ သည်းသည်းလှုပ်ဦးတော့မှာပေါ့လေ၊ တောက် ငါ့နှယ်နော် အရေးထဲ မှ ငါက မြုံနေရတယ်လို့ အေးလေ၊ ငါသာ မမြုံရင် ဟိုကောင်မလည်း ပေါ်လာစရာ မရှိဘူးပေါ့ အခုတော့။

အင်းပေါ့လေ။ စောင့်ကြည့်ရသေးတာပေါ့. . .

ဟင်း. . . ဟင်း ကြည့်နေပါ ကလေးမွေးပြီးရင်၊ သည်ကောင်မ ချုံးချုံးကျသွားမှာပါ။ သည်တော့မှ ငါ့လင်သူကြွယ် စိတ်ကုန်မှာ။ ကလေး တွဲလောင်း သားသယ့်မအေဆိုတော့ တပေပေ တလူးလူးနဲ့ အရင်လို ချစ်ကြည်နူးနိုင်ဦးမလား၊ ကြည့်ရသေးတာပ။

သည်တော့မှ အိမ်က ဟာကြီး၊ ငါ့ဆီ ပြန်လာကပ်ရင်တော့ ဟင်း ဟင်း မတ္တာအကြောင်း ကောင်းကောင်း သိစေရမယ် တော်ရေ့. . .

*　　　　*　　　　*

အံမာလေးလေး. . .၊ ကိုယ်ဝန်ရှိပြီး နေ့စေ့၊ လစေ့နဲ့ ကလေးမွေး တာများ အဆန်းလုပ်လို့၊ ဘာတဲ့ ယောကျ်ားလေးတဲ့လား၊ ဘာ. . . နာမည်က ဘူတတဲ့လား. . .၊ ဟင်း ဖြစ်နေလိုက်ကြတာ၊ ကလေး အလယ်ထားပြီး ယိုသူမရှက် မြင်သူရှက်ပါ့တော်။

ကောင်မကလဲ၊ တစ်နေ့တခြား ငါကြည့်မရတော့ဘူးဟဲ့နော်။

အိမ်က ဟာကြီးက သူ့မယားငယ်ကို ဘာဆေးဝါးတွေများ ကျိတ်ကျွေးသလဲ မသိဘူး၊ ကလေးမွေးပြီးတော့မှပဲ ကောင်မက တစ်သား မွေး၊ တစ်သွေးလှဖြစ်နေသေး တောက်။

http://cyberbooks.myanmarchat.org



အစ်မကြီး. . . အစ်မကြီး. . . နဲ့ ငါ့ကို ခေါ်ပုံကလဲ နား ကလောလိုက်ပုံ့ါတော်. . .၊ သင်းကိုသင်း၊ အလိမ္မာတုံး လုပ်နေတာ ဟင်း၊

အံမာ အင်း. . .၊ ကလေးတစ်ယောက်နဲ့များ၊ သင်းက ရဟန်းလေးပါးကို ဆွမ်းဝတ်ပြုစုနေသေးတယ်၊ ဆွမ်းဖိုးကွမ်းဖိုးကို သူမရှာ ရတိုင်း၊ ဟိုဟာကြီးကလဲ ဖြစ်နေလိုက်တာ၊ သူ့ဟာလေးလုပ်သမျှ တဟီး ဟီးနဲ့ ငါ့နှယ်နော်. . . မျက်စိထဲမှာ စပါးမွေးတင်မက ကောက်ရိုးပြတ် တွေ အချောင်းလိုက် စူးနေတဲ့ အတိုင်းပဲ။

ဘာ. . . ဘာလဲဟေ့. . .၊ ဇေတဝန်ကျောင်းသွားဖို့ ဟုတ်စ။

ကြွပါတော် ကိုယ့်ဟာနဲ့ကိုယ်ကြွပါ၊ မယ်မင်းကြီးမ၊ ကျုပ်မလိုက် အားပါဘူး၊ ဒီမှာ လူပေါင်ခံထားတဲ့ ကျွန်စာရင်းတွေ ရှင်းရဦးမယ်။

ဩ. . . လာပြန်ပြီ၊ တရားနာဖို့ဟုတ်လား၊ ကြွပေရော့ သူတော် ကောင်းမကြီးရေ၊ ကျုပ်ဒီမှာ ငွေဒင်္ဂါးတွေ ထပ်ရေရဦးမယ်၊ တော့်လို အားအားယားယား မိန်းမ မဟုတ်ဘူး။

ဟင်း. . .၊ ငါ ဒီနှစ်ယောက်စလုံးကို ကြည့်လို့မရတော့ဘူးနော်။

*　　　*　　　*

ဘာရယ်အေ့၊ ခေါင်းလျှော်ရဦးမယ် မဟုတ်လား၊ လျှော်ပေါ့၊ ကိုယ့်ခေါင်းကိုယ် လျှော်တာပဲ၊ ငါ့ဘာလာပြောနေရတာတုန်း၊ ဘာရယ် . . .၊ အစ်မကြီး လျှော်တာတွေ့လို့ သတိရသွားသတဲ့။

ဟင်း. . . ငါမပြောလိုက်ချင်ဘူး၊ ငါယူတဲ့ လင်လိုက်ယူ၊ ငါ ခေါင်းလျှော်ရင် လိုက်လျှော်၊ ငါ. . . တယ်၊ မပြောလိုက်ချင်ဘူး။

သွားလျှော်ပါလား၊ ခေါင်းလျှော်ရင်းနဲ့ အအေးမိ ရေမွန်းပြီး သေ သွားလဲ အေးတာပဲ. . . ကောင်မ၊ သေပါစေတော်။

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



ဟော. . . သင်းက ဒီလိုကိုး၊ အံမာ အဖြစ်သည်းနေလိုက်ကြတာ၊ ကောင်မက ခေါင်းလျှော်ပြီး၊ ဆံပင်ဖားလျားနဲ့၊ ပလူးချင်လို့ကိုး၊ ဟို ဟာကြီးနဲ့ နှစ်ယောက်ယှဉ်ထိုင်၊ ဘာတွေ တွတ်ထိုးနေကြပါလိမ့်၊ အံမာ . . . ရယ်လို့ မောလို့၊ အံမာ အံမာ၊ ဆံပင်တွေ ဖြန့်ဖြန့်ပြီးများ မာယာ အပလိန်းတွေလုပ်လို့။

တောက်၊ ဟေ့- ကျွန်တစ်ယောက်ယောက် လာစမ်း၊ ငါ့ အိပ်ခန်း ထောင့်မှာ စုပုံထားတဲ့ အမှိုက်တွေ ယူခဲ့စမ်း၊ ယူခဲ့စမ်းဆို ဘာငေးကြည့် နေတာလဲဟဲ့ ကျွန်စုတ်ရဲ့၊ အင်းဟုတ်ပြီ၊ ပေးစမ်း၊ အမှိုက်တွေ၊ အဲ ဟုတ်ပြီ နင်သွားတော့။

လာလေရော့ဟဲ့ ကောင်မ။

လျှော်ဦးဟဲ့ ခေါင်း၊ ဖြန့်ဦးဟဲ့ ဆံပင်၊ မှတ်ဟာ. . . မှတ်ဟာ။

ဟီးဟီး. . . ကြည့်ကောင်းလိုက်တာ။

ဖုန်တွေ၊ သလဲတွေ၊ အမှိုက်တို အမှိုက်စတွေ၊ သင်း တစ်ခေါင်းလုံး မွမွတက်သွားတာပဲ၊ မှတ်ဟဲ့၊ အဲဒါ မတ္တာတဲ့ဟဲ့။

ဒါ ပဏ္ဏာမပဲ ရှိသေးတယ်။

*　　　*　　　*

အလိုလေး၊ အလိုလေး ခေါင်းထဲမိုက်ခနဲ ဖြစ်သွားပါကလား။

အား အား၊ နောက်စေ့ထဲမှာ တစစ်စစ်နဲ့ အမယ်လေး အသက်ရှူ ရကျပ်လိုက်တာ၊ ကယ်ကြပါဦး။

ဘာမှလဲ မမြင်ရတော့ဘူး။ အိမ်ကြီးလဲ ဇောက်ထိုးမိုးမျှော်. . . ခေါင်းတွေမူး. . . ရင်ထဲကပူ။

လုပ်ကြပါဦး၊ ဟဲ့ ငါ့ဒင်္ဂါးတွေကော၊ အပေါင်ခံထားတဲ့ လယ်မြေ

http://cyberbooks.myanmarchat.org



စာရင်းတွေ ယူခဲ့ကြစမ်း၊ ဟဲ့ ကောင်မ တိဿာ. . . နင်က ဘာလာလုပ်တာလဲ၊ နင့် မျက်ခွက်ကို ငါမကြည့်ချင်။

ကယ်တော်မူကြပါ၊ ရင်ဝမှာ မီးလုံးကြီး ဆို့နေပြီလား၊ လည်ချောင်းထဲကို သံပူချွန်ကြီး ထိုးစိုက်နေပြီလား၊ ငါ. . . ငါ အသက်ရှူလို့မရတော့. . . ဘူး၊ ဟော. . . ဝင်းခနဲ. . . လက်ခနဲ အလိုလေး၊ မှောင်သွားပြန်ပကော။

အမှောင်ထုကြီး၊ အမှောင်ထု. . . အမှောင်။

* * *

အိမ်နောက်ဖေး ရေချိုးခုံထက်သို့ တိဿာ လှမ်းတက်လိုက် သည့် ခဏမှာပင် ရုတ်တရက် ရင်ထဲမှာ ထိတ်သွား၏။

လန့်၍ အော်လိုက်တော့မည်ပြင်ပြီးမှ တိဿာသည် မြင်တွေ့လိုက်ရသော သဏ္ဌာန်ကို အသေအချာ ပြန်ကြည့်ကာ ကြောက်လန့်ခြင်းထက် သနားခြင်းက ပိုသွား၏။

အို. . . သနားစရာ သတ္တဝါကြီးပါလား။

လူသားတစ်ယောက်လို အဆင်းသဏ္ဌာန်ရှိသော်လည်း သူ့မှာ ဘာမှန်းပြောရမည်မသိသည့် သတ္တဝါကြီး တစ်ကောင်နှယ်ပင်။

စိတ်နှလုံး ဖြူစင်၍ ကရုဏာကြီးသော တိဿာသည် ထိုသတ္တဝါကြီးအား မေးလိုက်လေသည်။

"နံရိုးတွေ အပြိုင်းပြိုင်းနဲ့ ပိန်ကြုံလိုက်တာလဲ လွန်ပါရောကလား၊ အို . . . ရှင်ဟာ အမျိုးသမီးတစ်ယောက်ပေပဲ ကြည့်ပါဦး၊ အဝတ်ဗလာ ကိုယ်လုံးတီးနဲ့ အရေပြားတွေကလဲ ပတ်ကြားအက်တွေထင်လို့၊ ရှင် ဘယ်သူလဲဟင်"

သတ္တဝါကြီးထံမှ အက်ကွဲသော ဝူးဝါးသံကြီး ထွက်လာ၏။

http://cyberbooks.myanmarchat.org



"တိဿာ. . . အစ်မကြီး မတ္တာလေ၊ ငါ မတ္တာ"

"ရှင်. . . "

"ဟုတ်ပါတယ် တိဿာ၊ သေသွားတဲ့ မတ္တာပါ၊ လင်တူမယား မတ္တာပါ၊ အခုတော့ ဆင်းရဲဒုက္ခပေါင်းစုံလှတဲ့ ပြိတ္တာဘုံရောက်နေတဲ့ ပြိတ္တာမကြီးလေ"

"အို. . . ဘုရား. . . ဘုရား"

တိဿာသည် လင်တူမယား တစ်ဖြစ်လဲ ပြိတ္တာမကြီးကို ထပ်မံ၍ စေ့စေ့ကြည့်မိပြန်၏။ တစ်စက်ကလေးမျှ ကြည့်၍မကောင်းသည့် အဆင်းသဏ္ဍာန်။ ကျက်သရေ ကင်းမဲ့လှသော ရုပ်သွင်ကိုကြည့်ပြီး သူ့မှာ ဘယ်လောက်ဒုက္ခပေါင်းစုံ ကြုံနေရမည်ကို မှန်းဆကြည့်မိ၏။

"အစ်မကြီး မတ္တာ ဘယ်လိုမကောင်းမှု အကုသိုလ်ကံနဲ့များ ခုလိုဖြစ်နေရတာလဲ ဟင်"

"တိဿာ လူ့ဘဝတုန်းက ပြုခဲ့တဲ့ ကိုယ်နှုတ်စိတ် အကုသိုလ်တွေလေ၊ အမျက်ဒေါသကြီးခဲ့တာတွေ၊ စိတ်ယုတ်မာ စိတ်ဆိုးထားခဲ့တာတွေ၊ ဆဲဆို စောင်းမြောင်းခဲ့တာတွေ၊ မနာလို ဝန်တိုခဲ့တာတွေ၊ ဥစ္စာပစ္စည်းကို အခင်တွယ်ကြီး တွယ်ခဲ့တာတွေ၊ မဟုတ်မတရား ကြံခဲ့၊ ပြောခဲ့တာတွေကြောင့် လိမ်လည် ကောက်ကျစ်ခဲ့တာတွေလေ၊ အဲဒါကြောင့် အခု ဆင်းရဲအတိသာရှိတဲ့ ပြိတ္တာမကြီး ဖြစ်နေရတဲ့ အစ်မကြီး မတ္တာပါ တိဿာ"

"စိတ်မကောင်းလိုက်တာ အစ်မကြီးရယ် နေပါဦး၊ အစ်မကြီး ကိုယ်မှာ မြေမှုန့်တွေ၊ ဖုန်သဲတွေ အလူးလူး အပေပေနဲ့ ပါကလား၊ အဲဒါ ကကော ဘာကြောင့်လဲ ဟင်. . . "

"တိဿာရယ် တို့များ ခေါင်းလျှော်ပြီးစ တိဿာက သူကြွယ်နဲ့

http://cyberbooks.myanmarchat.org



နှစ်ယောက်သား ကြည်နူးရယ်မောနေတာကိုကြည့်ပြီး ငါ့မှာ မရှုဆိတ်မနာလိုစိတ် ဝန်တိုမိစ္ဆာတရားနဲ့ တိဿာရဲ့ ခေါင်းပေါ်ကို အမှိုက်တွေဖုန်တွေ ကြဲချခဲ့တာကော”

“သြော်. . . ဖြစ်မှဖြစ်ရလေ အစ်မကြီးရယ်၊ နေပါဦး အစ်မကြီးတစ်ကိုယ်လုံးမှာ ဝဲနာတွေ မြင်မကောင်းအောင် စွဲနေတာကကော”

“မှတ်မိမှာပေ့ါ တိဿာ. . . တို့နှစ်ယောက် တောထဲဆေးမြစ်သွားရှာကြရာမှာ တိဿာက ဆေးမြစ်ကိုရှာခဲ့တယ်၊ ငါက ခွေးလေးယားသီးတွေ ယူခဲ့ပြီး သင့်အိပ်ရာပေါ် ကြဲခဲ့တယ်လေ၊ အဲဒီ မကောင်းမှုရဲ့အကျိုးဆက်ပေ့ါ တိဿာ”

“သြ. . . ဒီလိုကြောင့်လား၊ စိတ်မကောင်းပါဘူး အစ်မကြီးရယ်၊ နေပါဦး အခု အဝတ်အစားမပါ ဗလာကိုယ်လုံးတီး ဖြစ်နေတာကကောဟင်”

“တိဿာ လူ့ဘဝတုန်းက ပွဲလမ်းသဘင်ရှိလို့ လူတွေက ဖိတ်ကြားထားတဲ့အခါမှာ တိဿာနဲ့ သူကြွယ်ကြီးကိုပဲ ဖိတ်တယ်လေ၊ ငါ့ကို မဖိတ်ကြဘူး၊ မဖိတ်ရကောင်းလားဆိုပြီး သင့်အဝတ်တွေကို ငါ ခိုးဝှက်ခဲ့တယ်၊ အဲဒါကြောင့် အခုမှာ. . . ”

“သြော်. . . အခုမှ သိရတယ် အစ်မကြီးရယ်၊ နေပါဦး၊ အခု အစ်မကြီး ကိုယ်မှာ ကျင်ကြီး ကျင်ငယ် အနံ့တွေ ဟောင်ပြီး မခံသာ အောင် နံစော်နေတာကကော ဘာကြောင့်များလဲဟင်”

“ဒါကလဲ သင်မသိအောင် ငါလုပ်ခဲ့တဲ့ မကောင်းမှု တစ်ခုကြောင့်ပဲ တိဿာ၊ သင်ရဲ့ အဖိုးတန် နံ့သာတွေကို ငါ တိတ်တဆိတ်ယူပြီး မစင်တွင်းထဲ ပစ်ချခဲ့ဖူးတယ်လေ”

“အို. . . ဆင်းရဲဒုက္ခ ကြီးမားလှပါကလား အစ်မကြီးရယ်”

http://cyberbooks.myanmarchat.org



"ဆင်းရဲဒုက္ခတွေ မှန်သမျှကို ခံစားနေရတဲ့ ပြိတ္တာမကြီးပေါ့ တိဿာ၊ ငါ့ပစ္စည်းတွေကို ငါမလှူခဲ့ဘဲ ဒုစရိုက်မှုတွေနဲ့ပဲ အပျော်ကြီး ပျော်ခဲ့တာတွေကို လူ့ဘဝတုန်းက တိဿာက ငါ့ကို အစ်မကြီးရယ် မကောင်းမှု ဒုစရိုက်တွေကို ရှောင်ကြဉ်ပါ၊ ကောင်းရာ သုဂတိဘဝ မရဘဲ နေပါလိမ့်မယ်လို့ ပြောခဲ့တာတွေကို ငါက နားမဝင်ဘဲ သင့်ကိုပဲ မနာလို ဝန်တိုမုန်းတီးပြီး မဟုတ်တာ မမှန်တာဟူသမျှ အကုန်လုပ်ပစ်ခဲ့တဲ့ အကုသိုလ်အစွမ်းတွေပေါ့"

တိဿာသည် ပြိတ္တာမကြီးအား ရွံ့ရှာကြောက်ရွံ့ခြင်း လုံးဝမရှိတော့။ သနားခြင်းကြီးစွာဖြင့်. . .

"အစ်မကြီး မတ္တာ၊ မကြာခင် သားရဲ့အဖေ ပြန်လာတော့မယ်၊ သူဟာ လူ့ဘဝတုန်းက အစ်မကြီးရဲ့ ချစ်လင်ပေပဲ။ အစ်မကြီး အကြောင်း သိရရင် သူက အစ်မကြီးကို ပစ္စည်းဥစ္စာတွေ ပေးကောင်း ပေးပါလိမ့်မယ်၊ ခဏစောင့်လိုက်ပါဦးနော်"

ဟုဆို၏။

"အလိုလေးလေး တိဿာရယ်၊ ဒီအဖြစ် ဒီခန္ဓာကိုယ်ကြီးနဲ့ ငါ အမြင် မခံဝံ့ပါဘူး၊ မတွေ့ပါရစေနဲ့"

"ဒါဖြင့် အစ်မကြီးအတွက် တိဿာတို့ ဘာလုပ်ပေးရမလဲဟင်"

"ပြိတ္တာမကြီးသည် အညစ်အကြေးများနှင့် ရောနှောနေသော အရည်များ ပြည့်ဖုံးသည့် မျက်ခွံကြီးများကို တစ်ဖျပ်ဖျပ် ပုတ်ခတ်လျက်. . .

"ညီမလေး တိဿာ၊ သင်ကိုးကွယ် ဆည်းကပ်နေတဲ့ ရဟန်းတော် လေးပါး ရှိပါရောလား၊ အဲဒီ လေးပါးအပြင်၊ နောက် လေးပါးထပ်ပြီး ရဟန်းတော် ရှစ်ပါးတို့ကို ဆွမ်းကပ်ပါ၊ ပြီးရင် ဆွမ်းအလှူအဖို့ကို ငါ့ကို

http://cyberbooks.myanmarchat.org



ရည်စူးပြီး အမျှအတန်းပေးဝေပါ၊ ငါ သာဓုခေါ်ပြီး လိုရာဆန္ဒများ ပြည့်နိုင်ပါလိမ့်မယ် တိဿာရယ်”

“အို. . . စိတ်ချသာ နေပါတော့၊ ကောင်းပါပြီ အစ်မကြီးရယ်”

* * *

ရဟန်းတော် ရှစ်ပါးတို့အားပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေး ပူဇော်ရုံမျှမက သက်န်းစသော အသုံးအဆောင်များကိုပါ ပေးလှူကြ၏။

ထိုအလှူဒါနကုသိုလ်အဖို့ဘာဂကို ပြိတ္တာမကြီးအား ရည်စူး၍ အမျှအတန်း ပေးဝေလိုက်ကြ၏။ ထိုညဥ့်မှာပင် တိဿာသည် ကိုယ်အရောင်အဝါ ထွန်းလင်းတောက်ပနေသည့် နတ်သမီးတစ်ပါးကို မျက်ဝါးထင်ထင်တွေ့ရပြန်လေသည်။

“တိဿာ. . . ကျွန်ုပ် မတ္တာပါ၊ ပြိတ္တာမကြီးဘဝကနေ လွတ်မြောက်ခဲ့ပါပြီ၊ ယခု အခါမှာ ဆင်းရဲဒုက္ခတို့ ကုန်ဆုံးပြီး တိဿာတို့ရဲ့ အလှူအဖို့အမျှကို သာဓုခေါ်ခဲ့တာကြောင့် နတ်စည်းစိမ် ချမ်းသာရရှိတဲ့ နတ်မိမယ်ဖြစ်ခဲ့ပြီ တိဿာ၊ ညီမတော်ကြီးနဲ့တကွ အလုံးစုံသော ဆွေမျိုးညာတိမိတ်သင်္ဂဟတို့ အနှစ်တစ်ရာတိုင် အသက်ရှည် အနာကင်းကြ ပါစေ၊ စိုးရိမ်ပူဆွေး ကင်းဝေးကြပါစေ၊ အသက်ထက်ဆုံး ကောင်းမှု ကုသိုလ်တို့ကို စိတ်ရှိတိုင်း ပြုကျင့်ဆောက်တည်နိုင်ကြပြီး သုဂတိဘုံ ရောက်ကြပါစေ”

ကြည်ညိုလှိုက်လှဲသော ဆုပေးသံ အဆုံးဝယ် နတ်ဒေဝီသည် ပျောက်ကွယ်သွား၏။

တိဿာသည် ထပ်မံ ကြုံတွေ့ရသည့် ဖြစ်ရပ်လုံးစုံကို ခင်ပွန်းဖြစ်သူ သူကြွယ်ကြီးအား ပြောပြရန် အခန်းထဲမှ ထွက်ခဲ့လေသည်။

**(မတ္တာဒေဝီဝတ္ထု)**

http://cyberbooks.myanmarchat.org

# ရက်ကန်းသည် မယား

စိတ်နှလုံး မွေ့လျော်ဖွယ် ဤတောအုပ်ငယ်လေး၏ သဘာဝ အလှကို ပို၍ ချမ်းမြေ့သာယာဖွယ် ဖြစ်စေအောင် ဖန်တီးနေသော အရာမှာ မနီးမဝေးရှိ ရက်ကန်းရွာလေးပင် ဖြစ်သည်။

တောင်သူလယ်လုပ် ခေးမခုတ်တို့သာ ရှိတတ်ကြသော ထို ရွာငယ်လေး၌ ရက်ကန်းသည် ဆယ့်တစ်ဦးတိတိရှိ၏။ သူတို့အပေါ် အုပ်ချုပ်သော ရက်ကန်းသည်မှူးနှင့်ပါဆိုလျှင် ဆယ့်နှစ်ယောက်ဖြစ် သည်။ ရက်ကန်းသည် အုပ်စုဆီမှ ရက်ကန်းခတ်သံများက တောအုပ် ငယ်သို့ ညိုးညိုးညံ့ညံ့ လွင့်ပျံ့လာတတ်သည်။ ရက်ကန်းစင်များ၏ တချောက်ချောက် အသံများက စည်းဝါးနရည် ချက်ကျစွာ ထွက်ပေါ်လာ တတ်သည်။

တောအုပ်အတွင်း မှီတင်းနေထိုင်ကြသော ငှက်ငယ်တို့သည်ပင် အဝေးမှ လွင့်ဝဲလာသော ရက်ကန်းသံတို့ကို နားယဉ်ခံစားတတ်နေကြ

http://cyberbooks.myanmarchat.org



ပေပြီ။ ဤတွင် ငှက်ကလေးများ၏ တေးဆိုသံနှင့် ရက်ကန်းသံတို့သည် ထူးခြားသော သဘာဝ ဂီတသံစဉ်များကို အပြန်အလှန် ဖန်တီးနေကြသည်။

ဘုရားရှင်ထံတော်မှ ကမ္မဋ္ဌာန်း ကျင့်စဉ်တရားကို နာယူမှတ်သားခဲ့ကြသော ရဟန်းတစ်ဆယ့်နှစ်ပါးတို့သည် တောအုပ်ကလေးရှိရာသို့ ရောက်လာကြသည်။ အချိန်ကာလကား ဝါဆိုဦးနီးလုကာလ။ သက်န်းရောင် ဖူးတံချိုလျက် လက်အုပ်ကြာပဒုံနှယ် ထိုးထိုးစွင့်စွင့် ပွင့်ဖူးလေ သော ဝါဆိုပန်းလေးများပင် အစီအရီ ထွက်ပေါ်လာကြပြီ ဖြစ်၏။

တောအုပ်၌ တစ်ညဉ့်မျှ နေ့သန့်နေထိုင်ကြစဉ် ရဟန်းတို့သည် ရွာလေးဆီမှ ရက်ကန်းသံကို သဲ့သဲ့ကြားကြရလေသည်။ နောက်တစ်နေ့တွင် ထိုရွာကလေးသို့ ဆွမ်းခံထွက်ကြွကြရန် ရဟန်းဆယ့်နှစ်ပါးတို့ သဘောတူညီကြသည်။ တောအုပ်ငယ်လေးသည် သံဃာ၏ အရိပ်အာဝါသကို ထပ်မံလွှမ်းခြုံလျက် ပိုမိုအေးချမ်း တိတ်ဆိတ်နေသည်။

ရက်ကန်းခတ်သံများက နိမ့်မြင့်နီးဝေး နရည်ချက်များနှင့် လွင့်ဝဲနေကြဆဲ။

* * *

တကတည်းမှပဲတော်. . .

ကိုယ့်ဟာကိုယ် ရက်ကန်းအလုပ်နဲ့ ထမင်းလေး တစ်လုပ်ကို အေးအေးဆေးဆေး ရှာဖွေစားနေပါမှ အပိုအလုပ်တွေက ရှုပ်လာရသေးတယ်။

ကိုယ့်ယောက်ျားက ရက်ကန်းသည်မျိုးဆိုတော့လည်း ကိုယ်ကလည်း ကတော်ပီပီ အစစ စီမံခန့်ခွဲပေးနေရတာ၊ ဗိုင်းငင်တဲ့နေရာ၊ ဝါဖန်

http://cyberbooks.myanmarchat.org



တဲ့နေရာ၊ ချည်ရစ်တဲ့နေရာတွေမှာ ကိုယ်က နေရာတကာ ဝင်ပါနေရတာ၊ ဒီအထဲ လွှန်းကျိုးလို့၊ နင်းခုံပြုတ်လို့၊ နှပ်ကြောင်းမှားသွားလို့ ဆိုတာတွေက ရှိသေး၊ ဆရာကတော်. . . ဆရာကတော်ဆိုရင် ကျုပ်မှာက ငေါက်ခနဲ ထလိုက်ရရော၊ ရက်ကန်းအလုပ် ဆိုတာက အဆင့်ဆင့်တွေ အများသား။

ဝါစိုက်တာကစပြီး စင်ပေါ်ကနေ ဖျဉ်အုပ်ကျတဲ့အထိ နေရာတကာ ဆရာကတော်. . . ဆရာကတော်၊ အေးလေ ကိုယ်ကပဲ ရက်ကန်းသည်မျိုးရဲ့မယား မဟုတ်လား၊ ကိုယ်လုပ်တတ်တာလည်း သည်အလုပ်၊ ကျွမ်းကျင်တာကလည်း သည်အလုပ်။

ရက်ကန်းအလုပ်များတော့ ကျုပ်ကမှုတာ မဟုတ်ဘူး၊ အလုပ်များပေမယ့် ပင်ပန်းတယ် မထင်ပါဘူး၊ ဒါနဲ့ ထမင်းစားရတာကိုး၊ ကိုယ့်ဝမ်းစာ ကိုယ်တတ်တဲ့ ပညာနဲ့ ပရိယေသန ရှာဖွေစားသောက်ရတာ၊ ကိုယ့်ထမင်းလုတ်နဲ့ ကိုယ်မြိန်ပါတယ်၊ ရက်ကန်းသည် ကတော်ဘဝနဲ့ပဲ ပင်ပန်းတဲ့ကြားက ပျော်ပါရဲ့။

အခုတော့. . . ဟင်း. . .

မဆိုင်တဲ့ အပိုအလုပ်တွေက ဝင်ရှုပ်နေတယ်။

အစကတော့ တစ်ရက်၊ နှစ်ရက်၊ သုံးရက်လောက်ပဲထင်လို့ ခွင့်ပြုခဲ့တာ၊ ခုတော့ ဆယ်ရက်ပိုင်းက,တော့လို့တုန်း လနဲ့ချီ ကြာနေပြီ။

ရဟန်းတွေတဲ့၊ ဆယ့်နှစ်ပါးတဲ့၊ ဟိုဘက်နားက တောအုပ်မှာ နေသတဲ့၊ နေရုံတင်မကဘူး၊ သည်ရွာကို ဆွမ်းခံကြွသတဲ့၊ ကြွပေ့ါ၊ ဆွမ်းလောင်းပေ့ါ၊ ဒါပဲပေ့ါ။

ခုတော့ မဟုတ်ရပေါင် အိမ်က ဟာကြီးရယ်ပေ့ါ။

သူတို့ဟာ သူတို့ သပိတ်ပိုက်ပြီး ဆွမ်းခံလာတာကို သူက

http://cyberbooks.myanmarchat.org



ဆတ်ဆော့နှုတ်ကျွံပြီး အိမ်ထဲထိပင့်၊ ဆွမ်းလုပ်ကျွေးသတဲ့၊ အံမာ ဆရာသမားအကြီးက စလုပ်ပြီဆိုတော့ သူ့တပည့် ဆယ့်တစ်ယောက် လည်း အိမ်ကို ရဟန်းတစ်ပါးစီ တာဝန်ယူပြီး ဆွမ်းလုပ်ကျွေးကြသတဲ့ လေ။

ဟုတ်. . . ဟုတ်သေးတော့ ရဟန်းက ဆယ့်နှစ်ပါးတဲ့၊ ရက်ကန်း အစုကလည်း အိမ်က ဟာကြီးနဲ့ဆို ဆယ့်နှစ်ယောက်ဆိုတော့ ဆရာဒကာ ကိုက်ညီနေကြတာလေ။

ထားပါ. . . တစ်ရက် နှစ်ရက်၊ ကဲ. . . ရက်သတ္တ တစ်ပတ် ပေါ့။

ခုတော့ ဟုတ်ပေါင်တော် လနဲ့ချီနေပြီ၊ ဝါဆိုဦးကနေ စလာလိုက် တာ၊ ဟော. . . အခု အိမ်ကဟာကြီးက ဆွမ်းကျွေးရုံတင်မကဘူး၊ သည် ရွာမှာပဲ သီတင်းသုံး ဝါကပ်တော်မူကြပါဆိုပြီး. . .

ကိုင်း. . . ကျောင်းတွေဆောက်၊ ဆွမ်းတွေချက်ပို့နဲ့၊ ကိုယ့် ရက်ကန်းအလုပ်နဲ့ကိုယ် ထမင်းရှာစားရတာ ပင်ပန်းပေမယ့် ပရိယေသန မို့ အဓိပ္ပာယ်ရှိသေး။ ခုတော့ ဟုတ်ပေါင် အပိုအလုပ်တွေ အလကား အပိုအလုပ်ရှုပ် အပိုကုန်။

ဟွန်း. . . ပြောချင်လိုက်တာ ပါးစပ်ကို ယားနေတာပဲ။ အိမ်က ဟာကြီးရယ်လေ၊ သူစလိုက်တဲ့ ကိစ္စ၊ တော်ကြီးရဲ့ ရဟန်းတွေကို သည် လောက် ကြည်ညိုနေရင် တော်လည်း ရက်ကန်းစင် မထိုင်နဲ့. . . တော့် ရဟန်းတွေနဲ့အတူ လိုက်နေလို့။

တကတည်းမှပဲ ရှုပ်ရှုပ်ယှက်ယှက်။

* * *

မယားသည်၏ မိစ္ဆာအယူနှင့် ခေါင်းပါးလွန်းသော သဒ္ဓါတရား၊

**ရတနာပုံစာအုပ်တိုက်**

http://cyberbooks.myanmarchat.org



တွန့်တိုတုံ့ဆိုင်းသော စေတနာတို့ကို တွေ့ရသောအခါ ရက်ကန်းသည် မှူးသည် များစွာစိတ်ထိခိုက် သွားရတော့သည်။

မယားအား ချော့မော့ဖျောင်းဖျ၍လည်း မရ၊ ကြိမ်းမောင်း ဆူပူ၍လည်း မရ။ ခက်နေသည်မှာ မယားသည် တစူပုပ်ပုပ် နှုတ်တရွရွဖြင့် ဗျစ်တောက်ဗျစ်တောက် လုပ်နေသော်လည်း ရက်ကန်းအလုပ်ကိုတော့ တစ်ချက်ကလေးမျှ ဟာကွက်မရှိအောင် ထောင့်စေ့ထောင့်ငု လုပ်ကိုင် နေခြင်း ဖြစ်သည်။

သည်အလုပ်လုပ်မှ သည်အသပြာ သည်ရိက္ခာကိုရမည်။ သို့ရမှသာ ရဟန်းတော်တို့အား ပစ္စည်းလေးပါး ထောက်ပံ့လုပ်ကျွေးနိုင်မည် ဖြစ်၍ မယား၏ အကူအပံ့ကို လက်လွှတ်၍ မဖြစ်။

ဤသို့ဖြင့်ပင် သီတင်းဝါလ ကျွတ်ခဲ့လေသည်။

ရက်ကန်းသည်မှူးက တပည့်ရက်ကန်းသည်များအား စုရုံးလိုက်ပြီးနောက် စကားပြောသည်။

"ဝါတွင်းသုံးလပတ်လုံး ငါတို့ပစ္စည်းလေးပါးနဲ့ ပူဇော်လုပ်ကျွေးခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို အခု နောက်ထပ် ကုသိုလ်ကောင်းမှုတစ်ခုနဲ့ထပ်ပြီး တိုးမြှင့်လိုက်ကြဦးစို့ဟေ့၊ အခု ဝါကျွတ်ပြီ၊ ကထိန်ခင်းပြီး သင်္ကန်းတစ်ထည်စီနဲ့ လှူဒါန်းကြရအောင်လား"

တပည့်များက အားတက်သရော ထောက်ခံကြ၏။ သို့သော် တစ်ယောက်သော တပည့်က ဝင်ပြောသည်။

"ဆရာ့ အစီအမံကို ကျွန်တော်တို့ကကော၊ ကျွန်တော်တို့ရဲ့ အိမ်သူဇနီးများကပါ ဘာမျှ ပြောစရာမရှိ၊ ဝမ်းသာအားရ လိုက်နာကြမှာပါ ဆရာ၊ ဒါပေမယ့် ဆရာကတော် အနေနဲ့ကော"

မိမိမယားကျခါမှ သဒ္ဒါဆွံ့ကာ လက်တွန့်နေသည့် အဖြစ်ကို

http://cyberbooks.myanmarchat.org



ရက်ကန်းသည်မျိုး ရှက်သွားသည်။ သို့သော်. . .

"အို. . . မလိမ္မာတဲ့သူ မလိမ္မာသလို ထားလိုက်ကွာ၊ တစ်နေ့တော့ သူလဲ တို့ဘက် ပါလာမှာပါ။ အယူကိုက လွဲနေတာကွ၊ အခု ကထိန်ခင်းပွဲမှာ သူ့ညီမ ငါ့ခယ်မကို ဟိုဘက်ရွာကနေ လှမ်းခေါ်ထားတယ်၊ သူ့ညီမက သူ့လိုမဟုတ်ဘူးကွ၊ အားကြီး စေတနာသဒ္ဓါ ထက်သန်တယ်၊ ရတနာသုံးပါးကို ကိုင်းရှိုင်းတယ်"

"ဒါဖြင့် ပြီးတာပေါ့ ဆရာရယ်၊ ကျွန်တော်တို့က ဆရာကတော်ကို လန့်လဲ လန့်တယ် ဆရာရဲ့"

*　　　　*　　　　*

ကိုင်း. . . ကောင်းကြသေးလား၊ သိပ်ကို တရားလွန်သွားပြီလေ။

သူတို့ဟာသူတို့ လှူကြတန်းကြ လုပ်ရင်းကနေ အခုတော့ ကျုပ်ကို တိုက်ရိုက်ကြီး စော်ကားလိုက်ပြီပေါ့။

ဟိုဘက်ရွာက ညီမကို လှမ်းခေါ်ပြီး ကထိန်ပွဲ ဝေယျာဝစ္စတွေမှာ အကြီးအမှူးခန့်မတဲ့။ ကျုပ်ညီမပါ၊ ကျုပ်ညီမ သူ့နှမ သူခေါ်ရင် မပြောပါဘူး၊ ခုတော့ ကျုပ်ညီမ သူ့ခယ်မ။

ဘယ့်နှယ်တော် ရက်ကန်းစင်တွေကြားမှာ တကုပ်ကုပ်နဲ့ လုပ်ရတော့ ကျုပ်။ ရလာတဲ့ အသပြာတွေနဲ့ လှူဟယ်တန်းဟယ် ကျောင်းဆောက်ဟယ်လုပ်တော့ အခုဘာတဲ့ ကထိန်သင်္ကန်းဆိုလား။ ဟိုကောင်မက အလှူပွဲကြီးရဲ့ ဦးစီးမကြီးပေါ့လေ၊ အလှူရှင်ကတော်ကြီးပေါ့လေ။ တယ်. . . မပြောလိုက်ချင်ဘူး။ ခဲအိုနဲ့ ခယ်မ ပလူးပြီး အလှူပွဲကြီး လုပ်နေတော့။

သည်မှာ ရက်ကန်းမျိုးကြီးရဲ့ ကျုပ်ပါဝင်ပြီး ရှာထားရတဲ့ ပစ္စည်း

http://cyberbooks.myanmarchat.org



တွေ ရှင်သိလား. . . အလကား မစားရ၊ မသုံးရ၊ မဝတ်ရ မပျော်ရဘဲ ကျောင်းဆောက် သက်နုန်းလှူနဲ့ ရဟန်းတွေကို ပေးပေးပစ်နေတာ ကျုပ် နှမြောတယ်၊ ဒါပဲ သဝန်တိုတယ် ဒါပဲ။

ကျုပ်ကိုပါ ပုတ်ခတ်စော်ကားလာတော့ ဒီမှာ ကျုပ်ကလည်း ပြောစရာ စကားနဲ့ပါတော်။ ဩ ကြားချင်သလား၊ နားထောင်။

အဲဒီ ရဟန်းတွေဆိုတာက လူဝတ်ကြောင်တုန်းက သာကီဝင် မင်းမျိုးတွေ သိရဲ့လား။ တော့်ထက် အဆပေါင်းများစွာ ချမ်းသာတဲ့ ခတ္တိယဇာတ်တွေ၊ သူတို့ကိုများ၊ တော်က နေစရာပေး၊ ဝတ်စရာပေး၊ စားစရာပေးနဲ့ တော်က ရက်ကန်းသည်ပါ၊ ဝယဇာတ်မျိုးနွယ်တော် မဝင်ခဲ့တာပါ။ အနိမ့်စား ဇာတ်ပါ။

ဒီမယ်. . . တော်သိပ်လှူချင်နေသလား။

လှူ- လှူပါ။ တော်ကြီးလှူသမျှ စားဖွယ်သောက်ဖွယ်တွေဟာ နောင်ဖြစ်ရာ ဘဝတွေမှာ တော့်အတွက် ကျင်ကြီး ကျင်ငယ်တွေ ဖြစ်ပါ စေတော်။ ပြည်သွေး သလိပ်တွေ ဖြစ်ပါစေတော်။ တော်ကြီးလှူသမျှ အဝတ်သင်္ကန်းတွေဟာလည်း မီးတရဲရဲ မီးလျှံစွဲနေတဲ့ သံပြားတွေ သံချပ်တွေ ဖြစ်ပါစေတော်။ ကိုင်း- မှတ်ပလားဟဲ့ ငါ့ကျိန်စာ။

*　　　　*　　　　*

'ဝိဥ္ဈာ' တောအုပ်ကြီးထဲရှိ တန်ခိုး ထင်လင်းသော ရက္ခစိုး နတ် မင်းကြီး ရှေ့မှောက်သို့ ပြိတ္တာမကြီး ရောက်လာပြန်ပေပြီ။

ရက္ခစိုးနတ်မင်းကြီးသည် စိတ်မသက်မသာဖြင့် ပြိတ္တာမကြီးကို ကြည့်လျက် ထုံးစံအတိုင်း အစားအစာများကို ပေးလိုက်၏။ သို့သော်-

အဝတ်မပါ ဗလာကိုယ်လုံးတီးဖြင့် ရုပ်ဆင်းအသွင် ဆိုးရွားလှ

http://cyberbooks.myanmarchat.org



သော ပြိတ္တာမကြီးက လှမ်းယူလိုက်ချိန်တွင် ရုက္ခစိုးနတ်မင်းကြီး လက်ဖြင့် ပေးစဉ်က အစာရေစာ ဘောဇဉ်များသည် ပြိတ္တာမကြီး လက်ထဲသို့ ရောက်လျှင်ရောက်ချင်း ကျင်ကြီး ကျင်ငယ်များ ဖြစ်သွားကြသည်။ သွေး၊ ပြည်၊ သလိပ်များ ဖြစ်သွားကြသည်။

မျက်လုံးဟောက်ပက်၊ ကျိုးကျဲသွားများ ပုပ်ဟောင်သော အာရည်က ယိုစီးပြီး ချိုင့်ဝင်ပါးစောင် နက်ရှိုင်းသော နားထင်နှင့် ဆာလောင်ငတ်မွတ်ခြင်းကြောင့် တဆတ်ဆတ် တုန်ယင်သော လဲပြိုခွေယိုင်နေသော ပြိတ္တာမကြီးသည် ထိုသွေးများ၊ ပြည်များ၊ သလိပ်များကိုပင် ထမင်း အာဟာရ အမှတ်ဖြင့် မရွံမရှာ စုတ်စုတ်ပြတ်ပြတ် စားသောက်လျက်-

အရိုးအကြောပြိုင်းပြိုင်း၊ လက်တံများက ဆန့်တန်းလာပြန်၏။ မွဲခြောက်သော အဆင်းရှိသည့် ငေါငေါကွက်ကွက် လက်ဖဝါးများကို ဖြန့်လျက် ပြိတ္တာမကြီး တောင်းနေပြန်ပေပြီ။

ရုက္ခစိုးနတ်မင်းကြီးက နတ်ဝတ်ပုဆိုးများကို ပေးလိုက်ပြန်၏။ ပြိတ္တာမကြီး လက်ဝယ်သို့ ရောက်သည့်ခဏမှာပင် မီးတရဲရဲ စွဲလောင်နေသော သံပြား၊ သံနန်းများ ဖြစ်သွားကြပြန်သည်။

ပြိတ္တာမကြီးကား ထိုကျွတ်ကျွတ် နီရဲနေသော မီးလျှံညီးညီး သံပြားများကိုပင် အဝတ်တန်ဆာ အမှတ်ဖြင့် ကိုယ်ပေါ်သို့ ဝတ်ဆင်လိုက်၏။ ထို့နောက် ကြောက်မက်ဖွယ် အသံနက်ကြီးဖြင့် အော်ကာ ကိုယ်ပေါ်မှ သံပြားများကို ချွတ်ရင်း လူးလိမ့်ခုန်ပေါက်နေတော့သည်။ သံပူမီးရဲတို့၏ လောင်ကျွမ်းမှုကြောင့် ပြိတ္တာမကြီး၏ ကိုယ်ပေါ်တွင် အဆုပ်ဆုပ်သော အပူလောင် အဖုအပိန့်ကြီးများ၊ မြင်မကောင်းအောင် ပေါ်လာကြလေသည်။

ဤအဖြစ်မှာ နေ့စဉ်နေ့တိုင်းပင် ဖြစ်ပျက်နေ၏။

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



ရုက္ခစိုးနတ်မင်းကြီး၏ လက်မှုအစားအစာသည် ပြိတ္တာမကြီး ထံတွင် ကျင်ကြီး ကျင်ငယ်၊ သွေး၊ သလိပ်၊ ပြည်ပုပ်များ အဖြစ်သို့၊ ရုက္ခစိုးလက်မှ နတ်ဝတ်ပုဆိုးများသည် ပြိတ္တာမကြီးထံတွင် မီးလောင် သံပူများအဖြစ်သို့. . .

ရက်ကန်းသည်မှူး ဘဝမှ သေလွန်ခဲ့ပြီး ရုက္ခစိုးမင်းကြီး ဖြစ်လာ သူသည် ဟိုဘဝက သူ့မယားဖြစ်ခဲ့ဖူးသူ ယခု ပြိတ္တာမကြီးအား မည်သို့မျှ မတတ်နိုင်ချေ။

* * *

"ဒကာ- ဟောဒီ ဝိဥ္စာတောအုပ်ထဲမှာ ကျွန်ုပ်ကို သင်တွေ့ရှိ ပင့်ဖိတ်ပြီး သင့်ဗိမာန်မှာ ပြုစုလုပ်ကျွေးပေတယ်။ သင်ရဲ့ ကုသိုလ် စိတ်စေတနာ သဒ္ဓါအတွက် ကျွန်ုပ် သာဓု ခေါ်ပါတယ်။ သို့သော် သင့်ဆီ ရောက်လာတဲ့ ဟောဟိုက အဆင်းသဏ္ဍာန် ဆိုးရွားလှတဲ့ ပြိတ္တာမကြီးရဲ့ အဖြစ်ဟာ ဆိုးရွားလွန်းလှပါတကား"

ဝိဥ္စာတောအုပ်ထဲသို့ ရောက်လာကာ ရဟန်းက မေးသောအခါ ရုက္ခစိုး နတ်မင်းကြီးက ဖြစ်ကြောင်း ကုန်စင်ကို လျှောက်တင်လိုက်လေ သည်။

"အရှင်ဘုရား၊ ဒီပြိတ္တာမကြီးက ရှေးဘဝက တပည့်တော်ရဲ့ မယား ဖြစ်ခဲ့ဖူးပါတယ် ဘုရား၊ သူဟာ မိစ္ဆာအယူရှိတဲ့အပြင် နှမြော ဝန်တို သဒ္ဓါခေါင်းပါး ဆွံ့ရှားလွန်းလှတဲ့သူ ဖြစ်တဲ့အတွက် တပည့်တော် ရဲ့ အလှူဒါန မှန်သမျှကို လိုက်လံဟန့်တား၊ ဆဲရေး ကြိမ်းမောင်းရုံတွင် မက ကြောက်စရာကောင်းလှတဲ့ ကျိန်စာတစ်ခုကို ဆိုခဲ့ပါတယ် ဘုရား"

"အဲဒီ ကျိန်စာကတော့"

http://cyberbooks.myanmarchat.org



ရဟန်းနှင့် ရုက္ခစိုးတို့ အမေးအဖြေ ပြုနေကြစဉ် မလှမ်းမကမ်းမှ ပြိတ္တာမကြီးကား မစင်ကျင်ငယ် သွေးပြည်များကို စားသောက်လျက် သံပြားမီးဖြင့် အောက်တွင် လူးလှိမ့်အော်ဟစ်လျက်ပင်-

"အရှင်ဘုရား၊ ပြိတ္တာမရဲ့ ဆင်းရဲဒုက္ခကို လွတ်မြောက်အောင် ဘယ်သို့ ဆောင်ရွက်ရမလဲ ဘုရား"

"ဒကာ- မြတ်စွာဘုရားကို ဖြစ်စေ၊ ရဟန်း သံဃာကို ဖြစ်စေ၊ တစ်စုံတစ်ခု ပေးလှူပြီး ဤပြိတ္တာမအား ရည်ညွှန်းမှန်းဆ အမျှအဖို့ ပေးဝေခဲ့ရင် ပြိတ္တာမကလဲ ထိုကုသိုလ်အမျှကို သာဓုခေါ်ဆို ခံယူနိုင်ခဲ့ရင် ဆင်းရဲဒုက္ခက လွတ်မြောက်၊ ပြိတ္တာမဘဝပါ လွတ်မြောက်နိုင်ပေလိမ့်မယ်"

"အို-အရှင်ဘုရား၊ သည်သို့ဆိုရင် ယခုလဲ အရှင်ဘုရားအား တပည့်တော် မွန်မြတ်သော အစားအစာများ၊ အဝတ်များ ပေးလှူပါရစေဘုရား၊ ပြီးတော့ ထိုကုသိုလ်ကို၊ ပြိတ္တာမအား အမျှပေးဝေပါ့မယ် ဘုရား"

"အလိုအတိုင်း ရှိစေ ဒကာ"

* * *

သုံးကြိမ်ဝေသော အမျှကုသိုလ်ကို သုံးကြိမ်သုံးခါ ကျွန်မ သာဓုခေါ်လိုက်သည့် ခဏ၌ အို- ကျွန်မ၏ ဆင်းရဲဒုက္ခကြီးလွန်းလှသော ပြိတ္တာမကြီး ဘဝသည် ပျောက်ကွယ် ပြီးဆုံးသွားခဲ့ပါကော။

ကျွန်မ လှပတင့်တယ်သော နတ်ဝတ်တန်ဆာတို့ဖြင့် နတ်သြဇာ သုဒ္ဓါတို့ဖြင့် ကျွန်မ နတ်ကညာ ဖြစ်ခဲ့ပါပကော။

ရုက္ခစိုးနတ်မင်းကြီးကလည်း သူ့တန်ခိုးဖြင့် ရဟန်းတော်အား သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ ပို့ဆောင်ပေးခဲ့ပါပြီ။

**ရတနာပုံစာအုပ်တိုက်**

http://cyberbooks.myanmarchat.org



ရှင်တော်မြတ်ဘုရားသည်လည်း ရုက္ခစိုးနတ် လှူလိုက်သော နတ်ဝတ်ပုဆိုးကို တစ်ဆင့် ပြန်လှူသော ရဟန်း၏ဖြစ်ကြောင်း ကုန်စင် လျှောက်ထားချက်များကို အကြောင်းပြုလျက် တရားဒေသနာ ဟောကြား တော်မူခဲ့ပါပြီ။

ရက်ကန်းသည် မယားဘဝမှနေ၍ ပြိတ္တာမကြီး ဖြစ်ခဲ့ကာ ယခု အခါ နတ်ကညာတစ်ပါး ဖြစ်နေသော ကျွန်မ၏ ဘဝစဉ်ဆက်တို့ကို ဖန်တီးစေ့ဆော်ခဲ့သည့် သုံးပါးသော ကံတို့၏ အရှိန်အဟုန် ကောင်းမှု၊ မကောင်းမှု အကျိုးဆက်များကို တလောကလုံး ကြားသိအောင် ကျွန်မ ကြွေးကြော် သတိပေးရပါဦးမည်။

*　　*　　*

http://cyberbooks.myanmarchat.org

# အနီရောင် ဂဂ်ါ

စိမ်းလဲ့လဲ့ရေအပြင်ထက်တွင် လှိုင်းကြက်ခွပ်လေးများ တဖျတ်ဖျတ်၊ တငြိမ့်ငြိမ့် စီးဆင်းနေသော မြစ်အလျဉ်ထက်သို့ နေခြည်အလင်းက သင့်တင့်မျှတစွာ ဖြာကျနေကြသည်။ လေပြည်သုန်သုန်က ဖြူးလိုက်သောအခါ လှိုင်းကြက်ခွပ်လေးများပေါ်တွင် စိန်ပွင့်များ ပြိုးပြက်တောက်ပသွားကြ၏။

ဟိုမှာဘက် မြစ်ကမ်းဆီတွင် တစ်ပြင်တစ်ပြန့် သဲသောင်ရှိသည်။ သောင်စပ် ကျောက်တုံးကြီးများသည် မြစ်ရေစီး၏ ပွတ်သပ်မှုကို ငြိမ်သက်စွာ ခံယူရင်း အိပ်မောကြနေကြသယောင်။ မြစ်ပြင်ဆီသို့ ငုံ့စောင်းငိုက်ကျနေသော သစ်ပင်ကြီးများကမူ လှိုင်းကြက်ခွပ်ပေါ်မှ စိန်ပွင့်များကို တအံ့တသြ ငုံ့ကြည့်နေသည်ဟု ထင်ရ၏။

သာတောင့်သာယာ ဂဂ်ါပင်တည်း။

**ရတနာပုံစာအုပ်တိုက်**

http://cyberbooks.myanmarchat.org



ရေစီးအလျဉ်၏ ပွတ်တိုက်မှုကြောင့် လုံးဝန်းချောမွတ်နေကြသော ကျောက်တုံး ကျောက်ခဲလေးများသည် မြစ်ကမ်းစပ် တစ်လျှောက်တွင် တစ်မျှော်တစ်ခေါ် ရှုမဆုံးရှိနေကြလေသည်။ အဝေးမြစ်ညာတစ်နေရာဆီ၌ ဗျိုင်းတစ်အုပ်သည် ရေစပ်မြစ်ဆိပ်တွင် ငြိမ်သက်စွာရပ်နေကြသည်။ ဂင်္ဂါ၏လှပသော ဖမ်းစားမှု အောက်ဝယ် ဗျိုင်းတို့သည် ငါးဖမ်းရမည်ကို မေ့လျော့နေကြသလား မသိ။

တင်ကြီးငှက်တို့ကမူ ကျောက်စရစ်ခဲများ အကြိုအကြားတွင် တစွပ်စွပ်လျှောက်ရင်း လမ်းသလားနေကြ၏။ မြစ်ပြင်ထဲသို့ ငုံ့ငိုက်နေသည့် သဖန်းပင်ကြီး တစ်ပင်အောက်တွင်မူ သမင်လေးတွေ ရေသောက်ဆင်းလာကြသည်။ ဟင်္သာတစ်အုပ်သည် ရေစပ်ရှိ သမင်များကို ကြောက်ရကောင်းမှန်း မသိဘဲ ရေစီးနှင့်အတူ စီးမျှောလိုက်ပါနေကြသည်။

ဂင်္ဂါသည် တောနှင့်တောင်တို့၏ ကောင်းချီးပေးမှုကို ခံယူရင်း တသွင်သွင်စီးဆင်းနေသည်။ စိမ်းလဲ့ညိုမှောင် မြသားရေအပြင်ကို ကြွားရရွှားခင်းဖြန့်လျက် မိုးကောင်းကင်နှင့် အပြန်အလှန် ဂုဏ်ပြိုင်နေ၏။

သာတောင့်သာယာ ဂင်္ဂါ. . . ။

ထိုစဉ် ရေစပ်သောင်ပြင်သို့ ဆင်းလာသော ခြေသံတစ်ခု ပေါ်လာ၏။

သမင်များ ခေါင်းဝင့်လည်စွင့်ကြည့်ကြသည်။ ဟင်္သာအုပ်က လန့်၍ ထပျံသွားကြသည်။ ငိုက်မျဉ်းနေသော ဗျိုင်းများ လည်ပြန်ဖြစ်သွားသည်။ တင်ကြီးငှက်များသည် ကျောက်တုံးများအကြား ခြေထောက်ချရင်း မလှုပ်မရှား ဖြစ်သွားသည်။

ခြေသံတစွပ်စွပ်နှင့်အတူ မြစ်ဆိပ်သို့ ရောက်လာသော သဏ္ဍာန်

http://cyberbooks.myanmarchat.org



ကြောင့် ဂင်္ဂါလှိုင်း၏ ကြက်ခွပ်များသည်ပင် တန့်ရပ်သွားကြသလိုလို။

ခြေသံရှင်သည် ထိုအရာများအားလုံး ဘာကိုမျှ ဂရုမစိုက်နိုင်ဟန်ဖြင့် မြစ်ဆိပ်ဆီသို့ ခပ်သုတ်သုတ် ဆင်းလာသည်။ ဟင်္သာအုပ်၊ တင်ကြီးငှက်နှင့် ဗျိုင်းများ ရေသောက်ဆင်းသော သမင်များနှင့် သာတောင့်သာယာ ဂင်္ဂါကို ထိုသဏ္ဍာန် စိတ်မှတ်မပြု။ အာရုံမရှိ။

ဆင်းလာသော ခြေလှမ်းများက ဖရိုဖရဲနိုင်လှ၏။ သဲပြင်တွင် နစ်ကျွံသွားသော ခြေထောက်များကို ပြန်၍သိမ်းနှုတ်ပုံမှာလည်း ကစဉ့်ကလျားရှိလှ၏။ တစ်ကိုယ်လုံး ဒယီးဒယိုင် ဖြစ်နေ၏။

"ရေ. . . ရေ . . . ရေငတ်လှပါပြီ . . .၊ ငါ. . . ရေသောက်မယ် . . ."

ရေငတ်လွန်းလို့ ငါ့လည်ချောင်းတွေ ပေါက်ထွက်တော့မယ်။ ခံတွင်းထဲမှာ မီးတောက်တွေ၊ မီးလျှံတွေ. . . အလိုလေး. . . ရင်ထဲမှာလဲ ပူလှချည့်. . . လောင်လှချည့်. . . ရေ. . . ရေ. . .။

ဂင်္ဂါမြစ်ကြီးထဲက ရေတွေကို ငါသောက်မယ်။

ဒရွတ်တိုက်နေသော ခြေထောက်များဖြင့် ရေစပ်သို့ ဆင်းလာ၏။

အို. . . ဒီဆံပင်တွေကလဲ နှော်. . .။

ခြေလှမ်းနှင့်အမျှ တဖွားဖွား လွင့်ဝဲနေသော ဆံပင်များကို မထိန်းသိမ်းနိုင်။ ဆံပင်တွေက နက်မှောင်လှပသလောက်၊ အောင်မြင်ဖွံ့ထွားသော ဆံပင်အုံကြီးသည် တအိအိ လှုပ်ယမ်းနေ၏။ အဖျားဆီတွင် ကော့ပျံနေကြကာ နူးညံ့ရှည်လျားလှ၏။ သို့သော် ထူးခြားစွာ လှပသော ဤဆံပင်များကို သူဂရုမထားနိုင်။ ဤသို့သော နက်မှောင်ရှည်လျား နူးညံ့သည့် ဆံပင်ဆံနွယ် တစ်ထွေးကြီးအတွက်လည်း ဂုဏ်ယူဝင့်ကြွား

http://cyberbooks.myanmarchat.org



ဖို့ ဆန္ဒအလျဉ်းမရှိ။

သူ့အတွက် အရေးအကြီးဆုံးမှာ ရေတစ်ပေါက် သောက်ရဖို့ပင် ဖြစ်၏။ ရေ. . . ရေငတ်လှပြီ။ ရေငတ်လှပါပြီ။ လည်ချောင်းတွေ ပေါက်ကွဲ၊ ရင်ထဲမှာ မီးတောင် နှုတ်ခမ်းတွေက ဖုန်းဆိုးမြေ။ ပတ်ကြား အက်။

ဂင်္ဂါမြစ် ရေစပ်သို့ ရောက်ခဲ့ပြီ။

ကျောက်စရစ်ခဲ သဲသောင်တွင် အလဲလဲအပြိုပြို ဒူးထောက်ချ လိုက်၏။ ထို့နောက် တိရစ္ဆာန် တစ်ကောင်လိုပင် ငုံ့၍ ရေသောက်ရန် မြစ်ရေပြင်ဆီသို့ ကိုင်းညွတ်လိုက်၏။ သည်တစ်ခါတော့ ရေ. . . အဝ သောက်။

အလိုလေး. . . ကယ်တော်မူကြပါ။

စိမ်းလဲ့ညိုမှောင် ဂင်္ဂါမြစ်ရေသည် သူ့နှုတ်ခမ်းနှင့်ထိသော ခဏ မှာပင် ခြင်းခြင်းနီသော သွေးများအဖြစ် ပြောင်းလဲသွား၏။

တစ်ခွင်တစ်ပြင်လုံး သွေး. . . သွေးတွေ။

အနီရောင် ဖြစ်သွားပြန်ပါပကော။

သူသည် ခြင်းခြင်းနီရဲရဲတွတ်သော သွေးဂင်္ဂါမြစ်ပေါ်တွင် ကစဉ့် ကလျားလှဲချလိုက်ပြီးနောက် လူးလှိမ့်မြည်တမ်းနေ၏။

“သွေး. . . သွေးတွေဖြစ်သွားပြီ၊ ငါ ရေသောက်လို့ မရတော့ဘူး လား၊ ဂင်္ဂါဟာ အခုလဲ မြစ်သွေးပင်လယ်ဖြစ်သွားပြီ၊ ကယ်တော်မူကြပါ၊ ငါ ရေမသောက်ရဘူးလား၊ ငါ့အတွက် ရေမရှိတော့ဘူးတဲ့လား၊ ငါးဆယ့် ငါးနှစ် ငါးဆယ့်ငါးနှစ်ရှိပြီ၊ ငါ ရေမသောက်ရတာ ငါရေသောက်မယ် လုပ်တိုင်း ဂင်္ဂါမြစ်ကြီးတစ်ခုလုံး သွေးတွေဖြစ်သွားတာ ငါးဆယ့်ငါးနှစ် ကယ်ကြပါ. . . ကယ်ကြပါ”

http://cyberbooks.myanmarchat.org



*　　　*　　　*

ဂဂ်ါသို့ ရေသောက်ဆင်းကြသော တိရစ္ဆာန်ငယ်ကလေးများ၊ ကျေးငှက်များလည်း မရှိကြတော့ပြီ။ မြစ်ကမ်းတစ်ခွင် ပုံပျက်ပန်းပျက် လဲပြိုနေကာ တစာစာ အော်ဟစ်ငိုကြွေးနေသော ထိုသူကြောင့် အားလုံး လန့်ဖျပ်ထွက်ပြေးသွားကြပြီ ဖြစ်၏။

ဂဂ်ါ၏ လှိုင်းကြက်ခွပ်များကို ကြည့်ရင်း သူသည် မချိမဆံ့ ရှိုက်လိုက်ပြန်သည်။ သူ့မျက်စိရှေ့ဝယ် ဂဂ်ါသည် စိမ်းလဲ့ညိုမှောင် ရေပြင်ကျယ် တစ်မျှော်တစ်ခေါ်ဖြင့် လာလှည့် သောက်သုံးလှည့်ဟု ဖိတ်ခေါ်နေသယောင်။

အားပြတ်ခွေလဲနေရာမှ သူသည် တိရစ္ဆာန် တစ်ကောင်လို တွားသွားလျက် မြစ်ဆိပ်ရေစပ်ဆီသို့ လာခဲ့ပြန်သည်။ နက်မှောင်ရှည်လျား၍ အဖျားကော့ညွှတ်သော လှပသည့် ဆံပင်တစ်ထွေးကြီးက ဒရွတ်တိုက်ပါလာ၏။ ဆတ်ဆတ်တုန်နေသော လက်နှစ်ဖက်ကို အားယူထောက်ကာ သူသည် မြစ်ပြင်ဆီသို့ မျက်နှာအပ်ချလိုက်၏။

စောစောက စိမ်းလဲ့ညိုမှောင်ရေပြင်သည် ရဲရဲနီသော သွေးအပြင်ကြီး ဖြစ်သွားပြန်လေသည်။

မချိတင်ကဲ ရေရွတ်မြည်တမ်းရင်း သူသည် ဘုံးဘုံးလဲကျသွားပြန်သည်။ ဂဂ်ါမြစ်ရေသည် သူ့အတွက် သူရေသောက်မည်ပြုတိုင်း ခြင်းခြင်းနီသော သွေးမြစ်ပင်လယ်ကြီး ဖြစ်ဖြစ်သွားချေသည်။

“ငါ့အတွက် ရေမရှိတော့ဘူး၊ သွေးတွေ သွေးတွေ”

အက်ကွဲဖြူရော်နေသော နှုတ်ခမ်းများကို တလှုပ်လှုပ် ရေရွတ်ရင်း ငိုရှိုက်လိုက်ပြန်လေသည်။

ထိုအခိုက်. . .

http://cyberbooks.myanmarchat.org



သူ၏ မှုန်ဝါးသော မြင်ကွင်းထဲ၌ ဝါရွှေရောင်အဆင်း သဏ္ဍာန် တစ်ခုကို ရိပ်ခနဲ တွေ့လိုက်ရ၏။ ထိုသဏ္ဍာန်သည် ရေသောက်ဆင်း လာသော သမင်တစ်ကောင် ဖြစ်သည်ဟု သူထင်မိ၏။ သို့သော် အနီး သို့ ရောက်လာသည်တွင် သမင်တစ်ကောင်မဟုတ်ဘဲ ဝါရွှေသော အဆင်းသည် သင်္ကန်းခြုံလွှမ်းထားသော ရဟန်းတော်တစ်ပါး ဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

သူသည် အဝတ် ဗလာနတ္ထိ ဖြစ်နေသော သူ၏ ခန္ဓာကိုယ်ကို သူ၏ နက်မှောင်ရှည်လျားသော ဆံပင်များဖြင့် ရစ်ပတ်ဖုံးလွှမ်းကာ အရှက်အကြောက်ကို လုံခြုံစေလိုက်၏။ သူ့ဆံပင်များသည် သူ့ တစ်ကိုယ်လုံးကို ကောင်းစွာ ဖုံးအုပ်နိုင်လောက်အောင် ရှည်လျားကြပေ သည်။

ရဟန်းတော်အနီးသို့ သူ ပစ်လှဲချလိုက်၏။

"အရှင်ဘုရား . . . တပည့်တော်မ ရေသောက်ပါရစေ ဘုရား"

'အရှင်ကဒ်္ခါရေဝတ' မထေရ်သည် ခြေရင်းတွင် ပုံပျက်ပန်းပျက် လှဲလျောင်းလာသူကို ငုံ့ကြည့်လိုက်၏။ အဖျားများကော့ညွှတ်၍ နက်မှောင်ရှည်လျားသော ဆံပင်များဖြင့် တစ်ကိုယ်လုံးကို ဖုံးအုပ်ရစ်ပတ် ထားသော သဏ္ဍာန်မှာ အဝတ်အစားဟူ၍ အလျဉ်းမရှိ။ ထို့ပြင် ရုပ်ဆင်း သွင်ပြင်က စက်ဆုပ်ကြောက်မက်ဖွယ် အတိ။ မည်းပြာနေသော အသား အရေ၊ ချိုင့်ခွက်ဖြစ်နေသော မျက်တွင်းဟောက်ပက်၊ အရိုးပြိုင်းပြိုင်းဖြင့် အသားဆိုင်ဟူ၍ မရှိသော အရိုးပေါ် အရေတင် ကမ္ဗဌာန်း အရိုးစုနီးပါး ကိုယ်ခန္ဓာ၊ အဆိုးဆုံးကား လယ်ကန်သင်း ပတ်ကြားအက်နှယ် အစိတ် စိတ် ကွဲအက်နေသော နှုတ်ခမ်းပါးစပ်များ။

"တပည့်တော်မကို ရေတိုက်ပါဘုရား၊ ရေငတ်လွန်းလို့ လည်

http://cyberbooks.myanmarchat.org



ချောင်းထဲမှာ၊ ဝမ်းဗိုက်ထဲမှာ မီးတောက်နေပါပြီ ဘုရား"

အရှင်ကာဠီရေဝတမထေရ်သည် တသွင်သွင် စီးနေသော ဂင်္ဂါမြစ်ပြင်ကျယ်ကြီးကို လှမ်းကြည့်လိုက်၏။ ထို့နောက်. . . အသင်ဘယ်သူလဲ၊ ဘယ်လိုဖြစ်ရတာလဲ၊ သင်ရှေ့၊ ကျွန်ုပ်ရှေ့မှာ ဂင်္ဂါမြစ်ပြင်ကျယ်ကြီး ရှိနေပါသော်ကော၊ ဟိမဝန္တာက မြစ်ဖျားခံခဲ့တဲ့ ဂင်္ဂါမြစ်ကြီးဟာ သင့်ရှေ့မှာ အေးမြကြည်လင်တဲ့ ရေအလျဉ်နဲ့ တငြိမ့်ငြိမ့်စီးဆင်းနေတယ်၊ ဂင်္ဂါမြစ်ထဲက ရေကိုယူပြီး သောက်ပါတော့လား၊ ဘာကြောင့် ကျွန်ုပ်ထံမှာ ရေတောင်းနေရသလဲ"

ဤတွင် ရုပ်ဆင်းအင်္ဂါ ဆိုးရွားလွန်းလှသူသည် ရင်ခေါင်း လည်ချောင်းအတွင်းမှ မချိမဆံ့ ထွက်ကျလာသောအသံဖြင့်. . .

"တပည့်တော်မဟာ လူ့ဘဝမှ သေလွန်သောအခါ ကစပြီး ငါးဆယ့်ငါးနှစ်တို့ပတ်လုံး ဟောဒီပြိတ္တာမကြီးအဖြစ်နဲ့ အစာစားရတဲ့နေ့၊ ရေသောက်ရတဲ့ နေ့ရယ်လို့ မရှိခဲ့ပါ အရှင်ဘုရား၊ အစာမစားရလို့ ရင်ထဲက မီးတွေပူနေတဲ့အဖြစ်ကို ငြိမ်းစေဖို့ ရေလေးတစ်ပေါက် သောက်မယ်ပြုတိုင်းလဲ ဟောဒီဂင်္ဂါမြစ်ရေတွေဟာ တပည့်တော်အတွက် သွေးအတိ မြစ်ပြင်ကျယ်ကြီး ဖြစ်သွားပါတယ် ဘုရား"

"အို. . . ဘယ်နှယ့်ကြောင့် ခုလို အဖြစ်ဆိုးနဲ့ ကြုံရပါသလဲ ပြိတ္တာမ"

"မှန်လှပါဘုရား ဖြစ်ရပုံက ဒီလိုပါဘုရား"

* * *

"ဟော့. . . ဟော့ သားမောင်ရဲ့ လာစမ်းပါဦး၊ ဒါက ဘာတွေ လုပ်မလို့လဲ၊ ဘာတွေ စီစဉ်နေတာလဲ၊ မင့်နှယ်ကွယ် ကိုယ့်ဘာသာကိုယ်

http://cyberbooks.myanmarchat.org



အမတ်ရာထူးနဲ့ ဘုရင့်အမှုတော်ကို အေးအေးသက်သာ ထမ်းရွက်ရတဲ့ ရိက္ခာလစာနဲ့ အခွန်အတုတ်ကို အေးအေးဆေးဆေး စားနေတာ မဟုတ်ဘူး၊ ဘယ့်နှယ်အပိုအလုပ်တွေနဲ့ ရှုပ်နေရတာတုန်း ခက်ပါသေးရဲ့၊ ဒီလို ရှုပ်ရှုပ်ရှက်ရှက်တွေကို အမေက မြင်ချင်တာ မဟုတ်ဘူး၊ အလကားအပိုတွေ. . .”

ကိုင်း. . . အဲသည်လိုပဲ ကျုပ် ပြောချလိုက်တယ်၊ ဟုတ်တယ်လေ. . .

ကျုပ်သား ဥတ္တရဟာ ခုတလော ဘာတွေလုပ်နေမှန်းကို မသိဘူးဟိုး. . . တောထဲက ပြန်လာပြီးမှ အချိုးတွေ ပြောင်းလာတာ။

သူ့အဖေ ကျုပ်ခင်ပွန်း အမတ်ကြီး အနိစ္စ ရောက်သွားပြီးနောက်မှာ ဥဒေနမင်းကြီးက အဖေ့ရာထူး သားဆက်ခံစေဆိုပြီး သားကို အမတ်ရာထူးဆက်ခန့်ခဲ့တယ်။ ကောသမ္ဗီမှာ ဖအေအမတ်၊ သားအမတ်ဆိုတာ ရှားမှရှား။ ကျုပ်သား ဥတ္တရတော်လို့ ဘုရင်မင်းမြတ်က အမတ်ရာထူးဆက်ခန့်တာ။ သည်တော့ ကျုပ်ဆိုတဲ့ ကျုပ်ကလဲ ဟို. . . သွားလေသူအမတ်ကြီးရှိစဉ်ကလည်း အမတ်ကတော်ပေါ့။ ခု. . . သားက အရိုက်အရာဆက်ခံတော့လည်း အမတ်ရဲ့ မိခင်ပေါ့၊ ဟင်း. . . ဟင်း တယ်နေရာကျ။

ဒါပေမယ့် သားဥတ္တရဟာ ထူးထူးခြားခြားတွေ ပြောလာတယ်။

“အမေ. . . ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသွားပြီတဲ့ မလ္လာမင်းတို့ရဲ့ အင်ကြင်းရဂုံမှာတဲ့”

အေး. . . အဲဒါ ငါတို့နဲ့ ဘာဆိုင်သလဲလို့ ပြန်ပြောလိုက်တယ်။

နောက်တစ်ခါ “အမေ အရှင်မဟာကဿပ မထေရ်ကြီး ဦးဆောင်ပြီး သင်္ဂါယနာ တင်ကြသတဲ့ အမေရယ်”တဲ့။

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



ဟဲ့. . . သူတို့ ဦးပြည်းရဟန်းတွေ ကိစ္စ၊ ငါတို့နဲ့ ဘာဆိုင်လို့ တုန်းလို့ ပြန်ပြောလိုက်ရပြန်တယ်။ သားဟာ ခုတလော သူ့ဟာသူ ကောသမ္ဗိနန်းတော် ကိစ္စတွေကို လုပ်တာမဟုတ်ဘဲ တောင်တောင်အီအီ တွေ လျှောက်စိတ်ဝင်စားနေတယ်။

ဟဲ့. . . ငါ့သားရဲ့ မင်းအမတ်ဖြစ်လာတာ မင့်အဖေ အမတ်ကြီး ရဲ့ သားမို့လို့ မင့်အဖေက မြို့ပြတည်ဆောက်မွမ်းမံတဲ့ လုပ်ငန်းတွေ ကျွမ်းကျင်သလို မင်းကလဲ ကျွမ်းကျင်တယ်။ ဒါကြောင့် ဘုရင်မင်းမြတ် က သဘောကျပြီး မင်းကို အမတ်ရာထူး ဆက်ခန့်တာ။ ကိုယ်လုပ်စရာ ရှိတာပဲလုပ်၊ ကိုယ်နဲ့ မဆိုင်တာတွေ စိတ်ဝင်စားမနေနဲ့လို့လဲ ဆုံးမ,လိုက် ရတယ် တစ်ဆက်တည်းပဲ. . .

"ဒီမှာဟေ့ ငါ့သား လောကကြီးမှာ ကိုယ့်ရာထူး ကိုယ့်အာဏာနဲ့ ကိုယ်လုပ်မှ ကိုယ်ရပ်တည်ရတာ၊ ကိုယ်စားရတာ၊ ရဟန်းတွေ ဘာတွေနဲ့ အကျွမ်းတဝင်များ မဖြစ်ပါစေနဲ့ မှာလိုက်ပါရဲ့၊ သူတို့တွေက အလှူခံစား တဲ့ သူတွေ ကိုယ့်ကို ဘာမှပြန်ပေးတာ မဟုတ်ဘူး။ လှူတယ်ပြုတယ် ဆိုတာ သက်သက်ကုန်တဲ့ ကိစ္စ။ မင်းအမတ်ဖြစ်တာ မင့်အဖေကြောင့်၊ မင်းကြောင့်၊ ဘုရင်မင်းမြတ်ကြောင့် ဒါပဲ ကိုယ့်ဆီကပဲ ရှိတာထုတ်ပေး ထုတ်ကျွေးရပြီး ဘာအသပြာတစ်ချပ်မှ ပြန်မရနိုင်တဲ့ ရဟန်းတွေနဲ့များ သွားမပတ်သက်ပါနဲ့ ကြားလား"

လို့ ဆုံးမ,လိုက်ရတယ်။

သားဥတ္တရကတော့ နဝေတိမ်တောင်ပါပဲ။ အင်းမလှုပ် အဲမလှုပ် ကျုပ်ကို မျက်လုံးအပြူးသားနဲ့ကြည့်ပြီး ခေါင်းယမ်းပြီး ထွက်သွားတတ် တယ်။

သည်လိုနဲ့ တစ်နေ့မြို့ ပြန်လည်ပြုပြင်ဖို့ ဘုရင့်အမိန့်တော်နဲ့

http://cyberbooks.myanmarchat.org



သားဟာ လက်သမား သစ်ခုတ်သမားတွေကို ခေါင်းဆောင်ပြီး တောတက်သွားတယ်။

တောထဲ တောင်ထဲဆိုတော့ ရဟန်းတွေ အလှူခံတွေနဲ့ လွတ်ကရောဆိုပြီး ကျုပ်လဲ စိတ်အေးသွားတာပေါ့။ ဒါပေမယ့် ဖြစ်ပုံက တောကပြန်လာပြီးမှ ကျုပ်သားဟာ လုံးဝ လုံးဝကို အချိုးပြောင်းသွားတော့တာကလား ဖြစ်မှဖြစ်ရလေ။

ပြောမပြောချင်ဘူး ကောသမ္ဗီနဲ့ မနီးမဝေး ကျုပ်သား ရောက်သွားတဲ့ တောထဲမှာ သားဟာ ရဟန်းတွေနဲ့ တွေ့ခဲ့သတဲ့။ ရဟန်းဆယ့်နှစ်ပါးတဲ့ ခေါင်းဆောင်က အရှင်မဟာကစ္စည်းမထေရ်တဲ့။

ကောင်းကြသေးရဲ့လား။ အဲသည် မထေရ်ကြီးထံမှာ ကျုပ်သား ဥတ္တရဟာ တရားနာပြီး ဘာတဲ့ သရဏဂုံ တည်ခဲ့သတဲ့။ ဒါတွင်မကသေးဘူး၊ အဲသည်ရဟန်းတွေကို တပည့်တော်ရဲ့ အိမ်သို့ ဆွမ်းစားကြွပါဆိုပြီး ဆွမ်းပင့်ခဲ့သတဲ့လေ။

အိမ်ရောက်တော့ သူက အဲသည် အကြောင်းတွေကို ဝမ်းသာအားရနဲ့ . . .

"အမေ အရှင်မဟာကစ္စည်းမထေရ်မြတ်ကြီးနဲ့ ရဟန်းတော်ဆယ့်နှစ်ပါးတို့ဟာ သိပ်ကို ကြည်ညိုမြတ်နိုးစရာ ကောင်းတာ၊ အရှင်မြတ်ကြီးဆိုရင် တောကျောင်းလေးမှာ ပံ့သုကူ သင်္ကန်းဆောင်ပြီး ခြိုးခြံစွာသီတင်းသုံး တရားအားထုတ်နေတာ အမေရဲ့၊ အခု ကျွန်တော်လေကောသမ္ဗီက တခြားဒကာတွေကိုလဲ ပြောလိုက်ပြီ၊ ကျုပ်အိမ်မှာ ရဟန်းတော်တွေကို ဆွမ်းပင့်လုပ်ကျွေး ပူဇော်မလို့ အဲဒါ သင်တို့လဲ လှူဖွယ်ပစ္စည်းများနဲ့ လာကြလို့ ဘယ်လောက် ဝမ်းသာစရာ ကောင်းသလဲ အမေ"

http://cyberbooks.myanmarchat.org



ကျုပ်စိတ်ထဲ ထောင်းခနဲ ဖြစ်သွားတာပေါ့၊ ဘယ်နှယ် အတန်တန် ပြောပါလျက်နဲ့ အခုတော့ သူကိုယ်တိုင် သရဏဂုံ တည်ခဲ့တဲ့အပြင် ဆွမ်းပါပင့်လာသတဲ့၊ တခြားလူတွေကိုလဲ ဆော်ဩလိုက်သတဲ့. . .

"ဘယ့်နှယ်လဲ အမေ ဝမ်းသာစရာ မကောင်းဘူးလား"

ဆိုတော့. . .

"ဟေ. . . ကိုယ်ကုန်မယ့်ကိစ္စ ဝမ်းသာရမတဲ့လား ဝမ်းမသာဘူးဟေ့၊ ဝမ်းမသာတဲ့အပြင် ငါ့စကား နားမထောင်လို့ စိတ်တောင် ဆိုးသေးတယ်၊ အလကား ရှုပ်ရှုပ်ရှက်ရှက်တွေ" လို့ ပြန်ပက်လိုက်တယ်။

တကယ်လည်း ရှုပ်ရှက်ကို ခတ်နေတာပါပဲတော်။

တစ်အိမ်လုံး အုံးအုံးထလို့ ချက်ကြ ပြုတ်ကြနဲ့ ကောင်းပေ့ဆိုတဲ့ အဝတ်ကမ္ဗလာတွေကိုလဲ၊ အခင်းတွေ ခင်းလို့။ နံ့သာအိုး၊ ပန်းအိုးတွေလဲ၊ အလှအပ ပသာဒဖြစ်အောင် နေရာချလို့။ ကျုပ်ဖြင့် ကျုပ်သားဥတ္တရနဲ့ သူ့လူတွေ ယောက်ယက်ခတ်နေကြတာကို ကြည့်ရင်း ရင်ထဲ ကလိကလိနဲ့။

အဲ. . . ဆွမ်းပင့်ကျွေးတဲ့နေ့လည်းရောက်ရော ကျုပ်သားဟာ သွားလေသူ သူ့အဖေ အမတ်ကြီး ရှိစဉ်ကတောင် သူ့အဖေ သူ အဲသည်လောက် ရိုကျိုးတုပ်ကွ မရှိခဲ့ဖူးတဲ့ လုပ်ကျွေးပူဇော်မှုနဲ့ သူ့ရဟန်းတွေကို ပူဇော်နေလိုက်တာများ၊ ဟွန်း. . . တောထဲ တောင်ထဲမှာ မနေ့တစ်နေ့ကမှတွေ့လာ၊ ကိုယ့်အတွက်လည်း ဘာတစ်ခုမှ စပါးတစ်စေ့၊ နှမ်းတစ်လုံးကြေးတစ်ပြား ကျေးဇူးမရှိခဲ့ဖူးတဲ့ ရဟန်းတွေကို သူ ပူဇော်နေလိုက်တာများ။

အိမ်မှာရှိသမျှ ကောင်းပေ့ ညွန့်ပေ့ဆိုတဲ့ ဆီဦးထောပတ်တွေနဲ့ ကျွေးမွေးလို့၊ မအေလုပ်သူရဲ့ စကားကို နားမထောင်တဲ့အပြင်မှာ

http://cyberbooks.myanmarchat.org



မအေက ကန့်ကွက်နေတဲ့ ကြားထဲက တော်လှန်ဆန့်ကျင်ပြီး သင်းလုပ်နေတာရယ်လေ၊ သူ့တပည့် လူယုံတွေဆိုတာကလည်း သူ့နောက်တစ်သီကြီး ပါကြတော့တာပေါ့။ သူတို့တစ်တွေ တရုန်းရုန်းနဲ့ လုပ်နေကြချိန်မှာ ကျုပ်ကိုတော့ သူတို့က ဖုတ်လေတဲ့ ငါးပိရှိတယ်တောင် မထင်ကြ၊ အေးပေါ့လေ အမတ်မင်းကို ဝိုင်းမျက်နှာ လုပ်ကြတာပေါ့။ အမတ်မင်းရဲ့အမေ သွားလေသူ အမတ်ကြီးရဲ့ ကတော်ဟောင်းကြီးကို သူတို့ မထီမဲ့မြင်ပေါ့ လုပ်ကြပါ၊ လုပ်ကြပါ။ သွားလေသူကြီးရေ တော့်သား ဉတ္တရလုလင် တော်လှဆို ဖအေ့အရိုက်အရာနင်းတဲ့ သားအမတ်ဆိုအခု ကြည့်ပါဦး။ ကျုပ် မနှစ်မြို့မှုန်း မကြည်ဖြူမှုန်း သိသိကြီးနဲ့ ကျုပ်ကို စော်ကားနေကြလေရဲ့။

ဒါတွင် ဘယ်ဟုတ်မလဲ။

အဲသည် ရှင်မဟာကစ္စည်း မထေရ်ကို၊ ကြည်ညိုလွန်းမက ကြည်ညိုပြီး တရားအဆုံးအမမှာ တည်သတဲ့။ သောတာပန်ဆိုလား ဖြစ်သတဲ့။ နောက်ဆုံး ကုန်ကုန်ပြောလိုက်မယ်။ ဆွေမျိုး မိတ်သင်္ဂဟတွေအားလုံးကို၊ ကျုပ်သားက ဆော်သြစည်းရုံးပြီး၊ ရဟန်းတွေအတွက် ကျောင်းတစ်ကျောင်း ဆောက်လုပ်ပေးသတဲ့။ ကောင်းကြသေးရဲ့လား။

* * *

ကျောင်းရေစက်ချပွဲတဲ့။ လုပ်ကြပြန်ပြီ။

တရုန်းရုန်းလုပ်နေကြတဲ့ သင်းတို့တစ်တွေကို မြင်ပြင်းကတ်ကတ်နဲ့ ကျုပ် အခန်းတံခါး ပိတ်နေလိုက်တယ်။ ရင်ထဲမှာတော့ ကလိကလိနဲ့။ မကျေနပ်လိုက်တာက လည်ချောင်းဝ တစ်နေပြီ။

နေ့ခင်းဘက်တစ်နေ့ . . . အင်း . . . အဲသည် ကျောင်းရေစက်ချတဲ့နေ့ပေါ့။ ကျုပ် အခန်းတံခါးကို အပြင်ကလာပုတ်တယ်။ ဘယ်သူလဲ

http://cyberbooks.myanmarchat.org



ဟော့လို့ မေးလိုက်တော့ "အမေ. . . ကျုပ်ပါ"တဲ့။ သားအမတ် သူတော်ကောင်း ရဟန်းတပည့်ကြီးရယ်လေး။

"ဘာလဲ. . . ငါ အပြင် ထွက်မလာချင်လို့ တံခါးပိတ်ထားတာ"

"မဖွင့်ချင်လဲ ရှိပါစေ အမေ၊ အမေ့ကို တစ်ခုခွင့်တောင်းချင်လို့ပါ" တဲ့"

"ဘာခွင့်တောင်းမှာလဲ၊ ငါ့စကားကို တော်လှန်ပြီး မင်းတို့ လုပ်ချင်ရာ လုပ်နေတာပဲ"

"ဒီလိုပါ အမေ. . . ဟိုစံအိမ်ဦးခန်းမှာ အမေ သိမ်းထားတဲ့ ဥဒေါင်းမြီး အစည်းကြီး ရှိပါရောလား၊ အဲဒါ အမေ ဘာများ အသုံးပြုဦးမှာလဲလို့ မေးမလို့ပါ"

အိမ်ဦးခန်းက ဥဒေါင်းမြီးအစည်း။ ဩ. . . ဒါသွားလေသူကြီး ရှိတုန်းက၊ ပဏ္ဏာလက်ဆောင် ရခဲ့ဖူးတဲ့ဟာ။ လှကလှသနဲ့ ရှားရှားပါးပါး ဥဒေါင်းငှက် အမြီးတွေကို အစည်းလိုက်သိမ်းထားတာ။ ကျုပ်လည်း အသုံးမရှိတာနဲ့ အစည်းလိုက်ပဲ သိမ်းပြီး ချောင်ထိုးခဲ့တာ။ အလှအပ အဆင်တန်ဆာလည်း မွမ်းမံမနေဖြစ်ဘူးလေ။

"အဲဒါ ဘာဖြစ်သလဲ"

"ဩော်. . . အမေလဲ ဒီအတိုင်း ပစ်ထားတာဆိုတော့ အမေ ခွင့်ပြုမယ်ဆိုရင်၊ အခု ကျောင်းရေစက်ချပွဲမှာ၊ တရားပလ္လင်ရဲ့ နောက်ဘက်နံရံမှာ၊ အဲဒီ ဥဒေါင်းမြီးတွေကို ဖြန့်ပြီးတန်ဆာဆင်ချင်လို့ပါ၊ အမေ သဘောကျရင်ပါ"

အံမာ. . . ခုမှများ လုပ်ချင်တာတွေ လျှောက်လုပ်ပြီး အခုမှ ဘာမဟုတ်တဲ့ ဒေါင်းမြီးအစည်းကို ခွင့်တောင်းနေရသေးတယ်။

စိတ်ပေါက်ပေါက်နဲ့ အခန်းထဲက လှမ်းအော်လိုက်တယ်။

http://cyberbooks.myanmarchat.org



"ယူသွား. . . ယူသွား. . . ငါ့ကို ဘာမှ လာပြောမနေနဲ့"

"သာဓုပါ အမေ. . . ဒီဥဒေါင်းအမြီးစည်းကို အမေက လှူဒါန်းကြောင်း၊ မထေရ်မြတ်ကြီးများထံ သားလျှောက်ထားပေးပါ့မယ်"

အခန်းပေါက်ကနေ ထွက်သွားတဲ့ ခြေသံကြားလိုက်ရတယ်။

သူမကြားပေမယ့် ကျုပ် လှမ်းအော်လိုက်တယ်။

"ဒေါင်းမြီးလှူတာတွေ ဘာတွေလာပြောမနေနဲ့၊ ငါပြောချင်တာကတော့၊ ငါသဘောမတူ မကြည်ဖြူဘဲ၊ ရဟန်းတွေကို မင်းလှူနေတဲ့၊ စားသောက်ဖွယ် မှန်သမျှ၊ ကျောင်းတွေ၊ သင်္ကန်းတွေ၊ အိပ်ရာတွေ၊ ပစ္စည်းဝတ္ထုတွေ မှန်သမျှ မင့်အတွက် နောင်ဘဝမှာ သွေးအတိ ဖြစ်ပါ စေတော်" လို့။

မှတ်ကရော။ ကျိန်ဆဲပစ်လိုက်တယ်။

* * *

"တပည့်တော်မရဲ့ အဖြစ်က၊ အဲဒီလိုပါ ဘုရား၊ သားဥတ္တရ လုလင်ရဲ့ အလှူကို၊ မနာလိုဝန်တို နှမြောတသ ပိတ်ပင်ခဲ့ပါတယ်၊ သင်လှူသမျှ သင့်အတွက် သွေးအတိ ဖြစ်ပါစေလို့ ကျိန်ဆဲခဲ့ပါတယ်၊ အဲဒီကံရဲ့ အစွမ်းကြောင့် အဲဒီဘဝက သေလွန်ပြီးနောက် အခုဘဝမှာ ဂင်္ဂါမြစ်ရေဟာ တပည့်တော်မအတွက် သွေးအတိ ဖြစ်ရပါတယ် ဘုရား၊ တပည့်တော်မ ပြိတ္တာမကြီး အဖြစ်နဲ့ အစာငတ် ရေငတ်ဖြစ်ရတာဟာ နှစ်ပေါင်း ငါးဆယ့်ငါးနှစ် ရှိပါပေါ့ ဘုရား. . . ဥဒေါင်းမြီးစည်း လှူဖို့ ခွင့်ပြုခဲ့တဲ့ ကံအဟုန်ကြောင့် အခု ပြိတ္တာမ ဘဝမှာ အဖျားကော့ညွတ်ပြီး နက်မှောင်လှပတဲ့ ဆံပင်များကို ပိုင်ဆိုင်ရပေမယ့် ရေလေးတစ်ပေါက်မှ မသောက်ရ၊ သောက်မယ်ပြုလိုက်တိုင်းလဲ ဂင်္ဂါမြစ်ကြီးဟာ၊ သွေးမြစ်

http://cyberbooks.myanmarchat.org



ပင်လယ် အတိ ဖြစ်သွားပါတယ် ဘုရား၊ ဒါကြောင့် တပည့်တော်မကို ကယ်တော်မူပါ ဘုရား၊ ရေလေးတစ်ပေါက် သောက်ပါရစေ ဘုရား"

အရှင်ရေဝတ မထေရ်သည် ယခင်ဘဝက သားဖြစ်သူ၏ သဒ္ဓါကို ပိတ်ပင်ကာ၊ အလှူကို ဆန့်ကျင်ခဲ့သော၊ ကျိန်ဆိုခဲ့သော ပြိတ္တာမ၏ အဖြစ်ကို စေ့ငုဆင်ခြင်မိလေသည်။

ထို့နောက် အရှင်မြတ်သည် ပြိတ္တာမအား ရည်မှန်းလျက်၊ ရဟန်းတို့အား သောက်ရေကို လှူဒါန်းပေး၏။ ဆွမ်းခံကြွလျက် ဆွမ်းကိုလည်း လှူဒါန်းပေး၏။ ပံ့သုကူအဝတ်တို့ကိုလည်း မွေ့ရာအခင်းစသည်ဖြင့် ပြုလုပ်ကာ ပြိတ္တာမအတွက် ရည်စူး၍ ပေးလှူ၏။

ထိုသို့ ရည်မှန်းပေးလှူသော ကုသိုလ်အဖို့အား အမျှပေးဝေလိုက်ရာ၊ ပြိတ္တာမက သာဓုအနုမောဒနာ ခေါ်ယူနိုင်ခဲ့လေသည်။ ထိုခဏမှာပင် ပြိတ္တာမ၏ဘဝ ဆင်းရဲတို့သည် အလုံးစုံ လွတ်မြောက်ကာ နတ်စည်းစိမ်ချမ်းသာသို့ ရောက်ခဲ့လေသည်။

ဂင်္ဂါမြစ်ပြင်ကျယ်ကား၊ တငြိမ့်ငြိမ့် စီးဆင်းမြဲ စီးဆင်းလျက် . . .

သားငှက်တိရစ္ဆာန်ငယ်တို့လည်း လွတ်လပ်ပျော်ရွှင်စွာ ဂင်္ဂါဆိပ်တွင် ရေသောက်ဆင်းမြဲဆင်းလျက် . . .

ထိုမြစ်ကမ်းစပ်တွင် တစ်ချိန်က သွေးတွေ သွေးတွေဟု အော်ဟစ်မြည်တမ်းကာ၊ လူးလှိမ့်နေသော ပြိတ္တာမကြီးကိုမူ နောင်ဘယ်သောအခါမှ မတွေ့ကြရတော့ပေ။

**(ဥတ္တရမာတုပေတဝတ္ထု)**

http://cyberbooks.myanmarchat.org

# ရုက္ခစိုးမယား

ရာဇဂြိုဟ်၏ မြောက်ဘက်လမ်းမလမ်းဆုံ တစ်နေရာတွင် တဒုန်းဒုန်း စည်တီးသံတစ်ခု ထွက်ပေါ်လာနေသည်။ တစ်ဖက်ပိတ် စည်မျက်နှာပြင် ပေါ်တွင် ရှားနှစ်တုတ်တိုဖြင့် အချက်ကျ ရိုက်နှက်ရာမှ ထွက်ပေါ်လာသော ဤစည်သံ တဒုန်းဒုန်းသည် အမင်္ဂလာစည်သံ ဖြစ်သည်။

ရာဇဝတ်သား တစ်ယောက်ကို မင်းမိန့်ဖြင့် သတ်ရန် သုသာန်သို့ ထုတ်လာသော စည်သံ။ လာကြ. . . ကြည့်ကြ လူဆိုး သူခိုးတို့ သွားရာလမ်းကို မြင်လှည့်ကြ. . . ဟူသော အဓိပ္ပာယ်တည်းအားဖြင့် သူသတ်ကုန်း သုသာန်၏ ကျက်သရေမဲ့သော ဖိတ်ခေါ်သံ။

သုလသာသည် ဆင်ဝင်တံခါးမကိုဖွင့်လျက် ဝရန်တာဆီမှ ထွက်ကြည့်လိုက်၏။ လမ်းခွဆုံနေရာ၌ လူစုစုရုံးရုံး တွေ့လိုက်ရသည်။ တရှွမ်း

http://cyberbooks.myanmarchat.org



ရွှမ်း ကြိမ်ရိုက်သံများကိုလည်း ကြားရသည်။ လက်ပြန်ကြိုးတုပ်ထားသော ရာဇဝတ်သားမှ သွေးသံရဲရဲဖြင့် တရွတ်တိုက်ပါလာသည်။ သတ်စေ အမိန့်ခံရသူတို့ ထုံးစံအတိုင်း ဦးခေါင်းကို အုတ်နီမှုန့်များဖြင့် လိမ်းကျံထားသည်။ လည်တွင် ပန်းနီကုန်း ဆွဲပေးထားသည်။ ပါးကွက်သား နှစ်ယောက်က စည်သံနှင့် အချက်ကျ ရွှမ်းခနဲ. . . ရွှမ်းခနဲ တစ်လှည့်စီ ကြိမ်သွင်းနေကြသည်။ ရာဇဝတ်သားသည် တရွတ်တိုက် ပါလာရင်း ဇက်ကျိုးကျနေ၏။

"တော်ရုံ မင်းပြစ်သင့်တာတော့ မဟုတ်ဘူးနဲ့တူတယ်"

"ရာဇဝတ်သားဟာ မသတ်ခင်ကတည်းက သေနေပြီလား မသိ"

သုလသာ ဘေးတွင် ရပ်လာသော အထိန်းမကြီးက ဆိုသည်။ သုလသာ စကားပြန်မပြောမိ။ အနိဋ္ဌာရုံမြင်ကွင်းကို စိတ်မချမ်းသာစွာ ငေးကြည့်နေမိသည်။

"ဘုရင်မင်းမြတ်က ဒီလောက် နှိပ်ကွပ်နေတာတောင် လူဆိုးဓားပြတွေကလဲ အတင့်ရဲလိုက်ကြတာ၊ ကောင်းတယ်. . . သူမိုက်တို့ သွားရာလမ်း"

အထိန်းမကြီး တတွတ်တွတ်ပြောနေစဉ် ရာဇဝတ်သား၏ ငိုက်စိုက်ကျလာသော ခေါင်းမှာ ပါးကွက်သားကြီးက ဇက်ကိုကိုင်၍ ဆောင့်လှန် လိုက်သောကြောင့် ခေါင်းမော့လျက်သား ဖြစ်သွား၏။

သုလသာနှုတ်မှ 'အလိုလေး' ဟူ၍ ထွက်ကျသွား၏။

ဟုတ်မှ ဟုတ်ပါလေစဟု သေချာအောင် ထပ်ကြည့်သည်။ သေချာသည်။ သုလသာ ကောင်းစွာ မှတ်မိနေသော မျက်နှာ။ မယုံကြည်နိုင်သော်လည်း မျက်ဝါးထင်ထင် တွေ့နေရပြီ။ သူမှ သူအစစ်။ အို. . . ဖြစ်မှဖြစ်ရလေခြင်း။ သည်လောက်အထိ ဖြစ်သွားရတဲ့လား

http://cyberbooks.myanmarchat.org



မောင်ကြီးရယ်။

ရာဇဝတ်သားနှင့် ပါးကွက်အဖွဲ့ အိမ်ရှေ့ရောက်လာသည်။

“အမိ မြန်မြန်လုပ်စမ်းပါ၊ အခု ချက်ချင်းလုပ်၊ နေ့လယ်မှာ စားဖို့လုပ်ထားတဲ့ ကတွတ်မုန့်ပေါက်လေးခုနှင့် သောက်ရေတစ်ခွက် တင်ပြီး ဟိုရာဇဝတ်သားဆီ ခုသွားပေးလိုက်”

အထိန်းမကြီး အံ့ဩသွားသည်။

“ဟဲ့. . . ဘယ်လိုဖြစ်ရတာလဲ သုလသာ”

“ဘာမှ မေးမနေနဲ့၊ အိမ်ရှေ့ကနေ လွန်မသွားခင် မြန်မြန်သွား ပေးလိုက်ပါ၊ နောက်က ပါလာတဲ့ မြို့ဝန်မင်းကိုလဲ အကျိုးကြောင်း တောင်းပန်ပြီးပြော၊ အသတ်ခံခါနီး လူတစ်ဖက်သားအတွက် နောက်ဆုံး အစာရေစာပါလို့ သုလသာက ပို့ခိုင်းတာပါလို့၊ ကဲပါ- ဘာမှ မေးမနေ နဲ့၊ ခုချက်ချင်း သွားပို့စမ်းပါ၊ ပြီးမှ ပြောပြမယ်၊ သြော်- ဖြစ်မှ ဖြစ်ရ လေခြင်း”

အထိန်းမကြီး ပြန်ဝင်သွားသည်။ မကြာမီ ရာဇဝတ်သား ရှေ့ တွင် ကတွတ်မုန့်ပေါက်နှင့် သောက်ရေရောက်သွား၏။

အထိန်းမကြီးက ဆင်ဝင်လေသာဆောင်ရှိ မိမိထံညွှန်ပြရင်း မြို့ဝန်ကို ခြေဟန်လက်ဟန်ဖြင့် လှမ်းပြနေသည်ကို တွေ့ရသည်။

မြို့ဝန်မင်း လက်ခံလိုက်သည်။ သုလသာကား ရာဇဝတ်သားကို သနားခြင်းကြီးစွာ ငုံ့ကြည့်နေဆဲ။

ထိုအခိုက် လက်ပြန်ကြိုးများကို အနည်းငယ်လျှော့ပေးလိုက် သဖြင့် နေသာထိုင်သာ ရှိသွားသော ရာဇဝတ်သားသည် ဆင်ဝင် လေသာဆောင်ဆီသို့ မော့အကြည့်နှင့် ဆုံသွားသည်။ သူ့မျက်နှာကို ထပ်မကြည့်ရက်တော့သဖြင့် သုလသာ အိမ်ထဲပြန်ဝင်ခဲ့လေသည်။

http://cyberbooks.myanmarchat.org



ကတွတ်မုန့်ပေါက်များကို သူဘယ်လိုစား၍ သောက်ရေ ဘယ်လို သောက်မည်ကို သုလသာ စောင့်မကြည့်ဖြစ်တော့။

သူမကြာခင် အသတ်ခံရတော့မည်။ သုသာန်ကုန်းသွားမည့် သူတစ်ယောက်အတွက် နောက်ဆုံး အစာအာဟာရလေးပဲ ဖြစ်ပါစေတော့။ ဖြစ်မှဖြစ်ရလေ မောင်ကြီးရယ်၊ မယုံနိုင်စရာပါလား။

*　　*　　*

"ကိုင်း သုလသာ ဘယ်လိုအကြောင်းကြောင့်ဆိုတာ ကျုပ်သိပါရစေ"

စပ်စုတတ်သော အထိန်းမကြီးက မေးသည်။

"အမိရယ်၊ သုလသာရင်ထဲမှာ မကောင်းလိုက်တာ၊ စိတ်ထိခိုက်ရတာထက် အံ့သြရတာ ပိုများနေတယ်၊ ကြည့်ပါဦး၊ ရာဇဝတ်သားကောင်ဖြစ်သွားသတဲ့၊ နေပါဦး၊ ဘယ်လို မင်းပြစ်သင့်တာတဲ့လဲဟင်"

"သူခိုး ဓားပြပေါ့တော်၊ ရာဇဂြိုဟ်မှာ ခုတလော သောင်းကျန်းနေတဲ့ ဓားပြဂိုဏ်းဝင်ပေါ့၊ အိမ်တစ်အိမ် ဓားပြတိုက်ခံရပြီး အခြား ဓားပြတွေ ထွက်ပြေးသွားတော့ သူက တင်းပုတ်ကြီးကိုင်ရက် တန်းလန်းနဲ့ အိမ်ပေါက်ဝမှာ တန်းမိတော့တာပေါ့၊ သေတာ ကောင်းတယ်"

"အဲဒီလို မပြောပါနဲ့ အထိန်းမကြီးရယ်၊ သူဟာ တကယ့် ဓားပြသူခိုးမဟုတ်ရှာပါဘူး၊ သူဟာ မဟာဓနသေဌေး သူဌေးကြီးရဲ့သားသူဌေးကလေးပါ"

"ဟင်- ဟုတ်လား၊ မဟာဓနသေဌေးရဲ့သား၊ အလိုလေး ဒါနဲ့များ ဘယ့်နှယ်ကြောင့် သူက ဓားပြသူခိုးဖြစ်ပြီး ရာဇဝတ်သားဘဝ ရောက်ရတာလဲ၊ သုလသာက ဘယ်လိုလုပ်သိသလဲ"

http://cyberbooks.myanmarchat.org



"အမိ၊ သုလသာက ပြည့်တန်ဆာအလုပ်နဲ့ အသက်မွေးနေပေ မယ့် ကြင်နာတတ်တဲ့ နှလုံးရှိသူပါနော်၊ သူဟာ သူဌေးကလေးဘ၀တုန်း က သုလသာကို ကျသင့်သည်ထက် အများကြီးပိုပြီး ရွှေငွေဥစ္စာတွေ ပေးခဲ့တာ သိပ်ရက်ရောတာ၊ အင်း- သိပ်လက်ဖွာတာ"

"ဩ ဩ- ဟုတ်ပြီ၊ မဟာခနေသေဋ္ဌိ သူဌေးကြီးရဲ့ သား မှတ်မိပြီ၊ မှတ်မိပြီ။ မိဘတွေ ကွယ်လွန်သွားတော့ ဘာအတတ်ပညာမှ မရှိဘဲ ထင်တိုင်း သုံးဖြုန်းရမ်းကားနေတဲ့ သူဌေးကလေး၊ ပွဲတွေတခြိမ့်ခြိမ့် သောက်စားမူးယစ်ပြီး ရွှေငွေဘဏ္ဍာတွေကို မြေမှုန့်ကြဲသလို ကြဲပစ်နေတဲ့ သူကိုး"

"ကြည့်ပါဦး အမိရယ်၊ တစ်သက်စားမကုန်တဲ့ ဥစ္စာကုဋေ အမွေ တွေ ရရက်သားနဲ့ နောက်ဆုံး ခားပြ သူခိုးဘ၀နဲ့ အသတ်ခံရတဲ့အထိ ဖြစ်သွားလိုက်တာ"

"ဖြစ်မှာပေါ့၊ နည်းတောင်နည်းသေး၊ သူဌေးသားဆိုပြီး ဘာပညာ မှ မသင်၊ ဘာမှမလုပ်တတ်၊ လူမိုက်တွေနဲ့ပေါင်း ရမ်းကား၊ နောက်ဆုံး ကြေးတစ်ပြားမှ မကျန်တော့တဲ့ သူတောင်းစားဘ၀ရောက်၊ အဲဒီမှာ ခားပြ ဂိုဏ်းဝင် ဖြစ်သွားတာပေါ့"

"သူ့အကြောင်းကံပေါ့ အမိရယ်၊ ဒါပေမယ့် သူ သုံးနိုင်ဖြုန်းနိုင် တုန်းကတော့ သုလသာကို သူခေါ်တဲ့အခါတိုင်း ရက်ရက်ရောရောကို ပေးကမ်းခဲ့တာ၊ အေးလေ ဘယ်တတ်နိုင်မလဲ နေပါဦး ကတွတ်မုန့်နဲ့ သောက်ရေကို သေသေချာချာ ပေးခဲ့တယ်နော်"

"သုလသာက အပို့ခိုင်းတာပါလို့ မြို့ဝန်ကို ကျုပ်ကိုယ်တိုင် ပြောဆို အပ်နှံခဲ့တာပါတော်၊ မြို့ဝန်ကလဲ ချက်ချင်း မုန့်စား ရေသောက် ဖို့ အခွင့်ပေးပါတယ်"

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



သုလသာနှင့် အထိန်းမကြီးတို့ ထိုသို့ပြောနေကြစဉ်၌ သူဌေးသားတစ်ဖြစ်လဲ ရာဇဝတ်သား ခေါးပြမှာ သုလသာပို့လိုက်သော ကတွတ်မုန့်နှင့် ရေကို မစားမသောက်ဖြစ်ကြောင်း သုလသာတို့ မသိကြတော့ပေ။

ကတွတ်မုန့်နှင့် ရေကို ရာဇဝတ်သား မစားဖြစ် မသောက်ဖြစ်ဖြစ်ရခြင်းမှာ. . .

*　　　*　　　*

ဒိဗ္ဗစက္ခု အဘိညာဉ် ဈာန်ဝင်နိုးဖြင့် ကြည့်ရှုတော်မူသော အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးသည် သူဌေးသား ရာဇဝတ်သား၏ ဆင်းရဲဒုက္ခကို မြင်တော်မူလိုက်၏။

ဤတွင် အကုသိုလ် မကောင်းမှု၌သာ အစဉ်တစိုက် မွေ့လျော်ခဲ့သော ဤယောကျ်ား၏ သေလွန်ပြီးဘဝ အပါယ်ငရဲကျမည်ကို သိတော်မူခြင်းနှင့်အတူ ကြီးစွာသော ကရုဏာ၏ စေ့ဆော်မှုဖြင့် ကိုယ်တော်သည် ရာဇဝတ်သား၏ အားထားမှီခိုရာ ဖြစ်စေတော့ဟု ကြံစည်တော်မူလေသည်။

ဤသို့ဖြင့် ကတွတ်မုန့်နှင့် ရေတို့ကို စားသောက်ခါနီး၌ အရှင်မြတ်ကြီးသည် ရာဇဝတ်သားရှေ့မှောက်တွင် ဆွမ်းခံရပ်တော်မူ၏။

"ရာဇဝတ်သား သူဌေးသား၏ ပကတိအမြော်၌ အလင်းရောင်တစ်ချက် ဖျတ်ခနဲ ဝင်းသွား၏။ အသတ်ခံရခါနီးမှာ ဒီမုန့်နဲ့ ရေကို ငါ စားသောက်လို့လဲ ဘာမှ မထူးတော့ဘူး၊ ကြည်ညိုစရာ ကောင်းလှတဲ့ အရှင်မြတ်ကြီးကိုပဲ ငါလှူဒါန်းလိုက်တော့မယ်"ဟု အတွေးဝင်သွားသည်။

အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးကလည်း ရာဇဝတ်သား ဝမ်းမြောက်ကြည်ညိုမှု ဖြစ်စေရန်အတွက် သူမြင်နိုင်လောက်သော နေရာ

http://cyberbooks.myanmarchat.org



မှာပင် ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူကာ ကတွတ်မုန့်နှင့် ရေများကို ဘုဉ်းပေးတော်မူလေသည်။ ရာဇဝတ်သားသည် မိမိ၏အလှူကို ဝမ်းမြောက်စွာ နှလုံးသွင်းလျက် ပါးကွက် အာဏာသားများ ခေါ်ဆောင်ရာ သူသတ်ကုန်းသို့ ပါသွားခဲ့လေသည်။

* * *

စဉ်းတီတုံးပေါ်တွင် ဇက်စင်းပေးလိုက်ရ၏။

မကြာမတင်အချိန်၌ မိမိ၏ ကုပ်ပေါ်သို့ ပါးကွက်သား၏ ဓားသွားကြီး ကျလာတော့မည်။ ခေါင်းနှင့်ကိုယ်တို့ တခြားစီ ဖြစ်ရတော့မည်။ အသက်ရှင်နေမှု၏ နောက်ဆုံး တဒင်္ဂကလေး အပိုင်းအခြားကလေး။

ရာဇဝတ်သား၏ စိတ်အလျဉ်သည် လျင်မြန်စွာ ပြေးလွှားနေသည်။

မိဘနှစ်ပါးရှိစဉ်က တောင့်တ ကြောင့်ကြမဲ့ သူဌေးသား ဘဝ။ ထို့နောက် မိဘများ တိမ်းပါးသွားပြီးနောက် မိမိထင်တိုင်း သုံးဖြုန်းရမ်းကားခဲ့သော သူဌေးကလေး ဘဝ။ ဆယ်သက်စားမကုန်ဟု ထင်ခဲ့သော ဉစ္စာပစ္စည်းများ တက်တက်စင် ပြောင်သွားသည့်အပြင်၊ ထို့နောက် ကြွေးမြီရှင်များ၊ ခွက်လက်စွဲ တောင်းစားခဲ့ရသည့်အဖြစ်။ ထို့နောက် ဓားပြဂိုဏ်းနှင့် ဆက်သွယ်မိခြင်း။ အိမ်တစ်အိမ်ကို ဖောက်ထွင်းတိုက်ခိုက်ရာ၌ အိမ်ပေါက်ဝ၌ မိမိအား တင်းပုတ်ကြီး တန်းလန်းဖြင့် မိသွားသောအဖြစ်။ ထို့နောက် သတ်စေအမိန့်။

ဘုရင့်အမိန့်ကို မြို့ဝန် ဖတ်ကြားနေစဉ် ရာဇဝတ်သား၏ အတွေးများမှာ တရိပ်ရိပ် ပြေးလွှားနေ၏။ နောက်ဆုံးတွင်ကား ကတွတ်မုန့်နှင့် သောက်ရေကို အရှင်မထေရ်မြတ်ကြီးအား လှူဒါန်းခဲ့သော ပူပူ

http://cyberbooks.myanmarchat.org



နွေးနွေးဖြစ်ရပ်က အာရုံထဲတွင် အထင်ရှားဆုံး ပေါ်လာသည်။

မြို့ဝန်မင်း၏ ပြန်တမ်းအမိန့်သံ ပြီးဆုံးတော့မည်။

အရှင်မဟာ မောဂ္ဂလာန် မထေရ်မြတ်ကြီး ကတွတ်မုန့်ပေါက် နှင့် သောက်ရေ။ အို. . . ဒါ. . . ဒါဟာ သုလသာ ပို့လိုက်တာပါလား။ သုလသာ သူ့အိမ်ဆင်ဝင်ပေါ်ကနေ ငါ့ကိုကြည့်နေရှာတယ်၊ သြော်. . . သုလသာ သုလသာ ငါ ဘယ်မေ့နိုင်မလဲကွယ်၊ ငါ့ရဲ့စံအိမ်မှာ မင်းကို ခေါ်ပြီး သာယာတဲ့ ဂီတသံတွေ ရွှေ၊ ငွေ၊ ပိုးဖဲ ကတ္တီပါတွေ သင်းမြတဲ့ ယစ်ရွှေရည်တွေနဲ့အတူ မင်းနဲ့ငါ သုလသာရယ်၊ ငါဘယ်မမေ့။

ဒုတ်ခနဲ အသံကြီး ပေါ်လာ၏။

* * *

အတုမရှိသော၊ မြတ်သော ကုသိုလ်မျိုးစေ့ ကြဲချစိုက်ပျိုးရာ လယ်ယာ မြေဟောင်းသဖွယ် ဖြစ်လေသော အလှူခံပုဂ္ဂိုလ် အရှင် မောဂ္ဂလာန် ရဟန္တာမထေရ်မြတ်ကြီးအထံ၌ လှူဒါန်းပြုလုပ်ရသော ကောင်းမှုကံကြောင့် မြင့်မြတ်သော အထက်နတ်ဘုံများမှာပင် ဆိုက် ရောက်ပါလျက်-

အလှူဝတ္ထုပစ္စည်း၊ ကတွန်မုန့်ပေါက်နှင့် သောက်ရေမှ တစ်ဆင့် သုလသာအပေါ် တပ်မက်စွဲလမ်းမှုတည်းဟူသော ကိလေသာ အညစ် အစွန်းက အာသန္နကံ ဇောကပ်ကာ ရစ်ပတ် ပေကျံသွားလေသော ကြောင့်-

ရာဇဝတ်သားသည် သေပြီးသည်၏ အခြားမဲ့၌ တစ်ခုသော တောကြီးမျက်မည်းမှ ပညောင်ပင်ကြီး တစ်ပင်တွင် ရုက္ခစိုးနတ်ကြီး ဖြစ်သွားလေသည်။

* * *

## ရတနာပုံစာအုပ်တိုက်

http://cyberbooks.myanmarchat.org



သုလသာ ထူးဆန်းစွာ ပျောက်ဆုံးသွား၏။

ဥယျာဉ်ကစားထွက်သည့် နေ့မှစ၍ ပျောက်ဆုံးသွားခြင်း ဖြစ်၏။ ဥယျာဉ်တောထဲတွင် သားရဲ တိရစ္ဆာန်များလည်း မရှိ။ လိမ့်ကျ ပျောက်ဆုံးသွားရအောင် ချောက်ကမ်းပါး၊ လျှိုမြောင်များလည်း မရှိ။ အထိန်းမကြီး၏ စကားအရဆိုလျှင် ခေတ္တအနားယူ မှေးစက်မည်ဟု ပြောသွားကာ သုလသာသည် သစ်ပင်ကြီးတစ်ပင်နောက် ဝင်သွားချိန်မှစ၍ အမှောင်တိုက်ကြီး တစ်ခုပေါ်လာကာ ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်း ဖြစ်သည်။

သုလသာ၏ မိခင်ကြီးမှာ အချိန်နှင့်အမျှ ငိုကြွေးနေတော့သည်။

ရာဇဂြိုဟ်တစ်ဝိုက် အနှံ့အပြားလည်း ရှာပြီးကြပြီ။ ဘယ်မှာမှ အရိပ်အရောင် အစအန ရှာမတွေ့။ သတင်းမကြားရ။ မိခင်ကြီး၏ ပရိဒေဝကို မကြည့်ရက် မကြားရက်နိုင်သူများက အကြံပေးကြသည်။

"အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးဟာ တန်ခိုးအာနုဘော် ကြီးမြတ်လှသူ ဖြစ်တယ်၊ သုလသာရဲ့ ဖြစ်အင်ကို အရှင်မြတ်ကြီး သိတော်မူနိုင်တယ်၊ သွားမေးကြည့်ပါလား"

မိခင်ကြီးသည် အရှင်မြတ်ထံ ချဉ်းကပ်၍ အကျိုးအကြောင်း လျှောက်ထားမေးမြန်းလေသည်။

အရှင်မြတ်ကြီးက မိန့်တော်မူလိုက်၏။

"ယနေ့မှစ၍ နောက်ခုနစ်ရက်မြောက်သောနေ့မှာ မြတ်စွာဘုရား ဝေဠုဝန်ကျောင်းတော်မှာ တရားဟောတော်မူတဲ့အခါ ပရိသတ်ရဲ့ အစွန်အဖျားနေရာ၌ သင့်သမီး သုလသာကို တွေ့ရလိမ့်မယ်"

ခုနစ်ရက်မြောက်သောနေ့။ ဝေဠုဝန်ကျောင်းတော်။

ဘုရားရှင် တရားဟောတော်မူရာ ပရိသတ်၏ အစွန်အဖျား၌

http://cyberbooks.myanmarchat.org



တကယ်ပင် သုလသာကို အထင်အရှား တအံ့တသြ ပြန်တွေ့လိုက်ကြလေသည်။

မိခင်ကြီးနှင့် ပရိသတ်တို့၏ ဝိုင်းအုံမေးမြန်းမှုကို သုလသာ အကျေအလည် ဖြေပြရလေသည်။

"သုလသာကို တောထဲက ပသျှောင်ပင်စောင့် ရုက္ခစိုးနတ်ကြီး ခေါ်သွားတာ ဖြစ်ပါတယ်၊ အဲဒီ ရုက္ခစိုးနတ်ကြီးက သူ့အကြောင်း ဖြစ်ရပ်စုံကို ပြန်ပြောပြတယ်. . .

"သူဟာ ရာဇဂြိုဟ်မှာ မင်းမိန့်နဲ့ အသတ်ခံခဲ့ရတဲ့ မဟာဓနသေဋ္ဌီသူဌေးသားဖြစ်ခဲ့ကြောင်း၊ အသတ်ခံရခါနီးမှာ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကို ကတွတ်မုန့်နဲ့ သောက်ရေ လှူဒါန်းခဲ့ရကြောင်း. . .

ဒါပေမယ့် အဲဒီမုန့်နဲ့ ရေကို ပို့လိုက်ခဲ့တဲ့ ကျွန်မအပေါ် စွဲလမ်းစိတ်နဲ့ သေဆုံးသွားခဲ့တာမို့၊ တောကြီးမျက်မည်းထဲက ရုက္ခစိုးနတ်ကြီးဖြစ်ခဲ့ရကြောင်း ပြောပြပါတယ်၊ ကျွန်မ ဥယျာဉ်ကစားထွက်တော့ အတိတ်ဘဝက တပ်မက်စွဲလမ်းခဲ့တာကို မဖြေဖျောက်နိုင်ဘဲ သူ့ တန်ခိုးနဲ့အမှောင် ကျအောင် လုပ်ပြီး သုလသာကို သူ့ဘုံနန်းဆီ ခေါ်သွားတော့တာပါပဲ. . .

သုလသာ ရုက္ခစိုးမယားအဖြစ် သူနဲ့ခုနစ်ရက် နေခဲ့ရပါတယ်၊ သုလသာရဲ့ မိခင်ကြီး ပရိဒေဝမီး တောက်လောင်နေပါပြီ၊ ပြန်ပို့ပါတော့လို့ တောင်းပန်လွန်းမက တောင်းပန်တဲ့အတွက် အခု ပြန်ပို့ခဲ့ခြင်း ဖြစ်ပါတယ်"

ပရိသတ်အားလုံးဟယ်. . . ဟာ. . . ဖြစ်ကုန်ကြလေသည်။

သုလသာ၏ ထူးဆန်းသော အဖြစ်ကို တစ်ယောက် တစ်ပေါက် ဝေဖန်သုံးသပ်ကြရင်းဖြင့် နောက်ဆုံးတွင် တစ်ခုတည်းသော ပြဿနာ ၌

http://cyberbooks.myanmarchat.org



တူညီဆွေးနွေးလာကြ၏။

“မဟာဓနသေဋ္ဌိသူဌေးသားက ဒီလောက်ဘဝ တစ်လျှောက်လုံး မကောင်းမှု အကုသိုလ်တွေ လုပ်ခဲ့ရက်နဲ့ သေပြီးနောက်မှာ ရုက္ခစိုးနတ် ဖြစ်ရသေးသတဲ့လား”

ဟူ၍။ သို့သော် ထိုပြဿနာသည်လည်း လိုက်လျောညီထွေ ဖြေရှင်းချက်ကို ရခဲ့ပြန်၏။

“ကြည့်စမ်း၊ အနည်းငယ်သော အလှူဒါန ကောင်းမှုကုသိုလ် ပြုကာမျှနဲ့ အလှူခံ ပုဂ္ဂိုလ်က အရှင်မြတ်ဖြစ်လေတော့. . .”

“ရုက္ခစိုးနတ်အဖြစ် ရရှိခဲ့သေးပါလား”

မဟာဓနသေဋ္ဌိ သူဌေးသား ရာဇဝတ်သားနှင့် ရုက္ခစိုးနတ်ထံ တွင် ခုနစ်ရက်မယားဘဝ ရောက်ရှိသွားရသော သုလသာအကြောင်း သည် ရာဇဂြိုဟ်တွင် ပြောစမှတ်ဖြစ်၍ ကျန်ရစ်ခဲ့လေသည်။

ဤအကြောင်းကို ရဟန်းများက မြတ်စွာဘုရားအား လျှောက် ထားကြသောအခါ ဘုရားရှင်သည် တရားဒေသနာ ဟောကြားတော်မူခဲ့ လေသည်။

“ဤလောက၌ အာသဝေါကုန်စင် ရဟန္တာအရှင်သူမြတ်များကို အမှူးထား၍ တစ်ဆယ့်လေးတန်သော အလှူခံပုဂ္ဂိုလ်အပေါင်းတို့သည် ဒါနစသော ကုသိုလ်ကောင်းမှုမျိုးစေ့များကို စိုက်ပျိုးကြချရာ လယ်ယာ မြေပြောင်း သဖွယ်ဖြစ်ကြ၏”

“အလှူဒါယကာ-ဒါယိကာမများကား လယ်ယာမြေကို ထွန်ယက် စိုက်ပျိုးကြသော လယ်သမား၊ တောင်ယာသမားများသဖွယ် ဖြစ်ကြ၏။ လှူဖွယ်ဝတ္ထုများအား စိုက်ပျိုးအပ်သော မျိုးစေ့သဖွယ် ဖြစ်ကြ၏”

“ထိုသို့ အလှူခံပုဂ္ဂိုလ်၊ အလှူပေးပုဂ္ဂိုလ်၊ လှူဖွယ်အမှု သို့

http://cyberbooks.myanmarchat.org



မဟုတ် စွန့်ကြဲလှူဒါန်းသူဟူသော သုံးမျိုးကြောင့် အလှူ၏ အကျိုးဖြစ်သော လူရပ်နတ်ထံ မဂ်ဖိုလ် နိဗ္ဗာန်တည်းဟူသော ချမ်းသာသုခ အဝဝ အကျိုးထူးများသည် ကောင်းမှုကံအလျောက် ထွန်းတောက် ဖြစ်ပေါ်ကြရပေ၏။

❏

**(ဥရဝင်-ခေတ္တပြေပတဝတ္ထုတော်)**
**ချစ်ဦးညို**

http://cyberbooks.myanmarchat.org

# ချစ်ဦးညို

## ရက္ခိုးမယားနှင့်
## အခြားပြဿာများ

